# လက်ဝဲနော်ရထာချောင်း

## လျှောက်ထုံး

ပိဋကတ်တော်ပြန့်ပွားရေးဌာန
ကျောက်သွေးတန်း
မန္တလေးမြို့။

အဘိုး-၈ပဲ။

# လက်ဝဲနေဉ်ရထာ ဈေးကြောက်ထုံးကို၊ စက်တင် ပုံနှိပ်လုပ်ဆောင်ကြောင်း

# နိဒါန်း။

ရတနာသိင်္ဃ ကုန်းဘောင်ပြည်ကြီးကို၊ အတီးမဆွ၊ ပဋ္ဌမဘန်ဆင်း တည်ထောင်တော်မူခဲ့သော၊ "အလောင်းမင်းတရားကြီး"၏သားတော်၊ ကန်တွင်းစည်းခံ စေတီတော် ဒါယကာ၊ မင်းတရားကြီး၏လက်ထက်တွင်။ ၁-"လက်ဝဲနေဉ်ရထာ"ဟူ၍ ၄င်း။ ၂-"စည်သူကျော်ထင်"ဟူ၍၄င်း။ ၃-"နေမျိုးဇေယျကျော်ထင်"ဟူ၍၄င်း။ ၄-"နေမျိုးမဟာကျော်ထင်"ဟူ၍၄င်း။ ၅-"နေမျိုးမဟာသင်္ခယာကျော်ထင်" ဟူ၍၄င်း။ ၆-"မင်းကျော်ထင်" ဟူ၍၄င်း။ဤသို့ဘွဲ့ထူးအထပ်ထပ်တို့ကို၊ရရှိအပ်သော-အမတ်ပညာရှိသည်။လောကီလောကုတ္တရာ၊အဖြာဖြာသောကျမ်းဂန်တို့ကို၊ ကြေပွန်နှံ့သိ၊ ဝိသေသပုဂ္ဂိုလ်ဖြစ်သော။ တောင်တွင်းကြီးမြို့မြောက်ဘက်၊ပုတီးကုန်းရွာလျှင် ဘွားရာဇာတိရှိသဖြင့်။ လင်္ကာပေသလ။သိက္ခာကာမ။ပရိယတ္တိဝိသာရဒ။နာနာနယကောဝိဒ။ဂန္ထန္တရဗဟုသုတ။လောကသိပ္ပဗဟုသုတ။ဇဝန-တိက္ခ။ဂမ္ဘီရဉာဏ်။ မကျန်ပြည့်ဝ။ ကုံလုံ၍။"မ"ကာရလောပ။"မ"အက္ခရာကျေသဖြင့်၊မတတ်၊မသိ-ဟူသောအရာမည်သည် မရှိဖြစ်သော။ "ဉာဏာဘိ လင်္ကာရ မဟာဓမ္မ ရာဇဂုရု"ဟူသော တံဆိပ်တော်ရဆရာတော်၊ခင်ကြီးဖျော်အား။ အရပ်ရပ်သော လောကီ-လောကုတ္တရာ၊ ကျမ်းဂန်တို့မှ-ခက်ရာ-ခက်ဆစ်တို့ကို၊ စိစစ်ဖွေရှာ၍၊ အမေးပုစ္ဆာပြုလုပ်ကာ ဈေးကြောက်ထားသမျှသော အရာဟူသမျှတို့ကို၊"ဉာဏာဘိလင်္ကာရ မဟာဓမ္မရာဇဂုရု"တံဆိပ်တော်ရဆရာတော်၊ခင်ကြီးဖျော်သည် [illegible] ဖြေဆိုရာ-ဖြေဆိုကြောင်း ဖြစ်သော [illegible]

806—A

[illegible] စာကြည့်တိုက် [illegible] ရန်ကုန်

## နိဒါန်း။

ကျော်ထုံး''ကို။ ဗဟုသုတပွါးများ၍၊ ပညာလိုလားကြကုန်သော၊အမျိုးကောင်းသားသမီးတို့အတွက်။ ကျွန်ုပ်တို့-မန္တလေးမြို့၊ ဟံသာဝတီ၊ သညီသရိက်၊ ပိဋကတ်စာပုံနှိပ်တိုက်ကြီးက၊ သိုက်မြိုက်စွာ စက်တင်ပုံနှိပ် လုပ်ဆောင်လတ်ရကား။ သုတဂဝေသီ၊လေးလီနွယ်ပွါး၊အမျိုးကောင်း သားသမီးအပေါင်းတို့သည်။ ကြေးမုံအာဒါသ။ကဲ့တမျှဝယ်။ မုခနိမိတ်။ ရေးရေးရိပ်လျက်။ မမှိတ်မသုံကြကုန်ဘဲ။ အမြဲမပြတ်၊ကြည့်ရှုမှတ်သားနိုင်ကြ၍။ ပရိသတ်အလယ်။ မညှိုးငယ်ဘဲ။ တကယ် ဝင်ရောက်။ ခြသေ့်ပေါက်သို့။ မကြောက်မရွံ့ ပြောဆိုနိုင်ကြ ပါစေကုန်သတည်း။ ။

ဤလက်ဝဲနေ်ာရထာ ဗျောက်ထုံးတွင်။ လိုရာရာကို၊အလွယ်တကူ၊ ရှာယူ ကြည့်ရှုနိုင်ကြစေရန်။ အကြောင်းအရာ။ မျက်နှာနံပါတ်တို့ကို၊မာတိကာအစီအစဉ်ပြုလုပ်၍ပြပေအံ့။ ။

မာတိကာ။ (က)

အကြောင်းအရာ။ မျက်နှာနံပါတ်။


ကျမ်းဦးပဏာမ-၅-ဂါထာကိုပြခြင်း ... ... ၁

တမလွန်ဘဝသို့ပြောင်းသွားသောသူတို့အား ရည်မှတ်၍ လှူဒါန်းသောအတွက်ကို၊ သားချင်းတို့ကဝေလျှင်၊ ရမည်၊မရမည်ကိုဖြေဆိုခြင်း ... ... ၄

အဏ္ဏဝ္တ္တရသရက်သီး၏အကြောင်းကိုဖြေဆိုခြင်း ... ၅

နတ်ဘီလူးတို့သည်၊ လူတို့နှင့်၊ အတွေ့ခံ၊ မခံသော အကြောင်းကိုဖြေဆိုခြင်း ... ... ... ၅

အသက်အသချေနေသောကာလ၊ ရုပ်သဏ္ဍာန်ကြီးသဖြင့်၊ဆင်မြင်း ကျွဲနွား သစ်ပင် ကြာမ်နွယ်တို့သည်၊လူတို့ကိုလိုက်၍၊ ကြီးမည်၊ မကြီးမည်။ ဇမ္ဗူဒိပ်ကျွန်းတွင်၊ကံအလျောက် အသက်တိုခြင်း။ အသက်ရှည်ခြင်း ရှိသည် ဖြစ်မည်။ သုံးကျွန်းသားတို့မှာလည်း၊ ရှည်ခြင်း၊တိုခြင်းရှိသည်၊မရှိသည်ကိုဖြေဆိုခြင်း... ၆

ပဏ္ဏာသဇာတ်၊ငှင်းထွက်မနေ်ာဟာရီဇာတ်တို့အကြောင်းကိုဖြေဆိုခြင်း ... ... ... ... ၈

မဇ္ဈိမဒေသနေရပ်ပုံစံစကားများကိုဖြေဆိုခြင်း ... ၈

ကလေးမြို့ကိုရာဇဂြိုဟ်။ဥရုရက်သားကို၊ဥရုဝေဠတို့နေရာ။လယ်ကိုင်းမြို့ကို၊ကောသမ္ဗီဟု ဆိုကြသည်ကိုဖြေဆိုခြင်း ... ... ... ... ၁၀

အကုသိုလ်ကံ၏အကြောင်းကိုဖြေဆိုခြင်း ... ... ၁၀

စကြာရတနာ၏အကြောင်းကိုဖြေဆိုခြင်း ... ... ၁၃

| အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|
| ဘီလူးတို့သည်-မည်သည့် ပဋိသန္ဓေဖြစ်မည်ကို ဖြေဆိုခြင်း ... ... ... ... ... | ၁၆ |
| ဘုရားပရိနိဗ္ဗာန်ပြုသည့်နောက်၊ ၄ပ်သည့်ကိုးပါး။ ပေါ်သည့်ကိုးပါးကို ဖြေဆိုခြင်း ... ... ... | ၁၇ |
| ဓာတ်တော်၊မွေတော်တို့သည်၊ ပုဇော်သက္ကာရရှိရာသို့ ပြောင်းရွှေ့သည်ကိုဖြေဆိုခြင်း ... ... | ၁၇ |
| နေဗိမာန်၊ လဗိမာန်တို့၏ သဏ္ဌာန်နှင့်၊ ဘုရားရှင့် လက်ထက်ကနေနတ်သားပင်ယခုရှိသေးကြောင်းကိုဖြေဆိုခြင်း ... ... ... ... ... | ၁၉ |
| နတ်တို့ရတွေ၍ဘုံဗိမာန်ကွယ်သည်ကို၊ကြယ်ပျံသည်၊ဆိုသောဝေါဟာရစကားကိုဖြေဆိုခြင်း ... | ၂၀ |
| ကေသရာဇာခြင်္သေ့၏အကြောင်းကိုဖြေဆိုခြင်း ... | ၂၁ |
| နက္ခတ်, တာရာ, ကြယ်အပေါင်းတို့သည်၊ နေလတို့၏နံပါးနှစ်ဘက်၌သွားကြောင်းကိုဖြေဆိုခြင်း ... | ၂၂ |
| ရူဝံကြယ်၏အကြောင်းကိုဖြေဆိုခြင်း ... ... | ၂၄ |
| မြင်းမိုရ်,စကြဝဠာ, သမုဒ္ဒရာတို့ကို၊ တောင်ထွာသော၊လူတို့ကိုဖြေဆိုခြင်း ... ... ... | ၂၅ |
| ဘုရားပွင့်တော်မူသောပလ္လင်တော်သည်၊ မြေကပေါ်-မပေါ်ကိုဖြေဆိုခြင်း ... ... ... | ၂၅ |
| ရဟန်းတို့အလှူပေးသင့်မပေးသင့်ကိုဖြေဆိုခြင်း ... | ၂၆ |
| အနဝတတ်အိုင်၏အကြောင်းကိုဖြေဆိုခြင်း ... | ၂၇ |
| ယခုသာသနာတော်သည်၊အနာဂါမ်ရှိသေးလျက်၊တစုံတယောက်မျှ အထင်အရှားမရှိဆိုသည်ကို ဖြေဆိုခြင်း ... ... ... ... ... | ၂၇ |
| အခေါ်ဘိဏ်ဘွဲ့ပုံကိုဖြေဆိုခြင်း ... ... ... | ၂၈ |
| မာယာလေးဆယ်ကိုဖြေဆိုခြင်း ... ... ... | ၃၁ |
| ပဉ္စသီငါးပါးတွင်၊ ကာမေသုမိစ္ဆာစာရကံကိုဆိုရာ၊အ | |

အကြောင်းအရာ။ မျက်နှာနံပါတ်။

ဘယ်သို့သောမိန်းမ၊ အဘယ်သို့သော ယောကျ်ားတို့သည် ကာမေသုမိစ္ဆာစာရကံထိုက်မည်ကို ဖြေဆိုခြင်း ... ... ... ... ... ၃၄

ဝေဒင်္ဂရသာဝကတို့ကိုဖြေဆိုခြင်း ... ... ၃၉

မနုမနောတို့၏အကြောင်းကိုဖြေဆိုခြင်း ... ... ၅၀

ခြသေ့၏ပမာဏကိုဖြေဆိုခြင်း ... ... ... ၅၂

ရိုးစီးရွာသည့်အကြောင်းကိုဖြေဆိုခြင်း ... ... ၅၂

တက္ကသိုလ်ပြည်၏ အနီး အဝေးနှင့်၊ ဒိသာပါမောက္ခဆရာ၏ပညာသင်ပုံကိုဖြေဆိုခြင်း ... ... ၅၃

ဘုရားရှင်ဆွမ်းခံကြွတော်မူရာတွင်၊ အဇာတသတ်၊ဒေဝဒတ်တို့ တိုင်ပင်၍၊ နာဠာဂိရိဆင် လွှတ်သည်ကို တန်းခိုးတော်ကြောင့် အောင်တော်မူဟန်၊ ဆင်းတုထုလုပ်၍၊ပလ္လင်တော်တွင်၊ကြေးပြား၌ အကြောင်းအရာကို-၁၂-ဂါထာနှင့်၊ ၎င်းနိဿယပါ ဖြေဆိုစီကုံး၍ပေးခြင်း ... ... ... ... ၅၅

ဘုရားရှင်သည်၊ ပါရမီကို ဖြည့်တော်မူသော ကာလ၊ ကောင်းကင်ကြယ်၊စမိုခုံလောက်ကားနည်း၏။ငါ၏ဦးခေါင်း၊မျက်စိကိုဖြတ်ထုတ်၍လှူသည်ကား များ၏ဟုဟောတော်မူသည်ကိုဖြေဆိုခြင်း... ... ၈၁

ပေါက္ခရဝဿမိုးအကြောင်းကိုဖြေဆိုခြင်း ... ၈၆

ထက်စည့်၏အကြောင်းကိုဖြေဆိုခြင်း ... ... ၈၆

သုသည္ဒာ-သဒ္ဒါကိုဖြေဆိုခြင်း ... ... ... ၈၆

နတ်ဝင်-ရှိမည်-မရှိမည်ကိုဖြေဆိုခြင်း ... ... ၈၆

နတ်ပြည်ခြောက်ထပ်၌နတ်တို့ရဟန္တာဖြစ်လျှင်၊ မကြာခင်ရတော့သည်။ ဘုမ္မစိုဝ်းနတ်တို့ ရဟန္တာဖြစ်လျှင် အသက်အတိုင်းနေသည်ကိုဖြေဆိုခြင်း ... ၈၅

အကြောင်းအရာ။ မျက်နှာနံပါတ်။

တိဿိတ်ရှိသည့်၊ ကမ္ဘာလေးဆယ် မြင်သည်ကို ဖြေဆို ခြင်း ... ... ... ... ... ၇၇

ဖုတ်သွင်းရထားအကြောင်းကိုဖြေဆိုခြင်း ... ၇၇

သီတင်းကျွတ် လပြည့်နေ့ ဝါကျွတ် ကြောင်း။ လပြည့် ကျော်တရက်နေ့ဝါကျွတ်ကြောင်းကိုဖြေဆိုခြင်း... ၈၁

ဥတ္တာသယန၊မဟာသယနအကြောင်းကိုဖြေဆိုခြင်း ... ၈၁

မဟာပထဝိမြေ၏အကြောင်းကိုဖြေဆိုခြင်း ... ၈၁

မြတ်စွာဘုရားသည်၊ပစ္စန္တဒေသအရပ်၌အရဟာခံတော် မမူ။ပစ္စန္တဒေသအရပ်များမှာ ဝါကပ်တော်မူသော် လည်း၊ မဇ္ဈိမဒေသ၊ဇေတဝန်ကျောင်းတော်၊ဝေဠု ဝန်ကျောင်းတော်များမှာ ပြန်၍ အရဟာ ခံတော်မူ သည်ကိုဖြေဆိုခြင်း ... ... ... ၈၃

အာဠာနာဋိယသုတ်အကြောင်းကိုဖြေဆိုခြင်း ... ၈၃

မြန်မာသံယောဂဒီပနီနှင့်စပ်လျဉ်းသည်ကို ဖြေဆိုခြင်း ၈၅

ကလျာဏီ ရွှေကျောင်း မော်ကွန်းဂါထာ နိဿယများ ကိုရေးသားဖြေဆိုခြင်း ... ... ... ၈၈

ကျောင်းဦးဘုရားတွင်ဆွဲရန်ခေါင်းလောင်းစာ၊ ဂါထာ၊ နိဿယတို့ကိုရေးသားဖြေဆိုခြင်း ... ... ၁၀၈

ဝိဇ္ဇာဓိုရ်ရဲတို့၏အကြောင်းကိုဖြေဆိုခြင်း ... ... ၁၁၅

နေလကြတ်သည်ကိုဖြေဆိုခြင်း ... ... ... ၁၁၆

မင်းရဲဒိဗ္ဗဇေးချင်းတွင်စပ်သည့်၊ မင်းဆက်ပေါင်းကို ဖြေ ဆိုခြင်း ... ... ... ... ... ၁၁၆

ဓမ္မသတ်ကျမ်းတို့၏အကြောင်းကိုဖြေဆိုခြင်း ... ၁၁၇

စတုဓမ္မသာရတွင်။ ခပ်သိမ်း မျက်နှာ။ ရန်ပိလာသော်၊ သီတာစတု။မြစ်သိန္ဓုသို့။ ငြိမ်မှုသွန်းချူး။လက်ရုံးမိုး တိ။ ထစ်ကြိုးရွှာဆွတ်။ ချမ်းအောင်တတ်သည်။ မှူး မတ်ရည်ကောင်း။ပစ္စုဆောင်းနှင့်။ ။ဆိုသည်ကို။

| အကြောင်းအရာ။ | မျက်နှာနံပါတ်၊ |
|---|---|
| တချိုလည်း။ပစ္စုန်ချောင်း။ဟူ၍ ယူသည်ကိုဖြေဆိုခြင်း ... ... ... ... ... | ၁၁၈ |
| သံဝရတွင်။သစ္စံခမ္မ။ဝိရိယနှင့်။စာဂဟူသည်။ ဟုစပ်ရာတွင်။စာဂ-ကိုဖြေဆိုခြင်း ... ... ... | ၁၂၀ |
| ရဟန္တာမိန်းမတို့၊ပရိနိဗ္ဗာန်ပြုရာတွင်၊လိင်ပြန်၊မပြန်ကိုဖြေဆိုခြင်း ... ... ... ... | ၁၂၀ |
| နှစ်ကျိပ်ရှစ်ယောက်သောနတ်တို့သည်၊ သိကြားမင်း၏ အမှူး-အမတ်များဖြစ်ကြောင်းကိုဖြေဆိုခြင်း ... | ၁၂၃ |
| မနောဟာရီပျို့တွင်။ အရောက်နိဗ္ဗာန်။ဆဲ့သုံးတန်။ဟု စပ်သည်ကိုဖြေဆိုခြင်း ... ... ... | ၁၂၄ |
| 'ရပ်မ'ဟူသောစကားကိုဖြေဆိုခြင်း ... ... | ၁၂၄ |
| ကြားသိကျမ်းလာ။ချို တောင်တွင်းလာပျို့ကိုဖြေဆိုခြင်း | ၁၂၄ |
| ဟံသာဝတီမဟာစေတီမှာ ဌပနာသည့် ဓာတ်တော်တို့ကိုဖြေဆိုခြင်း ... ... ... ... | ၁၂၈ |
| မြတ်စွာဘုရား၏ မြင်းခေါင်းတော်ကို။ ဇော်ဂီ သတ္တဝါ၏ မြင်းခေါင်းနှင့်ဥပမာနိုင်းနှိုင်းသည်ကိုဖြေဆိုခြင်း ... | ၁၂၈ |
| ရှင်သီလဝံသ၊ ရှင်ဥတ္တမကျော်တို့၏ ဆရာစဉ်ဆက်နှင့်၊ ပြုခဲ့သည့်ကျမ်းများကိုဖြေဆိုခြင်း ... ... | ၁၂၉ |
| နာဖျားသောသူတို့၊သုရာမေရယကို ဆေးအမှတ်သော်ရန်ကိုဖြေဆိုခြင်း ... ... ... ... | ၁၂၉ |
| 'အာ' 'သော' 'မာ' 'ဝ' အစရှိသော ဂါထာ များ၏အကြောင်းကိုဖြေဆိုခြင်း ... ... ... | ၁၃၂ |
| ရာဇမဏိစူဠာကျောက်စာတွင်။မုတ္တာမုတ္တ။အမုတ္တက။ စသည်လေးပါး။လက်နက်များနှင့်။မင်းသားတကာ။ တတ်စရာသည်။လွှား၊ ကာ၊ သန်လျက်။ ပစ်စက်များခြင်း။ဆဲ့နှစ်ကွင်း။ဟုစပ်ဆိုသည်ကိုဖြေဆိုခြင်း ... | ၁၃၂ |
| သက္ကရာဇ်ပြိုခြင်း။ထောင်ပြိုခြင်း။ ဘူရိဒတ်ဓာတ်ပေါင်း။ | |

အကြောင်းအရာ၊　　　　မျက်နှာနံပါတ်၊

စတုဓမ္မသာရ။ ရှင်ရဋ္ဌသာရတံတားဦးတည်။ ရှင်သီလဝံသတံတားဦးတည်။ သံဝရတို့တွင် စပ်ဆိုသည့် သင်္ကြာရာဇ်များကိုဖြေဆိုခြင်း... ... ... ၁၃၃

စတုဓမ္မသာရတွင်။ နံ့မွှေကြာမုံ။ ခက်ရုံသင်္ကာ။ စပ်သည်ကိုဖြေဆိုခြင်း ... ... ... ... ၁၃၅

မွေတော်သုံးပါးကိုဖြေဆိုခြင်း ... ... ... ၁၃၈

ဘုရားရှင့်ခါတ်တော်၊ မွေတော်တို့ကို အဘယ့်ကြောင့် ခါတ်တော်တွင်သည်ကို ဖြေဆိုခြင်း ... ... ၁၃၉

ဟံသာဝတီမဟာစေတီတွင်ဌာပနာသည့် ဓါတ်တော်တို့အမည်ကိုဖြေဆိုခြင်း ... ... ... ၁၃၉

လက်ယာရံ၊ လက်ဝဲရံအသီတိသာဝကရှစ်ကျိပ်တို့ကိုခွဲခြား၍ ဖြေဆိုခြင်း ... ... ... ... ၁၄၀

အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို။ ဇယားနှင့် အင်းကြီးသည်ကိုဖြေဆိုခြင်း ... ... ... ... ၁၄၃

'ညံ့'ဟူသောသတ္တဝါ၏အကြောင်းကိုဖြေဆိုခြင်း ... ၁၄၄

ကျောင်းဘုရားတို့နှင့်သက်ဆိုင်သည့်ကျွန်တို့ကို ဖြေဆိုခြင်း ... ... ... ... ... ၁၄၆

ဆပ်သွားဖူးလုပ်နည်းကိုဖြေဆိုခြင်း ... ... ၁၄၇

သိမ်ဦးအမည်မှ၊ သိမ်ဦးမြတ်စောဟုအမည်သမုတ်သင့်၊ မသမုတ်သင့်ကိုဖြေဆိုခြင်း ... ... ... ၁၄၇

အရှုပလေးဘုံ၌၊ အထက်အရိယာပုဂ္ဂိုလ်ရှစ်ယောက်ရှိလျက်၊ အောက်ဖြစ်သော၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည်၊ အဘယ့်ကြောင့် မရှိလေသည်ကိုဖြေဆိုခြင်း ... ... ... ... ... ၁၄၉

အရပ်ပြစ်ရှစ်ပါးကိုဖြေဆိုခြင်း ... ... ... ၁၄၉

ရတနသုတ်၊ ဝနပ္ပဂုမ္ဗေ-ဂါထာ၌ တောအုပ်နှင့် ဥပမာ

အကြောင်းအရာ။ မျက်နှာနံပါတ်။

ခိုင်းသောဥပမေယျအရသည်၊အဘယ်တရားနည်း
ဟူသည်ကိုဖြေဆိုခြင်း ... ... ... ၁၅၀
တဆဲ့နှစ်လတွင်၊တန်းခူးလ၌ တောဒုပ်သည်၊ အဘယ်
ဂုဏ်ထူးဝိသေသရှိ၍ ဥပမာဆောင်သည်ကို ဖြေ
ဆိုခြင်း ... ... ... ... ... ၁၅၀
ဘုရားသခင့်အမည်တော်သည် မရေတွက်နိုင်အောင်
ရှိသည်ကိုဖြေဆိုခြင်း ... ... ... ၁၅၀
ရတနာဖြစ်ရာငါးဆဲ့ခြောက်ရပ်ကိုဖြေဆိုခြင်း ... ၁၅၁
ဘုရားသခင့်အမည်တော်သည်၊မရေတွက်နိုင်ရှိလျက်။
ပဒေသရာဇာသည်၊ မနော်ပျိုတွင်၊ သုံးဆဲ့ရှစ်ပါး။
ထင်ရှားမည်တော်။သီးသီးခေါ်သည်။ဟူ၍ စပ်ဆို
သည်ကိုဖြေဆိုခြင်း ... ... ... ၁၅၃
ဘုရားသခင့်လက်ထက်အဂ္ဂသာဝကနှစ်ပါးငရဲပြည်သို့
ကြွတော်မူကြသည်၊ အရှင် သာရိပုတြာကို ငရဲမီး
လိုက်သည်။အရှင်မောဂ္ဂလာန်ကို၊မလိုက်ဝံ့ဟူသော
စကားကိုဖြေဆိုခြင်း ... ... ... ၁၅၄
ပြည်မင်းစောရန်နောင်၏အကြောင်းကိုဖြေဆိုခြင်း ... ၁၅၄
သရေခေတ္တရာပြည်တွင်။ ဗွတ္တဘောင်မင်း၏ ကောင်းမှု
ဘုရားများ၏အမည်ကိုဖြေဆိုခြင်း ... ... ၁၅၄
သူရဿတိနတ်သမီး၏အကြောင်းကိုဖြေဆိုခြင်း ... ၁၅၅
ပြည်မင်း စောရန်နောင်သည်၊ တောင်ငူပျံ့ချီကြီးအား
တိုက်သည့်ပွဲအကြောင်းကိုဖြေဆိုခြင်း... ... ၁၅၆
အဘိဓာန်ကျမ်းလာ ဘုရားအမည်တော်( ၃၀ )ပါးကို
ဖြေဆိုခြင်း ... ... ... ... ၁၅၇
ဂိလာနနှင့်-ဂေလညနှစ်ပါးအထူးကိုဖြေဆိုခြင်း ... ၁၅၉
ဗောဓျင်္ဂသုတ်ကို အက္ခရာဝလိမှန်ကန်အောင် စီရင်၍
ဖြေဆိုခြင်း ... ... ... ... ၁၅၉

မာတိကာ။

အကြောင်းအရာ။ မျက်နှာနံပါတ်။

သုံးပါးရစာတွင်၊ထည့်သွင်းသည့်၊တံတားဦးတည်မော်
ကွန်းအကြောင်းကိုဖြေဆိုခြင်း ... ... ၁၆၀
ကျမ်းပြီးနိဂုံး ၁၄ ဂါထာကိုပြခြင်း ... ... ၁၆၂

ဤတွင်ရွှေကား၊လက်ဝဲနော်ရထာလျှောက်ထုံးတွင်
ပါရှိသည့်မာတိကာစဉ်ပြီးပြီ။

# လက်ဝဲနော်ရထာလျှောက်ထုံး။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ကျမ်းဦးပဏာမ-၅-ဂါထာ။

(၁) ဝေယျာကရဏဝါဒိနံ၊ပဝရံ ဝရဝါဒိနံ။
ဝန္ဒိ ပဝေဒိတံ တေန၊နတွာ တဿ ဂဏော ပေတံ။
(ဝတ္တဂါထာ)။

(၂) သမန္တဘဒ္ဒရော လောကော၊ပူဇိတော ဂဇသေဋ္ဌေဟိ။
သီလမဏ္ဍနဘူသန္တော၊ဗဟုဿုတော သုတဒ္ဓါရော။
(ဝတ္တဂါထာ)။

(၃) ဣရိယာပထသမ္ပန္နော၊ဇာဂရိယာနုယောဂေါစ။
စာတုဒ္ဒီပိကစန္ဒော၀၊ရာဇဂုရူဟိ ဝိညာတော။ ။
(ဝတ္တဂါထာ)။

(၄) ပညာပုညကောသု ဆေကော၊ဉာဏာလင်္ကာရလဉ္ဆိတော။
အပ္ပေ၀ တဿ ပုစ္ဆိတွာ၊သဗ္ဗဂဏ္ဌိသု သံသယံ။ ။
(ပဌမ'ရ'ကာရ ဝိပုလာ ဂါထာ)။

(၅) သုတကာမာန မတ္တာယ၊ကရိဿံ ဝေယျာကရဏံ။
နိဿာမယထ သက္ကစ္စံ၊ဒုလ္လဘာ ဟိ အယံကထာ။ ။
(ဒုတိယ'ဘ'ကာရ ဝိပုလာ ဂါထာ)။

(၁) အဟံ၊ငါသည်။ ဝေယျာကရဏာဝါဒီနံ၊အမေးအဖြေ
နှစ်ပါးစုံတို့ကိုဆိုလေ့ရှိကုန်သောဆရာတို့ထက်။ပဝရံ၊မြတ်စွာ
ထသော။ ဝရဝါဒီနံ၊ နိဗ္ဗာန်တရားကို ဟောလေ့ရှိကုန်သော
မြတ်စွာဘုရားကိုလည်းကောင်း။တေန-ဝရဝါဒီနာ၊ထိုမြတ်စွာ
ဘုရားသည်။ ပဝေဒိတံ၊ ဟောကြားတော်မူအပ်သော။ ဓမ္မဉ္စ၊
သူတော်တရား ဆယ်ပါးကိုလည်းကောင်း။ တဿ-ဝရဝါဒိ
နော၊ထိုမြတ်စွာဘုရား၏။ဥပေတံ၊သီလသမာဓိစသောကျေးဇူး
နှင့် ပြည့်စုံတော်မူသော။ ဂဏဉ္စ၊ အရိယာပုဂ္ဂိုလ်ရှစ်ယောက်
အပေါင်းကိုလည်းကောင်း။နတွာ-နမာမိ၊ရှိခိုးပါ၏။ နတွာ၊ရှိခိုး
ဦး၍။ ။(၂)လောကော၊လူ၌။ သမန္တဘဒ္ဒကော၊ ထက်ဝန်းကျင်
ကောင်းတော်မူထသော။ ဂဇသေဋ္ဌဟိ၊ဆင်ပြောင်ကဲ့သို့သော
ဉာဏ်အားနှင့် ပြည့်စုံကုန်သော ပညာရှိသူမြတ်တို့သည်။ ပူဇိ
တော-ပူဇာရဟော၊ပူဇော်ခြင်းငှါထိုက်တော်မူထသော။သီလ
မဏ္ဍနဘူသနော၊ သီလတည်းဟူသော တန်ဆာကိုလည်း ဆင်
တော်မူထသော။ဗဟုဿုတော၊များသောအကြားအမြင်လည်း
ရှိထသော။ သုဘဒ္ဒါရော၊ သုတကိုလည်း ဆောင်တော် မူထ
သော။ ။(၃)ဣရိယာပထသမ္ပန္နော၊မပြတ်ကြွသွားခြင်းတည်း
ဟူသော ဣရိယာပုထ်နှင့်ပြည့်စုံတော်မူထသော။ ဇာဂရိယာနု
ယောဂေါစ၊ သတိ သမ္ပဇဉ်ယှဉ်သော နှလုံးတည်းဟူသော နိုး
ကြားခြင်းနှင့်လည်းယှဉ်တော်မူထသော။ စာတုဒိဗိကစန္ဒောဝ၊
လေးကျွန်း လှည့်သွား၊ လ-ရထားကဲ့သို့။ ရာဇဂုရုဟိ၊ မင်းဆရာ
တော်ဟူ၍လည်း။ဝိညာတော၊သိအပ်ထသော။ ။(၄)ပဉ္စာပုစ္ဆ
ကော၊အမေး၏အဖြေတို့၌။ဆေကော၊တတ်လိမ္မာစွာထသော။
ဉာဏလင်္ကာရလင်္ဂိတော၊ “ဉာဏလင်္ကာရမဟာဓမ္မရာဇဂုရု”
ဟူသောတံဆိပ်နာမံတော်လည်းရှိတော်မူထသော။ယောရာဇ
ဂုရု၊အကြင်မင်းဆရာတော်သည်။အတ္ထေဝ-အတ္ထိဧဝ၊ရှိသလျှင်
ကတည်း။ တဿ-ဂုရုနော၊ထိုဆရာတော်အား။ သဗ္ဗဂဏ္ဌိသု၊
အလုံးစုံခက်ဆစ်တို့၌။ သံသယံ၊ ယုံမှားသက်သာကို။ ပုစ္ဆိတွာ-

ပုစ္ဆာမိ၊မေးလျှောက်၏။ပုစ္ဆိတ္ဗာ၊မေးလျှောက်ဦး၍။ ။(၅)သုတ ကာမာနံ၊သုတကိုအလိုရှိကုန်သောသူတို့၏၊ အတ္ထာယ၊အကျိုး ငှါ။ ဝေယျာကရဏံ၊မေးကြောင်းနှင့်တကွ ဖြေရာဖြေကြောင်း ဖြစ်သော။ ၁ကရဏံ၊ကျမ်းကို။ ကရိဿံ-ကရိဿာမိ၊ပြုစီရင် ပေအံ့။ဟိ၊စင်စစ်။မေ၊ငါ၏။အယံကထာ၊ဤအမေးအဖြေတည်း ဟူသော ခက်ဆစ်စကားသည်။ ဒုလ္လဘာ၊ရခဲ၏။ တသ္မာ၊ထိုသို့ ရခဲသောကြောင့်။ တုမှေသာဓဝေါ၊ သင်သူတော်ကောင်းတို့ သည်။သဏ္ဍာယ္ဓ၊ရိုသေစွာ။နိသာမယထ၊နာလင့်ကုန်။ ။

## ပုစ္ဆာ။

မင်းလက်ဝဲနေဘ်ရထာ လျှောက်ပါသည်ဆရာတော်ဘုရား။

(၁) တမလွန်ဘဝသို့ပြောင်းသွားသောသူတို့အား ရည်မှတ်၍ လှူဒါန်းသောအဘိုကို၊သားချင်းတို့ကဝေလျှင်မြင့်ရာ က စီးသော ရေသည်၊ နိမ့်ရာသို့ စီးလေသကဲ့သို့ ရရာ သည်ဟူ၍ ဟောတော်မူကြပါသည်။ ဖြစ်တိုင်းသော သတ္တဝါတို့ပင်ရမည်၊မရမည်ကိုသိချင်ပါသည်။ ။

(၂) အဘ္တန္တရသရက်သီးကိုစားသောသူတို့သည်၊ အိုသေဘ် လည်းပျိုသည်ဟုဆိုသောစကားသည်၊သင်္ဂါယနာဝင် ကျမ်းများတွင်လာသည်၊ မလာသည်။ သင်္ဂါယနာဝင် ကျမ်းတို့ကလာသည်မှန်လျှင်လည်း။ သည်သရက်သီး မျိုးသည်၊ တကမ္ဘာပတ်လုံး တည်သည်ဖြစ်မည်၊ မည် သည့်တောအရပ်မှာရှိသည်ကိုသိချင်ပါသည်။ ။

(၃) ဇာတ်နိပါတ်များတွင်၊နတ်တို့နှင့် လူ အတွေ့အမြင်ခံ၍ စကားပြောကြသည်။ လူနှင့်-နတ်ဘီလူးအိမ်ယာထောင် သည်များကိုလည်းတွေ့ပါသည်။ယခုကာလမည်သည့် အကြောင်းကြောင့် နတ်ဘီလူးတို့သည် လူကို အတွေ့ မခံ၊အမြင်မခံ၊စကားမပြောနေသည်ကိုသိချင်ပါသည်။

(၄) အသက် အသချေနေသောကာလ၊ လူတို့ ရုပ်သဏ္ဍာန် ကြီးသည်၊ တဂါဝုတ်,နှစ်ဂါဝုတ်,သုံးဂါဝုတ်ရှိသည်ဟု ဆိုပါသည်။ထိုကာလလူတို့သုံးဆောင်စိုးနင်းသောဆင် မြင်း ကျွဲ နွားသည်၊လူကိုလိုက်၍ အသက်ရှည်ခြင်း။ရုပ် သဏ္ဍာန်ကြီးခြင်းရှိမည်၊မရှိမည်။ ဇမ္ဗူဒိပ်ကျွန်းသားတို့ အသက်ရှည်၍ ရုပ်သဏ္ဍာန်ကြီးသောကာလ အိမ်ယာ ဆောက်ရန် သစ်ဝါးကြိမ်နွယ်တို့သည် လူ့အသက်ကို လိုက်၍ ကြီးမား ရှည်မြင့်သည်။ ယခုရှိသည့် အတိုင်း ရှိသည်၊ မရှိသည်။ ဇမ္ဗူဒိပ် ကျွန်းတွင် ကံအလျောက် အသက် တိုခြင်း၊ အသက် ရှည်ခြင်း ရှိသည်ဖြစ်မည်။ သုံးကျွန်းသားတို့မှာလည်းတိုခြင်း၊ရှည်ခြင်းရှိသည်၊မရှိ သည်ကိုသိချင်ပါသည်ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၀ ပြည့်၊ ကဆုန်လတွင်၊ မင်းလက်ဝဲနေဝ် ရထာက၊တောင်တွင်းဆရာတော်ကိုလျှောက်သည်။ ။

ဝိသဇ္ဇနာ။

(၁) သာဝတ္ထိပြည်တွင်၊ ဇာဏုသောဏိဆိုသောပုဏ္ဏား သည် ဘုရားသခင့်အားလျှောက်သည်။ အရှင်ဂေါတမ၊ ကျွန်ုပ် ပုဏ္ဏားတို့မလေ့သည်၊ သေလွန်သောသူတို့ ရပါလေစေဟူ၍ အလှူပေးသည်၊ကောင်းမှုပြုသည်။ထိုအလှူကောင်းမှုအကျိုးကို တမလွန်ဘဝသို့ ပြောင်းသွားလေသော သူတို့သည်၊ ခံရစံရ ပါလိမ့်မည်လောဟု မေးလျှောက်သည်ကို။ဘုရားသခင်ဖြေတော် မူသည်ကား။ ပုဏ္ဏား၊ ရသင့်သောအရပ်ဖြစ်လျှင် ခံစားရ၏။ မရသင့်သောအရပ်ဖြစ်လျှင်မခံစားရ။ ရသင့်သောအရပ်၊မရ သင့်သောအရပ်ဟူသည်ကား။ လူ့ပြည်-နတ်ပြည်အရပ်။ ငရဲ ပြည် တိရစ္ဆာန်ဘုံ၌ ဖြစ်သောသူတို့သည်၊ ထိုဘုံ၌ ဖြစ်သော အဝတ်အစားချမ်းသာဆင်းရဲတို့ကိုသာခံစား၍နေရလေတော့ သည်။ ရည်မှတ်၍ ပေးလှူသော အလှူကောင်းမှုအကျိုးကိုမခံ

စားရကုန်။ ပြိတ္တာဘုံ၌ ဖြစ်သော သူတို့သည်ကား၊ ထိုအလှူ ကောင်းမှုအကျိုးကိုခံစားရကုန်၏။ ထိုပြိတ္တာဘုံ၌ပင် ဖြစ်သော်လည်း၊ အကြောင်းသုံးပါးညီမှခံစားရသည်။ အကြောင်းသုံးပါး ဟူသည်ကား။ ။( ၁ )ရည်မှတ်၍ပေးလှူသည်လည်းဖြစ်စေ။ ( ၂ )အမျှဝေသည်လည်းဖြစ်စေ။( ၃ )ထိုပြိတ္တာလည်းလာခိုက်ကြုံ၍အနုမောဒနာခေါ်သည်လည်းဖြစ်စေ။ဤအကြောင်းသုံးပါး ညီမှသာလျှင် ခံစားရသည်ဟု ဟောတော်မူသည်။ မြင့်ရာမှ ရွာသောမိုးယိုးရေသည်နိမ့်ရာအရပ်သို့စီးသကဲ့သို့ဟောတော် မူသော တရားတော်လည်း၊ ထိုပြိတ္တာကိုပင်ရည်၍ သာမည ဟောတော်မူသည်။ ။

( ၂ ) အဏ္ဏဏ္ဍရသရက်သီးသည် အတုမရှိထူးမြတ်သော အရသာနှင့်ပြည့်စုံသောကြောင့်ဝဿဝဏ္ဏနတ်မင်းသော်လည်း သုံးဆောင်ကြောင်းကိုသင်္ဂါယနာဝင်ကျမ်းတို့၌လာသည်။ ထို သရက်သီးကိုစားသောသူတို့သည်၊အိုသော်လည်းပျိုသည်ဟု ဆိုသောစကားသည်သင်္ဂါယနာဝင်ကျမ်းတို့၌မလာ။သင်္ဂါယ နာမဝင်သော ငါးရာ့ငါးဆယ်ဇာတ်မှ အလွတ်၊ပဏ္ဏာသဇာတ် တွင်မူကား။ အဏ္ဏဏ္ဍရ သရက်သီးကို စားသော သူတို့သည်။ အိုသော်လည်းပျိုသည်။အရေလိပ်ခြင်း၊ဆံဖြူခြင်းမရှိပြီ။အနာမျိုး ကိုးဆဲ့ခြောက်ပါးကင်းသည်ဟူ၍ဆိုသည်။ ဟည်ရာအရပ်သည် ကား ဟိမဝန္တာတောအရပ် တောင်စဉ်ခုနစ်ထပ် အလွန် ရွှေ တောင်ကြားတွင်ရှိသည်။ ထိုသို့ တောင်ကြား၌ရှိသောကြောင့် ထိုသရက်သီးကိုအဏ္ဏဏ္ဍရသရက်သီးဟူ၍ခေါ်ဝေါ်ကြသည်။ အမြစ်မှစ၍ သံကွန်ရက် ခုနစ်ထပ်တို့ဖြင့် ရံသည်။ အကုဋေ တထောင်မျှလောက်သော ကုမ္ဘဏ်ယက္ခိုသ်တို့ကို၊ဝဿဝဏ္ဏ နတ်မင်းက အစောင့်ထားသည်။ အသီးကိုရေတွက်၍တလုံးမျှ မပျောက်ရ၊ နေ့ည မပြတ် စောင့်ရသည်ဟူ၍ သင်္ဂါယနာဝင် သောကျမ်းတို့၌ဆိုသည်။ ။

(၃) နတ်ဘီလူးတို့သည် ပကတိသဘောအားဖြင့်လူတို့၏

တွေ့မြင်ခြင်းကိုအလိုမရှိဟူ၍ ကျမ်းဂန်တို့၌ဆိုသည်။ ယခုဘဝ တွင်ဖြစ်စေ၊ ရှေးဘဝကဖြစ်စေ၊ ကျေးဇူးအထူးပြုဘူးခြင်း၊ ရန် ငြိုးဘွဲ့ခြင်း၊ ဂုဏ်ကျေးဇူးလွှန်မြတ်ခြင်း၊ တစုံတခုအကြောင်း အထူးရှိမှအတွေ့အမြင်ခံသည်၊ စကားပြောသည်။ ဇာတ်နိပါတ် များမှာနတ်ဘီလူးတို့နှင့် တွေ့မြင်ဖူးပင်ဆိုသော်လည်း။ တဇာတ် နှင့်တဇာတ်သည်၊ အနှစ်အထောင်၊ အနှစ်အသောင်း၊ အနှစ်အ သချေ်ကာလရှည်ဝေးတောင်းပင်ဖြစ်တော့သည်။ ယခုမြန်မာ တို့တိုင်းနိုင်ငံတွင်လည်း။ မဟာသမ္ဘဝ ရှင်္ဃသမ္ဘဝတို့လက်ထက် ဘီလူးမနှင့်အိမ်ယာထောင်ကြောင်းကိုလာသည်။ ပုဂံပြည်တွင် လည်း မိန်းမတယောက်သည် 'ဥပါ'နှင့်အိမ်ယာထောင်၍သား တယောက်မြင်ဘူးသည်ဟု ရှေးထုံးမှီသောပညာရှိတို့ပြောစဉ် ရှိသည်။ ဘီလူးကိုရှေးသူဟောင်းတို့မှာ'ဥပါ'ဟူ၍ခေါ်သည်။ ထို့ ကြောင့်ပါရမီခဏ်း၌။ ။ဥပါခက်ဟာ။ ရမ္မက်မကြွင်း။ ဆဲ့နှစ်သင်း သား။ အပြင်းဘမ်းကြူး။ တောဘီလူးကို။ ဟူ၍စပ်တော်မူသည်။ ။ ပုဂံ၌ တရုပ်ပြေးမင်းလက်ထက် တရုပ်တို့နှင့်တိုက်၍၊ ငဆောင် ချမ်းတပ်ပျက်သောခါ၊ သရေပါတံခါးစောင့်နတ်သည် ညအခါ တရုပ်ပြေးမင်း၏ ဆရာတော်ခြေကိုလှုပ်၍၊ အရှင်ဘုရား၊ ယခု ငဆောင်ချမ်းတပ်ပျက်ချေသည်။ ကျွန်ုပ်တို့နတ်ချင်းတိုက်ရာမှာ လည်း။ ကျွန်ုပ်ကိုမြားသင့်ချေသည်ဟုပြောလာကြောင်းကို ရာဇ ဝင်များတွင်လာသည်။ သည်များကိုထောက်၍ ဇာတ်နိပါတ် တို့မှာသာနတ်ဘီလူးတို့နှင့် တွေ့မြင်ရသည်မဟုတ်။ မြန်မာတို့ တိုင်းနိုင်ငံ၌လည်းစိုးစဉ်းတွေ့မြင်ကြောင်းကိုထုံးဟောင်းသက် သေပင်ရှိသည်ဖြစ်တော့သည်။ ။

(၄) အသက်အသချေ်နေသောကာလ လူတို့ ရုပ်သဏ္ဍာန် ကြီးသဖြင့်၊ လူတို့ကံနှင့်စပ်၍ဖြစ်သော ဆင် မြင်း ကျွဲ နွား သစ် ပင်းကြိမ်နွယ်တို့သည် ထိုလူတို့နှင့် လျော်ကပ်စွာ ကြီးကုန် သည်။ ဘယ်ကိုထောက်၍သိရသနည်းဟူမူကား။ ဇေတဝန်ကျောင်း တော်ရာသည် ကဿုသန် ဘုရားရှင်လက်ထက်၊ တဂါဝုတ်ရှိ

သည်။ ကောဏာဂုံ ဘုရားရှင်လက်ထက်၊ ဂါဝုတ်ခွဲ ရှိသည်။ ကဿပဘုရားရှင် လက်ထက်၊ ဥသဘနှစ်ဆယ်ရှိသည်။ ငါတို့ ဘုရားရှင်လက်ထက်၊ ပကတိပယ်ဖြင့်တဆဲ့ခြောက်ပယ်၊ မင်း ပယ်ဖြင့် ရှစ်ပယ်ရှိသည်။ သည်များမှာ၊အသက်ရှည်သဖြင့်နေ ရာဌာနကျယ်သည်ကို ထောက်၍သိရလေသည်။ တကြောင်း လည်း၊သတ္တဝါအပေါင်းတွင် လူသာပဓာနဖြစ်သည်။ လူတို့မှာ ကုသိုလ်ပွါးသောအခါ၊တိရစ္ဆာန်တို့မှာကုသိုလ်ပွါးသည်။လူတို့ မှာအကုသိုလ်ပွါးသောအခါ၊ တိရစ္ဆာန်တို့မှာ အကုသိုလ်ပွါး သည်ဟူ၍ကျမ်းဂန်လာသည်ကိုထော်သဖြင့်။ လူတို့ကိုအမှီပြု ၍ချည်းဖြစ်ကုန်သည်။အရှေ့ကျွန်း,အနောက်ကျွန်းမှာ အသက် ခုနစ်ရာ။မြောက်ကျွန်းမှာ အသက်တထောင်အမြဲနေကုန်သည်။ တောင်ကျွန်းမှာကဲ့သို့ ဆုတ်သည် တက်သည် မရှိ။ အဘယ့် ကြောင့်မရှိလေသနည်းဟူမူကား။ဓမ္မတာသီလမြဲသောကြောင့်၊ သီလ၏အာနုဘော်အားဖြင့် အမြဲတည်လေကုန်သည်။တောင် ကျွန်းမှာမူကား၊ သီလသည် မမြဲသောကြောင့် သီလအားနည်း တိုင်းအသက်ဆုတ်သည်။ အားကြီးတိုင်းအသက်တိုးလေတော့ သည်။ ။

သက္ကရာဇ် ၁၁၂၀-ပြည့်၊ ကဆုန်တွင်၊ ဇိမ်ရှေ့ဆရာတော် ဘုရားဖြေတော်မူသည်။ ။

---

ပုစ္ဆာ။

မင်းလက်ဝဲနေဘ်ရထားဗျောက်ပါသည်ဆရာတော်ဘုရား။

(၁) မနော်ဟာရီဇာတ်သည်၊ ငါးရာ့ငါးဆယ်ဇာတ်သို့ မဝင်။ အခြား ပဏ္ဏာသဇာတ်ကျမ်းတို့ကလာသည်ဟု ဆိုကြ ပါသည်။ပဏ္ဏာသဇါတ်ကျမ်းသည်၊မည်သူဟောသော ကျမ်းဖြစ်မည်။ မနော်ဟာရီဇာတ်သည်၊ မှန်သည် မမှန် သည်ကိုသိချင်ပါသည်။ ။

(၂) မဇ္ဈိမဒေသ မဟာဗောဓိပုံများတွင်၊ ကပိလဝတ်ပြည်သည်မဟာဗောဓိအနေ်ာ။သာဝတ္ထိပြည်သည် တောင်။ ရာဇဂြိုဟ် မြောက်။မိဗိလာအရှေ့ဟူ၍ တွေ့ပါသည်။မိဗိလာပြည်တွင်လည်းမဟော်ဓာတ်ကိုထော်၍၊ဘုရားရှင့်ရွှယ်တော်စစ်ထားတော်မူသည် ဆိုသည်။မိဗိလာပြည်နှင့် ရွှယ်တော်ကိုရှာသော်၊ယခုတရုပ်ပြည်ကိုပင်ဆိုကြပါသည်။ မဇ္ဈိမဒေသ၊တိုင်း တဆဲ့ခြောက်တိုင်း အဝင်တရုပ်ပြည်မှန်လျှင်၊မဟာဗောဓိမဏ္ဍိုင်က စက်ကြီးပင်လှည့်သော်၊ သုနာပရန္တတိုင်း၊တမ္ဗဒီပတိုင်းသည် စက်တွင်းတွင်ပင် ရှိရာသည်။ စက်တွင်းမှန်ကလည်း မဇ္ဈိမဒေသပင် ဖြစ်ပါသည်ကို။ ပစ္စန္တရစ်၌ သာသနာတော်တည်လတ္တံ့ဆိုသော စကားသည်၊ လယ်ကိုင်း စန္ဒကူးကျောင်း၌ ဝါဆိုတော်မူသည်။ ပစ္စန္တရစ်ဖြစ်၍ အရဏ်ခံတော်မမူဆိုသောစကားသည် မညီမညွတ်ရှိခဲ့သည်။ မဇ္ဈိမဒေသနေရပ်ပုံစံစကားများကို အချက်ကျကျ သိချင်ပါသည်။ ။

(၃) လောကဝေါဟာရစကား၊ ကလေးမြို့ကို ရာဇဂြိုဟ်ဆိုကြသည်။ ဥရုရက်သားကို ဥရုဝေဠတို့နေရာ ဆိုသည်။ လယ်ကိုင်း မြို့ကိုလည်း ကောသမ္ဗီပြည် ဆိုကြသည်။ မဇ္ဈိမဒေသပုံမှာလည်း၊ ကောသမ္ဗီပြည် မဟာဗောဓိအနောက်တောင်၊နှစ်လခရီးဆိုသည်။သည်အချက်များကိုထောက်၍ရှင်းရှင်းလင်းလင်းသိချင်ပါသည်။ ။

(၄) အကုသိုလ်၏ အကျိုးသည်။ ကမ္ဘာတသိန်းလွန်လျှင် အဟောသိကံ ဖြစ်သည်ဟု ဆိုသည်။ ပါရမီတော်ခဏ်းတွင်လည်း။ ။အကုသိုလ်ကို။ အပကိုကမ္ဘာ။သန်ျကြာလည်း။ဆုံး၍မပျောက်။ခံရလောက်လျက်။ သံကျောက်မီးစာ။ အဘော်ပါသို့။ ဟူ၍လည်း စပ်တော်မူသည်။ သည်အချက်များကိုလည်းသိချင်ပါသည်။ ။

သက္ကရာဇ် ၁၁၂၀ ပြည့်၊ နယုန်လတွင်၊ မင်းလက်ဝဲ နေ်ရထာက၊ တောင်တွင်းဆရာတော်ကိုလျှောက်သည်။ ။

ဝိသဇ္ဇနာ။

(၁) ပဏ္ဏာသဇာတ်သည် ဘုရားဟောကျမ်းမျိုး အရေအတွက်၌မဝင်။ ကျမ်းသရိုင်းတို့၌လည်း မည်သည့်ဆရာပြုသည်ဟူ၍မလာ။ ဆရာကြီးတို့မူကား၊ ဇင်းမယ်အရပ်ကဖြစ်သည်ဟူ၍ ပြောစဉ်ရှိသည်။ ပဏ္ဏာသဇာတ်ကိုယ်တွင်ဆိုသော စကားစဉ်မှာမူကား၊ဘုရားဟောဟန်ဆိုသည်။ သူ့ကျမ်းတွင်ဆိုသော စကားအရသည်ကား၊ အချို့အရာ၌ သင့်တင့်လျောက်ပတ်၏။ အချို့အရာ၌တရားကျမ်းဂန်နှင့်ထောက်သော် လွန်လွန်းသည်။ မနော်ဟာရိဇာတ်။ သမုဒ္ဒဃောသဇာတ်။ သမ္ဘဝဇာတ်-များသည်၊ ပဏ္ဏာသကျမ်းတွင်လာသည်။ ဘုရားဟောမဟုတ်၊ ရာဇဝင်ကဲ့သို့ပညာပွါးစကားပြောရုံရှိ၏။ ။

(၂) မဇ္ဈိမဒေသအရပ်သည် ဇမ္ဗူဒိပ်ကျွန်း တသောင်း၏ အလယ်အချက်အချာ၌ အလျားယူဇနာသုံးရာ။ အဝန်းယူဇနာကိုးရာရှိသည်။ကျွန်း၏အလယ်အချက်၌ဖြစ်သောကြောင့်မဇ္ဈိမဒေသဟူ၍ခေါ်ဝေါ်သည်၊ပင်လယ်သမုဒ္ဒြာသည်ကား၊ဇမ္ဗူဒိပ်ကျွန်းပြင်ဘက်နားကို လည်၍စီးသည်။တရုပ်ပြည်သည်လည်း ပင်လယ်နားပင်ဆိုသည်။ သည့်ကိုထောက်သော်၊ တရုပ်ပြည်သည် မဇ္ဈိမဒေသ မိမိလာပြည်ဟုတ်မည်မထင်။ စွယ်တော်ရှိကြောင်းကိုလည်းကျမ်းဂန်၌ဆိုသည်မဟုတ်။ရာဇဝင်တွင်သာဆိုသည်။စွယ်တော်သည် စင်စစ်ရှိသည်ဖြစ်စေ။နောက်မှအဆင့်ဆင့်ရောက်သည်ဖြစ်မည်။ အဘယ်ကဲ့သို့နည်းဟူမူကား၊ မြတ်စွာဘုရားသဒိတ်တော်ကို၊သာဝတ္ထိပြည်သို့၊ရှင်အာနန္ဒာဆောင်ယူသွားကြောင်းကိုအဋ္ဌကထာကျမ်းကြီးတို့၌ဆိုသည်။သီဟိုဠ်ဖြစ် နဋ္ဌာတဓာတုဝင်ကျမ်းတွင်၊ သာဝတ္ထိပြည်မှသည်၊ နောက်ကလိင်္ဂရစ်ပြည်သို့ ရောက်ကြောင်းကိုဆိုသည်။ သီဟိုဠ်ရာဇ

ဝင်တို့၌ ကလိက်ရစ်ပြည်မှ နောက် သီဟိုဠ်ကျွန်းသို့ ရောက်ကြောင်းကိုဆိုသည်။ မြန်မာရာဇဝင်တို့၌ဟံသာဝတီဆင်ဖြူရှင်လက်ထက် သီဟိုဠ်ကျွန်းမှသည်၊ ဟံသာဝတီသို့ရောက်သည်။ ဟံသာဝတီမှသည်၊ တောင်ငူသို့။ တောင်ငူမှသည်၊ အင်းဝသို့ ရောက်ကြောင်းကိုဆိုသည်။ သည်များမှာ သပိတ်တော်သည် နောက်မှ အဆင့်ဆင့် တရပ်ကသည် တရပ် ရောက်သကဲ့သို့။ စွယ်တော်လည်း အဆင့်ဆင့် တရပ်ပြည်သို့ ရောက်သည်ဖြစ်မည်။ရာဇဂြိုဟ်ပြည်မှသည်၊တောင်အရပ်၌သာဝတ္ထိပြည်သည် ၄၅-ယူဇနာကွာသည်။ သာဝတ္ထိပြည်မှသည်၊သုနာပရန္တတိုင်း ဝါဏိဇရွာ၌၊ စန္ဒကူး သရက္ခန် ကျောင်းတော်သည်၊ ယူဇနာ တရာ့နှစ်ဆယ် ကွာသည်ဟူ၍၊ သဠာယတနသံယုတ် အဋ္ဌကထာ၊ဥပရိပဏ္ဏာသအဋ္ဌကထာတို့၌ဆိုသည်။သည်ကိုထောက်သော်၊ စန္ဒကူးကျောင်းတော်နှင့် ရာဇဂြိုဟ်ပြည်သည်၊ ငါးလခွဲ ခရီးကွာလေသည်။ ။

(၃) ယခုကျောင်းတော်ရာနှင့် ကလေးမြို့သည်ကား၊တလမျှခရီးမကွာကြသည်ကိုထောက်လျှင်၊ကလေးမြို့ကို ရာဇဂြိုဟ်။ ဥရုရက်သားကို ဥရုဝေဠတို့ နေရပ်ဆိုသည်။ လောကဝေါဟာရ စကားသာဖြစ်သည်။ တရားကျမ်းဂန်နှင့်မလျော်။ စန္ဒကူးသရက္ခန်ကျောင်းတော်သည် သုနာပရန္တတိုင်းဝါဏိဇရွာ၌တည်သည်။မြတ်စွာဘုရားသည်ခုနစ်ရက်ကိန်းအောင်းတော်မူသည်။ ပစ္စန္တရစ်အရပ်ဖြစ်၍၊အရဏ်မခံ။ မဇ္ဈိမဒေသသို့ပြန်၍၊အရဏ်ခံတော်မူသည်ဟု ပုဏ္ဏောဝါဒသုတ်အဋ္ဌကထာတွင် ဆိုသောကြောင့်။စန္ဒကူးကျောင်းတော်သည် ပစ္စန္တရစ်၌ဖြစ်သည်။ကောသမ္ဗီ ပြည်သည်ကား၊ မဇ္ဈိမဒေသ အရပ်မှာ ဖြစ်သည်။ ထို့ကြောင့် လယ်ကိုင်းမြို့ကို ကောသမ္ဗီ ဆိုသော စကားသည် ကျောင်းတော်ရာနှင့်ထောက်သော်မလျော်။ ။

(၄) အကုသိုလ်ကံ၏အကျိုးကမ္ဘာတသိန်းဆိုသောစကားသည် ဥပလက္ခဏာ နည်းအားဖြင့် မှတ်၍ဆိုသော စကားဖြစ်

သည်။ စကားဖြောင့်အဓိပ္ပါယ်ကား၊ ကုသိုလ် အကုသိုလ်ကံ
မည်သည်ပျောက်သည်ဟူ၍မရှိ။အခွင့်သာလျှင်ကမ္ဘာအသိန်း၊
ကမ္ဘာအကုဋေပင်ကြာသော်လည်းအကျိုးပေး၏ဟုဆိုလိုသည်။
အဘယ်ကိုထောက်၍သိရသနည်းဟူမူကား၊ဇောခုနစ်ချက်တို့
တွင်။ ပဌမဇော ကုသိုလ် အကုသိုလ်ကံသည်၊ ပစ္စုပ္ပန်ဘဝ၌
အကျိုးပေး၏။ အခွင့်မသာ၍မပေးလျှင် နောက်ဘဝ၌ အကျိုး
မပေးပြီ၊အဟောသိကံဖြစ်လေတော့သည်။သတ္တမဇောကုသိုလ်
အကုသိုလ်ကံသည်၊အခြားမဲ့သောဘဝ၌အကျိုးပေး၏။ အခွင့်
မသာ၍မပေးလျှင်အဟောသိကံဖြစ်လေတော့သည်။အလယ်
ဇောငါးချက် ကုသိုလ် အကုသိုလ်ကံသည်ကား။တဏှာကုန်၍
နိဗ္ဗာန်မရသမျှအဟောသိကံဖြစ်သည်ဟူ၍မရှိ။အခွင့်သာလျှင်
အကျိုးပေးလေတော့သည်၊ တဏှာကုန်၍နိဗ္ဗာန်ရမှ အဟော
သိကံဖြစ်သည်ဟု အဋ္ဌကထာ၊ ဋီကာအစောင်စောင်တို့၌ ဆို
သည်ကိုထောက်၍၊ ကမ္ဘာတသိန်း ဆိုသောစကားသည် ဥပ
လက္ခဏာအမှတ်မျှသာဖြစ်သည်။ ကမ္ဘာအသင်္ချေပင်ကြာသော်
လည်း အခွင့်သာက အကျိုးပေး၏ဟုမှတ်ရာသည်။တကြောင်း
လည်း၊အဂ္ဂသာဝကတို့မှာ၊တသင်္ချေနှင့်ကမ္ဘာတသိန်း။ ပစ္စေက
ဗုဒ္ဓါတို့မှာ၊ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း။ ဘုရားသဗ္ဗညုတို့မှာ၊
လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်က ပြုခဲ့သောကုသိုလ်သည်
အဟောသိကံမဖြစ်။ အဆုံးစွန်ဘဝတိုင်အောင်လိုက်၍ထောက်ပံ့
သည်ဟု ကရားကျမ်းဂန်တို့၌ ဆိုသောကြောင့်။ ပါရမီခဏ်း၌
စပ်တော်မူသည့်အတိုင်းမှတ်ရာသည်။ ။

သက္ကရာဇ် ၁၁၂၀ ပြည့်၊ နယုန်လတွင်၊ တောင်တွင်းဆရာ
တော်ဘုရားဖြေတော်မူသည်။ ။

## ပုစ္ဆာ။

မင်းလက်ဝဲနေဝ်ရထာလျှောက်ပါသည်ဆရာတော်ဘုရား။

(၁) စကြာရတနာ၏အကြောင်းအရာအခန့်ပမာဏအဆင်းသဏ္ဌာန်များကိုသိချင်ပါသည်။ ။

(၂) ဘီလူးတို့တွင်ပဋိသန္ဓေသုံးပါးတွင်၊မည်သည့်ပဋိသန္ဓေဖြစ်မည်ကိုသိချင်ပါသည်။ အဟိတ်ပဋိသန္ဓေ ဖြစ်လျှင်လည်း၊သောတာပတ္တိမဂ်ဖိုလ်ကိုရဘွယ်ရာမရှိပါသည်ကို၊ အာဠဝကဘီလူး-သောတာပန်ဖြစ်သည်ဟု ဆိုကြပါသည်ဘုရား။ ။

(၃) ဘုရားသဗ္ဗညု ပရိနိဗ္ဗာန်ယူတော်မူသည့်နေ့၊ ဝပ်သည်ကိုးပါး၊ ပေါ်သည်ကိုးပါး ရှိသည်။ ပုပ္ပါးတောင်သည်လည်း ပေါ်သည်ကိုးပါး အဝင်ဆိုသော စကားသည်။ သင်္ဂါယနာဝင် ကျမ်းတို့က လာသည့်စကား ဖြစ်မည်၊ မဖြစ်မည်ကိုသိချင်ပါသည်။ ။

(၄) သဗ္ဗညုဘုရားသခင်သည်၊ ငါပရိနိဗ္ဗာန်ယူတော်မူသည့်နောက်၊ ငါ၏ဓာတ်မွေတို့သည် သတ္တဝါ အပေါင်းတို့ပူဇော်သက္ကာရပြုရာအရပ်သို့ ရောက်လတ္တံ့ဟုဗျာဒိတ်ထားတော်မူသည်။ သာသနာတော်သည်လည်း၊ မဇ္ဈိမဒေသကသည်၊ ပစ္စန္တရစ်သို့ရောက်လတ္တံ့ ဗျာဒိတ်ထားတော်မူသည်ဟု ဆိုသည်။ ရာဇမဏိစူဠာ မဟာရံများတွင်၊ တိပိဋကာလင်္ကာရဆရာတော်တို့ စီရင်တော်မူသည့်၊ဝဇိရပြည်၌ သင်္ကန်းတော် သပိတ်တော်။ ကုသဃရပြည်၌သင်းပိုင်တော်။ကပိလဝတ်ပြည်၌ခါးနှီးနေရာတော်။ပါဋလိပုတ်ပြည်၌ဓမ္မကရိဏ်တော်။စမ္ပာပြည်၌ရေသနုပ်တော်။သာဝတ္ထိပြည်၌ဥဏ္ဏာလုံမွေးရှင်တော်။ ဥဇ္ဇေနီပြည်၌ ခါးနှီးတော်။ထိုမှတပါးလည်းစွယ်တော်များကို အသီးအသီးရှိဟန်နှင့်ဆိုသည်။ဓာတ်တော် မွေ

တော်အသုံးအဆောင်တို့သည်သာသနာတော်တည်စဉ်၌သာနေ၍၊သာသနာတော်ကွန်းပရာပူဇော်သက္ကာရရှိရာသို့ပြောင်းကြွတော်မူသည်မှန်လျှင်၊ သာသနာတော်တည်ရပ်သုနာပရံတမွဒိုပတိုင်းတို့၌ ထင်ထင်ရှားရှားရှိရပါသည်။သာသနာတော်မတည်သည့်အရပ်ဒေသမှာ သာသနာတော် (၅၀၀၀) တိုင်အောင် နေသော်လည်း ကိုးကွယ်မည့်သူမရှိလျှင်သတ္တဝါတို့ချမ်းသာမရရှိမည်။ ဘုရားရှင်လည်း သတ္တဝါတို့၏အကျိုးကိုရည်၍ ဓာတ်တော် မွေတော် ထားတော်မူရင်းဖြစ်သည်။ သာသနာတော်မရှိသောအရပ်၌ထားတော်မူရင်းတိုင်းရှိမည်မရှိမည်ကိုလည်းသိချင်ပါသည်။ ။

သက္ကရာဇ် ၁၁၂၀ ပြည့်၊ ဂါဆိုလတွင်၊ မင်းလက်ဝဲနေဝ်ရထာက၊တောင်တွင်းဆရာတော်ဘုရားကိုလျှောက်သည်။ ။

## ဝိသဇ္ဇနာ။

(၁) စကြာရတနာသည်၊ပုံတောင်းခွေပတ်၊အကွပ်အကန့်တို့နှင့် အပြည့်အစုံ ရထားလှည်းဘီးစက်ကဲ့သို့ရှိသည်။ စကြာမင်း အသက်တမ်းတိုသောကာလတွင်ဖြစ်လျှင်လည်း၊ လူတို့၏အရပ်နှင့် လျှောက်ပတ်စွာ ပမာဏငယ်သည်။ အသက်တမ်းရှည်သောကာလတွင်ဖြစ်လျှင်လည်း၊ပမာဏကြီးသည်။အကြီးအငယ်ပမာဏသည် အမြဲမရှိ။ အဆင်းသဏ္ဍာန် အခြင်းအရာကား၊ထိုစကြာရတနာ၏ပုံတောင်းအချက်သည် ဣန္ဒနီလာရတနာခဲဖြင့်ပြီးသည်။ ပုံတောင်း၏ အလယ်၌ ကျည်ဝသည်ကား၊ ကျောက်ငွေစင်ဖြင့် ပြီးသည်။ ထိုကျည်ဝကြောင့် သန့်ရှင်းပြေပြစ်ကျစ်လျစ်လှပစွာသော သွားအစဉ်ဖြင့်ရယ်ဘိသကဲ့သို့။ ပုံတောင်းအချက် တင့်တယ်သည်။ ပုံတောင်းနှစ်ဘက် ပြင်စွန်းတို့တွင် အလယ်၌ပေါက်သောလဝန်းကဲ့သို့။ ငွေပြားခွေပတ်တို့ဖြင့်ရံကုန်သည်။ ထိုပုံတောင်းကျည်ဝ ခွေပတ်တို့၏ အကြား၊

သင့်ရာသင့်ရာအရပ်တို့၌ အပိုင်းအခြားအရေးတို့သည်လည်း၊ အကြောင်းအကြောင်း၊ ရှု၍မငြောင်း ထင်ကုန်သည်။ ဤကား ပုံတောင်း၏ အခြင်းအရာအထူးအဆန်းနှင့် ပြည့်စုံဟန်ကို ဆိုသည်။ထိုစကြာရတနာတို့၏အကန့်တို့သည် တထောင်အရေအတွက်ရှိကုန်သည်။ထိုတထောင်သောအကန့်တို့သည်လည်း၊ ရတနာခုနစ်ပါးတို့ဖြင့်ပြီးကုန်သည်။ တက်သစ်သောနေလုလင်၏အရောင်ကဲ့သို့၊ရဲရဲခြင်းမှုထွန်းဝင်းသောအရောင်တို့နှင့်ပြည့်စုံကုန်သည်။ ထိုအကန့်တထောင်၏သင့်ရာသင့်ရာအရပ်တို့၌၊ ကြာသွတ်အိုး၊ ခွဲသေးခွဲလုံး၊ အပိုင်းအခြား အရေး-စသည်တို့သည် အသီး အသီး ရှု၍မငြီးအောင် ထင်ကုန်သည်။ ဤကား အကန့်တို့၏ အခြင်းအရာအထူးအဆန်းနှင့် ပြည့်စုံဟန်ကို ဆိုသည်။ထိုစကြာရတနာ၏အကွပ်သည်ကား၊ရဲရဲခြင်းခြင်း၊သန့်ရှင်းပြေပြစ်လှစွာသောသန္တာနီဖြင့်ပြီးသည်။တက်သစ်သောနေလုလင်အရောင်ရုံကြက်သရေကိုပြက်ရယ်ပြုဘိသကဲ့သို့ထွန်းလင်းတင့်တယ်သည်။ ထိုအကွပ်၏ အစပ်အဆက်တို့၌ ညချမ်းဆည်းဆာရောင်၏ ကြက်သရေရှိသော၊ ရဲရဲနီသော ဇမ္ဗူရဇ်ရွှေပြား၊ အပိုင်းအခြားအရေးတို့သည်၊ အခြားအခြားထင်ကုန်သည်။ ဤသည်ကား၊ အကွပ်၏အခြင်းအရာ အထူးအဆန်းနှင့်ပြည့်စုံဟန်ကိုဆိုသည်။ထိုစကြာရတနာ၏အကွပ်ဝန်း၏အပြင်၌ဆယ်ကန့်ဆယ်ကန့်တို့၏အကြားတွင်၊သန္တာရိုးတရာအတွင်း၌ အပေါက်ရှိသော၊ မှုတ်သောခရုသင်းကဲ့သို့။ အပေါက်ဝန်းဖြင့်စိစဉ်သည်ဖြစ်၍၊ လေညင်းယူလျက်လည်သည်။ လေခတ်လတ်သော်၊ ထိုသန္တာရိုးတရာ၏အသံသည်၊ တတ်လှစွာသောသူသည်တီးအပ်သောစည်မျိုးငါးပါး၏အသံကဲ့သို့ သာယာစွာနှစ်သက်ဘွယ်ရှိသည်။သန္တာရိုးတရာ၏အထက်၌ ထီးဖြူတရာ။ ထီးဖြူတရာ၏နံပါးနှစ်ဘက်၌ ကောင်းစွာသိကုံးအပ်သောပန်းဆိုင်းနှစ်ခုစီရှိသည်။ ဤသို့လျှင် ပန်းဆိုင်းနှစ်ရာ၊ ထီးဖြူတရာတို့ဖြင့်တန်ဆာဆင်အပ်ကုန်သော၊သန္တာရိုးတရာတို့ဖြင့် ကောင်း

စွာတင့်တယ်သော အကွပ်ဖြင့်ပတ်အပ်သော စကြာရတနာ၏ ပုံတောင်း နှစ်ဘက်၊ ကျည်ဝ နှစ်ဘက်တို့၏ အတွင်း၌ ခြသေ့ံခံတွင်းနှစ်ခုရှိသည်။ ထိုခြသေ့ံခံတွင်းနှစ်ခုတို့မှ ထန်းလုံးပမာဏ ရှိသော ပုလဲဆိုင်းနှစ်သွယ် တွဲလျားဆွဲသည်။ ထိုပုလဲဆိုင်းနှစ်သွယ်တို့သည်၊ လပြည့်ဝန်းအရောင်ရုံနှင့်တူသော၊ ကြက်သရေရှိသော၊ နေလုလင်နှင့် တူသော၊ ရဲရဲနီသော ကမ္ဗလာအိမ်ချင်အပိုင်းအခြားရှိကုန်သည်ဖြစ်၍၊ တွေတွေစီးသောကောင်းကင်မြစ်ကို၊ ဖြက်ရယ်ပြုဘိသကဲ့သို့ တင့်တယ်ကုန်သည်။ ထိုပုလဲဆိုင်းနှစ်သွယ်တို့သည်၊ စက်ရတနာနှင့်အတူတကွကောင်းကင်၌လည်သော်၊ လှည်းဘီးသုံးခုတို့သည် တပြိုင်နက်တချက်တည်းလည်ဘိသကဲ့သို့ ထင်ကုန်သည်။ ဤကား ကျမ်းဂန်လာသည့်စကားအစဉ်အတိုင်းဆိုသည်။ ။နားလည်ရုံအဓိပ္ပါယ်အကျဉ်းကား။ စကြာရတနာ၏ပုံတောင်းသည်၊ ဇမ္ဗူနိလာရတနာဖြင့်ပြီးသည်။ ပုံတောင်း၏အလယ်၌ကျည်ဝသည်၊ ငွေဖြင့်ပြီးသည်။ ထိုကျည်ဝနှစ်ဘက်မှ ခြသေ့ံခံတွင်းနှစ်ခုရှိသည်။ ထိုခြသေ့ံခံတွင်းဝယ် ပုလဲဆိုင်းနှစ်သွယ်ဆွဲသည်။ ပုံတောင်း၏အပြင်၌ ငွေပြားပတ်ရံသည်။ သင့်ရာသင့်ရာတွင်အပိုင်းအခြားအရေးစိတ်သည် အကန့်တထောင် ရှိသည်။ ထိုအကန့်တထောင်သည် ရတနာခုနစ်ပါးဖြင့် ပြီးသည်။ သင့်ရာသင့်ရာတွင် ကြာသွတ်အိုး ခွဲလုံးခွဲသေးအပိုင်းအခြားတို့ဖြင့်ချယ်လှယ်သည်။ အကွပ်သည်သန္တာဖြင့် ပြီးသည်။ အကွပ်အစပ်အဆက်၌ ဇမ္ဗူရဇတ်ရွှေပြား အပိုင်းအခြားအရေးတို့ဖြင့်ချယ်လှယ်သည်။ အကွပ်ဝန်းအပြင်၌သန္တာရိုးတရာသည်၊ အပေါက်ဝန်းဖြင့်စီရင်အပ်သည်ဖြစ်၍၊ လေညင်းယူလျက်လည်သည်။ လေခတ်လတ်သော် တတ်လှစွာသောသူတီးသော စည်စောင်းငြင်းကဲ့သို့ သာယာစွာ မြည်သည်။ ထိုသန္တာရိုးတရာပေါ်၌ထီးဖြူတရာဆောက်သည်။ ပန်းဆိုင်းနှစ်ရာဆွဲသည်။ ဤကား နားလည်ရုံအဓိပ္ပါယ်အကျဉ်းတည်း။ ။ထိုစကြာရတနာသည် လပြည့်နေ့၊ စကြာမင်းဦးပုသ်သုံး၍ နေစဉ်၊

အရှေ့လောကဓာတ်မှ၊ လနှင့်တပြိုင်နက်ထွက်သည်။ ဆယ်ယူနာ ကွာကပင်အပေါက်တရာမှလေခတ်သောအသံသည်နတ်တို့၏ တူရိယာပေါင်း၊ ချော်သောင်းတို့ကို တပြိုင်နက်တီးဘိသကဲ့သို့ သာယာစွာအသံကြားသည်။ တယူဇနာကွာအရပ်သို့ရောက် လျှင်၊ လနှစ်ခု ထွက်ဘိသကဲ့သို့ သူခပ်သိမ်းတို့သည်မြင်သည်။ ပြည်သူပြည်သားတို့သည် ဝမ်းမြောက်ဝမ်းသာကြည့်၍နေစဉ်၊ မြို့ကိုလက်ျာရစ် ခုနစ်ပတ်လှည့်၍ စကြာမင်း၏ နန်းရှေ့-မနိမ့် မမြင့် ကောင်းကင်တွင် ဝင်ရိုးကျိုးဘိသကဲ့သို့ရပ်၍နေသည်။ စကြာမင်းရွှေကရားနှင့်ရေစက်သွန်းလျှင်၊ စကြာရတနာလည် သည်။ စကြာရတနာလည်လျှင် အမှုးအမတ်ပရိသတ်နှင့်တကွ၊ စကြာမင်းသည်ကောင်းကင်သို့ရောက်လေတော့သည်။ ပြည်သူ လူခပ်သိမ်းတို့ပင် လိုက်လိုသော စိတ်ရှိလျှင်၊ ကောင်းကင်သို့ ချည်းရောက်ကြသည်။ ဗိုလ်ထုသည်၊ ယုတ်စွအဆုံးအလျားတဆဲ့ နှစ်ယူဇနာ။ အနံ တဆဲ့နှစ်ယူဇနာ။ အဝန်း သုံးဆဲ့ခြောက်ယူဇနာ ရှိသည်။ စကြာရတနာကိုစကြာမင်းသည်မစီးရ။ စကြာရတနာ ရှေ့ကသွားလျှင်၊ စကြာရတနာ၏အာနုဘော်အားဖြင့်၊ ဗိုလ်ပါ ပရိသတ်နှင့်တကွ ကောင်းကင်ခရီးဖြင့်စကြာမင်းသည်စကြာ ရတနာ၏နောက်၌ လိုက်သည်။ သည်ကိုရည်၍ ပါရမီခန်း ၌။ ။ပုဗ္ဗကမ္မ။ ရှေးကပြုသား။ ကောင်းမှုထဲနှိုး။ ဘုန်းတန်းကြီး ၍။ မင်းမိုးဖြစ်လောက်။ ဘွားလတ်မြောက်က။ ထိတ်ကြောက် အနှံ့ရာယ်။ ရှင်းရှင်းပယ်၍။ မချယ်ပိုးစီ။ မမှေးငြိတည့်။ တိတိ လက္ခဏာ။ ကြန်ရစာဖြင့်။ စကြာရှေးရိုး။ လေးကျွန်းစိုးသား။ ဟု စပ်လေသည်။ စကြာရှေးရိုး-ဆိုသည်ကား။ စကြာရတနာရှေ့ ကသွားသည်။ စကြာမင်းနောက်မှလိုက်သည်ဟုဆိုလိုသည်။

(၂) ဘိလူးတို့သည် ပြိတ္တာဘိလူးမျိုးလည်းရှိသည်။ နတ် ဘိလူးမျိုးလည်း ရှိသည်။ ပြိတ္တာဘိလူးတို့မှာ-ဒုဂ္ဂတိ အဟိတ် ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေသည်။ နတ်ဘိလူးတို့မှာ-သုဂတိ အဟိတ်၊ ဒွိဟိတ်၊ တိဟိတ်ပဋိသန္ဓေစိတ်သုံးပါးတို့တွင်တပါးပါး

သောစိတ်ဖြင့် ပဋိသန္ဓေနေသည်။ အာဠဝကဘီလူးသည် နတ်ဘီလူးမျိုးဖြစ်၍ တိဟိတ် ပဋိသန္ဓေနေသသူဖြစ်သောကြောင့် မဂ်ဖိုလ်ရလေသည်။ ။

( ၃ ) ဘုရားသဗ္ဗညု ပရိနိဗ္ဗာန် ပြုသည့်နောက်၊ ၄ပ်သည့်ကိုးပါး၊ ပေါ်သည်ကိုးပါးရှိသည်။ပုပ္ပါးတောင်လည်းပေါ်သည်ကိုးပါးအဝင်ဆိုသောစကားသည်သင်္ဂါယနာဝင်ကျမ်းတို့က လာသော စကားမဟုတ်။ လောကဝေါဟာရပြောစဉ်စကားသာဖြစ်သည်။ ။

( ၄ ) ရာဇမဏိစူဠာမဟာရုံများတွင်၊ ဝဇီရပြည်၌သက်န်းသပိတ်တော်၊ဥဇ္ဇေနီပြည်၌ခင်းနှီးတော်၊ထိုမှတပါးစွယ်တော်များကိုလည်း အသီးအသီး ထိုထိုသို့သောပြည်တို့၌ ရှိဟန်ကိုဆိုသည်မှာ၊ ဒါဌာဓာတုဝင်အစရှိသော ကျမ်းတို့၌ လာသည့်အတိုင်းထိုကာလတို့၌ရှိလေဟန်ကိုသာဆိုသည်။နောက်နောက်ကာလတို့၌ကား၊ သက်န်း,ခင်းနှီးအစရှိသော အသုံးအဆောင်တို့သည်၊ နောက်နောက်ကာလတို့၌ သင်္ခါရ သဘောဖြစ်၍ ပျောက်ပျက်လေတော့သည်။ ဓာတ်တော် မွေတော်တို့သည်ကား၊သာသနာတော်ငါးထောင်မဆုံးမခြင်းအကြား၌ ရှုန်ညင်းစေ့ခန့်မျှကွယ်ပျောက်သည်ဟူ၍မရှိ။ ပူဇော်သက္ကာရမရှိလျှင်ပူဇော်သက္ကာရရှိရာအရပ်သို့ ပြောင်းကွေလေတော့သည်ဟူ၍ သင်္ဂါယနာဝင်ကျမ်းတို့၌ ဆိုသည်ကိုထောက်သဖြင့် တည်မြဲအရပ်၌မရှိပြီ။ပူဇော်သက္ကာရရှိရာသို့ ဓာတ်တော် မွေတော်တို့သည် ပြောင်းကွေလေတော့သည်။ သာသနာတော် တည်ရာ၊ သုနာပရန္တတိုင်း၊တမ္ဗဒီပတိုင်းတို့၌ထင်ထင်ရှားရှားရှိရာပါသည်ဆိုရာမှာ၊ဓာတ်တော်မွေတော်တို့သည် ရောက်လေရာရာတိုင်းတန်းခိုးပြာဋိဟာမပြချေ။ဘုရားသာဝကတို့၏အဓိဋ္ဌာန်ကိုးကွယ်ထိုက်သောသူတို့ ကြီးမြတ်သောကောင်းမှု မြဲမြံသော သစ္စာအဓိဋ္ဌာန်ရှိ၍ အကြောင်းသင့်မှ တန်းခိုးပြာဋိဟာပြသည်။ ပုဂံအနေဒ်ရထာစောလက်ထက်၊ ရွှေစည်းခုံဌပနာသောခါ၊ ဓာတ်

တော်မွေတော်တို့သည်၊ဘုရားအသွင်ဘန်ဆင်းလျက်၊ကောင်း ကင်၌ ထက်ဝယ် ဖွဲ့ခွေလျက် နေသည်ဟု တန်းခိုး ပြာဋိဟာ ထင်ထင်ရှားရှားပြကြောင်းကိုသရိင်းရာဇဝင်တို့၌ဆိုသည်ပင် ဖြစ်တော့သည်။ဓာတ်တော်မွေတော်တို့သည် တည်မြဲရာ၌သာ တည်၍နေသည်မဟုတ်။ ပူဇော်သက္ကာရရှိရာပြောင်းတွွဖ်ဲ၏ဟု ဆိုသောစကားကို သင်္ဂါယနာဝင်ကျမ်းတို့၌ဆိုသောကြောင့် အမှန်မှတ်ရာသည်။ ။

သက္ကရာဇ် ၁၁၂၀ ပြည့်၊ပါဆိုလတွင်၊ တောင်တွင်းဆရာ တော်ဘုရားဖြေတော်မူသည်။ ။

---

ပုစ္ဆာ။

မင်းလက်ဝဲနော်ရထာလျှောက်ပါသည်ဆရာတော်ဘုရား။

(၁) နေမိမာန်,လမိမာန်တို့သည်အလုံး၊အလျား၊လေးထောင့် ပြာသာဒ်ဟု အသီးအသီးဆိုကြသည်၊ ရတုကဗျာတွင်။ လ-ရထားနှင့်။နတ်သားနီးကြ။ဟူ၍ငင်း။ လျှံပြောင်ပြင်း ထန်။ နေမိမာန်လျှင်။ ယုဂန်ထိပ်ဖျား။ မြင်းရိရ်ခါးနှင့်။ ဟူ၍ငင်း။ သူရိယပိမာန်၊ စန္ဒပိမာန်။ ဟူ၍ငင်း ဆိုသည် များတွင်၊နေမိမာန်,လမိမာန်တို့သည်၊လူမင်းတို့နေသော နန်းပြာသာဒ်တို့ကဲ့သို့။နေနတ်သား,လနတ်သားတို့သည် လည်း၊လူမင်းတို့ကဲ့သို့။ တမင်းနေရွှေလျှင် တမင်းပြုသကဲ့ သို့။ ဆက်လက်၍ နေနတ်သားတဦးစုတေလျှင်၊ တဦး ဆက်၍ ငင်းပြာသာဒ်၌ နေသည်ဖြစ်မည်။ ကမ္ဘာဦးက နေနတ်သား, လနတ်သားပင် ရှိသေးသည် ဖြစ်မည်။ ကမ္ဘာဦးကနေနတ်သား,လနတ်သားမဟုတ်လျှင်လည်း၊ ဘုရားသခင့်လက်ထက်တွင်ရှိသည့်နေနတ်သား,လနတ် သားတို့ကိုသာ သောတာပန်နတ် ဆိုသင့်မည် ထင်ပါ သည်။ နေ၁်မှဆက်လက်၍နေသောနတ်တို့ကိုပုထုဇဉ် ဟူ၍ယူချင်ပါသည်။ ။

(၂) ကောင်းကင်၌ ကြယ်ပျံသည်ဟု ဆိုသည့် စကားတွင်လည်း။ ကြယ်ဗိမာန်၌နတ်တို့ရတော့၍ဘုံကွယ်သည်ကိုမြင်ရသည်ဖြစ်မည်။ဘုံကွယ်သည်မှန်လျှင်၊ကမ္ဘာဦးကသည်ယခုတိုင်အောင်ရွှေ့ပြောင်းသချကြယ်ကိုထောက်လျှင်၊ဤအရေအတွက်လျော့နည်းရာပါသည်။ ။

(၃) ကေသရာဇာခြင်္သေ့မင်း၏အလုံးအရပ်ပမာဏအသက်ကိုလည်း၊ကျမ်းဂန်လာသည်ကိုသိချင်ပါသည်။ ။

(၄) နေ, လ, နက္ခတ်, တာရာ အပေါင်းတို့သည်။ မြင်းမိုရ်တောင်ကိုလက်ျာရစ်လည်သည်ဟူ၍ဆိုသည်။တောင်ငှဆိုရတုတွင်လည်း။ ။ရစ်မည်ဂြိုဟ်မူ။မြင်းမိုရ်လက်ျာ။လည်ကြရာတွင်။ ဟူ၍ ဆိုသည်ကို-ဗေဒင်မှာ။ ရာဟုဂြိုဟ်သည် လက်ဝဲရစ် လည်၍ နေ, လနှင့် ခိုက်တိုက်ထိပါးကြသဖြင့်၊ နေ, လ ကြတ်ခြင်းဖြစ်သည် ဆိုပြန်သည်။ လက်ျာရစ်ခြင်းမှန်လျှင်လည်း ထိခိုက်ဘွယ်မရှိပါပြီဘုရား။ ။

သက္ကရာဇ် ၁၁၂၀ ပြည့်၊ ဝါခေါင်လတွင်၊ မင်းလက်ဝဲနေဝ်ရထားက၊တောင်တွင်းဆရာတော်ကိုလျှောက်သည်။

## ဝိသဇ္ဇနာ။

(၁) နေ့ဗိမာန်သည် အလျားယူဇနာငါးဆယ်။ အနံအမြင့်လည်း ယူဇနာငါးဆယ်စီ။ လုံးပတ် အဝန်း ယူဇနာတရာ့ငါးဆယ်။ လဗိမာန်လည်း အလျားအနံအမြင့်လေးဆဲ့ကိုးယူဇနာစီချည်းရှိသည်ဟု၊သာရတ္ထဒီပနီဋီကာ၊ဝိသုဒ္ဓိမဂ်၊မဟာဋီကာတို့၌ဆိုသည်။လေးထောင့်ဖြစ်လျှင်လုံးပတ်ယူဇနာနှစ်ရာဆိုကောင်းသည်ကိုမဆို။လုံးပတ်ယူဇနာတရာ့ငါးဆယ်ဆိုသောကြောင့်၊နေ့ဗိမာန်,လဗိမာန်တို့သည်၊လေးထောင့်လည်းမဟုတ်၊အလျားလည်းမဟုတ်၊ ပြာသာဒ်လုံးဖြစ်သည်။ ထိုကြောင့် ဟတ္ထိပါလ၌။ ။ကိန်းယူဇနာ။ သောင်းသုံးရာဖြင့်။ ကျယ်စွာလှည့်သန်း။

နေ့တိုင်းထွန်းလျက်။ လုံးဝန်းမဏ္ဍလ။ပမာဏမူ။ တရာ့ငါးဆယ်။ အံ့ဖွဲ့ဘွယ်အောင်။ ကြီးခြင်းဆောင်သား။ လျှံပြောင်ပြင်းထန်။ နေဗိမာန်လျှင်။ ဟူ၍ စပ်လေသည်။ ။ရထု, ကဗျာ,လင်္ကာတို့၌၊ လရထားဟုစပ်သည်ကား။ အလျား လေးထောင့်ဖြစ်သော ကြောင့်ဆိုသည်မဟုတ်။အရပ်မျက်နှာလှည့်လည်ခြင်းတူသည် ကိုစွဲ၍ ရထားဟူ၍ စပ်လေသည်။နေ့ဗိမာန်,လဗိမာန်တို့၌ နေ နတ်သား,လနတ်သားတို့သည် ကမ္ဘာပတ်လုံး အမြဲတည်၍နေ သည်မဟုတ်။လူမင်းတို့ကဲ့သို့ပင် တပါးစုတေ့လျှင်တပါးဆက် လက်၍နေသည်။ နေနတ်သားကို သောတာပန် ဆိုသည်မှာ၊ နေနတ်သားတိုင်း သောတာပန်မဟုတ်။ ဘုရားရှင့်လက်ထက်၌ နေနတ်သားသာ သောတာပန်ဖြစ်သည်။နေနတ်သားသည်၊စာ တုမဟာရာဇ်အဝင်ဖြစ်၍၊ နတ်တို့အရေအတွက် အနှစ်ငါးရာ။ လူတို့အရေအတွက် အနှစ်ကိုးသန်းအသက်ရှည်သည်။ ဘုရား သခင် ပရိနိဗ္ဗာန်လွန်သည်လည်း၊ အနှစ် နှစ်ထောင်ကျော်သာ ရှိသေးသည်ကို ထောက်လျှင်။ ဘုရားရှင့်လက်ထက်က သော တာပန်နေနတ်သားပင်ယခုရှိကောင်းသေးသည်။ ။

(၂) နတ်တို့စုတေ့၍,ဘုံဗိမာန်ကွယ်သည်ကိုကြွယ်ပျံသည် ဟူ၍,လောကဝေါဟာရဆိုကြသည်မှာ၊နတ်တို့ဘုံဗိမာန်သည်၊ နေ,လ,နက္ခတ်ကဲ့သို့။ နတ်သားစုတေ့၍ မကွယ်သောဘုံဗိမာန် လည်းရှိသည်။ နတ်စုတေ့လျှင် ကွယ်သော ဘုံဗိမာန်လည်း ရှိ သည်။ကမ္ဘာဦးကရှိသည့်အတိုင်းမဟုတ်။လူ့ပြည်မှာ လူတို့အိမ် ကဲ့သို့။ နည်းသောကာလလည်း နည်းသည်။ များသောကာလ လည်းများသည်။အမြဲမရှိ။နတ်စုတေ့လျှင် ကွယ်သောဘုံဗိမာန် လည်း နေရာ အရပ်တွင်သာ ကွယ်ရမည်။ တခြား အရပ်သို့ ပြောင်းရမည် မဟုတ်ဖြစ်သောကြောင့်၊ နတ်ဘုံဗိမာန် ကွယ် သည်ကို ကြွယ်ပျံသည်ဟုဆိုသော လောကဝေါဟာရ စကား သည် တရားကျမ်းဂန်နှင့်မလျော်။ကောင်းကင်၌လေအဟုန်ဖြင့် တိမ်ထပ်ချင်းခတ်၍မီးလျှံထွက်ပြေးသည်ကို ဥက္ကါကျသည်ဟု

လောကဝေါဟာရ၌ ခေါ်ကုန်သည်ဟု သုတ်သီလက္ခန်အဋ္ဌကထာ ဋီကာတို့၌ဆိုသည်ကိုထောက်သော်။ ကောင်းကင်၌ လေအဟုန်ဖြင့်တိမ်ထပ်ချင်းခတ်မိ၍ဥဂ္ဂါကဲ့သို့မကြီးလွန်းဘဲအလျှံထွက်ပြေးသည်ကိုကြယ်ပျံသည်ဟုယူသင့်သည်။ ။

(၃) ကေသရာဇာ ခြင်္သေ့မင်း၏ အလုံးအရပ် ပမာဏကို ကျမ်းဂန်၌တိုက်ရိုက်မဆို။ဥပမာပြုရာ၌၊နွားမကိုပုံဆောင်သည်ကိုထောက်သော်။နွားမတန်းပမာဏရှိမည်ဟုဆရာတို့ယူသည်။ တကြောင်းလည်း၊သီဟိုဠ်ကျွန်းပြည်ထောင်ဦးမင်းသည်ဝိဇယဗာဟုတည်း။ထိုဝိဇယဗာဟုမင်း၏အဘဖြစ်သော သီဟဗာဟုမင်းကို၊ အမိမင်းသမီးသည်၊ ခြင်္သေ့နှင့်အိမ်ထောင်သင့်ရာတွင်ဘွားမြင်သည်ဟူ၍ ဒီပဝင်, မဟာဝင်ကျမ်းတို့၌ ဆိုသည်ကိုထောက်သော်၊ လူတို့နှင့်အိမ်ထောင်ခြင်း၌ပါလျော်ပတ်သောအမျိုးပင် ဖြစ်သောကြောင့်၊ နွားမတန်းဆို၍ ပမာဏပြုသော စကားသည်သင့်သည်ပင်။အသက်အပိုင်းအခြားသည်ကား၊တိရစ္ဆာန်တို့မှာအကောင်ကြီးလျှင် အသက်ရှည်သည်။အကောင်ငယ်လျှင် အသက်တိုသည်။ အကောင်မျှလျှင် အသက်မျှသည် ဖြစ်သောကြောင့်၊ ကျွဲ,နွား, ကျား,သစ်တို့ အသက်တမ်းကဲ့သို့ပင်ရှိတော့မည်။အဆင်းသဏ္ဌာန်သည်ကား၊ ကိုယ်အလုံးသည် စင်ကြယ်လှစွာသော သလေးမှုံနစ်၊ ခရုသင်းမှုန့်ကဲ့သို့။ ညက်ညက်မွတ်မွတ်၊ ဆွတ်ဆွတ် ဖွေးဖွေးဖြူသည်။ နှုတ်ခမ်း,အမြီး, ခြေလေးချောင်းတို့သည်ကား၊ ချိတ်ရည်ဖြင့် အပြေအပြစ်ပြုဘိသကဲ့သို့ နီမြန်းသည်။ ထိပ်ပေါ်မှစ၍ ချိတ်ရည်လုံးကဲ့သို့၊ ရဲရဲနီသော၊သုံးကြောင်းသောအရေးတို့သည် ကျောလယ်ဖြင့်သွားလေ၍၊ ပေါင်သို့ရောက်သျှင် အတွင်းဘက်၌ လက်ျာရစ် ခွေလျက်တည်သည်။ ပခုံး၌ကား အဘိုးတသိန်းထိုက်သော ကမ္ဗလာကဲ့သို့ ရဲရဲနီသောမှင်ဆံရှိသည်။ ကွန့်မြူးချန်လွှားသောအခါ ရဲရဲနီသောမှင်ဆံကြောင့်တကြောင်း။ လျင်မြန်လှသောကြောင့် တကြောင်း။အရိုက်တိုက်၌ထင်းမီးစကိုပတ်ပတ်လည်သကဲ့သို့။

လျှပ်ပြက်သကဲ့သို့ထင်သည်ဟူ၍၊အင်္ဂုတ္တရနိကာ၊နိပါတ်၊အဠကထာ၊မနောရထပူရဏီကျမ်းတို့၌ဆိုသည်။ သည်ကိုရည်၍ပါရမီခဏ်း၌။ ။ရပ်ကြွံ့တည့်တည့်။ခလှည့်ဦးခေါင်း။နံတောင်းနောက်ဗီ။ရုန်မီစမြီး။လျှပ်ခြည်ဝဲးသို့။ဟူ၍စပ်လေသည်။ ။

(၄) နက္ခတ်,တာရာ,ကြယ်,အပေါင်းတို့သည်၊ နေ,လတို့၏နံပါးနှစ်ဘက်၌ သွားကြောင်းကိုသာ ပိဋကတ် ကျမ်းတို့၌ ဆိုသည်။ လက်ျာရစ်လည်ကြောင်း၊ လက်ဝဲရစ် လည်ကြောင်းကိုအထူးခွဲ၍မဆို။ ဗေဒင်ဆရာတို့မူကား၊ဂြိုဟ်ရှစ်လုံးပင် မြင်းမိုရ်တောင်ကို လက်ျာရစ်ချည်း လည်သည်ဟူ၍ယူသည်။ ထိုသို့လျက် တဆဲ့နှစ်ရာသီ၌၊ လက်ဝဲ,လက်ျာခတ်သည်ကား။ ရာဟုဂြိုဟ်သည်အသွားလျင်မြန်သောကြောင့် အဿဝဏီနက္ခတ်နှင့်ယှဉ်၍သွားပြီးလျှင်၊ထိုနက္ခတ်ကိုလွန်၍ရေဝတီနက္ခတ်ကိုအမီလိုက်၍သွားသည်။ ကြွင်းသောဂြိုဟ်ခုနှစ်လုံးတို့သည် အသွားနှေးသောကြောင့်၊ အဿဝဏီနက္ခတ်နှင့် ယှဉ်၍သွားပြီးလျှင်၊ထိုနက္ခတ်ကိုခမီနိုင်၍၊ နောက်ကျရစ်သဖြင့် ဗိရဏီနက္ခတ်နှင့်ယှဉ်၍သွားသည်။ဤသို့ စတုရပါဒ်နက္ခတ် အသွားအမြန် မတူသောကြောင့်၊တဆဲ့နှစ်ရာသီ၌၊လက်ဝဲ,လက်ျာခတ်သည်။ မြင်းမိုရ်တောင်ကိုလည်ရာမှာ၊ဂြိုဟ်ရှစ်လုံးပင်လက်ျာရစ်ချည်းလည်သည်။ ရာဟုဂြိုဟ်သည် အသွားလျင်မြန်လှသောကြောင့်၊ ရှေ့လွန်ပြီးလျှင်၊နောက်ကပတ်၍ နက္ခတ်,နေ,လတို့ကိုမီပြန်သည်။ ထိုသို့မီသောအခါ နေ,လကြတ်ခြင်းဖြစ်သည်ဟူ၍၊ဗေဒင်ဆရာတို့ဆိုသည်။ သည်ကိုထောက်သော်။ ရှစ်မည်ဂြိုဟ်မူ။ မြင်းမိုရ်လက်ျာ။ လည်ကြရာတွင်။ ဆိုသောစကားသည် စကားဖြောင့်ပင်ဖြစ်သည်။ ။

သက္ကရာဇ် ၁၁၂၀ ပြည့်၊ ဝါခေါင်လတွင်၊ တောင်တွင်းဆရာတော်ဘုရားဖြေတော်မူသည်။ ။

## ၄ ဣဿာ။

မင်းလက်ဝဲနေဘ်ရထားလျှောက်ပါသည့်ဆရာတော်ဘုရား။

(၁) ရွှံကြယ်သည် ဝေဇယန္တာပြာသာဒ်အထွတ်ဟူ၍လည်း ဆိုကြပါသည်။အမြင်မှာအခြားကြယ်များကဲ့သို့ပင်ထင်မြင်ပါသည်။ ဝေဇယန္တာပြာသာဒ် အထွတ်မှန်လျှင် အခြားကြယ်များထက် ယူဇနာ လေးသောင်း နှစ်ထောင်ကျော်မြင့်ပါသည်၊ အထွတ်ကိုမြင်လျှင် အထွတ်အောက ပြာသာဒ်ဘုံများကို မြင်သင့်ပါသည်။ ပြာသာဒ် အထွတ်မဟုတ်သောကြယ်ဖြစ်လျှင်လည်းမြင်းမိုရ်တောင်ကိုရစ်လည်၍ သွားရမည်ကို၊မရွေ့မသွားဟူ၍ ဆိုကြသည့်စကားကိုရှင်းရှင်းလင်းလင်းသိချင်ပါသည်။

(၂) မြင်းမိုရ်, စကြဝဠာ, ယုဂန်, သမုဒ္ဒြာတို့ကိုလည်း ခုနစ်တောင်တာ-ဆယ်တောင်တထွာတာ။ ငါးတောင်ခြောက်သစ်တာဘွဲ၍ အတိုင်းအတာယူဇနာနှင့် ကျမ်းဂန်လာသည်ဟူ၍ အသီးအသီးဟောပြောကြသည်။ 'တာ'ကို သဗ္ဗညု ဟောတော်မူရင်း၊ အသက်အသချေ်ကသည် ဆယ်နှစ်တိုင်အသက်တမ်းတွင်၊ မည်သည့်ကာလလူ၏ အတောင် အထွာကိုရည်၍ ဟောတော်မူကြောင်းကို သိချင်ပါသည်။ ။

(၃) ဘုရားပွင့်တော်မူသော ပလ္လင်တော်သည်၊ မြေကလက်တသစ်မျှ မပေါ်မတက်မမြင့်ဟူ၍ဆိုသည်။အချို့လည်း အမြင့်ဟူ၍ အတောင်အထွာနှင့်ဆိုသည်။ ပါရမီခဏ်း တွင်။ ။ပလ္လင်နိမ့်မြင့်။ အကျင့်တို့ရှည်။ဟူ၍စပ်တော်မူသည်။ထက်ဝယ်တော်။ဒူးတော်။ပေါင်တော်ကိုရည်၍ အသက်ရှည်သော ဘုရားရှင်ထက်ဝယ်တော်။ အသက်တိုသော ဘုရားရှင်ထက်ဝယ်တော်ကို စပ်တော်

မှုသည်ဖြစ်မည်။ မြေကပေါ်သော ပလ္လင်တော်ကို စပ် တော်မူသည်ဖြစ်မည်ကိုသိချင်ပါသည်။ ။

(၄) ရဟန်းတို့ကအလှူပေးလျှင်အကျိုးရရာသည်ဟူ၍နတ် သား နှစ်ယောက်ကို ဥပမာပြု၍ ဟောပြောကြသည်။ တချို့ကလည်း ရဟန်းတို့သည် အလှူမပေးအပ်၊ ပေး သော်လည်း အကျိုးမရဟူ၍ဆိုကြသည့်စကားကို သိ ချင်ပါသည်။ ။

(၅) အနုဝတတ် အိုင်တွင် တောင်မျက်နှာက ဆင်ခံတွင်းရှိ ကြောင်းကို အချို့ဆိုသည်။တချို့လည်း နွားလားဥသဘ ခံတွင်းဟူ၍ဆိုသည်။ တောင်ငုဆိုရတုတွင်လည်း။ဆင် ကလာ၍။ဆင်ရှိရာက။ဟုဆိုသည်။ နွားခံတွင်းမှန်မည်၊ ဆင်ခံတွင်းမှန်မည်ကိုအတပ်အကြပ်သိချင်ပါသည်။

(၆) ဆုတောင်းခဏ်းတွင်။ ။ရှင်တော်ဘုရား။ဟောခဲ့ထား သည်။ ငါးပါးမျှလောက်။ ကျွတ်ချိန်ထောက်၍။ နှစ်ယောင်ံ ရိုက်ရာ။ ရဟန္တာခေတ်။ ကုန်သည်ဖြစ်လည်း။ ဟူ၍ဆို သည်။ ရဟန္တာခေတ်ကုန်လျှင်၊ သောတာပန်၊ သကဒါ ဂါမ်၊ အနာဂါမ်တို့ သုံးခေတ်ရှိသည့်တွင်။ ယခုကာလ သည်၊သာသနာတော်( ၂၃၀၂ )သာရှိသည်ကို၊ သော တာပန်၊သကဒါဂါမ်၊အနာဂါမ် တစုံတယောက်မျှထင် ရှားစွာမတွေ့မမြင်ရပါ။မရှိရာသည်ကိုလည်းဘုရားရှင် ဟောတော်မူမည် မဟုတ်။ မည်သည့်အကြောင်းအရာ ကြောင့်မပေါ်သည်ကိုကေဝုတ်ကျကျသိချင်ပါသည်။

သက္ကရာဇ် ၁၁၂၀ ပြည့်၊တော်သလင်းလတွင်၊ မင်းလက်ဝဲ နေဝ်ရထာက၊တောင်တွင်းဆရာတော်ဘုရားကိုသျှောံသည်။

ဝိသဇ္ဇနာ။

(၁) ရုပ်ကြွယ်သည် ဝေဇယန္တာပြာသာဒ်အထွတ်ဟူ၍ဆို သောစကားသည် မြောက်အရပ် တည့်သည်နှင့် ဝေဇယန္တာ

ပြာသာဒ်လည်း မြင်းမိုရ်တောင်၏အလယ်ချက်မ–မြေံအရပ်၌ တည်သည်ကို တွေးဆ၍ဆိုသော လောကဝေါဟာရ စကားသာဖြစ်သည်။ကျမ်းဂန်ကလာသည့်စကားမဟုတ်။တပါးသော ကြယ်တို့ကဲ့သို့ ကြယ်ဗိမာန်ပင်ဖြစ်သည်။ ကြယ်ဗိမာန်ဖြစ်လျှင် ရွေ့ကောင်းသွားကောင်းသည်ဆိုသောစကားမှာ ကြယ်ဗိမာန်တိုင်းရွေ့သည်မဟုတ်။ နက္ခတ်တာရာစိုးစဉ်းသောကြယ်ဗိမာန်တို့သာရွေ့သည် သွားသည်။မရွေ့မသွားသောကြယ်ဗိမာန်သာများသည်။ ဓူဝံကြယ်လည်း၊မရွေ့ မသွားသောကြယ်ဗိမာန်ဖြစ်သည်။ ။

(၂) မြင်းမိုရ်,စကြဝဠာ,သမုဒ္ဒရာတို့ကိုတောင်ထွာသောလူတို့ မဇ္ဈိမပုရိသဟူ၍ အဋ္ဌကထာ၊ဋီကာတို့၌ဆိုသည်။အသက်အပိုင်းအခြားကို ခွဲခြား၍မဆို။လောကဓမ္မကိုဘက်၍ဆုံးဖြတ်သောစန္ဒသူရိယဂတိဒီပနီကျမ်းတွင်မူကား၊အသက်တရာတမ်းနှင့် တသိန်းတမ်း၏အလယ်တွင်လူကို မဇ္ဈိမပုရိသဟုယူရမည်။ ထိုသူ၏အတောင်အထွာဖြင့်ထွာရမည်ဟူ၍ဆိုသည်။ ။

(၃) ဘုရားပွင့်တော်မူသောပလ္လင်တော်သည်၊မြေကတခံခြည်မျှမပေါ်၊တဆဲ့လေးတောင်ပလ္လင်တော်ရှိသည်။ အတောင်ငါးဆယ်ပလ္လင်တော်ရှိသည်ဆိုသည်မှာ၊အစောက်ကိုဆိုသည်မဟုတ်၊ အပြန့်ကို ဆိုသည်ဟူ၍ မဏိဒီပကျမ်းတွင်ဆိုသည်။ ပရိတ်ကြီးဋီကာတွင်မူကား၊ပလ္လင်တော်သည် အစောံအမြင့်ပင်ရှိသည်။ တဆဲ့လေးတောင်ပလ္လင်တော်ရှိသည်။ အတောင်ငါးဆယ်ပလ္လင်တော်ရှိသည်ဆိုသောစကားသည်လည်းအစောက်အမြင့်ကိုပင်ရည်၍ ဆိုသည်။ အပြန့်ကို ဆိုသည်မဟုတ်ဟူ၍ဆိုသည်။ ကျမ်းနှစ်စောင် မညီကြ၊ အယူကွဲကြသည်။ ပါရမီခန်းတွင်။ ။ပလ္လင် နိမ့် မြင့်။ အကျင့် တို့ ရှည်။ စပ်သည့်ကို။ ထက်ဝယ်ပလ္လင်ဟု ယူကြသည်မှာ၊ ပလ္လက်သဒ္ဒါသည်၊ ထက်ဝယ်ကိုလည်း ဟောသည်။ နေရာပလ္လင်ကိုလည်း ဟောသည့်တွင်၊ဤ၌-ပလ္လက်သဒ္ဒါသည်၊ထက်ဝယ်ဟောဖြစ်ကောင်းသည်

ဟုယူ၍ ဆိုသော စကားဖြစ်သည်။ ထိုစကားသည် မလျော်။ အဘယ့်ကြောင့်နည်းဟူမူကား၊ ကျမ်း၌ကွဲပြားထူးခြားခြင်းဟု ဆိုအပ်သောဝေမတ္တရှစ်ပါးကိုဆုံးဖြတ်ရာ၌ ပလ္လက်ဝေမတ္တ၏ အရကို၊ ထက်ဝယ်ကို ဆုံးဖြတ်သည်မဟုတ်။ နေရာပလ္လင်ကို ဆုံးဖြတ်သည်။ ပါရမီခဏ်း၌လည်း။ဝေမတ္တရှစ်ပါးကိုပင်ရည်၍။ ပလ္လင်နိမ့်မြင့်။အကျင့်တို့၌။ ဆိုစသည်တုံ။တရည်တည်း ပင်။တူချင်မဲ့ဘဲ။ ကွဲးလွဲးထူးခြား။ရှစ်ပါးလောက်စင်။ဟောရေး ဖြင်လည်း။ဟူ၍စပ်သည်။ ။ထိုကြောင့်ပါရမီခဏ်းဆရာမှာ။ ပလ္လင်တော်အစော်အမြင့်ကိုပင်နှစ်သက်၍စပ်တော်မူသည်။

(၄) ရဟန်းတို့ အလှူပေးသင့် မပေးသင့်ဆိုသည်မှာ။ဒါနံ နာမ ဂဟာပေနဝါ ပဗ္ဗဇိတေနဝါ ဇုတ္တိယာဝါ ပုရိသေနဝါ ဒါ တဗ္ဗမေဝ။ဟု စတုက္ကနိပါတ်ဇာတ်ကျမ်း၌ ဟောတော်မူသည်။ အဓိပ္ပါယ်ကား၊ အလှူမည်သည်ကို လူဖြစ်စေ၊ရဟန်းဖြစ်စေ၊ မိန်းမဖြစ်စေ၊ ယောက်ျားဖြစ်စေ၊ ခပ်သိမ်းသောသူပင် ပေးလှူ အပ်သည်ချည်းဟုဆိုလိုသည်။ပေးလှူဘူးသည့်ထုံးစံသက်သေ ကား။ ဘုရားသခင်လက်ထက် ပုဏ္ဏားတဦးသည်၊ဘုရားသခင် အားမေးလျှောက်သည်။အရှင်ဘုရား၊ရတနာသုံးပါးတွင်ဘုရား, သံဃာ,ရတနာနှစ်ပါးသာ ထင်ရှားမျက်မြင်ရှိသောကြောင့် လှူ ဒါန်းပူဇော်ရပါ၏။ တရားရတနာသည် ထင်ရှားမျက်မြင်မရှိခဲ့။ တရားရတနာအား အဘယ်ကဲ့သို့ လှူဒါန်းပါရ အံ့နည်း ဟူ၍ မေးလျှောက်သည်။ ဘုရားသခင်သည်လည်း၊ တရားကျမ်းဂန် ကိုဆောင်ရွက်ကုန်သောရဟန်းတို့အား၊ တရားတော်ကိုရည် မှတ်၍ လှူဒါန်းပူဇော်လျှင်တရားတော်အားလှူဒါန်းပူဇော်သည် မည်၏-ဟု ဟောတော်မူသည်။ ထိုပုဏ္ဏားလည်း ရှင်အာနန္ဒာ သည် တရားကျမ်းဂန်ကို ဆောင်ရွက်သသူ ဖြစ်တော်မူသည် ဟူ၍ တရားကျမ်းဂန်ကိုရည်မှတ်၍ ရှင်အာနန္ဒာအားသင်္ကန်း တစုံလှူလေသည်။ ထိုသင်္ကန်းကို ရှင်အာနန္ဒာသည်၊ ရှင်သာရိ ပုတြာအားလှူပြန်လေသည်။ရှင်သာရိပုတြာလည်း ထိုသင်္ကန်း

ကို ဘုရားရှင့်အားလှူပြန်လေသည်ဟု ကျမ်းဂန်အထင်အရှားရှိသည်ပင်ဖြစ်တော့သည်။ အင်္ဂုတ္တရ ပဥ္စနိပါတ်၊သမဏဝဂ်သုတ်၌။ သဒ္ဓါ၊သီလ အရည်တူကြသော ရဟန်းနှစ်ဦးတို့တွင်။ ပေးလှူဒါန်းသောရဟန်းသည်။ မပေးမလှူသောရဟန်းအား၊ နတ်ဖြစ်သော်လည်းကောင်း။ လူဖြစ်သော်လည်းကောင်း။ ရဟန်းဖြစ်သော်လည်းကောင်း။ ငါးပါးသောအရာတို့ဖြင့် သာလွန်သည်ဟူ၍ ဟောတော်မူသည်။ ။

(၅) ဒက္ခိဏာဒိသာဘာဂေ ဥသဘမုခတော။ ဟူ၍ ဇိနာလင်္ကာရဋီကာတွင် ဆိုသောကြောင့်၊ အနာဝတတ် အိုင်တွင် တောင်မျက်နှာက-ဆင်ခံတွင်းမဟုတ်။ နွားလားဥသဘ ခံတွင်းဖြစ်သည်ဟု မှတ်ရာမည်။ တောင်ဗုဒ္ဓဆိုရတုတွင်။ ဆင်ရှိရာက။ ဆင်က လာ၍။ စပ်သည်မှာ၊ ပြိုးချောင်းသည် ရှမ်းပြည် ဆင်တောင်ကလာသော ချောင်းဖြစ်၍ စပ်လေသည်။ အနဝတတ်အိုင်ကလာသည်ကိုရည်၍မစပ်။ထိုပြိုးချောင်းသည်အနဝတတ်အိုင်ကလာသည့် ချောင်းမဟုတ်။ ရှမ်းပြည် ဆင်တောင်ကလာသောချောင်းဖြစ်သည်။ ။

(၆) ယခုသာသနာတော်သည်အနာဂါမ်ရှိသေးလျက်တစုံတယောက်မျှအထင်အရှားမရှိဆိုသည်မှာ။တဘဝတွင် တရားတော်လာသည့်အတိုင်း၊ ကြိုးစားအားထုတ်၍ပင် ကျင့်သော်လည်း အကြောင်းပါရမီမရှိက မဂ် ဖိုလ် နိဗ္ဗာန်ကို မရနိုင်ချေ။ အကြောင်းပါရမီမှာလည်း၊ ယုတ်စွ အဆုံး၊ ဘဝ အရာ၊ ဘဝ အထောင်ဖြည့်မှ ရင့်ချေသည်။ အကြောင်းပါရမီသည် ခဲယဉ်းလှသောကြောင့် နိဗ္ဗာန်မဂ်ဖိုလ် မရနိုင်ရှိချေသည်။ ထို့ကြောင့် ဆုတောင်းခဏ်း၌။ ။ခါးပိုက် ဥစ္စာ။ ထုပ်သည်ငါမျှ။ မကြာစကောင်း။ရလွယ်ရှောင်းလျက်။အကြောင်းသာတည်း။ခက်စွာသည်း၍။ ဟု စပ်လေသည်။ ။သာသနာတော်၌ အနာဂါမ်ခေတ်ဟူ၍ဆိုသည်မှာလည်း၊ လယ်ရှိ၍၊ မျိုးစပါးပြည့်စုံသော်

ဝိုက်ပျိုးရ၏ဆိုသကဲ့သို့။အကြောင်းပါရမီပြည့်စုံသော်ရထိုက်သောကာလရှိသေး၏သာဆိုလိုသည်။ကေန်ရမည်မဆိုလို။

သက္ကရာဇ် ၁၁၂၀ ပြည့်၊ တော်သလင်း လတွင်၊ တောင်တွင်းဆရာတော်ဘုရားဖြေတော်မူလိုက်သည်။ ။

---

ပုစ္ဆာ။

လျှောက်ပါသည်ဆရာတော်ဘုရား။ ။

(၁) ရှုလဏီ ဖြဟ္မဒတ်ခင်း၏ စစ်သည် တဆဲ့ရှစ်ခေါဘိဏီ အရေအတွက်ကိုပိဋကတ်ကျမ်းဂန်လာသည့်အတိုင်းသိချင်ပါသည်။အမိန့်တော်ရှိတော်မူပါဆရာတော်ဘုရား။

သက္ကရာဇ် ၁၁၂၀ ပြည့်၊သီတင်းကျွတ်လတွင်၊ ရေမြေ့ရှင်အလောင်းမင်းတရားကြီးက ဇိမ်ရွှေဆရာတော်ဘုရားကိုလျှော်သည်။ ။

ဝိသဇ္ဇနာ။

(၁) ဆင်တစီးတွင်အမြီးစောင့်လက်ဝဲလက်ျာလှံကမ်းဆင်ခြေဖုံးဆိုသည့်အဆုံးအဖြတ်သည်၊ အခေါဘိဏီအဆုံးအဖြတ်မဟုတ်။ စစ်အင်္ဂါလေးပါး အဆုံးအဖြတ်ကို နားရှက်တော်မူသည်။စစ်အင်္ဂါလေးပါးကို ကျမ်းဂန်၌ဆုံးဖြတ်ဟန်ကား။ဆင်တစီးတွင်၊ ဆင်စီးသူရဲ သေးယောက်။ ခြေတဘက်တဘက်၌အစောင့် နှစ်ယောက်စီ။ ပေါင်းသော် ယောကျ်ား တကျိပ်နှစ်ယောက်စီရှိသော၊ဆင်သုံးစီးသည်၊ယုတ်စွအဆုံးဟတ္ထာဏီကမည်၏။ မြင်းစီးသူရဲတယောက်။ ခြေစောင့်နှစ်ယောက်။ ပေါင်းယောကျ်ားသုံးယောက်စီရှိသောမြင်းသုံးစီးသည်ယုတ်စွအဆုံးဟယာဏီကမည်၏။ ရထားတစီးတွင် ရထားနှင် တယောက်။ ရထားစီးသူရဲ တယောက်။ နားပန်းစောင့်နှစ်ယောက်။ ပေါင်းယောကျ်ား လေးယောက်စီရှိသော ရထား သုံးစီးသည် ယုတ်စွ

အဆုံးရထားဏီကမည်၏။ ဟံကိုယ်စီစွဲသော ယောက်ျားလေးယောက်သည်ယုတ်စွအဆုံးပတ္တာဏီကမည်၏။ဤသို့စစ်အင်္ဂါလေးပါးကို ဝိနည်းပါဠိတ်အဋ္ဌကထာ၌ ဆုံးဖြတ်သည်။ ထိုသို့အဋ္ဌကထာ၌ဆုံးဖြတ်သည့်အတိုင်းအဘိဓာန်ကျမ်း၌လည်း။

ဟတ္ထိ ဒွါဒသပေါသော တိ၊-ပုရိသော တုရင်္ဂေါ ရထော။
စတုပေါသော တိ ဧတေနာ၊-လက္ခဏေနာ ဝမန္တတော။ ။
ဟတ္ထာဏီကံ ဟယာဏီကံ၊ ရထာဏီကံ တယောတယော။
ဂဇာဒယော သသတ္တာတု၊ ပတ္တာဏီကံ စတုဇ္ဇနာ။ ။

ဟူ၍ဆိုသည်။

ဒွါဒသပေါသော၊ ယောက်ျား တကျိပ်နှစ်ယောက်ရှိသော။ ဟတ္ထိ၊ဆင်။ တိပုရိသော၊ ယောက်ျားသုံးယောက်ရှိသော။ တုရင်္ဂေါ၊မြင်း။ စတုပေါသော၊ ယောက်ျားလေးယောက်ရှိသော။ ရထော၊ ရထား။ ဣတိ၊ ဤသို့။ အဝမန္တတော၊ ယုတ်စွ အဆုံး။ ဧတေနလက္ခဏေန၊ ဤသို့သော လက္ခဏာအားဖြင့်။ တယောတယော၊သုံးစီးသုံးစီးကုန်သော။ ဂဇာဒယော၊ဆင်အစရှိသည်တို့သည်။ ဟတ္ထာဏီကံ၊ဆင်စီးသူရဲမည်၏။ ဟယာဏီကံ၊မြင်းစီးသူရဲမည်၏။ ရထာဏီကံ၊ ရထားစီးသူရဲမည်၏။ သသတ္တာ၊ လက်နက်စွဲကုန်သော။ စတုဇ္ဇနာတု၊ ယောက်ျားလေးယောက်တို့သည်ကား။ ပတ္တာဏီကံ၊ ခြေသည်သူရဲမည်၏။ ။

ရထားကိုသာ မြင်းရံသင့်သည်။ မြင်းကို ရထားမရံသင့်ဟုနှလုံးတော်ရှိရာမှာ။ ရထားသည် မြင်းထက်မြတ်သည်မဟုတ်။ မြင်းသာ ရထားထက်မြတ်ချေသည်။ အဇာတသတ်မင်းသည်၊ ဇီဝကကိုရှေ့ဆောင်ပြု၍ ဘုရားသခင်ကိုအဖူးအမြင် ညဉ့်ကာလ၌ထွက်သောအခါ၊ မင်းမှာဆင်စီးသည်။ နန်းတွင်းသူငါးရာမှာလည်း၊ ယောက်ျားအဝတ်ကိုဝတ်၍ လက်နက်ကိုင်စွဲလျက်ဆင်မကို-ကိုယ်စီစီး၍ ထက်ဝန်းကျင် မင်းကိုရံရသည်။ကချေသည် တသောင်းခြေ၁်ထောင်တို့မှာလည်း၊သဘင်ခံလျက် မင်း

ကိုရံရသည်။ သည့်ပြင်မှာလည်း၊ မှူးကြီးမတ်ကြီး ၄စ်သောင်း ရံရသည်။ သည့်ပြင်မှာလည်း မင်းသားအပေါင်း၊ကိုးသောင်း ရံရသည်။ သည့်ပြင်မှာလည်း၊ ပုဏ္ဏား အပေါင်း၊ တသောင်း အောင်ဆုတွေးကြေဒ်လျှက်လိုက်ရသည်။ သည့်ပြင်မှာလည်း၊ ဆင်ဦးချင်း ၅က်ကာ၅က်ကာ ဆင်စီးသူရဲ။ သည့်ပြင်မှာလည်း၊ မြင်းဦးချင်း ၅က်ကာ၅က်ကာ မြင်းစီးသူရဲ။ သည့်ပြင်မှာလည်း၊ ရထားဦးချင်း ၅က်ကာ ၅က်ကာ ရထားစီးသူရဲ။ သည့်ပြင်မှာ လည်း၊ မောင်းချင်း၅က်ကာ၅က်ကာ ခြေသည်သူရဲ။ သည့်ပြင် မှာလည်း၊အခေါဘိဏီမှုလောက်သောစစ်သည်ရံလျှက် ထွက် သည်ဟူ၍ သုတ်သီလက္ခန် အဋ္ဌကထာတွင် ဆိုသည်များမှာ၊ မြင်းကိုရထားရံကြောင်းကိုအဋ္ဌကထာကျမ်းကြီးကျမ်းခိုင်တွင် ပင်ဆို၍ရှိသည်ကိုထောက်၍နှုလုံးဖြေတော်မူသင့်သည်။ ။ အခေါဘိဏီ ဘွဲ့မှာ စကားစဉ် အဓိပ္ပါယ်ကား။ ဆင်စီး သူရဲ ကောင်းကိုးထောင်တို့တွင်၊ တယောက်တယောက်ကို မြင်းစီး သူရဲ တရာစီရံရသည်။ မြင်းစီးသူရဲ တယောက်တယောက်ကို၊ ရထားစီးသူရဲတရာစီရံရသည်။ရထားစီးသူရဲတယော်တယော် ကို၊ သမီးကညာတရာတရာစီရံရသည်။ သမီးကညာတယော် တယောက်ကို၊ အလုပ်အကျွေးမိန်းမ တရာစီ ရံရသည်။ ဆင် ပေါင်း ကိုးထောင်။ မြင်းပေါင်း ကိုးသိန်း။ ရထားပေါင်း ကိုး ကုဋေ။သမီးကညာပေါင်း ကုဋေကိုးရာ။ အလုပ်အကျွေးမိန်းမ ပေါင်း ကုဋေကိုးသောင်းဖြစ်သည်။ ငါးရပ်ကို ပေါင်းသော်၊ ကုဋေ ကိုးသောင်း,ကိုးရာ,ကိုးကုဋေနှင့်, အစွန်း ကိုးသိန်း,ကိုး ထောင်ရှိသည်။ ။(အခေါဘိဏီဘွဲ့)။ ။

သက္ကရာဇ် ၁၁၂၀ ပြည့်၊သီတင်းကျွတ်လတွင်၊ရေမြေ့ရှင်၊ အလောင်းမင်းတရားကြီးက မေးသျှောက်၍၊ အိမ်ရှေ့ ဆရာ တော်ဘုရားဖြေတော်မူသည်။ ။

## ပုစ္ဆာ။

မင်းလက်ဝဲနော်ရထားလျှောက်ပါသည်ဆရာတော်ဘုရား။

(၁) အရှင်မဟာရဋ္ဌသာရ ဆိုတော်မူသည့် စတုဓမ္မသာရ တွင်။ မာယာလေးဆယ်။ အသွယ်သွယ်ဖြင့်။ ပြုံးရယ်လို လို။ဆိုသည်ပြပြ။မြူးမြူးမြတည့်။ဟူ၍ စပ်တော်မူသည်။ မာယာလေးဆယ်ကို၊ သချာအရေအတွက် အမိပ္ပါယ် နှင့်သိချင်ပါသည်။ ။

(၂) ပဋ္ဌသီငါးပါးတွင်၊ ကာမေသုမိစ္ဆာစာရကံကိုဆိုသည်။ အဘယ်သို့သောမိန်းမ၊ အဘယ်သို့သော ယောကျ်ား တို့သည် ကာမေသုမိစ္ဆာစာရကံ ရောက်မည်ကိုလည်း သိချင်ပါသည်ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၀ ပြည့်၊ တန်ဆောင်မုန်းလတွင်၊ မင်းလက် ဝဲနော်ရထားကတောင်တွင်းဆရာတော်ကိုလျှောက်သည်။ ။

## ဝိသဇ္ဇနာ။

၁-ဝိဇမ္ဘတိ။ ၂-ဝိနမတိ။ ၃-ဝိလာသတိ။ ၄-ဝိလဇ္ဇတိ။ ၅-နခေန နခံ ဃဋ္ဋေတိ။ ၆-ပါဒေန ပါဒံ အက္ကမတိ။ ၇-ကဋ္ဌေန ပထဝိံ ဝိလေခတိ။ ၈-ဒါရကံ ဥလ္လင်္ဃေတိ။ ၉-ဥလ္လင်္ဃာပေတိ။ ၁၀-သိင်္ဃတိ။ ။ ၁-သိင်္ဃာပေတိ။ ၂-ကီဠတိ။ ၃-ကီဠာပေတိ။ ၄-စုမ္ဗတိ။ ၅-စုမ္ဗာပေတိ။ ၆-ဘုဉ္ဇတိ။ ၇-ဘုဉ္ဇာပေတိ။ ၈-ဒဒါတိ။ ၉-ယာစတိ။ ၁၀-ကတ မနု ကရောတိ။ ။ ၁-ဥစ္စံ ဘာသတိ။ ၂-နီစံ ဘာသတိ။ ၃-နစ္စေန ဂီတေန ဝါဒိတေန ရောဒိတေန ဝိလာသိတေန ဝိဟသိတေန။ အဝိစ္စံ ဘာသတိ။ ဝိဝိစ္စံ ဘာသတိ။ ၄-ဇဂ္ဃတိ။ ၅-ပေက္ခတိ။ ၆-ကဋိံ စာလေတိ။ ၇-ဂုယှဘဏ္ဍကံ သဉ္စာလေတိ။ ၈-ဦရုံ ဝိဝရတိ။ ၉-ဦရုံ ပိဒဟတိ။ ၁၀-ထနံ ဒဿေတိ။ ။ ၁-ကစ္ဆံ ဒဿေတိ။ ၂-နာဘိံ ဒဿေတိ။ ၃-အက္ခိံ နိခဏတိ။ ၄-ဘမုကံ ဥက္ခိပတိ။ ၅-ဩဋ္ဌံ ဥပလိခတိ။ ၆-ဇိဝှံ နိလ္လာဟတိ။

၇-ဒုသာံ မုဋ္ဌတိ။ ၈-ဒုသာံ ပဋိဗဒ္ဓတိ။ ၉-သိရသံ မုဋ္ဌတိ။ ၁၀-သိ
ရသံ ဗဒ္ဓတိ။ ပေါင်း=၄၀။ ။(မာယာ လေးဆယ်ပါ၌ပြီး၏)။

ယောက်ျားတို့အား၊ မိန်းမတို့လှည့်ပတ်ခြင်းဟုဆိုအပ်သော
မာယာ အပြားသည် လေးဆယ်ရှိသည်။ လေးဆယ်ဟူသည်
ကား။

၁-ဝိဇမ္ဘတိ၊ ကိုယ်လက်ကို ဆန့်၏။ ၂-ဝိနမတိ၊ ညွတ်၏။
၃-ဝိလာသတိ၊ စံပယ်၏။ ၄-ဝိလဇ္ဇတိ၊ ရှက်စနိုးသကဲ့သို့ပြု၏။
၅-နခေနနခံ၊ ခြေသည်း လက်သည်းချင်းချင်း။ ဃဋ္ဋေတိ၊ ခြစ်၏။
၆-ပါဒေနပါဒံ၊ ခြေချင်းချင်း။ အက္ကမတိ၊ နင်း၏။ ၇-ကဋ္ဌေန၊ သစ်
သားလှံတံဖြင့်။ ပထဝိံ၊ မြေကို။ ဝိလေခတိ၊ ခြစ်၏။ ၈-ဒါရကံ၊
သူငယ်ကို။ ဥလ္လင်္ဃတိ၊ မြှောက်၏။ ၉-ဥလ္လင်္ဃာပေတိ၊ မြှောက်စေ
၏။ ၁၀-သိဃတိ၊ နမ်း၏။ (ပေါင်းတဆယ်ရှိပြီ)။ ။၁-သိဃာပေ
တိ၊ နမ်းစေ၏။ ၂-ကီဠတိ၊ ကစား၏။ ၃-ကီဠာပေတိ၊ ကစားစေ
၏။ ၄-စုမ္ဗတိ၊ ဘက်ယမ်း၏။ ၅-စုမ္ဗာပေတိ၊ ဘက်ယမ်းစေ၏။
၆-ဘုဉ္ဇတိ၊ စား၏။ ၇-ဘုဉ္ဇာပေတိ၊ စားစေ၏။ ၈-ဒဒါတိ၊ ပေး၏။
၉-ယာစတိ၊ တောင်း၏။ ၁၀-ကတံ၊ ပြုသည်ကို။ အနုကရောတိ၊
အတုလိုက်၍ပြု၏။ (ပေါင်းနှစ်ဆယ်ရှိပြီ)။ ။၁-ဥစ္စံဘာသတိ၊
မြင့်၍ဆို၏။ ၂-နီစံဘာသတိ၊ နှိမ့်၍ဆို၏။ ၃-နစ္စေန၊ ကခြင်းဖြင့်။
ဂီတေန၊ သီခြင်းဖြင့်။ ဝါဒိတေန၊ တီးမှုတ်ခြင်းဖြင့်။ ရောဒိတေန၊
ငိုခြင်းဖြင့်။ ဝိလာသိတေန၊ စံပယ်ခြင်းဖြင့်။ ဝိဘူသိတေန၊ တန်ဆာ
ဆင်ခြင်းဖြင့်။ အဝိစ္စံဘာသတိ၊ ထင်စွာဆို၏။ ဝိဝိစ္စံဘာသတိ၊
ကွယ်၍ ဆို၏။ (သည်နှစ်ချက်ကို ပေါင်း၍ တခုတည်းယူ)။
၄-ဇဂ္ဃတိ၊ ပြင်းစွာရယ်၏။ ၅-ပေက္ခတိ၊ စောင်း၍ ကြည့်၏။
၆-ကဋိံ၊ ခါးကို။ စာလေတိ၊ လှုပ်၏။ ၇-ဂုယှဘဏ္ဍကံ၊ လျှို့ဝှက်
အပ်သောအင်္ဂါကို။ သဉ္ဇာလေတိ၊ ထက်ဝန်းကျင်လှုပ်၏။ ၈-ဦရုံ၊
ပေါင်ကို။ ဝိဝရတိ၊ ဘွင့်၏။ ၉-ဦရုံ၊ ပေါင်ကို။ ပိဒဟတိ၊ ဖုံး၏။
၁၀-ထနံ၊ သားမြတ်ကို။ ဒဿေတိ၊ ပြ၏။ ။(ပေါင်း သုံးဆယ်ရှိ
ပြီ)။ ။၁-ကစ္ဆံ၊ လက်ကတီးကို။ ဒဿေတိ၊ ပြ၏။ ၂-နာဘိံ၊ ချက်

ကို။ဒသေသတိ၊ပြ၍။ ၃-အက္ခိ၊မျက်စိကို။နိခဏတိ၊မှိတ်၍။ ၄-ဘမုကံ၊ မျက်မှောင်ကို။ ဥက္ခိပတိ၊ချီ၍။ ၅-ဩဋ္ဌံ၊နှုတ်ခမ်းကို။ ဥပလိခတိ၊ကိုက်၍။ ၆-ဇိဝှံ၊လျှာကို။နိလ္လာဟတိ၊ထုတ်၍။ ၇-ဒုဿံ၊အဝတ်ကို။မုဉ္စတိ၊ကျွတ်အောင်ပြု၍။ ၈-ဒုဿံ၊အဝတ်ကို။ပဋိဗန္ဓတိ၊ပြင်၍ဝတ်၍။ ၉-သိရသံ၊ဆံပင်ကို။မုဉ္စတိ၊ဖြေ၍။ ၁၀-သိရသံ၊ဆံပင်ကို။ ဗန္ဓတိ၊ထုံး၍။ ။( ပေါင်း လေးဆယ်ရှိပြီ)။ ။

အသီတိနိပါတ်မဟာကုဏာလဇာတ်ပါဠိတော်ပါဠ်အနက်။

ထိုလေးဆယ်သော မာယာတို့တွင်၊ ကိုယ်လက်ကိုဆန့်၍-ဟူသည်ကား။ယောကျ်ားမြင်၍ ငါကိုယ်ဆန့်သည်ရှိသော်။ထိုအမှတ်ဖြင့် အခွင့်ရသည် မရသည်ကို ယောကျ်ားသိလိမ့်မည်ဟူ၍ ရှေးဦးစွာက ချိန်းချက်သည်ဖြစ်စေ၊ မချိန်းချက်သည်ဖြစ်စေ။ ဤသို့ပင်ငါပြုသည်ရှိသော်၊ငါ့အား တပ်နှစ်သက်လိမ့်မည်ဟူ၍ ယောကျ်ားအပါး၌ရပ်လျက် ကိုယ်လက်ဆန့်သောအခြင်းအရာကိုပြုသည်ဟူ၏။ ညွတ်၍-ဟူသည်ကား။ တစုံတခုသော ဝတ္ထုကို မြေ၌ချ၍ ကျသကဲ့သို့ ပြုပြီးလျှင်၊ ညွတ်လျက် ကိုယ်လက်ကျောပြင်ကိုမြင်စေသည်။ စံပယ်၍-ဟူသည်ကား။ သွားခြင်းအစရှိသော ဣရိယာပုထ်တို့ဖြင့်၎င်း။ တန်ဆာဆင်ခြင်းဖြင့်၎င်း။ စံပယ်ပျောင်းပျသော အခြင်းအရာကိုပြသည်။ ရှက်စနိုးသကဲ့သို့ပြု၍-ဟူသည်ကား။ရှက်စနိုးသကဲ့သို့အဝတ်ဖြင့်ကိုယ်ကိုဖုံးလွှမ်းသည်။ထရံနံရံကိုမှီကပ်၍နေသည်။ ခြေသည်းလက်သည်းချင်းခြစ်၍-ဟူသည်ကား။ ခြေသည်းကို ခြေသည်းချင်း။ လက်သည်းကို လက်သည်းချင်းခြစ်၍ ဖျည့်ဖြားသည်။သူငယ်ကိုမြှောက်၍-ဟူသည်ကား။ မိမိသားငယ်ကိုဖြစ်စေ၊သူတပါး၏သားငယ်ကိုဖြစ်စေ ချီ၍မြှောက်သည်။မြှောံစေ၍-ဟူသည်ကား။သူတပါးကိုတိုက်တွန်း၍ သူငယ်ကိုမြှောံစေသည်။ နမ်းသည် ကစားသည်-အစရှိသည်မှာလည်း ဤအတူပင်တည်း။ ပေး၍-ဟူသည်ကား။သူငယ်အား တစုံတခုသစ်သီးသစ်ပွင့်ကိုပေးသည်။ တောင်း၍-ဟူသည်ကား။ သူငယ်အား မိမိပေးပြီး

သော၀တ္ထုကို တဖန် တောင်းဟာန်ပြုပြန်သည်။ အတုပြု၏-ဟူသည်ကား။သူငယ်ပြုသောအမှုကိုအတုလိုက်၍ပြုသည်။မြှင့်၍ဆို၏-ဟူသည်ကား။ ယောကျ်ားအား မြှင့်သောအသံ၊နှစ်သက်ဘွယ်သော စကားဖြင့် မြှင့်၍ဆိုသည်။ နှိမ့်၍ဆို၏-ဟူသည်ကား။ ယောကျ်ားအား ညင်းညင်းသောအသံ၊မနှစ်သက်ဘွယ်သောစကား၊ ရှုတ်ချသော စကားဖြင့် နှိမ့်၍ဆိုသည်။ ကခြင်းအစရှိသည်ဖြင့် ထင်စွာဆို၏-ဟူသည်ကား။ များစွာသော လူအပေါင်းအလယ်၌ မဖုံးမကွယ် အထင်အရှား စကားပြောဆိုသည်။ကွယ်၍ဆို၏-ဟူသည်ကား။ဆိတ်ငြိမ်ရာအရပ်၌ကခြင်းသီခြင်း အစရှိသည်ဖြင့် ဖြားယောင်း၍ ပြောဆိုသည်။ ပြင်းစွာရယ်၏-ဟူသည်ကား။ ပြင်းစွာရယ်၍ နိမိတ်အမှတ် ပြုသည်။ ဆံကိုဖြေ၏-ဟူသည်ကား။ ထုံးပြီးသောဆံကိုဖြေသည်။ ဆံကိုထုံး၏-ဟူသည်ကား။ဖြေပြီးသောဆံကိုထုံးပြန်သည်။ ဤလေးဆယ်သောမာယာတို့ကို မိမိကြိုက်နှစ်သက်သော ယောကျ်ားကိုမှတ်၍လည်းပြု၏။ အမှတ်မရှိဘဲ မြင်သမျှသောယောကျ်ားသည်၊တပ်မက်မောလေစေ။နှစ်သက်လေစေ ဟူ၍လည်းပြု၏။ [ဤသို့ ဆိုအပ်ခဲ့ပြီးသည်ကား၊ မထင်ရာသို့လိုက်၍ ဘွင့်သောအဋ္ဌကထာစကားတည်း]။ ။

၂။ ယောကျ်ားတို့မလားအပ်သောမိန်းမအပြားသည်။ နှစ်ကျိပ်တည်း။နှစ်ကျိပ်ဟူသည်ကား။ ။(၁)အမိစောင့်သောမိန်းမလည်းတယောက်။ (၂)အဘစောင့်သောမိန်းမ။ (၃)မိဘနှစ်ပါးစုံစောင့်သောမိန်းမ။ (၄)မောင်စောင့်သောမိန်းမ။ (၅)ညီမအစ်မ စောင့်သောမိန်းမ။ (၆)အဆွေအမျိုးစောင့်သော မိန်းမ။ (၇)ကဿပဂေါတ္တအစရှိသော အနွယ်တူစောင့်သောမိန်းမ။ (၈)တရားအယူ အတူစောင့်သော မိန်းမ။ (၉)ပါရိကစသောသူတို့ကဲ့သို့။ ငယ်စဉ်က မှန်းထားသော လင် ရှိသော မိန်းမ။ (၁၀)ဤမိန်းမတို့အားသွားလာသည်ရှိသော်ဤမျှလောက်သောဒဏ်ကိုဖြစ်စေဟု မင်းတို့က ဒဏ်ထားသော မိန်းမ။ (ပေါင်း

တကျိပ်)။ ။( ၁ )မယားပြုအံ့ဟု ဥစ္စာဖြင့်ဝယ်သော မိန်းမ။ (၂)အလိုဆန္ဒတူမျှ၍ နေသောမိန်းမ။ (၃)ဆုံ,ကျည်ပွေ့, လွှန်း, လက္ခတ်-စသော အိမ်၏အဆောက်အဦပေး၍နေသောမိန်းမ။ (၄)ဝတ်ရုံစရာပုဆိုးဗလျှားပေး၍နေသောမိန်းမ။(၅)ဤရေကဲ့သို့ တသက်ပတ်လုံး မကွဲမပြိုငြိမ်းချမ်းသာယာစေသတည်းဟု ရေခွက်၌ တူစုံလက်ချ၍ ထိမ်းမြားသောမယား။ (၆)ထင်းခွေ မိန်းမစသော သူဆင်းရဲတို့၏အလေ့အကျင့်ဖြစ်သော ခေါင်းရုချ၍နေသောမိန်းမ။ (၇)ကျွန်လည်းဖြစ်၊ မယားလည်းဖြစ်သော မိန်းမ။( ၈ )မယားဖြစ်အံ့ဟုဥစ္စာစည်းစိမ်ပေး၍ အမှုလုပ်လည်းဖြစ်၊ မယားလည်းဖြစ်သော မိန်းမ။ ( ၉ )စိုက်ထောင်အပ်သော အောင်တံခွန်ရှိသောစစ်သည်အပေါင်းတို့သည်၊တပါးသော မင်းတို့၏တိုင်းနိုင်ငံကိုတိုက်ဖျက်ဆောင်ယူခဲ့သော သုံ့မယား။ (၁၀)အခိုက်အတန့်သာ ပေါင်းဘော်အပ်သောမယား။ (ပေါင်း တကျိပ်)။ ။ဤနှစ်ကျိပ်သောမိန်းမတို့ကို ယောက်ျားတပါးတို့ မသွားမလာအပ်။ သွားလာချေလျှင် ကာမေသုမိစ္ဆာစာရဖြစ်၏။ ဤနှစ်ကျိပ်သောမိန်းမတို့တွင်၊မာတုရက္ခိတစသောရှစ်ယောက် သောမိန်းမတို့အား ယောက်ျားတပါးသို့ သွားလာသော်လည်း ကာမေသုမိစ္ဆာစာရမဖြစ်။အဘယ့်ကြောင့်နည်းဟူမူကား။အမိ အဘအစရှိသောသူတို့သည်၊ ထိုရှစ်ယောက်သောမိန်းမတို့၏ အတွေ့ကိုအစိုးမရ။ မိမိတို့သာ အစိုးရလေသည်။ ယို့ကြောင့် ကာမေသုမိစ္ဆာစာရမဖြစ်။ကြွင်းသောတကျိပ်နှစ်ယောက်သော မိန်းမတို့အား ယောက်ျားတပါးသို့သွားလာသော်ကား၊ကာမေ သုမိစ္ဆာစာရဖြစ်၏။အဘယ့်ကြောင့်နည်းဟူမူကား။လင်ရှိသော ကြောင့်လင်သာလျှင်ထိုမိန်းမတို့၏အတွေ့ကိုအစိုးရလေသည်။ မိမိတို့အစိုးမရ။ထိုသို့အစိုးမရသော အတွေ့ကိုခိုး၍ ယောက်ျား တပါးတို့အား မွေ့လျော်ပျော်ပါးစိမ့်မည်ဟူ၍ ပေးလေသောကြောင့် ကာမေသုမိစ္ဆာစာရဖြစ်သတည်း။ယောက်ျားတို့ကား၊မယားတရာပင်ရှိစေဦး၊နှစ်ကျိပ်သောမိန်းမမှ တပါးသော

မိန်းမတို့၌သွားလာငြားသော်လည်း၊ ကာမေသုမိစ္ဆာစာရမဖြစ်။ မိန်းမတို့အားကား၊ မိမိလင်ရှိလျက်၊ ယောကျ်ားတပါးသို့ သွားလာချေအံ့၊ ကာမေသုမိစ္ဆာစာရဖြစ်၏။ (ဤကားအထူး)။ အပြစ်ကြီးသည်၊ မကြီးသည်၌ကား။ သီလစသောဂုဏ်မရှိသောမိန်းမ၊ယောကျ်ား၌အပြစ်နည်း၏။ သီလစသောဂုဏ်ရှိသောမိန်းမ၊ ယောကျ်ား၌ အပြစ်ကြီး၏။ သီလစသောဂုဏ်ပင် တူမျှစေဦး၊ အနိုင်အထက် နှိပ်စက်၍ ကျင့်ရာ၌ အပြစ်ကြီး၏။ နှစ်ယောက်အလိုတူမျှရာ၌ အပြစ်နည်း၏။ အလိုပင်တူမျှစေဦး၊ရာဂတဏှာသည်ရင်း၊လုံ့လသည်ရင်း၊ညံ့သည်ဖြစ်အံ့။အပြစ်နည်း၏။ အားကြီးသည်ဖြစ်အံ့၊ အပြစ်ကြီး၏။ ဤသို့လည်း အပြစ်ကြီးသည်၊ မကြီးသည်ကိုမှတ်အပ်၏။ အင်္ဂါကား၊ လေးပါးတည်း။ လေးပါးဟူသည်ကား၊ အဂမနီယဝတ္ထု၊ မလားအပ်သောအရာလည်းတပါး။ ထိုမလားအပ်သောအရာ၌မှီဝဲလိုသောစိတ်သည်းတပါး။ မှီဝဲခြင်း၌လုံ့လပြုခြင်းလည်းတပါး။ မဂ်ဖြင့်မဂ်သို့ရောက်သည်ကို သာယာသည်လည်းတပါး။ ဤသို့လေးပါးတည်း။ ဤသည်ကားကာမေသုမိစ္ဆာစာရ၌အကျဉ်းမှတ်ဘွယ်။ ။

သက္ကရာဇ် ၁၁၂၀ ပြည့်၊ တန်ဆောင်မုန်းလတွင်၊ အိမ်ရှေ့ဆရာတော်ဘုရားဖြေတော်မူလိုက်သည်။ ။

---

ပုစ္ဆာ။

မင်းလက်ဝဲနေ၁်ရထာလျှောက်ပါသည့်ဆရာတော်ဘုရား။

(၁) တေဒဂ်ရတို့ကိုအမိန့်တော်ရှိသည်မှာ၊ယခုသနားတော်မူသည့်စာကဲ့သို့အမည်နာမအရေအတွက်စေ့စပ်ရုံနှင့်အကြောင်းအတ္ထုပ္ပတ္တိ စိုးစဉ်းပါသည်များကိုသာ တွေ့ပါသောကြောင့် နှစ်နှစ်သက်သက်မရှိ၍လျှောက်သည်ဖြစ်ပါတော့သည်။တေဒဂ်ထားတော်မူချင်းပါ၌အနက်နှင့်၊ အစ, အလယ်, အဆုံး၊ သုံးပါးလုံးကို မှတ်သားရအောင် ဟောတော်မူရင်းကျမ်းဂန်ကထုတ်နုတ်၍ သ

နားတော်မူစေချင်ပါသည်။ ရှင်ကုမာရကဿပ ဆန်းကြယ်သောတရားစကားကို ဟောတော်မူတတ်သည်ဆိုသည့်စကားတွင်၊ မည်သည့်တရားစကားများထက်ထူးပြား ဆန်းကြယ်၍၊ မည်သည့်ကာလ၊ မည်သည့်အရပ်ဌာနတွင် ဟောဒေသနာထားတော်မူကြောင်းကိုလည်းသိချင်ပါသည်။ သနားတော်မူသည်မှာ၊ ရာဇမဏိစူဠာဇာတ်ကမ္ဗည်းများတွင်၊အကျဉ်းအားဖြင့်ရေးသားသည့်စာများကဲ့သို့သာ ပါရှိပါသည်။ ရာဇမဏိစူဠာ ဇာတ်ကမ္ဗည်းများကထုတ်နုတ်သည့်အရေအတွက် တပည့်တော်မှာရှိပါ၍၊ အရပ်ရပ် ဟောဒေသနာရ ရဟန္တာများမှာ၊ ရှင်ကုမာရကဿပမှာကဲ့သို့ထုတ်နုတ်၍ သနားတော်မူစေချင်ပါသည်။ အရှင်မဟာကဿည်းသည်၊ သဒ္ဒါကိုအကျဉ်း မရုပိဋကသုတ်များကို အကျဉ်း ဟောတော်မူသည်ကို၊အကျယ်ချဲ့သောကြောင့်။ ။ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇ္ဇန္တာနံ ဘိက္ခူနံ ယဒိဒံ မဟာကစ္စာယနော။ ။သည်ကဲ့သို့၊ အကြောင်းရင်းအထူးရှိရာတွင်၊မည်သို့ထားတော်မူသည်ကိုသိချင်ပါသည်။

(၂) ကမ္ဘာဦးကမနုရသေ့မနောရသေ့တို့ကိုဓမ္မသတ်ကျမ်းတွင် ဆိုသည့်စကားသည် ဘုရားဟောသင်္ဂါယနာဝင်ကျမ်းဖြစ်မည်–မဖြစ်မည်ကိုသိချင်ပါသည်။ ။

(၃) ခြသေ့်မင်း၏ပမာဏကို စာတွင်ကြည့်သော်၊ခြသေ့်နှင့်ကျွဲး အဆွေခင်ပွန်းဖွဲ့ကြသည်ကို၊ မြေခွေးတရ ကုန်းတိုက်၍ ကုန်းသွယ်ပြုသည့်စကားတွင်၊ကျွဲးကဆိုဟန်မှာ၊ခြသေ့်သည် ငါ့ကိုအလုံးအရပ်တူတန်သည်မဟုတ်။ ငါလုပ်ကြံရသော်မခံနိုင်ဆိုဟန်။ခြသေ့်ကလည်း၊ကျွဲးသည် ငါ့ကို တန်းခိုးအာဏာတူတန်သည်မဟုတ်။ ငါလုပ်ကြံရသော်မခံနိုင်ရာဆိုသည့်စကားရပ်ကိုထောက်

သော်။ ခြင်္သေ့သည် မြေခွေးမျှသာ ဆိုသည်။ စကား
တော်လျော်မည်လက္ခဏာရှိပါသည်။ သည်အချက်ကို
လည်းသိသာအောင်အမိန့်ရှိတော်မူပါ။ ။

(၄) မိုးယ်းရွာသည့်အကြောင်းအရာတို့၌၊နတ်တို့အာနုဘော်
ကြောင့်ရွာသည်ဆိုသည့်စကားမှာ၊ လေးလေးရွန်ရွန်။
ကြူးထန် ကြူးမြောက်။ ခွဲးခေါက်ခွဲ့ခွဲ့။ မိုးဘွဲ့ သိဆွတ်။
မှုံဖြင့်ဝတ်၍။ တချက်။ ။စက်ဝန်းဖြာခြည်။ နတ်တို့
သည်လည်း။ ကိုးမည်မျက်ရှင်။ ဒုရင်သွန်းသွန်း။ ခါးပန်း
ရစ်နှောင်။ ပန်းရောင်ရည်စွတ်။ ဟူ၍ ရတုများတွင်
စပ်ဆိုကြပါသည်။ လက္ခဏာကိုထောက်သော်၊ ပဇ္ဇုန်
နတ်သားသည်။ဘုံဗိမာန်က နေလျက်တန်းခိုးဖြင့်သာလျှင်
ရွာစေနိုင်သည် မဟုတ်။ ကိုယ်တိုင်ပင် ထထကြွကြွ၊
ခုန်ကဟစ်သိ၍ ရွာသည့်လက္ခဏာရှိချေသည်။ မိုးယ်း
ကာလရောက်တိုင်း ထကြွခုန်ကရလျှင်၊လူတို့တွင်-နေ့,
လ,နှစ်,အရေအတွက်နှင့်၊ စတုမဟာရာဇ် နတ်တို့-နေ့,
လ,နှစ်,အရေ အတွက်ကို ထောက်သော်၊ ဗိမာန်တွင်
ကြာကြာငြိမ်ငြိမ်မှနေရမည်အဟန်မရှိဖြစ်ခဲ့သည်။ နွေ
လေးလ၊ ဆောင်းလေးလကာလသည်၊ စတုမဟာရာဇ်
နတ်တို့မှာ မည်မျှရက်နာရီရှိသည်။မည်သို့အခြင်းအရာ
နှင့်ရွာသည်ကိုသိချင်ပါသည်။ ။

(၅) ဈေးကာလကမင်းသား,အမတ်သား,ပုဏ္ဏားသား,သေဌေး
သူကြွယ်သားတို့သည် တက္ကသိုလ် ပြည်မှာ အတတ်
ပညာသင်ကြသည် ဆိုသည်။ ယခုသင်လို၍ သွားလာ
သော် ရောက်နိုင်ပါမည်၊ မရောက်မည်။ ရောက်သော်
လည်းဈေးကအတတ်ပညာအတူသွန်သင်မည့်သူ ရှိ မရှိ
ယုတ္တိယုတ္တာကိုလည်းသိချင်ပါသည်။ ။

သက္ကရာဇ် ၁၁၂၀ ပြည့်၊ နတ်တော်လတွင်၊ မင်းလက်ဝဲ
နော်ရထာက၊တောင်တွင်းဆရာတော်ကိုလျှောက်သည်။ ။

## ဝိသဇ္ဇနာ။

(၁) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာတကောဏ္ဍညော။ ။ဘိက္ခဝေ၊ရဟန်းတို့။ မမ၊ ငါ၏။ သာဝကာနံ၊ သာဝကတပည့်ဖြစ်ကုန်သော။ ရတ္တညူနံ၊ ညဉ့်အပိုင်းအခြားကိုသိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ ယော အယံ အညာတကောဏ္ဍညော၊ အကြင်အညာတကောဏ္ဍညသည်။အဂ္ဂံ၊၏။တော်သောအညာတကောဏ္ဍညော၊ သည်။အဂ္ဂံ-အဂ္ဂေါ၊မြတ်၏။ ။တေဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ မဟာပညာနံ ယဒိဒံ သာရိပုတ္တော။ ဣဒ္ဓိမန္တာနံ မောဂ္ဂလာနော။ ဓုတင်္ဂဓရာနံ မဟာကဿပေါ။ ဒိဗ္ဗစက္ခုကာနံ အနုရုဒ္ဓေါ။ ဥစ္စာကုလိကာနံ ဘဒ္ဒိယော ကာဠိဂေါဓာယပုတ္တော။ မဉ္ဇုဿရာနံ လကုဏ္ဍကဘဒ္ဒိယော။ သီဟနာဒိကာနံ ပိဏ္ဍောလဘာရဒွါဇော။ဓမ္မကထိကာနံ ပုဏ္ဏော မန္တာနိပုတ္တော။သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ မဟာကစ္စာယနော။ ။(ပဌမဝဂ်ပါဌ်ကိုချန်၍ ထားသည်။ ။တေဒဂ္ဂံ-နှင့် အသီးအသီးဆိုရမည်ပင်ဖြစ်သည်)။ ။မဟာပညာနံ၊ ပညာကြီးကုန်သောရဟန်းတို့တွင်။သာရိပုတ္တော၊သည်။ ဣဒ္ဓိမန္တာနံ၊ တန်းခိုးကြီးကုန်သော ရဟန်းတို့တွင်။ မောဂ္ဂလာနော၊ မောဂ္ဂလာန်သည်။ဓုတင်္ဂဓရာနံ၊ဓုတင်ကို ကျင့်တတ်-ဆုံးမတတ်ကုန်သောရဟန်းတို့တွင်။ မဟာကဿပေါ၊သည်။ ဒိဗ္ဗစက္ခုကာနံ၊ ဒိဗ္ဗစက္ခုဉာဏ်ရ ရဟန်းတို့တွင်။အနုရုဒ္ဓေါ၊သည်။ဥစ္စာကုလိကာနံ၊အမျိုးမြတ်ကုန်သော ရဟန်းတို့တွင်။ ကာဠိဂေါဓာယ၊ ကာဠိဂေါဓာမင်းသမီး၏။ ပုတ္တော၊သားဖြစ်သော။ဘဒ္ဒိယော၊ ဘဒ္ဒိယသည်။မဉ္ဇုဿရာနံ၊အသံသာကုန်သောရဟန်းတို့တွင်။ လကုဏ္ဍ ဘဒ္ဒိယော၊ လကုဏ္ဍ ဘဒ္ဒိယသည်။သီဟနာဒိကာနံ၊ ခြင်္သေ့သံကို ဆိုတတ်ကုန်သော ရဟန်းတို့တွင်။ ပိဏ္ဍောလဘာရဒွါဇော၊သည်။ဓမ္မကထိကာနံ၊တရားဟောတတ်ကုန်သော

ရဟာန်းတို့တွင်။မန္တာနီပုဏ္ဏော၊မန္တာနီပုဏ္ဏေားမ၏သားဖြစ်သော။ ပုဏ္ဏော၊ပုဏ္ဏာသည်၊သံခိဏ္ဍေန၊အကျဉ်းအားဖြင့်။ဘာသိတသော၊ ဟောအပ်သောပါဠိ၏။ အတ္ထံ၊အနက်ကို။ ဝိတ္ထာရေန၊အကျယ် အားဖြင့်။ ဝိဘဇ္ဇန္တာနံ၊ခွဲခြမ်းဝေဘန်တတ်ကုန်သောရဟာန်းတို့ တွင်။မဟာကစ္စာယနော၊သည်၊အဂ္ဂ-အဂ္ဂေါ၊မြတ်၏။ ။

မနောမယံ ကာယံ အဘိနိမ္မိတာနံ စူဠပန္ထကော။ စေတော ဝိဝဋ္ဋကုသလာနံ စူဠ ပန္ထကော။ ပညာဝိဝဋ္ဋကုသလာနံ မဟာ ပန္ထကော။အရဏာဝိဟာရီနံ သုဘူတိ။ဒက္ခိဏေယျာနံ သုဘူတိ။ အရညကာနံ ရေဝတော ခဒိရဝနိယော။ဈာယီနံ ကင်္ခါရေဝ တော။ အာရဒ္ဓဝိရိယာနံ သောဏော ကောဠိဝိသော။ ကလျာ ဏဝက္ကရဏာနံ သောဏော ကုဋိကဏ္ဏော။ လာဘီနံ သီဝလိ။ သဒ္ဓါဝိမုတ္တာနံ ဝက္ကလိ။ ။(ဒုတိယဝဂ်)။ ။မနောမယံ၊နှလုံး ဖြင့်ပြီးသော။ ကာယံ၊ကိုယ်ကို။ အဘိနိမ္မိတာနံ၊ဖန်ဆင်းတတ် ကုန်သောရဟာန်းတို့တွင်။စူဠပန္ထကော၊စူဠပန်သည်၊ စေတော ဝိဝဋ္ဋကုသလာနံ၊ ရူပါဝစရဈာန်၌လိမ္မာကုန်သော။ (တနည်း)။ သမာပတ်၌လိမ္မာကုန်သောရဟာန်းတို့တွင်။စူဠပန္ထကော၊စူဠပန် သည်။ ပညာဝိဝဋ္ဋကုသလာနံ၊ရူပါဝစရဈာန်၌လိမ္မာကုန်သော။ (တနည်း)။ဝိပဿနာ၌လိမ္မာကုန်သော ရဟာန်းတို့တွင်။ မဟာ ပန္ထကော၊မဟာပန်သည်၊အရဏာဝိဟာရီနံ၊ကိလေသာကင်း၍ နေကုန်သောရဟာန်းတို့တွင်။ သုဘူတိ၊သုဘူတိသည်၊ ဒက္ခိဏေ ယျာနံ၊မြတ်သောအလှူခံပုဂ္ဂိုလ်တို့တွင်။သုဘူတိ၊သုဘူတိသည်။ အရညကာနံ၊တောနေရဟာန်းတို့တွင်။ခဒိရဝနိယော၊ရှားတော ၌သီတင်းသုံးနေသော။ရေဝတော၊သည်။ဈာယီနံ၊ဈာန်ဝင်စား ကုန်သော ပုဂ္ဂိုလ်တို့တွင်။ ကင်္ခါရေဝတော၊ ကင်္ခါရေဝတ သည်။ အာရဒ္ဓဝိရိယာနံ၊ အားထုတ်သော၊ လုံ့လရှိကုန်သော ရဟာန်းတို့တွင်။ ကောဠိဝိသော၊ကုဋေနှစ်ဆယ်ထိုက်တန်သော တန်ဆာကို လှူလက်ထက်ကဆင်သော။ သောဏော၊ သည်။ ကလျာဏဝက္ကရဏာနံ၊ သာယာနာပျော်ဘွယ်ဘတ်ရွတ်တတ်

ကုန်သောရဟန်းတို့တွင်။ကုဍ္ဍိကဿေ၊လူ့လက်ထက်ကတကု
ဋေထိုက်သော နွားဈေး တန်ဆာကို ဆင်ဘူးသော။ သော
ဏော၊သောဏသည်။လာဘိနံ၊လာဘ်များကုန်သောရဟန်းတို့
တွင်။သီဝလိ၊သည်။ သဒ္ဓါဓိမုတ္တာနံ၊ဘုရား၌ ကြည်ညိုခြင်းအား
ကြီးကုန်သော ရဟန်းတို့တွင်။ ဝက္ကလိ၊ ဝက္ကလိသည်။ အဂ္ဂ-
အဂ္ဂေါ၊မြတ်၏။ ။

သိက္ခာကာမာနံ ရာဟုလော။သဒ္ဓါပဗ္ဗဇိတာနံ ရဋ္ဌပါလော။
ပဌမံ သလာကာနံ ဂဏ္ဍကုဏ္ဍာနံ ကောဏ္ဍဓာနော။ ပဋိဘာနဝန္တာနံ
ဝင်္ဂီသော။သမန္တပါသာဒိကာနံဥပသေနော၀င်္ဂန္တပုတ္တော။သေ
နာသနပညာပကာနံဒဗ္ဗောမလ္လပုတ္တော။ဒေဝတာနံပိယမနာပါနံ
ပိလိန္ဒဝစ္ဆော။ ခိပ္ပာဘိညာဏံ ဗာဟိယော ဒါရုစီရိယော။ စိတြ
ကထိကာနံကုမာရကဿပေါ။ပဋိသမ္ဘိဒါပတ္တာနံမဟာကောဋ္ဌိ
ကော။ ။(တတိယဝဂ်)။ ။သိက္ခာကာမာနံ၊ သိက္ခာသုံးပါး
ကိုအလိုရှိကုန်သော ရဟန်းတို့တွင်။ ရာဟုလော၊သည်။ သဒ္ဓါ
ပဗ္ဗဇိတာနံ၊ သဒ္ဓါ၍ ရဟန်းပြုကုန်သော ရဟန်းတို့တွင်။ ရဋ္ဌ
ပါလော၊သည်။ ပဌမံ၊ရှေးဦးစွာ။ သလာကာနံ၊ စာရေးတံကို။
ဂဏ္ဍကုဏ္ဍာနံ၊ယူကုန်သောရဟန်းတို့တွင်။ကောဏ္ဍဓာနော၊သည်။
ပဋိဘာနဝန္တာနံ၊ကဗျာဂါထာအကုံးအဘွဲ့ပညာလျင်ကုန်သော
ရဟန်းတို့တွင်။ဝင်္ဂီသော၊သည်။သမန္တပါသာဒိကာနံ၊ပရိသတ်
နှင့်တကွ ထက်ဝန်းကျင်ကြည်ညိုဘွယ်ရှိကုန်သော ရဟန်းတို့
တွင်။ ဝင်္ဂန္တပုတ္တော၊သားဖြစ်သော။ဥပသေနော၊သည်။ သေနာ
သနပညာပကာနံ၊တို့တွင်။ မလ္လပုတ္တော၊သားဖြစ်သော။ ဒဗ္ဗော၊
သည်။ ဒေဝတာနံ ပိယမနာပါနံ၊ တို့တွင်။ ပိလိန္ဒဝစ္ဆော၊သည်။
ခိပ္ပာဘိညာဏံ၊ လျင်စွာတရားရကုန်သောရဟန်းတို့တွင်။ ဗာဟိ
ယော၊ ဗာဟိယတိုင်းသားဖြစ်သော။ ဒါရုစီရိယော၊ ဒါရုစီရိယ
သည်။စိတြကထိကာနံ၊ဆန်းကြယ်သောတရားစကားကိုဆို
တတ်ကုန်သော ရဟန်းတို့တွင်။ ကုမာရကဿပေါ၊ ကုမာရ
ကဿပ မထေရ်သည်။ ပဋိသမ္ဘိဒါပတ္တာနံ၊ ပဋိသမ္ဘိဒါဉာဏ်

သို့ရောက်ကုန်သောရဟန်းတို့တွင်။မဟာကောဋ္ဌိကော၊သည်။ အင်္ဂ–အင်္ဂေါ၊မြတ်၏။ ။

ဗဟုဿုတာနံ အာနန္ဒော။ဂတိမန္တာနံအာနန္ဒော။သတိမန္တာနံအာနန္ဒော။ဓိတိမန္တာနံ အာနန္ဒော။ဥပဋ္ဌာကာနံ အာနန္ဒော။မဟာပရိသာနံ ဥရုဝေဠကဿပေါ။ကုလပ္ပသာဒကာနံ ကာဠုဒါယိ။အပ္ပာဗာဓိကာနံဗာကုလော။ပုဗ္ဗေနိဝါသာနုဿရန္တာနံသောဘိတော။ဝိနယဓရာနံ ဥပါလိ။ဘိက္ခုနောဝါဒကာနံ နန္ဒကော။ဣန္ဒြိယေသုဂုတ္တဒွါရာနံ နန္ဒော။ဘိက္ခုဩဝါဒကာနံ မဟာကပ္ပိနော။တေဇောဓာတုကုသလာနံ သာဂတော။ ပဋိဘာဏေယျကာနံ ရာဓော။ လုခစီဝရဓရာနံ မောဃရာဇာ။ ။(စတုတ္ထဝဂ်)။ ။

ဗဟုဿုတာနံ၊အကြားအမြင်များကုန်သောရဟန်းတို့တွင်။အာနန္ဒော၊သည်။ ဂတိမန္တာနံ၊ ပညာလျင်ကုန်သောရဟန်းတို့တွင်။ အာနန္ဒော၊သည်။သတိမန္တာနံ၊သတိမြဲကုန်သောရဟန်းတို့တွင်။ အာနန္ဒော၊သည်။ဓိတိမန္တာနံ၊လုံ့လရှိကုန်သောရဟန်းတို့တွင်။ အာနန္ဒော၊ သည်။ ဥပဋ္ဌာကာနံ၊ ဘုရားကို လုပ်ကျွေးကုန်သော ရဟန်းတို့တွင်။အာနန္ဒော၊သည်။ မဟာပရိသာနံ၊အခြံအရံများကုန်သောရဟန်းတို့တွင်။ဥရုဝေဠကဿပေါ၊သည်။ကုလပ္ပသာဒကာနံ၊ အမျိုးကိုကြည်ညိုစေတတ်ကုန်သော ရဟန်းတို့တွင်။ ကာဠုဒါယိ၊သည်။အပ္ပာဗာဓိကာနံ၊အနာကင်းကုန်သောရဟန်းတို့တွင်။ဗါကုလော၊သည်။ပုဗ္ဗေနိဝါသံ၊ရှေး၌နေဘူးသောကိုယ်ခန္ဓာကို။အနုဿရန္တာနံ၊အောက်မေ့နိုင်ကုန်သောရဟန်းတို့တွင်။ သောဘိတော၊သည်။ဝိနယဓရာနံ၊ဝိနည်းကိုဆောင်ကုန်သော ရဟန်းတို့တွင်။ ဥပါလိ၊သည်။ ဘိက္ခုနောဝါဒကာနံ၊ ရဟန်းမိန်းမကိုဆုံးမတတ်ကုန်သော ရဟန်းတို့တွင်။ နန္ဒကော၊သည်။ ဣန္ဒြိယေသု၊ဣန္ဒြေတို့၌။ ဂုတ္တဒွါရာနံ၊လုံသောတံခါးရှိကုန်သော ရဟန်းတို့တွင်။နန္ဒော၊သည်။ဘိက္ခုဩဝါဒကာနံ၊ရဟန်းယောက်ျားကို ဆုံးမတတ်ကုန်သော ရဟန်းတို့တွင်။မဟာကပ္ပိနော၊ သည်။ တေဇောဓာတု ကုသလာနံ၊ တေဇောကသိဏ်း၌လိမ္မာ

ကုန်သောရဟန်းတို့တွင်။ သာဂတော၊သည်။ ပဋိဘာဏေယျ ကာနံ၊ဓမ္မဒေသနာအသင့်ထင်တတ်ကုန်သော ရဟန်းတို့တွင်။ ရာဓော၊ရာဓသည်။ လုခစီဝရဓရာနံ၊ ညစ်နွမ်းခေါင်းပါးသော သင်္ကန်းကိုဆောင်တတ်ကုန်သော ရဟန်းတို့တွင်။ မောဃရာဇာ၊သည်။ အဂ္ဂ-အဂ္ဂေါ၊မြတ်၏။ ။ရဟန်းယောက်ျားဧတဒဂ် ရ(၄၀)။ ။

ဧတဒဂ္ဂံဘိက္ခဝေ မမသာဝိကာနံ ဘိက္ခုနီနံ ရတ္တညူနံ ယဒိဒံ မဟာဂေါတမီ။ မဟာပညာနံ ခေမာ။ ဣဒ္ဓိမန္တာနံ ဥပ္ပလဝဏ္ဏာ။ ဝိနယဓရီနံ ပဋာစာရာ။ဓမ္မကထိကာနံ ဓမ္မဒိန္နာ။ဈာယိနံနန္ဒာ။အာရဒ္ဓဝိရိယာနံ သောဏာ။ဒိဗ္ဗစက္ခုကာနံ ကုသလာ။ခိပ္ပာဘိညာ ဏံ ဘဒ္ဒါကုဏ္ဍလကေသာ။ပုဗ္ဗေနိဝါသံအနုဿရန္တီ နံဘဒ္ဒကာ ပိလာနီ။မဟာဘိညပ္ပတ္တာနံ ဘဒ္ဒကစ္စာနာ။လုခစီဝရဓရီနံ ကိသာ ဂေါတမီ။သဒ္ဓါဓိမုတ္တာနံသိင်္ဂါလမာတာ။ ။ဘိက္ခဝေ၊တို့။မမ၊ ငါ၏။သာဝိကာနံ၊တပည့်ဖြစ်ကုန်သော။ ရတ္တညူနံ၊ညဉ့်အပိုင်း အခြားကိုသိကုန်သော။ ဘိက္ခုနီနံ၊ရဟန်းမိန်းမတို့တွင်။ ယဒိဒံ ယော၊အယံမဟာဂေါတမီ၊အကြင်မဟာဂေါတမီသည်။ အတ္ထိ၊ ၏။တော်သော၊ဤမဟာဂေါတမီသည်။အဂ္ဂ-အဂ္ဂေါ၊မြတ်၏။ ။ မဟာပညာနံ၊ပညာကြီးကုန်သောရဟန်းမိန်းမတို့တွင်။ခေမာ၊ ခေမာသည်။ ဣဒ္ဓိမန္တာနံ၊တန်ခိုးကြီးကုန်သောရဟန်းမိန်းမတို့ တွင်။ဥပ္ပလဝဏ္ဏာ၊သည်။ဝိနယဓရီနံ၊ဝိနည်းကိုဆောင်ကုန်သော ရဟန်းမိန်းမတို့တွင်။ ပဋာစာရာ၊သည်။ ဓမ္မကထိကာနံ၊တရား ဟောတတ်သောရဟန်းမိန်းမတို့တွင်။ဓမ္မဒိန္နာ၊သည်။ ဈာယိနံ၊ ဈာန်ဝင်စားတတ်သော ရဟန်းမိန်းမတို့တွင်။ နန္ဒာ၊သည်။ အာ ရဒ္ဓဝိရိယာနံ၊အားထုတ်သောလုံ့လရှိကုန်သောရဟန်းမိန်းမတို့ တွင်။ သောဏာ၊သည်။ ဒိဗ္ဗစက္ခုကာနံ၊ ဒိဗ္ဗစက္ခုဉာဏ်ရတို့ တွင်။ ကုသလာ၊သည်။ ခိပ္ပာဘိညာဏံ၊လျင်စွာတရားကိုသိတတ် ကုန်သော ရဟန်းမိန်းမတို့တွင်။ ဘဒ္ဒါကုဏ္ဍလကေသာ၊သည်။ ပုဗ္ဗေနိဝါသံ၊ ရှေး၌နေဘူးသောကိုယ်ခန္ဓာကို။ အနုဿရန္တီနံ၊

အောက်မေ့ကုန်သောရဟန်းမိန်းမတို့တွင်။ ဘဒ္ဒါကာပိလာနီ၊ သည်။ မဟာအဘိညာပတ္တာနံ၊ကြီးမြတ်သောအဘိညာဉ်သို့ရောက်သော သူတို့တွင်။ ဘဒ္ဒကစ္စာနာ၊သည်။ လုခစီဝရဓရီနံ၊ ခေါင်းပါးသော သင်္ကန်းကို ဆောင်ကုန်သော ရဟန်းမိန်းမတို့တွင်။ ကိသဂေါတမီ၊သည်။ သဒ္ဓါဓိမုတ္တာနံ၊ သဒ္ဓါအားကြီးကုန်သော ရဟန်းမိန်းမတို့တွင်။ သိင်္ဂါလမာတာ၊ သိင်္ဂါလလုလင်၏ အမိ ရဟန်းမိန်းမသည်။အဂ္ဂ–အဂ္ဂေါ၊မြတ်၏။ ။ရဟန်းမိန်းမဧတဒဂ်ရ(၁၃)။ ။

ဧတဒဂ္ဂံဘိက္ခဝေမမ သာဝကာနံဥပါသကာနံပဌမံသရဏံဂစ္ဆန္တာနံယဒိဒံတဖုဿဘလ္လိကာ။ဒါယကာနံ သုဒတ္တောဂဟပတိ အနာထပိဏ္ဍိကော။ဓမ္မကထိကာနံ စိတ္တော ဂဟပတိ မစ္ဆိကာဝနသဏ္ဍိကော။ စတူဟိ သင်္ဂဟဝတ္ထူဟိ ပရိသံ သံဂဏှန္တာနံ ဟတ္ထကောဠဝကော။ ပဏီတဒါယကာနံ မဟာနာမော သက္ကော။ မနာပဒါယကာနံဥဂ္ဂေါဂဟပတိဝေသာလိကော။သံဃုပဋ္ဌာကာနံ ဟတ္ထိဂါမကော ဥဂ္ဂေါဂဟပတိ။အဝစ္စပ္ပသန္နာနံ သုရမ္ဗဋ္ဌော။ပုဂ္ဂလပသန္နာနံဇီဝကောကောမာရဘစ္စော။ဝိဿာသိကာနံနကုလပိတာဟဂပတိ။ ။ဘိက္ခဝေ၊တို့။မမ၊၏။သာဝကာနံ၊သော။ပဌမံ၊ရှေးဦးစွာ။ သရဏံ၊ကိုးကွယ်ရာဟူ၍။ဂစ္ဆန္တံ–ဂစ္ဆန္တာနံ၊ဆည်းကပ်ကုန်သော။ ဥပါသကာနံ၊ဒါယကာတို့တွင်။ ယဒိဒံ–ယေ ဣမေ တဖုဿ ဘလ္လိကာ၊ အကြင် တဖုဿ,ဘလ္လိကတို့သည်။အဂ္ဂံအဂ္ဂေါ၊၏။ဒါယကာနံ၊လှူတတ်ကုန်သောသူတို့တွင်။ သုဒတ္တော၊ငယ်မည်သုဒတ္တတွင်သော။ အနာထပိဏ္ဍိကောဂဟပတိ၊ အနာထပိဏ်သူကြွယ်သည်။ ဓမ္မကထိကာနံ၊တရားဟောတတ်သော သူတို့တွင်။ မစ္ဆိကာဝန သဏ္ဍိကော၊ မစ္ဆိကာဝနသဏ္ဍ၌နေသော။စိတ္တောဂဟပတိ၊စိတ္တသူကြွယ်သည်။ စတူဟိ သင်္ဂဟဝတ္ထူဟိ၊သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့်။ ပရိသံ၊ပရိသတ်ကို။ သံဂဏှန္တာနံ၊သင်္ဂြိုဟ်တတ်ကုန်သောသူတို့တွင်။ ဟတ္ထကောဠဝကော၊ ဟတ္ထကောဠဝကသည်။ ပဏီတဒါယကာနံ၊ လှူဘွယ်

ဝတ္ထု၊အမြတ်အကောင်းတို့ကိုပေးလှူတတ်ကုန်သောသူတို့တွင်။
မဟာနာမောသက္ကော၊ မဟာနံသာကီဝင်မင်းသည်။ မနာပဒါ
ယကာနံ၊ နှစ်သက်ဘွယ်သောဝတ္ထု၊ကို ပေးလှူတတ်ကုန်သော
သူတို့တွင်။ ဝေသာလိကော၊ဝေသာလီ၌နေသော။ ဥဂ္ဂေါဂဟ
ပတိ၊ ဥဂ္ဂသူကြွယ်သည်။ သံဃုပဋ္ဌာကာနံ၊ သံဃာကိုလုပ်ကျွေး
ကုန်သောသူတို့တွင်။ဟတ္ထိဂါမကော၊ဟတ္ထိရွာ၌နေသော။ဥဂ္ဂေါ
ဂဟပတိ၊ ဥဂ္ဂသူကြွယ်သည်။ အဝေစ္စပ္ပသန္နာနံ၊ မတုန်မလှုပ်နေ
တတ်ကုန်သော သူတို့တွင်။ သုရမ္ဗဋ္ဌော၊ သုရမ္ဗဋ်သည်။ ပုဂ္ဂလ
ပသန္နာနံ၊ပုဂ္ဂိုလ်ကိုကြည်ညိုတတ်ကုန်သောသူတို့တွင်။ ကော
မာရဘစ္စော၊ အဘယမင်း၏သားဖြစ်သော။ ဇီဝကော၊ ဇီဝက
သည်။ ဝိဿာသိကာနံ၊အကျွမ်းဝင်ကုန်သောသူတို့တွင်။နကုလ
ပိတာ ဂဟပတိ၊ နကုလလုလင်၏ အဘသူကြွယ်သည်။ အဂ္ဂ-
အဂ္ဂေါ၊မြတ်၏။ ။လူယောက်ျားဌာနတေဒဂ်ရ(တကျိပ်)။ ။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ပဌမံ သရဏံ
ဂစ္ဆန္တီနံ ယဒိဒံ သုဇာတာ သေနနိဂမာနံ။ ဒါယိကာနံ ဝိသာခါ
မိဂါရမာတာ။ဗဟုဿုတာနံ ခုဇ္ဇုတ္တရာ။မေတ္တာဝိဟာရီနံ သာ
မာဝတီ။ဈာယီနံ ဥတ္တရာ နန္ဒမာတာ။ပဏီတဒါယိကာနံ သုပ္ပဝါ
သာ ကောလိယဓီတာ။ဂိလာနုပဋ္ဌာကာနံ သုပ္ပိယာ ဥပါသိကာ။
အဝေစ္စပ္ပသန္နာနံ ကာတိယာနီ။ ဝိဿာသိကာနံ နကုလမာတာ။
အနုဿဝပသန္နာနံ ကာဠီဥပါသိကာ ကုလဃရိကာ။ ။ဘိက္ခ
ဝေ၊တို့။ မမ၊၏။ သာဝိကာနံ၊သော။ ပဌမံ၊ရှေးဦးစွာ။ သရဏံ၊
ကိုးကွယ်ရာဟူ၍။ ဂစ္ဆန္တီနံ-ဂစ္ဆန္တီနာနံ၊ ဆည်းကပ်ကုန်သော။
ဥပါသိကာနံ၊ဒါယိကာမတို့တွင်။ သေနနိဂမာနံ၊သေနနိဂုံး၌နေ
သော။ယဒိဒံယာဧသောသုဇာတာ၊အကြင်သုဇာတာသည်။အတ္ထိ၊
၏။ ဧတံသော၊ ဤသုဇာတာသည်။ အဂ္ဂံအဂ္ဂေါ၊၏။ ဒါယိကာနံ၊
အလှူပေးတတ်ကုန်သော ဒါယိကာမတို့တွင်။ မိဂါရ မာတာ၊
မိဂါရသေဋ္ဌေး၏-အမိဟုတွင်သော။ဝိသာခါ၊သည်။ ဗဟုဿု
တာနံ၊ တရားကျမ်းဂန်အကြားအမြင်များသော ဒါယိကာမတို့

တွင်။ ခုဇ္ဇုတ္တရာ၊ သည်။ မေတ္တာဝိဟာရိနံ၊ မေတ္တာဖြင့် နေကုန်သော ဒါယိကာမတို့တွင်။ သာမာဝတီ၊ သည်။ ဈာယိနံ၊ ဈာန်ဝင်စားကုန်သော ဒါယိကာမတို့တွင်။ နန္ဒမာတာ၊ နန္ဒလုလင်၏ အမိဖြစ်သော။ ဥတ္တရာ၊ သည်။ ပဏီတဒါယိကာနံ၊ လှူဘွယ်ဝတ္ထုအကောင်းအမြတ်ကိုပေးလှူတတ်ကုန်သောဒါယိကာမတို့တွင်။ ကောလိယဓီတာ၊ ကောလိယမင်းသမီးဖြစ်သော။ သုပ္ပဝါသာ၊ သည်။ ဂိလာနုပဋ္ဌာကာနံ၊ နာသောရဟန်းတို့ကိုလုပ်ကျွေးတတ်ကုန်သော ဒါယိကာမတို့တွင်။ သုပ္ပိယာ ဥပါသိကာ၊ သုပ္ပိယာဒါယိကာမသည်။ အဝေစ္စပ္ပသန္နာနံ၊ မတုန်မလှုပ်သက်၍ ကြည်ညိုတတ်ကုန်သောဒါယိကာမတို့တွင်။ ကာတိယာနီ၊ သည်။ ဝိဿာသိကာနံ၊ အကျွမ်းဝင်ကုန်သော ဒါယိကာမတို့တွင်။ နကုလမာတာ၊ နကုလလုလင်၏အမိဖြစ်သောဒါယိကာမသည်။ အနုဿဝပသန္နာနံ၊ အဆင့် ကြား၍ ကြည်ညိုကုန်သော ဒါယိကာမတို့တွင်။ ကုလဃရိကာ၊ ကုလဃရိကမြို့၌အိမ်ထောင်ကျသော။ ကာဠီဥပါသိကာ၊ ကာဠီဒါယိကာမသည်။ အဂ္ဂံအဂ္ဂေါ၊ မြတ်၏။ ။ ဒါယိကာမိန်းမဧတဒဂ်ရ(တဆယ်)။ ။ ဧတဒဂ်ရပေါင်း(၇၃)။ ။ အင်္ဂုတ္တရဧကနိပါတ်ကျမ်း၌ဟောတော်မူသည်။ ။

အရှင်ကောဏ္ဍညသည် နေ့ညဥ့်အပိုင်းအခြားကိုသိတတ်သည့် အရာ၌ဧတဒဂ်ရလေသည်ကား။ ရဟန္တာပုဂ္ဂိုလ်ဟူသမျှမှာညဥ့်, နေ့ အပိုင်းအခြားထင်ရှားကုန်သော်လည်း၊ အရှင်ကောဏ္ဍညမှာ သူခပ်သိမ်းတို့၏ရှေးဦးစွာ ရဟန္တာဖြစ်သည်။ သို့ဖြစ်၍၊ သူခပ်သိမ်းတို့ထက် ရှည်မြင့်စွာကာလပတ်လုံးသိတတ်သောကြောင့် ဧတဒဂ်ရလေသည်။ ။

ရှင်သာရိပုတြာသည် ပညာကြီးသောအရာ၌ဧတဒဂ်ရလေသည်ကား။ ဂင်္ဂါမြစ်ကြီးအပြင်၌ သဲလုံးတို့ကိုရေတွက်သည်ရှိသော်၊ ရေတွက်ခြင်းငှါ တတ်နိုင်ရာ၏။ အရှင် သာရိပုတြာ၏ ပညာကို မရေတွက်နိုင်ရာ။ မဟာသမုဒြာ၌ ထမ်းပိုးရေပွက်တို့ကိုရေတွက်သော်လည်း ရေတွက်နိုင်ရာ၏။ ရှင်သာရိပုတြာ၏

ပညာကို မရေတွက်နိုင်ရာ။ ဟိမဝန္တာတောသုံးထောင်၊ မဟာသရုဒြာလေးစင်း၌ရှိသော သဲမှုန့်တို့ကို တချ မကျန် ရေတွက်သော်လည်း ရေတွက်နိုင်ရာ၏။ ရှင်သာရိပုတြာ၏ ပညာကို မရေတွက်နိုင်ရာဟူ၍ အပဒါန်ကျမ်း၌ဆိုသည်။ ။သည်ကိုရည်၍ ဟဏ္ဍိပါလင်္ဂ၌။ ။ဂင်္ဂါမြစ်လျှား။ ကမ်းနားတက်ရုန့်။ သဲးမှုန့်ယက်ထုတ်။ သမုဒ်မြစ်ရေ။ ဤမြေအလုံး။ တွက်ချုံးမမှု။ အဆဆလျှင်။ ဥာဏာတုရှုံး။ သျှူထက်ကဲသည်။ ။ရုံမြဲးနေမှတ်လကျာတည်း။ ဟူ၍ စပ်လေသည်။ ဘုရားသဗ္ဗညုတဦးကိုထား၍၊ လောက၌ပညာရှိသူလူ,နတ်,ဗြဟ္မာ,ရဟန္တာအပေါင်းတို့၏ ပညာကိုတစု၊ ရှင်သာရိပုတြာ၏ ပညာတော်ကိုတစုပြု၍ နှိုင်းယှဉ်သော်လည်း၊ သတ္တဝါအပေါင်းတို့၏ပညာသည် ရှင်သာရိပုတြာ၏ပညာကို တဆဲ့ခြောက်စိတ်စိတ်၍ တစိတ်ကို တဖန်တဆဲ့ခြောက်စိတ်စိတ်ပြန်သော်လည်း တစိတ်ကိုမျှမတူဟူ၍ ဝိသုဒ္ဓိမဂ်ကျမ်း၌ ဆိုသည်။ သည်ကိုရည်၍ ဆုတောင်းခဏ်း၌။ ။သတ္တနိကာယ်။ လူ့ရပ်ဝယ်၌။ ရွေးချယ်အလွတ်။ ပညာထွတ်ဟု။ မှတ်ပြီးသသူ။ ထိုမျှလူနှင့်။ နှစ်ဆူပြိုင်တွေး။ ရည်တူသွေးလည်း။ အလေးနိမ့်ကျ။ ဆဲ့ခြော်ဆထက်။ လက်ရတိုးလွန်။ သူမတန်တည့်။ ။ဟူ၍စပ်လေသည်။ ဤသို့လျှင်ပညာအားဖြင့် ဘုရားမှတပါးအတုမရှိသောကြောင့်ဧတဒဂ်ရလေသည်။ ။

ရှင်မောဂ္ဂလာန်သည်တန်းခိုးအရာ၌ဧတဒဂ်ရလေသည်ကား။ အမြင့်ယူဇနာခုနစ်ရာရှိသောသိကြားမင်း၏ဝေဇယန္တာပြာသာဒ်ကိုခြေမဖျားဖြင့်အော်ထက်ပြောင်းပြန်၊ လန်လှုဘနန်းရှိအောင်လှုပ်နိုင်သည်။ နှစ်သိန်းလေးသောင်းအဘုရှိသော မဟာပထဝီမြေကြီးကိုလက်တဘက်ဖြင့် သူငယ်တို့ကစားသောလှည်းဘီးငယ်ကိုကဲ့သို့။ အသာလှန်၍ မြေ၌ရှိသော သတ္တဝါအပေါင်းကိုလက်ဝါးတဘက်ပေါ်၌ ထားနိုင်သည်။ ယူဇနာ ရှစ်သောင်းလေးထောင်၊ နှစ်ပြန်ဆောင်သောမြင်းမိုရ်တောင်ကိုသွားကြားဖြင့် ချပ်ကာသွားနိုင်သည်။ သည်အရာများမှာရှင်မောဂ္ဂလာန်မှ

တပါး၊ရှင်သာရိပုတြာ,ရှင်မဟာကဿပ-အစရှိသောအသီတိသာဝကတို့သည်လည်း တတ်နိုင်သည်ချည်းပင်။ နန္ဒော ပနန္ဒနဂါးကို ဆုံးမသောအခါ၊ နဂါးသည် မြင်းမိုရ်တောင်ကို ခုနစ်ထပ်ပတ်၍၊တောင်ထိပ်ကိုအုပ်လျက်ပါးပျဉ်းဖြန့်၍နေသည်ကို၊ ရှင်မောဂ္ဂလာန်သည် နဂါးယောင်ဘန်ဆင်းပြီးသော်၊ ထိုနဂါး၏ အပေါ်၌တဆဲ့လေးထပ်ပတ်၍နဂါးပါးပျဉ်းထက်နှစ်ဆတက်၊ ပါးပျဉ်းဖြန့်၍ နဂါးကိုမြင်းမိုရ်တောင်ဖြင့်ကြိတ်သည်။လကျာနားပေါက်ကဝင်၍-လက်ဝဲနားပေါက်ကထွက်သည်။ လက်ဝဲနားပေါက်ကဝင်၍-လကျာနားပေါက်ကထွက်သည်။လကျာနှာခေါင်းမှသည်-လက်ဝဲနှာခေါင်းသို့။လက်ဝဲနှာခေါင်းမှသည်-လကျာနှာခေါင်းသို့ဝင်၍ ထွက်သည်။ ခံတွင်းကဝင်၍-ဝမ်းတွင်း၌ စင်္ကြံကြွသွားသည်။သည်အရာများမှာရှင်မောဂ္ဂလာန်မှတပါး အသီတိသာဝကတို့ တတ်နိုင်သည်ချည်းပင်။ ခံတွင်းမှထွက်၍ နဂါးရှေ့တွင် ရပ်သောအခါ၊နဂါးနှာခေါင်းလေလွှတ်သည်ကို၊စတုတ္ထဈာန်ကိုဝင်စားခြင်း၌လျင်မြန်လှသောကြောင့်၊ နှာခေါင်းလေသည် ကိုယ်မွေးတချောင်းကိုမျှ မလှုပ်စေနိုင် ရှိသည်။ သည်အရာကို၊ရှင်သာရိပုတြာစသောအသီတိသာဝကတို့သည် မတတ်နိုင်ချေ။ ရှင်မောဂ္ဂလာန် တဦးသာ တတ်နိုင်သည်။ထို့ကြောင့်တန်းခိုးအရာ၌ဧတဒဂ်ရလေသည်။ ။

ရှင်မဟာကဿပသည် ဓုတင်အရာ၌ ဧတဒဂ်ရလေသည်ကား။တပါးသောအရိယာရဟန္တာတို့သည်ဓုတင်ကျင့်ဆောက်တည်သော်လည်း၊အမြဲမဆောက်တည်ကုန်။ ။တရံရောအခါ ရှင်သာရိပုတြာသည် တပည့်ပဋ္ဌင်းငယ်တဦး ရွာတွင်းသို့ ဝင်လေသည့်အခိုက်၊မွန်းတည့်ခါနီးအောင်မျှ မလာသောကြောင့်၊ ပဋ္ဌင်းငယ်အစုမ္မံကို ဘုဉ်းပေးနှင့်သည်။ ပဋ္ဌင်းငယ်လည်း မွန်းမတည့်မီပင်ရောက်ပြန်လာလျှင်၊သင့်အစုမ္မံကို ငါစားနှင့်သည် ဟုပြောဆိုသည်။ထိုပဋ္ဌင်းငယ်သည်ဝမ်းမြောက်ဝမ်းသာသော စကားကို မဆိုပါလေ။ ကောင်းသော အရသာကို ဘယ်သူ

မကြိုက်ဘဲရှိမည်နည်းဟု မနှစ်သက်သောစကားကို ဆိုဘိ၏။ အရှင်သာရိပုတြာသည်၊ မှိုကိုစားမိသောကြောင့်ဒါအပြစ်တင်ခံရချေသည်ဟု ပရိနိဗ္ဗာန်ပြုသည့်တိုင်အောင် မှိုကို မစားဘဲရှောင်လေ၏။ ထိုအခါမှစ၍ "မှိုမစား-ရှင်သာရိပုတြာ"ဟုတွင်လေ၏။ ဤသို့လျှင်တပါးသောအရိယာပုဂ္ဂိုလ်တို့သည်၊ ရဟင်ကိုအမြဲ မဆောက်တည်ကုန်။ ရှင်မဟာကဿပသည်ကား၊ ကိုယ်လည်းရတင်ကိုအမြဲဆောက်တည်သည်။ သူတပါးကိုလည်းရတင်ဖြင့်ဆုံးမသည်။ ထို့ကြောင့် ရတင်အရာ၌ ဧတဒဂ်ရလေသည်။

ရှင်အနုရုဒ္ဓါသည်ဒိဗ္ဗစက္ခုဉာဏ်အရာ၌ဧတဒဂ်ရလေသည်ကား။ [ဒိဗ္ဗစက္ခုဉာဏ်ဟူသည်ကား။ မုန်ညင်းသီးစေ့ကိုမြင်းမိုရ်တောင်ဖြင့်အုပ်၍ ထားသော်လည်း လက်ဝါးပြင်၌တင်၍ထားသော သျှိသျှားသီးကိုကဲ့သို့ မြင်နိုင်သော ဉာဏ်ကိုဆိုသည်]။ ထို ဒိဗ္ဗစက္ခုဉာဏ်ကို အသီတိသာဝကတို့လည်း ရကြသည်ချည်းပင်။ သို့ရာတွင် အရှင်အနုရုဒ္ဓါမှာ ဆွမ်းစားစဉ်အခါသာလပ်တော့သည်။ အခါခပ်သိမ်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ဘုံသုံးပါး၌သတ္တဝါကိုမညှံမစဲအောင်မြင်သည်။ သို့ဖြစ်၍ သူတပါးထက်လွန်ကျူး ပွန်းတီးသောကြောင့် ဧတဒဂ်ရလေသည်။ ဉာဏ်အမြင်မှာသူတပါးနှင့်အတူတူပင်။ ။

ရှင်ဘဒ္ဒိယသည်အမျိုးမြတ်သည့်အရာ၌ဧတဒဂ်ရလေသည်ကား။ အမိဖြစ်သော ကာဠီဂေါဓာမင်းသမီးသည် သာကီဝင်မင်းမျိုး အပေါင်းတို့တွင် အရွယ်အားဖြင့် ကြီးသည်။ အရှင်ဘဒ္ဒိယသည်လည်း၊ ရပြီးသော မင်းစည်းစိမ်ကိုစွန့်၍ ရဟန်းပြုသည်။ ထို့ကြောင့် ဧတဒဂ်ရလေသည်။ တကြောင်းလည်း၊ ဘဝမခြားငါးရာတိုင်တိုင်မင်းချည်းဖြစ်ဘူးသောကြောင့်အမျိုးမြတ်သောအရာ၌ဧတဒဂ်ရလေသည်။ ။

ရှင်လကုဏ္ဍကဘဒ္ဒိယသည် အသံသာသည့် အရာ၌ ဧတဒဂ်ရလေသည်ကား။ ကရဝိက်ငှက်မင်း-ဗြဟ္မာမင်းကဲ့သို့။ ဘုရားမှတပါး အတူမရှိသောကြောင့်ဧတဒဂ်ရလေသည်။ ။

ရှင်ပိဏ္ဍောလဘာရဒွါဇသည်မကြောက်မရွံ့ခြင်းသံကဲ့သို့ဆိုတတ်သည့်အရာ၌ ဧတဒဂ်ရလေသည်ကား။ အရဟတ္တဖိုလ်သို့ရောက်သည့်နေ့၌၊ သံကောက်ကို ကိုင်လျက် တကျောင်းမှ၊ တကျောင်းထက်သို့ တက်သက်သွားလာလျက်၊ မဂ်၌ဖြင်း၊ဖိုလ်၌ဖြင်း ယုံမှားရှိသောသူသည် ငါ့ကိုမေးကြဟုမကြောက်မရွံ့ခြင်းသံကို ဆိုလျက် လည်သည်။ ဘုရား သခင့် ရှေ့တော်၌လည်း၊ အရှင် ဘုရား၊ သာသနာတော်၌ ပြုဘွယ်ကိစ္စသည် အကျွန်ုပ်အားအပြီးသို့ရောက်ပါပြီဟူ၍ ခြင်းသံကိုဆိုသည်။ ထိုကြောင့်ဧတဒဂ်ရလေသည်။ ။

ရှင်ပုဏ္ဏသည်တရားဟောသောအရာ၌ဧတဒဂ်ရလေသည်ကား။ ဆယ်ပါးသောကထာဝတ္ထုကိုမလွှတ်မူ၍ တရားဟောတတ်သည်။ နောက်အခါ၌ ရှင်သာရိပုတြာမေး၍မူလပဏ္ဏာသကျမ်း၌။ ရထဝိနီတသုတ်ကိုဟောရာတွင် ဧတဒဂ်ရလေသည်။

အရှင်မဟာကစ္စည်းသည်အကျဉ်းဟောသည်ကိုအကျယ်ဖွင့်တတ်သည့်အရာ၌ ဧတဒဂ်ရလေသည်ကား။ တပါးသောအရိယာတို့မှာ ဘုရားအကျဉ်း ဟောတော်မူသည်ကို အနက်အားဖြင့်သော်လည်း အကျယ်ဖွင့်နိုင်၏။ သဒ္ဒါအားဖြင့်သော်ကား အနက်သဒ္ဒါ နှစ်ပါး ပါအောင် မဖွင့်နိုင်။ အရှင်မဟာကစ္စည်းမူကား၊ အနက်သဒ္ဒါနှစ်ပါး ပါအောင် ဖွင့်နိုင်သည်။ နောက်အခါ-မူလပဏ္ဏာသကျမ်း၌မဓုပိဏ္ဍိကသုတ်။ ခန္ဓဝါရဒိသံယုတ်ကျမ်း၌ ကစ္စာယန ပေယျာလ။ မဇ္ဈိမပဏ္ဏာသကျမ်း၌ ပါရာယနသုတ်။ သည်သုံးသုတ်ကိုဟောရာတွင် ဧတဒဂ်ရလေသည်ဟု အင်္ဂုတ္တရအဋ္ဌကထာ၌ဆိုသည်။ အပဒါန်အဋ္ဌကထာ၌ကား၊ သဒ္ဒါကျမ်း။ မဟာနိရုတ္တိကျမ်း။ နေတ္တိကျမ်း။ သည်-၃-ကျမ်းကိုစီရင်ရာတွင်ဧတဒဂ်ရလေသည်။ ။

ရှင်စူဠပန်သည် နှလုံးဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းရာ၌ဧတဒဂ်ရလေသည်ကား။ တပါးသောသာဝကတို့သည် နှလုံးဖြင့်ပြီးသောကိုယ်ကိုဖန်ဆင်းသည်မှာသုံးယောက်လေးယော်

သာဘန်ဆင်းသည်။အများမဘန်ဆင်းကုန်။အတူတချက်တည်း သာဘန်ဆင်းနိုင်သည်။ အကွဲမဘန်ဆင်းကုန်။ အမှုတခုတည်း ပြုဟန်သာ ဘန်ဆင်းသည်။ အမှုအထူးထူးပြုဟန် မဘန်ဆင်း ကုန်။ရှင်ဗုဒ္ဓပန်သည်ကား၊အာဝဇ္ဇန်းတချက်တည်းဖြင့် ရဟန်း တထောင်ဘန်ဆင်းသည်။ တယောက်နှင့် တယောက်ကို မတူ အောင် ဘန်ဆင်းသည်။ အမှုအထူးထူးပြုဟန်ဘန်ဆင်းသည်။ ထို့ကြောင့်ဧတဒဂ်ရလေသည်။ ။

ရှင်မဟာပန်သည်၊ ပညာဝိဝဋ္ဋအရာ၌ ဧတဒဂ်ရလေသည် ကား။ရူပါဝစရဈာန်၌အထူးလိမ္မာသောကြောင့် ဧတဒဂ်ရလေ သည်။တနည်းလည်း၊ဝိပဿနာအရာအထူး၌လိမ္မာသောကြောင့် ဧတဒဂ်ရလေသည်။ ။

အရှင်သုဘူတိမထေရ်သည် ကိလေသာကင်း၍ နေသော အရာ။ မြတ်သောအလှူခံပုဂ္ဂိုလ်အရာ။ သည်-၂-ချက်၌ လိမ္မာ သောကြောင့် ဧတဒဂ်ရလေသည်ကား။ တပါးပါးသော သာ ဝကတို့မှာတရားဟောကုန်သည်ရှိသော်၊ပုဂ္ဂိုလ်ကိုရည်မှတ်၍ ချီးမွမ်းခြင်း၊ကဲ့ရဲ့ခြင်းကိုပြု၍ ဟောကုန်သည်။ရှင်သုဘူတိထေရ် မှာမူကား၊မရည်မမှတ်ဘဲဘုရားဟောတော်မူသောဝိနယနည်း ဖြင့်သာဟောတော်မူလေသည်။ထို့ကြောင့်ကိလေသာကင်း၍ နေခြင်း၌ဧတဒဂ်ရ လေသည်။ဆွမ်းခံသည်ရှိသော်လည်း အလှူ ပေးသော ပုဂ္ဂိုလ်တို့အား အကျိုး ကြီးလေအောင်၊ ဒိမ်တိုင်း မေတ္တာဈာန်ကိုဝင်စား၍ ဆွမ်းခံသည်။ထို့ကြောင့် မြတ်သော အလှူခံပုဂ္ဂိုလ်အရာ၌ဧတဒဂ်ရ လေသည်။ ။

ရွာ:တောနေ-ရှင်ရေဝတသည် အရညကင်အရာ၌ဧတဒဂ် ရလေသည်ကား။တပါးသောရဟန်းတို့မှာ တောနေကုန်သည် ရှိသော်၊ နေရာ၏သင့်တင့်ခြင်း။ ဆွမ်းခံရွာ၏ သင့်တင့်ခြင်းကို ဆင်ခြင်၍နေကုန်သည်။ ရှင်ရေဝတမူကား၊ထိုနှစ်ပါးကိုမဆင် ခြင်မူ၍၊ ကြမ်းကြမ်းထမ်းထမ်း ကျောက်ခဲ ကျောက်ဆစ်များ သော မြေမြီးမညီမညွတ် ရွာ:တော၌ သီတင်းသုံးနေသည်။ထို

ကြောင့် အရည်ကင်အရာ၌ဧတဒဂ်ရလေသည်။ဤအရှင်ရေဝ
တသည်၊ရှင်သာရိပုတြာ၏ညီအထွေးဆုံးတည်း။ ။

ရှင်ကင်္ခါရေဝတသည် ဈာန်ဝင်စားခြင်း အရာ၌ ဧတဒဂ်ရလေသည်ကား။ မြတ်စွာဘုရားကို ထား၍ သူခပ်သိမ်းထက် အကြိမ်အဖန် များစွာ ဈာန်ဝင်စား၍သာနေသည်။ သို့ဖြစ်၍ သူခပ်သိမ်းထက်လေ့ကျက်ပွန်းတီးသောကြောင့်ဧတဒဂ်ရလေသည်။ ။

ရှင်ကောဠိဝိသသောဏသည်လည်း လုံ့လ အားထုတ်ရာ၌ ဧတဒဂ်ရလေသည်ကား။ရှင်ကောဠိဝိသသောဏသည် စမ္ပာမြို့၌ကြွယ်ဝသောသူဌေး၏တယောက်တည်းသောသားဖြစ်၍၊ မိဘတို့သည် ချစ်မြတ်နိုးလှသောကြောင့် မြေတွင် ခြေမနင်းရ၊ ကမ္ဗလာပေါ်တွင်သာကြီးသောကြောင့် လက်ဖဝါးခြေဖဝါးတို့သည်အမွေးရေ၁်ကုန်သည်။ထမင်းတလုပ်လျှင် တသိန်းတန်စားသည်။အရွယ်သို့ရော၁်လျှင်ပြာသာဒ်သုံးဆောင်၌ အရွယ်တူ အဆင်းနှင့်ပြည့်စုံသောသတို့သမီးအပေါင်းခြံရံလျက် ယောက်ကျားမရောနှောသောစည်စောင်းငြင်းဖြင့်မွေ့လျော်၍နေသည်။ ဘုရားတရားကိုကြားနာရာတွင် သဒ္ဓါ၍ရဟန်းပြုသည်။ စင်္ကြံသွား၍ရဟန်းတရားကိုအားထုတ်သည့်အခါ၊ခြေလက်သိမ်မွေ့သည်နှင့် လုံ့လအားထုတ်ခြင်းပြင်းသောကြောင့် ခြေဖဝါးတို့သည် နွားခေါင်းကို ဖျက်သကဲ့သို့ သွေးခြင်းခြင်းဖြာဖြာယိုစီးကုန်သည်။ခြေဖဝါးမထောက်နိုင်လျှင်၊တွား၍စင်္ကြံသွားလျက် ရဟန်းတရားကိုအားထုတ်ပြန်သည်။ပုဆစ်ဒူးတတောင်ဆစ်တို့မှ သွေးသံခြင်းခြင်းယွက်ပြန်သည်။ထိုအကြောင်းကို ဘုရားသိတော်မူ၍၊ဝီရိယကိုသမာဓိနှင့်မျှစေရာသည်ဟုဟောတော်မူရာတွင်မှ၊ ပဋိသမ္ဘိဒါဉာဏ်လေးပါး၊ အဘိညာဉ်ခြော၁်ပါးနှင့်တကွ ရဟန္တာဖြစ်လေသည်။ဤသို့လျှင် သူတပါးမှာ လုံ့လကိုတိုးစေရသည်။ ရှင်ကောဠိဝိသသောဏမှာ လုံ့လကို လျှော့ပင်လျှော့စေရပြန်သည်။ထို့ကြောင့်လုံ့လအရာ၌ဧတဒဂ်ရလေသည်။

ရှင်ကုဋ္ဋိကဏ္ဏသောဏသည်၊ သာယာနာပျော်ဘွယ် ဘတ်ရွတ်တတ်သည့်အရာ၌ဧတဒဂ်ရလေသည်ကား။ တရံရောအခါ ရှင်ကုဋ္ဋိကဏ္ဏသောဏသည် ဂန္ဓကုဋ္ဋိထဲတွင်ဘုရားရှင့်အပါး၌ အိပ်ရသည်။ ဘုရားရှင် တိုက်တွန်း တော်မူ၍၊ သုတ္တနိပါတ်ကျမ်း၌ အဋ္ဌကဝဂ်ကို ဘုရားရှေ့တော်တွင် ရွတ်အံသရဇ္ဈာယ်ရသည်။ မနှေးလွန်း၊ မလျင်လွန်း၊ ပုဒ် အက္ခရာ သိသာခြားနားသည်။ နာပျော်ဘွယ်ရှိသည်။ ထက်ဝန်းကျင် ကြည်ညိုဘွယ်ရှိသည်ဖြစ်၍ ဘုရားသခင် သာဓုတော်ပေးတော်မူသည်။ စကြဝဠာတသောင်း၊နတ်အပေါင်းတို့သည့်သာဓုခေါ်၍ပူဇော်ကုန်သည်။သို့ဖြစ်၍ဧတဒဂ်ရလေသည်။ ။

ရှင်သိဝလိသည်လာဘ်များသောအရာ၌ဧတဒဂ်ရလေသည်ကား။ဘုရားသခင်မှတပါး ရှင်သိဝလိကိုတူ၍ လာဘ်များသည့်သူမရှိ။တရံရောအခါကိုယ်၏ဘုန်း,ကောင်းမှုကိုစူးစမ်းလိုသောကြောင့်၊ရဟန်းငါးရာကိုခေါ်၍ဒေသစာရီကြွသွားသည်။ရှေးဦးစွာပညောင်ပင်ကြီးကိုတွေ့သည်။ နတ်တို့သည် ခုနစ်ရက်ပတ်လုံး အထူးထူးသောနတ်၏ဩဇာ အရသာတို့ဖြင့် ပူဇော်ကုန်သည်။နှစ်ကြိမ်မြော် ဂင်္ဂါမြစ်ကို။သုံးကြိမ်မြော် အစိရဝတီမြစ်ကို။လေးကြိမ်မြော်သရဘူကို။ငါးကြိမ်မြော်ဟိမဝန္တာကို။ခြော်ကြိမ်မြောက် ဆဒ္ဒန်အိုင်ကို။ခုနစ်ကြိမ်မြောက် ဂန္ဓမာဒနတောင်ကိုတွေ့သည်။ ခုနစ်ရပ်တို့၌ နတ်တို့သည်၊ အထူးထူးသော ခဲဘွယ် စားဘွယ်တို့ဖြင့် ခုနစ်ရက်ပတ်လုံး လှူဒါန်း ပူဇော်ကုန်သည်။ တရံရောအခါ ရှင်သိဝလိနှင့်တကွ ရဟန္တာငါးရာခြံရံလျက် ရှားတောနေရှင်ရေဝတဆီသို့ တောကြောင်းခရီးဖြင့် ယူဇနာသုံးဆယ်ကွာကိုကြွတော်မူသည်၊တယူဇနာတယူဇနာအရပ်၌နတ်တို့သည်မြို့ဘန်ဆင်း၍ ဈေးကျင်းပလျက်၊တို့အရှင်သိဝလိ လာပေပြီဟု ဝမ်းမြောက်ဝမ်းသာ လှူဒါန်း ပူဇော်ကုန်သည်။သည်ကိုအကြောင်းပြု၍ဧတဒဂ်ရလေသည်။ ။

ရှင်ဝက္ကလိသည်၊သဒ္ဓါအားကြီးသည့်အရာ၌ ဧတဒဂ်ရလေ

သည်ကား။ ရဟန်းပြုသည့်အခါမှစ၍ ဆွမ်းစားသည့်အခါပင် လပ်တော့သည်။ အခါခပ်သိမ်း ဘုရားသခင့် အဆင်းတော်ကို မြင်ရာအရပ်၌သာ နေ၍ ရဟန်းတရားတော်ကို နှလုံးမှာသွင်း ပြီးလျှင် ဘုရားရှင်ကို ကြည့်၍သာ နေသည်။ ဘုရားရှင်လည်း ဉာဏ်မရင့်မိငံ့တော်မူ၍၊ ဉာဏ်ရင့်ချိန်အခါတန်၍ နှင်တော်မူ လိုက်သည်။ ရှင်ဝက္ကလိလည်း ငါသည် ဘုရားရှင်ကိုမမြင်ရပြီ။ ရှင်ရသည်ထက်၊ သေရသော် ကောင်း၏ဟု ဂိဇ္ဈကုဋ်တောင် ကမ်းပါးပြတ်၌ ဆင်း၍ သေတော့မည်ဟူ၍ တောင်ထက်သို့ တက်လေသည်။ ဘုရားရှင်သည်း၊ ဝေဠုဝန်ကျောင်းတော်၌နေ တော်မူလျက်၊ ရောင်ခြည်တော်ကိုလွှတ်၍၊ ဝက္ကလိ၊လာခဲ့လော့ ဟုခေါ်တော်မူသည်။ ရှင်ဝက္ကလိလည်း ရောင်ခြည်တော်ကိုမြင် ၍အသံတော်ကိုကြားရလျှင်။အဆုံးမရှိပီတိသောမနသဟ္ဂါး၍ သွားရမည့်ခရီးကိုမသိပြီ။ကောင်းကင်သို့ပြေးဆင်းမိလေသည်။ တောင်ထိပ်က ခြေမလွှတ်မီ သတိရ၍ ပဋိသမ္ဘိဒါဉာဏ်လေး ပါးနှင့်တကွရဟန္တာဖြစ်၍ ဘုရားကိုရှိခိုးလျက်သက်လာသည်။ ဤသို့လျှင် သူတပါးမှာ၊ သဒ္ဓါကိုပွါးစေရသည်။ ရှင်ဝက္ကလိမှာ၊ လျှော့ပင်လျှော့စေရသည်ဖြစ်၍ သဒ္ဓါအားကြီးလှသောအရာ၌ ဧတဒဂ်ရလေသည်။ ။

ရှင်ရာဟုလာသည်သိက္ခာသုံးပါးကိုအလိုရှိသည့်အရာ၌ဧတ ဒဂ်ရလေသည်ကား။ နံနက်ထလျှင် သဲကိုလက်ချပ်ပြည့်အောင် ယူ၍ဆရာဥပဇ္ဈာယ်၏အထံမှာသဲလုံးအရေအတွက်ခန့်အဆုံး အမကိုခံရပါလို၏ဟု မပြတ်တောင့်တသည်။ဆုံးမတိုင်း လိုက် နာသည်။ထို့ကြောင့်ဧတဒဂ်ရလေသည်။ ။

ရှင်ရဋ္ဌပါလသည် သဒ္ဓါ၍ရဟန်းပြုသည့်အရာ၌ဧတဒဂ်ရ လေသည်ကား၊ ကြွယ်ဝစွာသော သေဋ္ဌေးသားဖြစ်၍ အရွယ် လည်းပျိုနုသည်။အရွယ်တူအဆင်းနှင့်ပြည့်စုံသောသမီးကညာ အပေါင်းခြံရံလျက်ကာမစည်းစိမ်ကိုခံစား၍နေသည်။သို့လျက် ဘုရားသခင့်တရားတော်ကိုတကြိမ်ကြားနာရလျှင်ရဟန်းပြုလို

သည်ဟူ၍မိဘတို့ကိုခွင့်တောင်းသည်။ခွင့်မလွှတ်သောကြောင့် ခုနစ်ရက် အစာအာဟာရကိုမစားဘဲ ရဟန်းမပြုရလျှင် သေတော့မည်ဟူ၍နေမှ ရဟန်းပြုရသည်။ ထိုကြောင့် ဧတဒဂ်ရလေသည်။ ။

ရှင်ကောဏ္ဍဓာနသည် ရှေးဦးစွာ စာရေးတံယူရာ၌ ဧတဒဂ်ရလေသည်ကား။ မြတ်စွာဘုရားသည်၊မဟာသုဘဒ္ဒါက ဘိတ်သောကြောင့်ဥဂ္ဂမြို့သို့ကြွတော်မူသောအခါ၊ယခုမြတ်စွာဘုရားသည် ဝေးသောအရပ်သို့ ကောင်းကင်ခရီးဖြင့်ကြွတော်မူမည်ဖြစ်သောကြောင့်၊ပုထုဇဉ်ရဟန်းကိုစာရေးတံမယူလင့်။ရဟန္တာတို့ကိုသာစာရေးတံယူကြဟုဆိုသည်ကို။ခြင်္သေ့သံကိုကြုံးဝါးလျက် ရှေးဦးစွာ စာရေးတံကိုယူသည်။စူဠသုဘဒ္ဒါကဘိတ်၍သာကေတမြို့သို့ ကြွတော်မူသောအခါ၌လည်း တကြိမ်။ သုနာပရန္တတိုင်းသို့ကြွတော်မူသောအခါ၌လည်းတကြိမ်။ရှေးဦးစွာစာရေးတံကိုယူသည်။ထိုကြောင့်ဧတဒဂ်ရလေသည်။ ။

ရှင်ဝင်္ဂီသသည်ကဗျာဂါထာအကုံးအသီပညာလျင်သည့်အရာ၌ ဧတဒဂ်ရလေသည်ကား။ ဘုရားသခင့်အထံသို့ ဆည်းကပ်သည်ရှိသော်။ ဘုရားသခင်ကိုမြင်ရာအရပ်မှစ၍၊လ-နေ-ဥပမာ။ ကောင်းကင်။ သမုဒ္ဒရာ။ဆဒ္ဒန်။ ကေသရာဇာ-ဥပမာတို့ဖြင့်နှိုင်းခိုင်း၍ အရာမကအထောင်မကသောပုဒ်တို့ဖြင့် ဘုရားဂုဏ်ကျေးဇူးတော်တို့ကို ချီးမွမ်းလျက် ဆည်းကပ်သည်။ မကြံမစည် တခဏခြင်း၌ဂါထာဖွဲ့သီနိုင်သည်။ထိုကြောင့် ဧတဒဂ်ရလေသည်။ ။

ရှင်ဥပသေနသည် ထက်ဝန်းကျင်ကြည်ညိုဘွယ်ရှိရာ၌ဧတဒဂ်ရလေသည်ကား။ကိုယ်လည်းသီလအာစာရဂုဏ်နွှေအားဖြင့်ကြည်ညိုဘွယ်ရှိသည်။ အခြံအရံ တပည့်များလည်း ကြည်ညိုဘွယ်ရှိသည်။ထိုကြောင့်ဧတဒဂ်ရလေသည်။ ။

ရှင်ဒဗ္ဗသည် အိပ်ရာနေရာခင်းတတ်သည့်အရာ၌ ဧတဒဂ်ရလေသည်ကား။ ရာဇဂြိုဟ်ပြည်၌ ကျောင်းကြီး တဆဲ့ရှစ်ရပ်ရှိ

သည်။ရှင်ဒဗ္ဗသည် ထိုတဆဲ့ရှစ်ရပ်တို့၌တံမြက်မလှည်းမိသော ကျောင်း။မသုတ်သင်မိသော ညောင်စောင်းအင်းပျဉ်။မတည်မိသော သောက်ရေ-သုံးဆောင်ရေဟူ၍မရှိ။အလုံးစုံကို အစေ့အစပ်ပြုမိလေသည်ချည်း။ အချိန်မတော် ညအခါမှ အာဂန္တုရောက်လာသော်လည်း လက်ညှိုးကိုဆီမီးပြု၍ အနီးအဝေး အထူးထူးသောကျောင်းစရပ်တို့၌ များစွာသော ရဟန်းတို့အား ကိုယ်ပွါးဘန်ဆင်း၍ တချက်တည်းနေရာခင်းနိုင်သည်။ သော်ရေ သုံးဆောင်ရေ တည်နိုင်သည်။ ထိုကြောင့် ဧတဒဂ်ရလေသည်။ ။

ရှင်ပိလိန္ဒဝစ္ဆသည် နတ်တို့ချစ်မြတ်နိုးအပ်သည့်အရာ၌ဧတဒဂ်ရလေသည့်ကား။ ဘုရားမဖြစ်မီအခါ၌ စကြာမင်းဖြစ်၍၊လူအပေါင်းအားပဉ္စသီလတင်း၌တည်အောင်ဆုံးမသောကြောင့်၊ လူအပေါင်းသည် နတ်ရွာသို့အလားများကြကုန်သည်။ ထိုနတ်တို့သည်ရှေးကျေးဇူးကိုအောက်မေ့၍ ရှင်ပိလိန္ဒဝစ္ဆအားညနံနက်မပြတ်ရှိခိုးပူဇော်ပြုကုန်သည်။ထိုကြောင့်ဧတဒဂ်ရလေသည်။

ရှင်ဒါရုစိရိယသည် လျင်စွာတရားကိုသိတတ်သည့်အရာ၌ ဧတဒဂ် ရလေသည်ကား။ ဘုရားသခင် ဟောတော်မူသော၊ အကျဉ်းမျှသောတရားတော်ကိုကြားနာရလျှင်အထူးမဆင်ခြင်ရလေပြီ။ မဂ်လေးတန်ကိုအစဉ်အတိုင်းကျ၍ ရဟန္တာဖြစ်လေသည်။ထိုကြောင့်ဧတဒဂ်ရလေသည်။ ။

ရှင်ကုမာရကဿပသည် ဆန်းကြယ်သောစကားကို ဆိုတတ်သည့်အရာ၌ဧတဒဂ်ရလေသည်ကား။ တရားစကားပြောဟောသည်ရှိသော်၊ အထူးထူးအဆန်းဆန်းသော ပုံစံဥပမာ၊ အထွေထွေအပြားပြားသောအကြောင်းယုတ္တိတို့ဖြင့်ဆောင်၍ ဆိုတတ်သည်။ ကိုယ်၏စကား အပိုင်းအခြား၊ သူတပါးတို့၏ စကားအပိုင်းအခြားကိုသိတတ်သည်။ရှေ့ဆိုရမည့်စကား။နောက်ဆိုရမည့်စကား၌လိမ္မာသည်။စကားတောင်း၊စကားလိုက်တတ်သည်။သူတပါး၏စကားဖြင့်-သူတပါးတို့မလှုပ်ရှားနိုင်အောင်

ပင် လှန်ပြန်၍ဆိုနိုင်သည်။ ။တရံရောအခါ သာဝတ္ထိပြည်၏ ကျေးလက်၊ သေတဗျမြို့ကို ပိုင်စားအစိုးရသော ရာဇညမင်း သည်၊ ပစ္စုပ္ပန်လောက၊တမလွန်လောကလည်းမရှိ။ ကောင်းမှု မကောင်းမှုလည်း အကျိုးမရှိဟူ၍ မိစ္ဆာဒိဋ္ဌိကိုယူသည့်အရာ၌ လည်းလိမ္မာပွန်းတီးလှသည်။စဉ်းလဲစဉ်းစားမယာကာရလည်း နိုင်လှသည်။ ထိုမင်းကို အထူးထူးသောပုံစံဥပမာ၊အထွေထွေ သောအကြောင်းယုတ္တိတို့ဖြင့်မလှုပ်မရှားနိုင်အောင်ဆို၍ သုတ် မဟာဝါကျမ်း၌ ပါရာသိရာဇညသုတ်ကို ဟောသည်။ ထိုမင်း လည်း မိစ္ဆာဒိဋ္ဌိအယူမှကင်းလေသည်ကိုအကြောင်းပြု၍ ဧတ ဒဂ်ရလေသည်။ ။

ရှင်မဟာကောဋ္ဌိကလည်း ပဋိသမ္ဘိဒါဉာဏ်အရာ၌ဧတဒဂ် ရလေသည်ကား။ ပဋိသမ္ဘိဒါဉာဏ်အရာ၌ မပြတ် လေ့ကျက် သည်။ မဟာသာဝကတို့ကိုဖြစ်စေ။ ဘုရားသဗ္ဗညုကိုဖြစ်စေ မေးမြန်းဩျောက်ထားသည်ရှိသော်၊ပဋိသမ္ဘိဒါဉာဏ်နှင့်စပ်၍ မေးမြန်းဩျောက်ထားသည်၊ထို့ကြောင့်ဧတဒဂ်ရလေသည်။

ရှင်အာနန္ဒာသည် တရားကျမ်းဂန်အကြားအမြင်များသည်။ သတိမြဲသည်။ ပညာလျင်သည်။ လုံ့လရှိသည်။အလုပ်အကျွေး ကောင်းသည်။ ဤငါးချက်၌ ဧတဒဂ် ရလေသည်ကား။ တပါး သောအသိတိသာဝကတို့သည်လည်းပိဋကတ်သုံးပုံကိုဆောင် ရွက်ကုန်သည်။ သတိမြဲကုန်သည်။ ပညာလျင်ကုန်သည်။ လုံ့လ ရှိကုန်သည်။အလုပ်အကျွေးကောင်းကုန်သည်ချည်းပင်။ သို့ရာ တွင် ရှင်အာနန္ဒာမှာ တရားကျမ်းဂန်ကို သင်ကြား လေ့ကျက် ဆောင်ရွက်ပို့သသည်ရှိသော်၊ ကိုယ်ကျိုးကိုသာမငဲ့မူ၍၊ သာ သနာတော်၏ အရှည်တည်စေခြင်းကိုသာ ငဲ့၍ သင်ကြားလေ့ ကျက်ဆောင်ရွက်ပို့သလေသည်။ထို့ကြောင့်အကြားအမြင်များ သည့်အရာ၌ဧတဒဂ်ရလေသည်။ ဘုရားစကားတော်ကိုဆောင် ရွက်သောသတိသည်လည်း၊ သူတပါးထက် အထူးသာလွန်၍ အားကြီးသည်။ထို့ကြောင့် သတိမြဲသောအရာ၌ ဧတဒဂ်ရလေ

သည်။တပဝါးတည်း၌ ရပ်၍ ဂါထာတသောင်းငါးထောင်၊ပုဒ် ခြောက်သောင်းတို့ကို တခဏခြင်း သင်ကြား ရွတ်အံနိုင်သည်။ ထို့ကြောင့်အသင်အကြားပညာလျင်သောအရာ၌ဧတဒဂ်ရလေ သည်။ ဘုရား့စကားတော်ကိုသင်ကြားခြင်း၊ သရဇ္ဈာယ်ခြင်း၊ ဘုရားအားလုပ်ကျွေးခြင်းလုံ့လသည်လည်းသူတပါးထက်ပြင်း စွာအားထုတ်သည်။ထို့ကြောင့် လုံ့လရှိသောအရာ၌ ဧတဒဂ်ရ လေသည်။သူတပါးတို့သည်ဘုရားအားလုပ်ကျွေးသည်ရှိသော် ဘုရားသခင်၏စိတ်နှလုံးတော်ကို ယူကျုံးဘိသကဲ့သို့ရှိအောင် မလုပ်ကျွေးနိုင်။အာနန္ဒာမူကား ဘုရားရှင်၏စိတ်နှလုံးကိုယူကျုံး ဘိသကဲ့သို့ရှိအောင်လုပ်ကျွေးနိုင်သည်။နေ့အခါ၌လည်းအလုံး စုံသောဝတ်ကို တခုမကျန် မပြတ်မလပ်ပြုသည်။ ညဉ့်အခါ၌ လည်း ဆီမီးတိုင်ကိုကိုင်၍ ဂန္ဓကုဋိကို တညဉ့်ကိုးကြိမ်လှည့် သည်။ ထို့ကြောင့်အလုပ်အကျွေးကောင်းသည့်အရာ၌ ဧတဒဂ် ရလေသည်။ ။

ရှင်ဥရုဝေဠကဿပသည်အခြံအရံများသည့်အရာ၌ဧတဒဂ် ရလေသည်ကား။ ဘုရား့အထံ၌ရဟန်းပြုစကပင် တထောင် အခြံအရံပါသည်။ ရဟန်းဖြစ်၍များမကြာမီပင်လည်း၊ ဘုရား အထံသို့ရောက်လာသည်။ တထောင်တို့တွင်၊တယောက်တယော် သည်တယောက်စီရဟန်းပြုစေလျှင်၊ ရဟန်းနှစ်ထောင် အခြံ အရံရှိသည်။ နှစ်ယောက်စီ ရဟန်းပြုစေလျှင်၊ သုံးထောင်အခြံ အရံရှိသည်။ထို့ကြောင့်အခြံအရံများသည့်အရာ၌ဧတဒဂ်ရလေ သည်။ ။

ရှင်ကာဠုဒါယီသည် အမျိုးကိုကြည်ညိုစေတတ်သည့် အ ရာ၌ဧတဒဂ်ရလေသည်ကား။ဘုရားရှင်ကိုမမြင်မီကပင်၊ဘုရား့ ဂုဏ်ကျေးဇူးကိုပြောဟော၍၊သာကီဝင်မင်းမျိုးအပေါင်း၊ရှစ် သောင်းကို ကြည်ညို စေနိုင်သည်။ ထို့ကြောင့် ဧတဒဂ်ရလေ သည်။ ။

ရှင်ဗာကုလသည် အနာကင်းသော အရာ၌ ဧတဒဂ်ရလေ

သည်ကား။ ရှင်ဗာကုလသည် လူစည်းစိမ်ကို စံစားလျက် အသက်ရှစ်ဆယ်နေသည်။ တဖန်ရဟန်းပြုလျှင်လည်း၊ အဝါရှစ်ဆယ်နေရသည်။ အသက်တရာ့ခြောက်ဆယ်ရှည်သည်။ထိုမျှသောကာလပတ်လုံး၊ကိုယ်တွင်တဆံခြည်ရောက်ရုံမျှ အနာမရှိဘူး။ အယုတ်သဖြင့် သန်းခြင်း၊ချေဆတ်ခြင်းမျှမရှိ။ ထို့ကြောင့် ဧတဒဂ်ရလေသည်။ ။

ရှင်သောဘိတသည် ပုဗ္ဗေနိဝါသ ဉာဏ်အရာ၌ ဧတဒဂ်ရလေသည်ကား။တပါးသောအသိတိသာဝကတို့သည်လည်း ပုဗ္ဗေနိဝါသဉာဏ်ကိုရ၍ ရှေးနေလေဘူးသောဘဝကိုအောက်မေ့နိုင်သည်ချည်းပင်။ သို့ရာတွင် အရှင်သောဘိတမှာ ကမ္ဘာငါးရာတို့ကို အသညသတ်ဘုံ၌ စိတ်မရှိသောပဋိသန္ဓေဖြစ်ဘူးသည်ကို နည်းယူသောအားဖြင့် တချက်တည်းအောက်မေ့နိုင်သည်။ သည်အရာသည် ကောင်းကင်၌ ခြေရာ ပြဘိသကဲ့သို့ခဲယဉ်းလှသည်။ထို့ကြောင့်ဧတဒဂ်ရလေသည်။ ။

ရှင်ဥပါလိသည် ဝိနည်းဆောင်သောအရာ၌ ဧတဒဂ်ရလေသည်ကား။ရှင်ဥပါလိသည်ဘုရားအထံ၌သင်၍ ဝိနည်းပိဋကတ်ကို အကုန် ဆောင်ရွက်သည်။ ဝိနည်း သိက္ခာပုဒ် သည်ကား ခဲယဉ်းလှသည်။ ဝိနည်း သိက္ခာပုဒ်ကို ပညတ်မည် မဆိုနှင့်ဦး။ ပညတ်အံ့သောအခါကိုမျှ၊သာမညသာဝကကိုမဆိုထား၍။ရှင်သာရိပုတြာအစရှိသောသူတို့ပင်သော်လည်း မသိနိုင်ရှိသည်။ ထိုသို့လျက် အာယု ကန္တက ဝတ္ထု။ အစ္စုက ဝတ္ထု။ ကုမာရကဿပ ဝတ္ထုတည်းဟူသောဝိနည်းဝတ္ထုသုံးပါးတို့ကိုသဗ္ဗညုတညာဏ်ဖြင့် နှီးနှော၍ အလိုလိုဆုံးဖြတ်နိုင်သည်။ ထို့ကြောင့် ဧတဒဂ်ရလေသည်။ ။

ရှင်နန္ဒသည်၊ ရဟန်းမိန်းမတို့ကို ဆုံးမတတ်သည့်အရာ၌ ဧတဒဂ် ရလေသည်ကား။ တနေရာ တစည်း တဝေးတည်း၌ ရဟန်းမိန်းမငါးရာတို့ကိုတချက်တည်းအရဟတ္တဖိုလ်သို့ရောက်အောင်ဆုံးမနိုင်သည်။ထို့ကြောင့်ဧတဒဂ်ရလေသည်။ ။

ညီတော်ရှင်နန္ဒသည်ဆူးခြွေစောင့်စည်းသောအရာ၌ဧတဒဂ်ရလေသည်ကား။ ဘုရားတပည့်သား သာဝကဟူသမျှသည်၊ ဆူးခြွေစောင့်စည်းသည်ချည်းပင်။ မစောင့်စည်းသသူဟူ၍ပင်မရှိ။ သို့ရာတွင် ညီတော်ရှင်နန္ဒမှာ အရပ်ဆယ်မျက်နှာတို့ကိုကြည့်လိုသည်ရှိသော်။သမ္ပဇဉ်လေးပါးတို့ဖြင့်ပိုင်းခြား၍ကြည့်သည်။တရံတခါမျှ သမ္ပဇဉ်လေးပါးကိုလွှတ်၍ ကြည့်ဘူးသည်ဟူ၍မရှိ။ထို့ကြောင့်ဧတဒဂ်ရလေသည်။ ။

ရှင်မဟာကပ္ပိနသည် ရဟန်းယောကျ်ားတို့ကို ဆုံးမတတ်သည့်အရာ၌ဧတဒဂ်ရလေသည်ကား။တနေ့ရာတစည်းတဝေးတည်း၌ ရဟန်းယောကျ်ား တထောင်တို့ကို တချက်တည်းအရဟတ္တဖိုလ်သို့ရောက်အောင်ဆုံးမနိုင်သည်။ထို့ကြောင့်ဧတဒဂ်ရလေသည်။ ။

[ ရှင်သာဂတသည် တေဇော ကသိုဏ်းကို ဝင်စားသည့်အရာ၌ ဧတဒဂ်ရလေသည်ကား။ ရှင်သာဂတသည် တေဇောကသိုဏ်းကိုသူတပါးထက်အစဉ်မပြတ်လေ့လာသောကြောင့်ဧတဒဂ်ရလေသည် ]၊ ။

ရှင်ရာဓသည် ဒေသနာသစ်ထင်တတ်သည့်အရာ၌ ဧတဒဂ်ရလေသည်ကား။ အလေ့အလာ ပါသနာကိုစွဲ၍ တကြောင်း။ သက်၍ ကြည်ညိုသည်ကိုစွဲ၍ တကြောင်း။ ရှင်ရာဓမထေရ်အားဘုရားသခင့်ဒေသနာတော်သည်အသစ်အသစ်ဖြစ်၍ထင်လာသည်။ထို့ကြောင့်ဧတဒဂ်ရလေသည်။ ။

ရှင်မောဃရာဇသည် ညစ်နွမ်း ခေါင်းပါးသော သင်္ကန်းကိုဆောင်ရာ၌ ဧတဒဂ်ရလေသည်ကား။အဝတ်မှာလည်းအမှိုက်တံမြက်ချေးရစသည်တို့၌အဝတ်နွမ်း၊အဝတ်စကိုရှာ၍ဆောင်သည်။ချုပ်သည်မှာလည်း၊ချည်တို-ချည်စကိုရှာ၍ ချုပ်သည်။ဆိုးရည်မှာလည်း၊သူတပါးပစ်စွန့်လေပြီးသောဆိုးရည်ခေါက်ကို ကြို၍ ဆိုးသည်။ ဤသို့လျှင် သုံးပါးသော ခေါင်းပါးခြင်းနှင့်

ပြည့်စုံသောပံသုကူသက်နီးကိုဆောင်သည်။ထို့ကြောင့်တေဒဂ်ရလေသည်။ ။(ရဟန်းယောကျ်ားတေဒဂ်ရပြီး၏)။ ။

မိထွေးတော်မဟာပဇာပတိဂေါတမီသည် နေ့ညဥ့်အပိုင်းအခြားကိုသိတတ်သည့်အရာ၌တေဒဂ်ရလေသည်ကား။ရဟန်းမိန်းမအပေါင်းတို့တွင်ဂေါတမီသည်ရှေးဦးစွာရဟန်းပြုသည်။မဂ်တရား, ဖိုလ်တရားကိုလည်း ရှေးဦးစွာ ရသည်။ ထို့ဖြစ်၍ တပါးသော ရဟန်းမိန်းမတို့ထက် ရှည်မြင့်စွာကာလပတ်လုံး နေ့ညဥ့် အပိုင်းအခြားကိုသိတတ်သောကြောင့် တေဒဂ်ရလေသည်။ ။

ခေမာသည်ပညာကြီးသည့်အရာ၌တေဒဂ်ရလေသည်ကား။ဘုရားတရားတော်ကို တကြိမ် ကြားနာရလျှင် ရဟန်း မပြုမီလူမိန်းမလက်ထက်ကပင်ရဟန္တာဖြစ်၍ ပညာကြီးသောအဖြစ်ထင်ရှားသည်။ ရဟန်းမိန်းမအပေါင်းတို့တွင်လည်း၊ပညာအားဖြင့် အတုမရှိဖြစ်သည်။ ကောသလမင်း-အစရှိသောသူတို့၏ အထူးထူးသော အမေးပုစ္ဆာပြဿနာတို့ကိုဖြေရာတွင်လည်း၊ အထူးထင်ရှားပြန်သည်။ထို့ကြောင့်တေဒဂ်ရလေသည်။ ။

ဥပ္ပလဝဏ်သည် တန်းခိုးအရာ၌ တေဒဂ်ရလေသည်ကား။ ရဟန်းမိန်းမအပေါင်းတို့တွင်၊အတုမရှိထူးခြားသာလွန်၍လျင်မြန်စွာ တန်းခိုးဘန်ဆင်းနိုင်သည်။ ဘုရားရှင်ယမိုက်ပြာဋိဟာပြခါ၌၊ အရှင်ဘုရား၊ တန်းခိုးပြတော်မမူပါနှင့်တော့။ အကျွန်ုပ်သည် အလျား တဆဲ့နှစ်ယူဇနာ။ အနံ တဆဲ့နှစ်ယူဇနာ။ အဝန်းသုံးဆဲ့ခြောက်ယူဇနာ။ ဗိုလ်ထုနှင့်တကွ စကြာမင်းအဟန်ဘန်ဆင်း၍ ခြေတော်ကိုဦးတိုက်ပါမည်ဟုလျှောက်ရာတွင်တေဒဂ်ရလေသည်။ ။

ပဋာစာရီသည် ဝိနည်းဆောင်သောအရာ၌ တေဒဂ်ရလေသည်ကား။ရဟန်းပြု၍မျှားမကြာမီ၊ရဟန္တာဖြစ်လျှင်။ပိဋကတ်သုံးပုံကို သင်ကြားလေ့ကျက် ဆောင်ရွက်သည်။ အထူးအား

ဖြင့် ဝိနည်းပိဋကတ်၌ သူတပါးထက် သာလွန်၍ လေ့ကျက်သည်။ထို့ကြောင့်ဧတဒဂ်ရ လေသည်။ ။

ဓမ္မဒိန္နာသည်တရားဟောသောအရာ၌ဧတဒဂ်ရလေသည်ကား။အဘိဓမ္မာပိဋကတ်၌ လေ့လာကျွမ်းကျင်သည်။တရံရောအခါ၊ဝိသာခါအမည်ရှိသောဒါယကာမ မေးလျှောက်ရာတွင်၊အထူးထူးသောနည်းတို့ဖြင့်၊ နက်နဲသိမ်မွေ့သောမူလပဏ္ဏာသကျမ်း၌ စူဠဝေဒလ္လသုတ်ကို ဟောရာတွင်၊ ငါဘုရားပင်ဟောတော် မူသော်လည်း သည်အတိုင်းပင် ဟောရတော့မည်ဟုကောင်းချီးပေးတော်မူ၍ဧတဒဂ်ရလေသည်။ ။

နန္ဒာသည် ဈာန်ဝင်စားသော အရာ၌ ဧတဒဂ်ရလေသည်ကား။မပြတ်မလပ်အခါခပ်သိမ်းဈာန်ဝင်စားလေ့ရှိသည်ဖြစ်၍သူတပါးထက်လေ့ကျက်ပွန်းတီးသောကြောင့် ဧတဒဂ်ရလေသည်။ ။

သောဏာသည် လုံ့လအားထုတ်သည့်အရာ၌ဧတဒဂ်ရလေသည်ကား။သောဏာသည် အသက်ကြီးရင့်မှ ရဟန်းပြုသည်။ဝတ်ကိုမသိဟု ရဟန်းမိန်းမတို့ဒဏ်ပေးရာတွင်၊သံဝေဂရ၍၊နေလေရာရာ၊ရပ်လေရာရာခပ်သိမ်းသောအရပ်၊ခပ်သိမ်းသောအခါ၌ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကိုစီးဖြန်းအားထုတ်၍မကြာမီရဟန္တာအဖြစ်သို့ ရောက်လျှင်၊ လုံ့လကြီးသော အဖြစ်သည်ထင်ရှားလေသည်။ထို့ကြောင့်ဧတဒဂ်ရ လေသည်။ ။

ကုသလာသည်ဒိဗ္ဗစက္ခုဉာဏ်အရာ၌ ဧတဒဂ်ရလေသည်ကား။ဒိဗ္ဗစက္ခုဉာဏ်၌ သူခပ်သိမ်းတို့ထက်သာလွန်၍ မပြတ်လေ့ကျက်သည်။ထို့ကြောင့်ဧတဒဂ်ရ လေသည်။ ။

ဘဒ္ဒါကုဏ္ဍလကေသာသည်လျင်စွာတရားကိုသိတတ်သောအရာ၌ ဧတဒဂ်ရ လေသည်ကား။အက္ခရာရှစ်လုံးသော် တပဒ၊လေးပဒရှိသောဂါထာကိုကြားနာရသောအခါ၌ အဘိညာဉ်ခြောက်ပါး။ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ရောက်လေသည်။ထို့ကြောင့် ဧတဒဂ်ရလေသည်။ ။

ဘဒ္ဒကာပိလာနီသည် ပုဗ္ဗေနိဝါသဉာဏ် အရာ၌ ဧတဒဂ် ရလေသည်ကား။ ပုဗ္ဗေနိဝါသဉာဏ်၌သူခပ်သိမ်းတို့ထက်သာလွန်၍ လေ့ကျက်ပွန်းတီးသောကြောင့်ဧတဒဂ်ရလေသည်။ ။

ဘဒ္ဒကစ္စာနာသည် ဉာဏ်အမြင်ကြီးသည့်အရာ၌ ဧတဒဂ် ရလေသည်ကား။ တပါးသောရဟန်းမိန်းမတို့မှာ၊ ကမ္ဘာတသိန်းသာ အောက်မေ့နိုင် ည်။ ဘဒ္ဒကစ္စာနာမှာမူကား၊ ထက် ယ်တည်နေလျက်တကြိမ်သာဆင်ခြင်ခြင်းဖြင့်၊ တသင်္ချေနှင့်၊ ကမ္ဘာတသိန်းကိုတချက်တည်းအောက်မေ့နိုင်သည်။ ထိုကြောင့်ဧတဒဂ် ရလေသည်။ ။( ဘဒ္ဒကစ္စာနာ ဟူသည်ကား။ ရာဟုလာအမိ "ယသောဓရာ"ကိုဆိုသည် )။ ။

ကိသဂေါတမီသည် ညစ်နွမ်းခေါင်းပါးသော သင်္ကန်းကို ဆောင်ရာ၌ဧတဒဂ်ရလေသည်ကား။ မြောစရာဇ ထေရ်ကဲ့သို့။ သုံးပါးသောညစ်နွမ်းခေါင်းပါးခြင်းနှင့်ပြည့်စုံသော သင်္ကန်းကို ဆောင်သောကြောင့်ဧတဒဂ်ရလေသည်။ ။

သိင်္ဂါလမာတာသည် သဒ္ဓါအားကြီးသည့်အရာ၌ဧတဒဂ်ရလေသည်ကား။ ရဟန်းပြုသည်မှစ၍ သဒ္ဓိန္ဒြေသည်သူခပ်သိမ်းတို့ထက် သာလွန်သည်။ တရားနာရန် ကျောင်းသို့သွားသည်ရှိသော်၊ မြတ်စွာဘုရားကိုယ်တော်မြတ်၏ ပြည့်စုံခြင်းကိုရှု၍မပြီး၊ သဒ္ဓါမြတ်နိုးသည်။ သဒ္ဓိန္ဒြေကိုပင်အကြီးပြု၍ ရဟန္တာအဖြစ်သို့ ရောက်သည်။ ထိုကြောင့် ဧတဒဂ်ရလေသည်။ ။ (ရဟန်းမိန်းမဧတဒဂ်ရ တဆဲ့သုံးပြီး၏)။ ။

တဖုဿဘလ္လိကကုန်သည်ညီနောင်နှစ်ဦးတို့သည်၊ ရှေးဦးစွာသရဏဂုံဆောက်တည်ရာ၌ ဧတဒဂ်ရလေသည်ကား။ သဗ္ဗညုသုံးလှူအထွတ် မြတ်စွာဘုရားသည်၊ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ သတ္တသတ္တာဟလေးဆဲ့ကိုးရက်အလွန်၌၊ လင်းလွန်းပင်ရင်းဝယ် သီတင်းသုံး၍ နေတော်မူသောအခါ၊ မုံ့ဆုပ်ပျားဆွမ်းလှူ၍၊ ဒွေဝါစိကသရဏဂုံကို ဆောက်တည်ကုန်သည်။

ထိုသို့ သူခပ်သိမ်းတို့၏ ရှေးဦးစွာ သရဏဂုံကို ဆောက်တည်ရသောကြောင့်တေဒဂ်ရလေသည်။ ။

အနာထပိဏ်သေဋ္ဌေးသည် ပေးလှူတတ်သည့်အရာ၌ တေဒဂ်ရလေသည်ကား။ ရာဇဂြိုဟ်ပြည်သို့သွားရာတွင်ဘုရားသခင်ကိုတွေ့၍ သာဝတ္ထိပြည်သို့ကြွတော်မူပါမည့်အကြောင်းကိုပင့်ဘိတ်ခဲ့သည်။ သာဝတ္ထိနှင့် ရာဇဂြိုဟ်သည်၊ လေးဆဲ့ငါးယူဇနာကွာသည်။ တယူဇနာ,တယူဇနာ၏အကြား၌ ကျောင်းဆောက်၍ တသိန်းကုန်လှူဒါန်းပူဇော်သည်။ သာဝတ္ထိပြည်သို့မရောက်မီပင်၊ လေးသန်းငါးသိန်းသောဥစ္စာတို့ကိုပေးလှူသည်။ သာဝတ္ထိပြည်သို့ရောက်လျှင်ဇေတဝန်ကျောင်းရာမြေကိုတဆဲ့ရှစ်ကုဋေသောဥစ္စာတို့ဖြင့်ပေး၍၊ ဇေတဝန်ကျောင်းတော်ကို တဆဲ့ရှစ်ကုဋေကုန်သော ဥစ္စာတို့ဖြင့် ဆောက်လုပ်၍၊ ကျောင်းလှူဒါန်းပူဇော်သောအခါလည်း၊ နေ့တိုင်းမပြတ်စာရေးတံဆွမ်း-ငါးရာ။ ပက္ခဆွမ်း-ငါးရာ။ စာရေးတံယာဂု-ငါးရာ။ ပက္ခယာဂု-ငါးရာ။ အမြဲဆွမ်းဝတ်-ငါးရာ။ အာဂန္တုကဆွမ်း-ငါးရာ။ ဂမိကဆွမ်း-ငါးရာ။ သူနာဆွမ်းဝတ်-ငါးရာ။ သူနာကိုလုပ်ကျွေးသောဆွမ်း-ငါးရာ။ အမြဲလှူဒါန်းပူဇော်သည်။ အိမ်ဦး၌နေရာခင်းငါးရာမပြတ်ခင်း၍ထားသည်။ ကျောင်းသို့ တနေ့သုံးခါ မပြတ်ဆည်းကပ်သည်။ နံနက်အခါ ယာဂုမပြတ်ယူခဲ့သည်။ နေ့လယ်အခါ ဆွမ်းခဲဘွယ်မုံ့ပဲမပြတ်ယူခဲ့သည်။ ညဥ့်အခါ ပန်းနံ့သာ,သကာ,ထောပတ် မပြတ်ယူခဲ့သည်။ ရတနာသုံးပါးတို့အား လှူဒါန်းပူဇော်၍ မရောင့်ရဲနိုင်၊ အားမရနိုင်၊ မငြီးငွေ့နိုင်ရှိသည်။ ထို့ကြောင့်၊ ပေးကမ်းလှူဒါန်းတတ်သည့်အရာ၌တေဒဂ်ရလေသည်။ ။

စိတ္တသူကြွယ်သည်တရားဟောသောအရာ၌တေဒဂ်ရလေသည်ကား။ ရုပ်တရား,နာမ်တရား,ကံထူး,ဝိပါက်အထူး၌ လိမ္မာသည်။ နောက်အခါသဒ္ဓာယတနသံယုတ်၌သုတ်ပေါင်းတဆယ်ကျော်ရှိသော စိတ္တသံယုတ်ကို ဟောရာတွင် တေဒဂ် ရလေသည်။ ။

ဟတ္ထာဠဝကသည်သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် သင်္ဂြိုဟ် တတ်သည့်အရာ၌တေဒဂ်ရလေသည်ကား။ ဘုရားသခင့်တရားတော်ကိုကြားနာရာတွင် အနာဂါမ်ဖြစ်၍၊အရိယာလူငါးရာဖြင့် မပြတ်ခြံရံလျက် သွားလာသည်။ အခြံအရံ ပရိသတ် အပေါင်းလည်း တရား၌ယဉ်ကျေးသည်ကို မြတ်စွာဘုရားမြင်တော်မူ၍ မေးတော်မူလျှင်၊ သင်္ဂဟဝတ္ထု လေးပါးဖြင့် ပရိသတ်၏ စိတ်နှလုံးကို ယူကျုံးဘိသကဲ့သို့ သင်္ဂြိုဟ် ထောက်ပံ့ရကြောင်းကို လျှောက်ကြားရာတွင်တေဒဂ်ရလေသည်။ ။

မဟာနာမ်သာကီဝင်သည် အခါမပြတ် အမြတ်အကောင်း ပေးလှူတတ်သည့်အရာ၌ တေဒဂ် ရလေသည်ကား။ ဘုရားရှင်သည် ဝေရဥ္စပြည်၌ဝါဆိုတော်မူပြီး၍ ဒေသစာရီလည့်တော်မူသည်ရှိသော်။ကပိလဝတ်ပြည်သို့ရောက်၍၊ နိဂြောဓာရုံကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ၊ မဟာနာမ်သည် ဘုရားသခင်ကို လျှောက်သည်။ အရှင်ဘုရား၊ ဝေရဥ္စပြည်၌ သံဃာတော်တို့ ဆွမ်းခေါင်းပါးသည်ဟု ကြားနှံ့ပ်ကြားရသည်။ သံဃာတော်တို့အား၊ဩဇာသွင်းပါမည်ဟုတောင်းပန်၍ လေးလပတ်လုံး ကောင်းမွန် မြိန်မြတ်သော ဩဇာ အရသာရှိသော ဆွမ်းခဲဘွယ် စတုမဓု အစရှိသည်တို့ဖြင့် ရိုသေစွာလုပ်ကျွေးသည်။ တဖန် မရောင့်ရဲ၍ လေးလတောင်းပန်၍ လုပ်ကျွေးပြန်သည်။ တဖန်စိတ်မပြေ၍ လေးလတောင်းပန်ပြန်သည်။ လေးလသုံးစုပေါင်းတနှစ်ပတ်လုံးဆွမ်းခဲဘွယ်ဘောဇဉ်တို့ကိုအလွန်အကျူးအထူးအမြတ်ဩဇာအရသာရှိအောင်စီရင်၍ ရဟန်းငါးရာတို့အားတန်ပြီဟူ၍မြစ်တားရအောင်မပြတ်လုပ်ကျွေးသည်။သည့်နောင်လည်း လုပ်ကျွေးလိုပါသေးသည်ဟု တောင်းပန်၏။ဘုရားသခင်ခွင့်မပေးသောကြောင့် မလုပ်မကျွေးရရှိလေသည်။ နောင်နောက်အခါတို့၌လည်းရတနာသုံးပါးအားပေးလှူသည်ရှိသော်၊ အထူးအဆန်းအမြတ်အကောင်းကိုသာပေးလှူသည်၊ထိုကြောင့် အကောင်းအမြတ်ပေးလှူတတ်သည့်အရာ၌တေဒဂ်ရလေသည်။

ဝေသာလီမြို့နေ ဥဂ္ဂသူကြွယ်သည်၊ နှစ်သက်ရာ အမြတ်ကို ပေးလှူတတ်သည့် အရာ၌ ဧတဒဂ်ရလေသည်ကား။ တရံရောအခါ မြတ်စွာဘုရားအား ဤသို့လျှောက်သည်။ အရှင်ဘုရား၊ နှစ်သက်ဘွယ်ကိုပေးလှူသောသူသည်နှစ်သက်ဘွယ်သောအကျိုးကိုစံရသည်၊ အမြတ်ကိုပေးလှူသောသူသည်မြတ်သောအကျိုးကိုစံရသည်။ အကောင်းကိုပေးလှူတတ်သောသူသည် ကောင်းသောအကျိုးကိုစံရသည်ဟူ၍ အရှင်ဘုရား၏အထံတော်၌တရားတော်ကို အကျွန်ုပ်ကြားနာရပါသည်။ အကျွန်ုပ်ကြိုက်နှစ်သက်သောအလှူဝတ္ထုကိုပေးလှူပါမည်ဟုတောင်းပန်၍၊ ထောပတ်ဆွမ်း၊ ကာသိတိုင်းဖြစ်ပုဆိုး-အစရှိသော၊ ကိုယ်နှစ်သက်မြတ်နိုးအပ်သောဝတ္ထုကိုမပြတ်ပေးလှူသည်။ ထိုကြောင့် ဧတဒဂ်ရလေသည်။ ။

ဟတ္ထိဂါမရွာနေ ဥဂ္ဂသူကြွယ်သည် သံဃာအား လုပ်ကျွေးတတ်သည့်အရာ၌ ဧတဒဂ်ရလေသည်ကား။ ဥဂ္ဂသူကြွယ်သည် ဟတ္ထိရွာ၌ သေဌေးသားဖြစ်၍ သေအရက်သောက်စားလျက် ကချေသဘင်နှင့်သာပျော်ပါး၍ နေသည်။ တရံရောအခါ ဘုရားသခင့် တရားတော်ကို ကြားနာရလျှင် မဂ်သုံးတန်ကို အစဉ်အတိုင်းကျ၍၊ အနာဂါမ်ဖြစ်လေသည်။ ထိုအခါမှစ၍ ပေးလှူခြင်း၌ မွေ့လျော်ပျော်ပါးသည်။ သံဃာတော်အား မပြတ် လှူဒါန်းပူဇော်သည်။ ညဉ့်အခါ နတ်တို့ပြောဆိုလာ၏။ ဤရဟန်းကား-ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံ၏။ ဤရဟန်းကား-အဘိညာဉ်ခြောက်ပါးနှင့်ပြည့်စုံ၏။ ဤရဟန်းကား-သီလဝန္တ။ ဤရဟန်းကား-ဒုဿီလဟူ၍ ဟုတ်သည့်အတိုင်း ဂုဏ်ကျေးဇူးကိုသိ၏။ လှူဘွယ်ဝတ္ထုကိုကား အမျှသဒ္ဓါသော စိတ်ဖြင့် သီလဝန္တရဟန်း, ဒုဿီလရဟန်းတို့အားပေးလှူသည်။ ဘုရားသခင့် အထံတော်၌လည်း၊ အရှင်ဘုရား၊ သီလဝန္တရဟန်း,ဒုဿီလရဟန်းတို့အားအမျှသဒ္ဓါသောစိတ်ဖြင့် အကျွန်ုပ်ပေးလှူပါသည်ဟုလျှောက်ကြားသည်။

သည်ကို အကြောင်းပြု၍ သံဃာ့အား လုပ်ကျွေးသည့်အရာ၌ ဧတဒဂ်ရလေသည်။ ။

သုရဗန်သည်မတုန်မလှုပ်ကြည်ညိုရာ၌ ဧတဒဂ်ရလေသည်ကား။ ဘုရားသခင်သည် သုရဗန်၏အိမ်၌ ဆွမ်းဘုဉ်းပေးပြီး၍ တရား ဟောတော်မူလျှင်၊ သုရဗန်သည် သောတာပန်ဖြစ်၍၊ ဘုရားရှင်ကြွတော်မူသည့်နောက်၊ မျှားမကြာမီ မာရ်မင်းသည် ဘုရားအဟန်ဘန်ဆင်း၍ သုံးဆဲ့နှစ်ပါးသော ယောက်ျားမြတ်၏ လက္ခဏာနှင့်ပြည့်စုံစွာ၊ ရောင်ခြည်ခြောက်ပါးကိုပြိုးပြိုးပြက်ပြက် လွှတ်လျက် လာလတ်သည်ကိုမြင်၍။ သုရဗန်သည် ဘုရားပင်မှတ်၍ နေရာ၌နေစေပြီးသော် ရှိခိုးလျက်၊ အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့်ယခုပင်ကြွတော်မူလာသနည်းဟုမေးလျှော်သည်။ မာရ်မင်းလည်း ဘုရားယောင်ဆောင်၍၊ သုရဗန်၊ ယခုတွင်ငါဟောသည့်အလုံးစုံခန္ဓာငါးပါးသည်အနိစ္စ၊ဒုက္ခ၊အနတ္တချည်းဟုသတိလျော့၍ဟောမိသည်။တဆိတ်စာမှားသေးသည်။ အချို့တရားကို-အနိစ္စ၊ အချို့တရားကို-နိစ္စ ယူရမည်ဟူ၍ ဆိုလျှင်။ဘုရားတို့သဘောသည်သတိလွှတ်သည်၊အဆိုချွတ်သည်ဟူ၍ မရှိသင့်။ သင်သည် မာရ်နတ်မဟုတ်လောဟု မေးလျှင်၊ အရိယာတို့စကားသည်ပုဆိန်ချတ်သကဲ့သို့ဖြစ်၍ဘုရားယောင်မဆောင်နိုင်ဘဲ ဟုတ်သည့်အတိုင်းပြောဆိုရလေသည်။ သုရဗန်လည်း၊ မာရ်နတ်၊သင်ကဲ့သို့သောသူသည် အရာ၊အထောင်ဝင်၍ လှုပ်ချောက်ခြားသော်လည်း၊ ငါ၏သဒ္ဓါကိုမလှုပ်နိုင်ရာ။ သင် သည်တွင်မနေလင့်ဟူ၍ လက်ဖျစ်တီးလျှင်၊ မာရ်နတ်မင်းမနေဝံ့၍ကွယ်ရလေသည်။သည်ကိုအကြောင်းပြု၍ ဧတဒဂ်ရလေသည်။ ။

ဇီဝကသည် ပုဂ္ဂိုလ်ကိုကြည်ညိုတတ်သည့်အရာ၌ဧတဒဂ်ရလေသည်ကား။သီလ၊သမာဓိ၊ပညာ-အစရှိသောဂုဏ်ကျေးဇူးအထူးရှိသောရဟန်းကို၊ဂုဏ်ကျေးဇူးအလျောက် ကြည်ညိုနှစ်သက်စုံမက်မြတ်နိုးတတ်သောကြောင့်ဧတဒဂ်ရလေသည်။

နကုလပိတာသည် အကျွမ်းဝင်သောအရာ၌ ဧတဒဂ်ရလေသည်ကား။ ဘုရားရှင်ကို တကြိမ်တွေ့မြင်တည့်လျှင်၊ ချစ်သား၊ သည့်မျှလောက်သော ကာလပတ်လုံး၊ မိဘတို့ကိုစွန့်၍ ဘယ်အရပ်သို့ကြွ၍ နေလေသနည်းဟု အကျွမ်းဝင်သော စကားကို ဆိုလေသည်။ ထိုသို့အကျွမ်းတဝင်ဆိုခြင်းသည်ကား၊ ရှေးလွန်လေပြီးသောဘဝ၌ နကုလပိတာသူကြွယ်သည်၊ ဘဝမခြားငါးရာတိုင်တိုင်ဘုရားရှင်၏အဘဖြစ်ဘူးသည်။ဘကြီးအဖြစ်လည်း အကြိမ်ငါးရာ။ဘထွေးအဖြစ်လည်း အကြိမ်ငါးရာ။ဝရီးအဖြစ်လည်း အကြိမ်ငါးရာ။ ဘဝမခြားဖြစ်ဘူးသည်။ ထိုသို့ ရှည်မြင့်စွာသောကာလပတ်လုံး အစဉ်လိုက်သော ချစ်မြတ်နိုးခြင်းဖြင့် ဘုရားရှင်ကိုတွေ့မြင်တည့်လျှင်ပင်သားဟုအမှတ်ရှိ၍ အကျွမ်းတဝင်ပြောဆိုသတည်း။နောက်နောက်သောကာလတို့၌လည်း ဘုရားရှင်ကို ချစ်သား ချစ်သားဟူ၍ ခေါ်လျက် အကျွမ်းတဝင် ပြောဆိုသည်။ထို့ကြောင့်ဧတဒဂ်ရလေသည်။ ။(လူယောကျ်ား ဧတဒဂ်ရ ၁၀ ပြီး၏)။ ။

သေနိယသေဋ္ဌေးသမီးသုဇာတာသည်ရှေးဦးစွာသရဏဂုံဆောက်တည်ရာ၌ ဧတဒဂ်ရလေသည်ကား။ ဘုရားရှင်သည် သမ္မာသမ္ဗောဓိဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင်၊ ပဌမဝါ ဗာရာဏသီပြည်၌ဝါဆိုတော်မူသည်။ထိုဝါတွင်း၌ ယသ သေဋ္ဌေးသားသည် ပြာသာဒ်သုံးဆောင်နှင့် စံနေရာပြီးငွေ၍၊ညဉ့်အခါတယောက်ချင်းထွက်ပြေးလာ၍ ဘုရားရှင့်အထံ၌ ဧဟိဘိက္ခုရဟန်း ဖြစ်လေသည်။ နံနက် အခါ အဘသေဋ္ဌေးလိုက်လာ၍၊ဘုရားရှင်တရားဟောတော်မူလျှင် သောတာပန်ဖြစ်၍၊ အိမ်သို့ ဆွမ်းဘုဉ်းပေး ဘိတ်ပြီးလျှင် ဘုရားရှင်ကြွတော်မူ၍တရားဟောတော်မူလျှင်၊ရှင်ယသအမိသုဇာတာသည် သောတာပန်ဖြစ်၍၊သူ့ခပ်သိမ်းတို့ထက် ရှေးဦးစွာ တေဝါစိကသရဏဂုံကိုဆောက်တည်ရလေသည်။ထို့ကြောင့်ဧတဒဂ်ရလေသည်။ ။

ဝိသာခါသည် ပေးလှူတတ်သည့်အရာ၌ဧတဒဂ်ရလေသည် ကား။ ခုနစ်နှစ်တည်းက– သောတာပန်ဖြစ်၍ ရတနာသုံးပါးအား မပြတ်နိစ္စလှူဒါန်းပူဇော်သည်။ အရွယ်သို့ရောက်လျှင် သာဝတ္ထိ ပြည်၌ မိဂါရသေဋ္ဌေးသား၊ ပုဏ္ဏဝဍ္ဍနနှင့်ထိမ်းမြား၍ သာဝတ္ထိ ပြည်၌ နေသည်။ ကိုးကုဋေသော ဥစ္စာတို့ဖြင့် ကျောင်းရာမြေ ဝယ်၍၊ ကိုးကုဋေသောဥစ္စာတို့ဖြင့်တိုက်ခန်းတထောင်ရှိသော ပုဗ္ဗါရုံကျောင်းကိုဆောက်သည်။ ကိုးကုဋေသောဥစ္စာတို့ဖြင့် ကျောင်းလှူပူဇော်သည်။ ကိုးကုဋေသုံးရပ်ပေါင်း=နှစ်ဆဲ့ ခုနစ် ကုဋေသော ဥစ္စာတို့ကို စွန့်လွှတ် ပူဇော်သည်။ နေ့တိုင်းမပြတ် လည်း အနာထပိဏ်သေဋ္ဌေးကဲ့သို့။ ငါးရာကိုးလီသောဆွမ်းကို လှူဒါန်းပူဇော်သည်။ တနေ့သုံးကြိမ်လှူဘွယ်ဝတ္ထုနှင့်ထက်ကြပ် ဆည်းကပ်သည်။ ထို့ကြောင့်ဧတဒဂ်ရလေသည်။ ။

ခုဇ္ဇုတ္တရာသည် အကြားအမြင်များသည့် အရာ၌ ဧတဒဂ် ရလေသည်ကား။ ပိဋကတ်သုံးပုံကို မပြတ် လေ့ကျက် ဆောင် ရွက်သည်။ ဘုရားသခင့်အထံ၌တရားနာ၍ သာမာဝတီမိဘုရား ကိုသင်ကြားပို့သသည်။ ထိုသို့ခုဇ္ဇုတ္တရာပို့သသောကျမ်းသည်၊ သုတ္တန်ပိဋကတ်၌ ဣတိဝုတ္တကကျမ်းဟူ၍၊ ကျမ်းသီးတစောင် ပင်ဖြစ်လေသည်။ သည့်ကိုအကြောင်းပြု၍ဧတဒဂ်ရလေသည်။

<u>သာမာဝတီသည်</u>မေတ္တာဖြင့်နေသည့်အရာ၌ဧတဒဂ်ရ လေ သည်ကား။ မာဂန္ဒီမိဘုရားသည် ချောပစ် ကုန်းတိုက် ပြု၍၊ ဥတေနမင်းစောသည့်ဗိုလ်တထောင်တင်သောလေးကိုတင်၍ သာမာဝတီမိဘုရားကို ပစ်သည်။ သာမာဝတီ မိဘုရားသည် မေတ္တာဖြင့် နေသောကြောင့် လေးကို ချလည်း–မချနိုင်၊ တင် လည်းမတင်နိုင်၊ ချွေးကြီးတဖြာဖြာရှိရာတွင်၊ ကန်တော့တောင်း ပန်ခြင်းကိုပြု၍ ဥတေနမင်းစော ချမ်းသာရသည်။ သည့်ကို အကြောင်းပြု၍ဧတဒဂ်ရလေသည်။ ။

နန္ဒမာတာဥတ္တရာသည် ဈာန်ဝင်စားသောအရာ၌ ဧတဒဂ် ရလေသည်ကား။ သိရိမာအမည်ရှိသောပြည့်တန်ဆာမသည်

အမျက်ထွက်၍ ကျိုက်ကျိုက်ဆူသောဆီကို ဥတ္တရာ၏ ခေါင်းပေါ်၌ သွန်လာသည်ကို၊ ဥတ္တရာသည် မေတ္တာဈာန်ဝင်စား၍ နေသောကြောင့်ကြာဖက်၌ရေပေါက်ကဲ့သို့ချမ်းအေးစွာဗျောကျလေသည်။သည်ကိုအကြောင်းပြု၍ဇာတ်ဒဂ်ရလေသည်။ ။

ကောလိယမင်းသမီး သုပ္ပဝါသာသည် အကောင်း အမြတ်ပေးလှူတတ်သည့် အရာ၌ ဇာတ်ဒဂ် ရလေသည်ကား။ မဟာနံ သာကီဝင်မင်းကဲ့သို့။ အကောင်းအမြတ် အထူးအဆန်း အမြိန်အရသာပြွစာရှိသော ဆွမ်းဘောဇဉ်ခဲဘွယ်စားဘွယ်ပေးလှူတတ်သောကြောင့်ဇာတ်ဒဂ်ရလေသည်။ ။

သုပ္ပိယာသည်သူနာကိုလုပ်ကျွေးတတ်သည့်အရာ၌ဇာတ်ဒဂ်ရလေသည်ကား။ ရဟန်းတဦးနာ၍ရှိသည်ကို၊သုပ္ပိယာသည် အဘယ်ကို အလိုရှိသနည်းဟု မေးဗျောက်သည်။ အမဲရိုကို အလိုရှိသည်ဟု ဆိုလျှင်။ ဈေးမှာသွား၍ ကျွန်မကို ရှာဝယ်စေသည်၊မရခဲ့လျှင် ကိုယ်၏အင်္ဂါအသားကို လှီးဖြတ်၍ ကောင်းမွန်စွာချက်စေပြီးလျှင်၊သုပ္ပိယာသည်၊သူနာရဟန်းအား မတုန်မလှုပ်ပေးလှူစေသည်။သည်ကိုအကြောင်းပြု၍ ဇာတ်ဒဂ်ရလေသည်။ ။

ကာတိယာနီသည်မတုန်မလှုပ်ကြည်ညိုရာ၌ဇာတ်ဒဂ်ရလေသည်ကား။ ထိုကာတိယာနီဒါယိကာမသည်၊ညဥ့်အခါတရားနာ၍ နေသည့်အခိုက်တွင်၊ ခိုးသားငါးရာ အိမ်မှဥစ္စာကို ခိုးယူလေသည်ကိုကျွန်မသိ၍ ဗျောက်ကြားလာလျှင်၊ကျွန်မကိုအသံမပြုနှင့်ဆို၍ စဉ်းငယ်မျှ နှလုံးနွှဲခြင်းမရှိ၊ တရား၌သာ စိုက်စိုက်နှလုံးထား၍နာလျှင်၊ သောတာပန်ဖြစ်လေသည်။ ခိုးသားငါးရာသူလျှိုတို့သည်ထိုအကြောင်းကိုသိ၍ပြန်ဆိုလျှင်၊ခိုးသားငါးရာတို့သည် ဥစ္စာကို မယူဝံ့၍ ထားမြဲထားကုန်သည်။ သည်ကိုအကြောင်းပြု၍ဇာတ်ဒဂ်ရလေသည်။ ။

နကုလမာတာသည် အကျွမ်းဝင်ခြင်း၌ ဇာတ်ဒဂ်ရလေသည်ကား။ ရှေးလွန်လေပြီးသည်၌ ဘဝမခြား ငါးရာတိုင်တိုင်ဘုရား

ရှင်အဓိဖြစ်ဘူးသည်။မိကြီးအဖြစ်လည်း ငါးရာ။ မိထွေးအဖြစ်လည်း ငါးရာ။အရီးအဖြစ်လည်းငါးရာဖြစ်ဘူးသည်။ရှည်မြင့်စွာ ကာလပတ်လုံး အစဉ်တစိုက်၊ လိုက်သော ချစ်မြတ်နိုးခြင်းဖြင့် ဘုရားရှင်ကိုမြင်တည့်လျှင်ပင် ချစ်သား၊သည့်မျှလောက်သော ကာလပတ်လုံးအမိကိုစွန့်၍ ဘယ်မှာနေလေသနည်းဟုအကျွမ်းဝင်သောစကားကိုဆိုသည်။သည်ကိုအကြောင်းပြု၍ ဧတဒဂ်ရလေသည်။ ။

ကာဠုဒါယိကာမသည့်အဆင့်ကြား၍ကြည်ညိုသောအရာ၌ ဧတဒဂ်ရလေသည်ကား။ ညဉ့်အခါ သာတာဂိရိနတ်မင်း၊ဟေမဝတနတ်မင်းနှစ်ဦးတို့သည် ဘုရား့ဂုဏ်ကျေးဇူးစကားကို ပြောဆိုကြသည်ကိုကြားလျှင် ပြင်းစွာသဒ္ဓါခြင်းဖြစ်၍၊ ဘုရားရှင်ကိုဖူးမြင်ရသည်နှင့်တပြိုင်နက် သောတာပန်ဖြစ်လေသည်။ သည်ကို အကြောင်းပြု၍ ဧတဒဂ် ရလေသည်။ ။(လူမိန်းမဧတဒဂ်ရ ပေါင်း ၁၀ ပြီး၏)။ ။

(၂) မနုမနော့တို့အကြောင်းအရာကိုတရားကျမ်းဂန်တွင် လာသည်မလာသည်ကိုဆိုရာ၌၊လောကဝယ်အလုပ်အဆောင် အစီအမံအထူးအဆန်းဟူသမျှကို မဟာသမ္မတမင်း အစပြု၍ စီရင်သည်။ ထိုမဟာသမ္မတမင်းကို လောက၌'မနု'ဟုခေါ်ဝေါ် ကြသည်ဟူ၍သာ တရားကျမ်းဂန်တို့၌ ဆိုသည်။ မနု မနော စသော ရသေ့တို့ အကြောင်းအရာကို အထူးမဆို။ ထိုသို့ မဆို သော်လည်း ကမ္ဘာဦးအခါ၌၊ အသက်ရှည်သောကာလဖြစ်၍ သတ္တဝါတို့ ရာဂဒေါသ ခေါင်းပါးသောကြောင့် ရှာန်ရရသေ့ အများရှိကြောင်းကို တရားကျမ်းဂန်၌ဆိုသည်ကိုထောက်သော်၊ မဟာသမ္မတမင်းသည် ပညာရှိဖြစ်သည်။ ပညာရှိတို့သဘော သည်၊ပညာရှိတပါးတို့နှင့်တိုင်ပင်နှီးနှောပြောဟောဆွေးနွေးမြဲ ဖြစ်သောကြောင့်၊ ရသေ့ပညာရှိတို့နှင့် တိုင်ပင်နှီးနှောရာသည် ဖြစ်တော့သည်။ ။

(၃) ခြသေ့်အကြောင်းအရာပမာဏကိုဆိုရာ၌၊ အင်္ဂုတ္တရ တိက နိပါတ် အဋ္ဌကထာတွင်၊ နွားမကို ဥပမာပြု၍ အဆင်း သဏ္ဌာန် လက္ခဏာကို ဆိုသည်။ လောကီကျမ်းတို့မှာလည်း အိုးစရည်းပမာဏရှိသည်ဟူ၍ ဆိုသည်ကိုထောက်ထားသော်၊ ခြသေ့်, ကျား, နွားမတို့သည် မတိမ်း မယိမ်းလွန်း ရှိကြသည်။ ဓာတ်တွင် ကျားက ခွန်အားကြီးကြောင်း။ ခြသေ့်က တန်းခိုး ကြီးကြောင်းကိုဆိုသည်မှာ၊လူချင်းတွင်ပင်ပမာဏအနိမ့်အမြင့် အကြီးအငယ်အဆူအကြုံရှိကြသကဲ့သို့။ ဓာတ်အားဖြင့် အတူ အချ ရှိကြသည်တွင်၊ ကိုယ်,ခေါင်းအားဖြင့် စဉ်းငယ် အကြီး အငယ်ရှိကြ၍ ဆိုလေသည်ဟု ယူသင့်သည်။ အလျင် အမြန် အစွမ်းခွန်အား ဟောက်သံ အလုံးစုံကြီးကျယ်ပြင်းပြသည်ကို ထောက်သော်လည်း၊နွားမတန်းပမာဏမျှသာသင့်မြတ်သည်။

(၄) မိုးရွာသည့်အကြောင်းအရာကို ဆိုရာ၌၊ မိုးနတ် သားသည်မိုးရွာစေလိုသည်ရှိသော်၊တိမ်ညိုအဆင်းရှိသော အဝတ်တထည်ကိုဝတ်၍ တထည်ကိုရုံပြီးလျှင်မိုးသီချင်းကို သီ၍ အရှေ့လောကဓာတ်သို့ပြေးလတ်သော်၊ ရှေးဦးစွာကော နယ်တလင်းခန့် မိုးတိမ်လွှာတက်ပြီးလျှင် တိမ်ထပ် တိမ်လွှာ အရာအထောင်ပွါးများ၍ မြည်သံချုန်းလျက်၊ လျှပ်စစ်ပြက်၍ ဦးစောက်မှောက်သွန်သောရေအိုးကဲ့သို့ မိုးရွာလေသည်ဟု ဧကနိပါတ်မဏိစောရဇာတ်အဋ္ဌကထာတို့၌ဆိုသည်။သို့ဆိုသည် အတိုင်း ရတု,ကဗျာ,ပျို့,သက်ဘွဲ့တို့၌လည်း စပ်လေသည်။ သို့ သော်လည်း မိုးရွာသမျှသည် မိုးနတ်သားတန်းခိုးကြောင့် ရွာသည်မဟုတ်။ မိုးတွင်းလေးလ ရွာမြဲတိုင်းရွာသောမိုး သည် ဥတုကြောင့်ဖြစ်သည်။မိုးတွင်းလေးလတွင်ပင်အလွန် အကျူးရွာသောမိုး။ တန်ခူးလ,ကဆုန်လတို့၌ရွာသောမိုး မူကား၊ မိုးနတ်သားတန်းခိုးကြောင့်ဖြစ်သည်ဟု ဝဋ္ဋဟက သံယုတ်အဋ္ဌကထာတို့၌ဆိုသည်ကိုထောက်သော်၊ တလမှတခါ၊ နှစ်လမှတခါပင် မိုးသီချင်းကို သီရမည်ဖြစ်တော့သည်။ သို့

သိချင်းကိုသိရသော်လည်း အရှည်အကြာ သိရသည်မဟုတ်။ ရှေးသောအခါ တဂ္ဂရကျူဒ္ဒအရပ်၌ ရဟန္တာအထံသို့ မိုဃ်းနတ်သားသည်ဆည်းကပ်လာသည်ကို၊သင်အသူနည်းဟုမေးလျှင်။ ကျွန်ုပ်မိုဃ်းနတ်သားဖြစ်သည်ဟုဆိုသည်။ မိုဃ်းနတ်သားတန်ခိုးကြောင့် မိုဃ်းရွာသည်ဆိုသည် မှန်မည်လောဟူ၍မေးလျှင်။ မှန်ကြောင်းကိုလျှော်သည်။ငါမြင်ချင်ပါသည်ဟု ရဟန္တာကဆိုလျှင်။အရှင်ဘုရား၊ကုဋိတွင်းသို့ဝင်တော်မူဟူ၍ မိုဃ်းနတ်သားကဆိုသည်။ရဟန္တာလည်း ခြေဆေး၍ ကုဋိတွင်းသို့ဝင်သည်။ မိုဃ်းနတ်သားသည်း မိုဃ်းသီချင်းကိုသီ၍ လက်ကိုမြှော်လျှင်၊ ထက်ဝန်းကျင် ဒသုံးယူဇနာခန့် တခဲနက်မိုဃ်းရွာသည်။ရဟန္တာကိုယ်တဝက်ကိုပင်မိုဃ်းစွတ်လေသည်ဟု၊ဝဋ္ဋာဟကသံယုတ်အဋ္ဌကထာတို့၌ဆိုသည်။သည်ကိုထောက်သော်၊လက်တချက်မြှောက်ရုံပင်ဖြစ်သည်။ မိဿာန်၌ပျော်မြူး၍ နေရသော ကာလအများကြွင်းသေးသည်။ နေ့ညဥ့်နာရီအပိုင်းအခြားကိုဆိုသည်မှာ၊မိုဃ်းနတ်သားသည် တာဝတိံသာနတ်မျိုးဖြစ်သည်၊တာဝတိံသာနတ်တို့ပြည်၌ လူတို့အရေအတွက်အနှစ်တရာမှ တနေ့နှင့် တညဥ့်ဖြစ်သည်။ လူတို့မှာတနှစ်သည်၊ တာဝတိံသာနတ်ပြည်၌-တနာရီမျှ မပြည့်။နှစ်တပတ်ကျော်၊နှစ်ပတ်ခွဲခန့်ရှိသည်။ လူတို့မှာတဥတုသည်၊တာဝတိံသာနတ်ပြည်၌ တပါဒ်မျှမပြည့်။ ထိုသို့ကာလနည်းသော်လည်း၊မိုဃ်းရွာအောင်လုံ့လပြုရသော ကာလသည်အရတရာရ၍တဗုခန့်ဖြစ်သည်။ထို့ကြောင့် စံပျော်ရွှင်မြူး၍နေရသောကာလလည်း စိတ်ပြေလောက်အောင်ပင်ရှိသေးသည်။ ။

(၅) တက္ကသိုလ်ပြည်နေရာအရပ်အနီးအဝေးကို ဆိုသည်မှာ၊တက္ကသိုလ်ပြည်သည် မဇ္ဈိမဒေသအရှေ့စွန်းဖြစ်၍ ဗောဓိပင်နှင့် ယူဇနာတရာ့ငါးဆယ်ကျော်ကွာသည်။ သာဝတ္ထိပြည်သည် ဗောဓိပင်တောင်လေးဆဲ့ငါးယူဇနာခန့်တွင်ရှိသည်။သာဝတ္ထိပြည်နှင့် တက္ကသိုလ်ပြည်သည် ယူဇနာ တရာ့ ငါးဆယ်

ကျော်,ခြောက်ဆယ်ခန့်ကွာသည်။သာဝတ္ထိပြည်နှင့်သုနာပရန္တ တိုင်း စန္ဒကူးသရက္ခန် ကျောင်းတော်သည်၊ ယူဇနာ တရာ့နှစ် ဆယ်ကွာသည်ဟုသဠ္ဌာယတနသံယုတ်အဋ္ဌကထာ၌ဆိုသည်။ ဥပရိပဏ္ဏာသအဋ္ဌကထာ၌မူကား၊ ယူဇနာသုံးရာ ကွာသည်ဟု ဆိုသည်ကိုထောက်သော်၊ သရက္ခန်ကျောင်းတော်နှင့် တက္ကသိုလ်ပြည်သည်၊သံယုတ်အဋ္ဌကထာအလိုသော်၊ကိုးလခန့်ခရီး ကွာမည်။ ပဏ္ဏာသ အဋ္ဌကထာ အလိုသော်၊ တနှစ်နှင့် သုံးလ ကျော်၊လေးလခရီးကွာမည်။ပင်လယ်သမုဒ္ဒရာနေဟာန်ကိုထောံ သော် သရက္ခန်ကျောင်းတော်သည် အရှေ့တောင်။တက္ကသိုလ် သည်အနောက်မြောက်ရှိသည်။ အတတ်ပညာသင်သောဒိသာ ပါမောက္ခဆရာသည်ကား၊ သာသနာတော်ကိုမှီ၍ သင်သည် မဟုတ်။ သာသနာတော်မထွန်းမီ ဘုရားမဖြစ်ခင်ကပင် အစဉ် သင်၍နေသည်ဖြစ်သောကြောင့်ယခုလည်းရှိရာသေးသည်ပင်။ သို့ရာတွင်မူကား၊ သဗ္ဗာဝါတ္ထိ အသက်ဆုတ်ယုတ်သည်၊ ရာဂ ဒေါသပြောသည်ကာလဖြစ်သောကြောင့် ရှေးအခါကဲ့သို့ လွန် လွန်ကျူးကျူးတတ်သောသူမရှိရာချေပြီ။ သင်ရိုးသင်တမ်းမှီရုံ သင်နိုင်သောဆရာမူကားရှိရာသေးသည်ပင်ဖြစ်တော့သည်။

သက္ကရာဇ် ၁၁၂၀ ပြည့်၊ နတ်တော်လတွင်၊ အိမ်ရှေ့ဆရာ တော်ဘုရားဖြေတော်မူသည်။ ။

---

ပုစ္ဆာ။

မင်းလက်ဝဲနော်ရထာလျှောက်ပါသည်ဆရာတော်ဘုရား။

(၁) ဘုရားရှင်ကိုအစာတသတ်ဒေဝဒတ်တို့ကြံစည်၍နာဠာ ဂိရိဆင်နှင့် လွှတ်သည်ကာလ၊ရှင်အာနန္ဒာသည် ဘုရား ရှင်ကို၊ဆင်-အန္တရာယ်ပြုနိုင်မည်မှတ်၍ ဘုရားရှင့်ရှေ့ တော်က ရပ်၍ ကိုယ်တော်စား ခံနေသည် ဆိုသည့် စကားသည်၊ ဆွမ်းခံသွားသည့်-သံစာစဉ်ကထွက်၍

ခံသည်ဖြစ်မည်။ ခံလိုသောစိတ်သာရှိသည် ဖြစ်မည်ကို သိချင်ပါသည်။ အကြောင်းမှာ၊ တကာတော်တွင် ကိုး ကွယ်ရန် နုံ့သာဆင်းတု ဆွမ်းခံရုပ် လုပ်ပါ စေသည်။ ဘုရားရှင့်ရှေ့တော်က နာဠာဂိရိဆင်ဝပ်၍နေလျှင်၊ ရှင် အာနန္ဒာအရုပ်တော်ကို မည်သည့်ကထားသင့်ပါမည်။ အနေအထားကို ကျမ်းဂန်နှင့်ညီညွတ်အောင်မိန့်တော်မူ စေချင်၍လျှောက်ပါသည်။ နာဠာဂိရိဆင်စပ်ကြားနှင့်- ဘုရားသခင့်စပ်ကြား၊မိန်းမသားသည်အမိ၊သားကိုချီ၍ ပြေးသည် ဆိုသည့် စကားကိုလည်း သိချင် ပါသည်။ သည်ပုရပိုက်တွင်နေရာပုံကျအောင်မှတ်သား၍သနား တော်မူပါဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၁ ခု၊ တပေါင်းလတွင်၊ မင်းလက်ဝဲနေဘ် ရထားကတောင်တွင်းဆရာတော်ကိုလျှောက်သည်။ ။

## ဝိသဇ္ဇနာ။

(၁) နာဠာဂိရိဆင်နှင့်အဇာတသတ်ဒေဝဒတ်တို့၊ဘုရားရှင် ကိုတိုက်လွှတ်သောအခါ၊ရှင်အာနန္ဒာသည်ဘုရားရှင့်ကိုယ်စား တော်ခံလိုသောစိတ်ရှိကာမျှသာမဟုတ်။သံဃာစဉ်ကပင်ထွက် ၍ဘုရားသခင့်ရှေ့တော်ကခံ၍နေသည်။ဘုရားရှင်ကအာနန္ဒာ၊ သင်ဆုတ်၍နေ။ နာဠာဂိရိဆင်ကို ငါဆုံးမတော်မူမည် အမိန့် တော်ရှိမှ ဆုတ်ရှား၍နေသည်။ သားသည်အမိကို ဆင်သတ် ညှစ်နင်းနယ်မည်ပြုရာမှာ မိန်းမငေးအရပ်ကပြုသည်။ ရှင်အာ နန္ဒာကထွက်၍ခံရာမှာ၊ဘုရားရှင်နှင့်ဆင်နှီးမှထွက်၍ခံသည်။

သက္ကရာဇ် ၁၁၂၁ ခု၊ တပေါင်းလတွင်၊ တောင်တွင်းဆရာ တော်ဖြေတော်မူသည်။ ။

ပုဒ္ဓာ။

မင်းလက်ဝဲနော်ရထာလျှောက်ပါသည်ဆရာတော်ဘုရား။

(၁) ဘုရားရှင်ဆွမ်းခံကြွတော်မူရာတွင်အဇာတသတ်ဒေဝဒတ်တို့တိုင်ပင်၍ နာဠာဂိရိဆင်လွှတ်သည်ကို တန်းခိုးတော်ကြောင့်အောင်တော်မူဟန် ဆင်းတုတော်ထုလုပ်၍ပြီးပါပြီ။ ပလ္လင်တော်တွင် အကြောင်းအရာကို ကြေးပြား အလျားဟတောင်၊အနံ့နှစ်မိုက်ခန့်နှင့်စာရေးသား၍ ထားလိုပါသည်။ ဂါထာဘွဲ့တော်မူရမည်မှာ။ ။မည်သည့်ပြည်တွင်ဘုရားရှင်ပါဆိုတော်မူစဉ်။ဘုရားရှင်ကို အဇာတသတ်ဒေဝဒတ်တို့ အကြံအစည်နှင့် နာဠာဂိရိဆင်လွှတ်ကြောင်း။ ရှင်အာနန္ဒာသည် ဘုရားရှင်၌ လွန်သောချစ်ခြင်းရှိသောကြောင့် ထွက်၍ ကိုယ်စားတော်ခံမည်နေကြောင်း။ နာဠာဂိရိဆင်သည်၊ သားသည်အမိကိုလိုက်ရာကဘုရားရှင်သို့ရှေ့ရှုလာကြောင်း။ဘုရားရှင့်တန်းခိုးတော်ဖြင့် မတုန်မလှုပ်ရှိရာတွင်၊ ဗျာဒိတ် ကြားတော်မူကြောင်း။ ပြည်သူတို့ပူဇော်သက္ကာရကိုရ၍၊ခေ့ပါလဆင်မင်းတွင်ကြောင်း။တိရစ္ဆာန်ဖြစ်လျက် ရတနာသုံးပါးဂုဏ်ကိုသိ၍ ပစ္စုပ္ပန်၌များစွာသောပူဇော်သက္ကာရသံသရာအကျိုးဗျာဒိတ်တော်ခံရကြောင်းကို သိသည်နှင့်အညီ၊ သက္ကရာဇ် ၁၁၂၁ ခု၊ ဝါဆိုလဆန်းတရက်၊ မည်သည့်နေ့၊ ရတနာဘိဃ် ကုန်းဘောင်ပြည့်ရှင် အလောင်းမင်းတရားကြီးအမတ်လက်ဝဲနော်ရထာသည်၊ စန္ဒကူးနံ့သာနှစ်ကိုသံဃာတော်ငါးပါးနှင့်ဆင်းတုတော်ဆွမ်းခံဟန် ထုလုပ်ကိုးကွယ်ပါသည်။ ငင်းကသည်ဆုတောင်းစာ လျှောက်ပတ်ရုံ။ ငင်းကသည်ပတ္တိဒါနလျှောက်ပတ်ရုံ။ ၁၂-ဂါထာ ပါဠ်အနက်နှင့်ဘွဲ့၍ သနားတော်မူစေချင်ပါသည်။ ။

(၂) ပါရမီဖြည့်တော်မူသည့်ကာလ၊ ကောင်းကင်မှာ-ကြယ်စမိုခုံလောက်ကား နည်း၏။ ငါ၏ ဦးခေါင်း မျက်စိကို ဖြတ်ထုတ်၍ လှူသည့်ကားများ၏ဟု ဟောတော်မူသော တရားတော်သည်။ဇာတ်တွင်လည်း ဦးခေါင်းမျက်စိကို ဖြတ်ထုတ်၍ လှူသည့် ဇာတ်နိပါတ်အများမတွေ့ဖြစ်ပါလျက်၊ မှန်လျှင် ဟောတော်မူသည့် ဖြစ်မည်။မဖြစ်မည်။ ဥပမာသာ ဟောတော်မူမည်ကိုသိချင်ပါသည်။ ။ပညာရှိခံလိုသော သူတို့သည်။ ပညာရှိတို့ဆိုသော စကားကို မရောင့်ရဲ၊ စာပေဆိုသည်နှင့်အညီကိုလည်း၊ မရောက်သာသည့်အမှုထမ်းဖြစ်၍ အလိုရှိတိုင်းစာနှင့်ရေးလျှော် ပါရကြောင်းကိုလျှောက်ပါသည်ဆရာတော်ဘုရား။

သက္ကရာဇ် ၁၁၂၁ ခု၊ တပေါင်းလတွင်၊ မင်းလက်ဝဲနော်ရထာက တောင်တွင်းဆရာတော်ကို လျှောက်သည်။ ။

ဝိသဇ္ဇနာ။

(၁)

(၁) မဟတာ ဘိက္ခုသံဃေန၊ သဒ္ဓိံ ရာဇဂဟံ ဇိနော။
ဓေဠွော ပိဏ္ဍာယ ပါဝိသိ၊ စာရိဟောမနဂေါဝိယ။ ။

(၂) ပေသိတော ဒေဝဒတ္တေန၊ သဒ္ဓိံ အဇာတသတ္တုနာ။
ဝိဓာဝိ ဗုဒ္ဓါဘိမုခေါ၊ နာဠာဂိရိ ဂဇော တဒါ။ ။

(၃) ဘိမောဥက္ခိတ္တသောဏ္ဍော စ၊ ပဟဋ္ဌကဏ္ဏဝါဠဓိကော။
ဂေဟာနိစ ဝိဓံသေန္တော၊ ရထေ စုဏ္ဏေန္တော သကဋာနိစ။

(၄) အသက္ကောန္တော ဝိဝါသေတုံ၊ ဗုဒ္ဓေ ဗလာဝေပမေဒတော။
စဇံ ဇီဝိတ မာနန္ဒော၊ ပုရတော ဌာသိ သတ္ထုနော။ ။

(၅) အပေဟာ နန္ဒ တိက္ခတ္တုံ၊ ဝုတ္တမာနန္ဒမိဒ္ဓိယာ။
ဌပေသော ပတိက္ကန္တံ တံ၊ ဓိရော ဘိက္ခုန မဇ္ဈေ ရေ။ ။

(၆) ဒိသွာ တံ ဂဇ မေကိတ္တိံ၊ဘီတာ ဆန္ဒိယ ဒါရကံ။
ပလာယိ ဟတ္ထိပါဂန္တွာ၊တာနုဂန္တွာန ဒါရကံ။ ။

(၇) မာညံ့ နာဂ ဝိဟေဌေဟိ၊ဟေဌိတောတိ ဝိနာယကော။
ပဏ္ဍောသိဟတ္ထိဂန္တွာန၊ပါဒေသု ပတိ သတ္ထုနော။ ။

(၈) ဓိရော ဒေသေတိ သဒ္ဓမ္မံ၊ပီတိယာ သော နိရုတ္တရော။
နရာ ဓနာနိ ဒိပိသု၊ဆာဒေသုံ ဟတ္ထိ ဝိဂ္ဂဟံ။ ။

(၉) တတော ပဏ္ဍာယ သောနာဂေါ၊ဓနပါလဝှယော ဘဝိ။
ဆိန္တွာ ပေတိ ပဝိတ္တိံ၊သာရစန္ဒနဒါရုဏာ။ ။

(၁၀) ဝါမာနုရုဏ္ဍ္ဌေါ သဇီဝေဝါ၊ရတနာသိယံသမ္ဘရေ။
ဓမ္မရညော က က္ခ ယ ပွေ၊အာသသဒ္ဓေ ပဏ္ဍမေ ဒိနေ။

(၁၁) ပုညေနေတေန ပပ္ပေါမိ၊သိဝံ သဗ္ဗာဘဝေသု စ။
သုခိတော သုမနော ဟောမိ၊သဗ္ဗသမ္ပတ္တိယော သဒါ။

(၁၂) ပုညံ့ လာဘတု ရာဇိန္ဒော၊သဟ ဒေဝိသု တေဟိ မေ။
မာတာ ပိတာ စ မေမိတ္တာ၊တိဘဝေ သဗ္ဗပါဏိနော။

(၁) ဇေဋ္ဌော၊ကြီးမြတ်သော သူအပေါင်းတို့ထက်၊ အထူးသဖြင့်ကြီးမြတ်တော်မူထသော။ဇိနော၊မာရ်ငါးအင်ကို၊အောင်မြင်တော်မူပြီးသောမြတ်စွာဘုရားသည်။မဟတာ၊များစွာသော။ဘိက္ခုသံဃေန၊ ရဟန်းအပေါင်းနှင့်။ သဒ္ဓိံ၊တကွ။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ ပိဏ္ဍာယ၊ဆွမ်းအလို့ငှါ။ စာရိ ဟောမ နဂေါ ဝိယ၊ ရွှရွှတွားသော ရွှေတောင်ကြီးကဲ့သို့။ ပါဝိသိ၊ ဝင်တော်မူ၏။ ။( ၂=၃ )တဒါ၊ ထိုအခါ၌။ ဒေဝဒတ္တော၊ ဒေဝဒတ်နှင့်။ သဒ္ဓိံ၊တကွ၊ အဇာတသတ္တုနာ၊အဇာတသတ်မင်းသည်။ပေသိတော၊စေလွှတ်အပ်သော။နာဠာဂိရိဂဇော၊နာဠာဂိရိဆင်ပြောင်သည်။ ဘိမော၊ ကြောက်မက်ဘွယ်သော။ ဥက္ခိတ္တသောဏ္ဍော၊ ငေါငေါချီသောနှာမောင်းရှိသည်။ ပဟာဋ္ဌကဏ္ဏဝါဠော၊စွင့်စွင့်ထောင်သောနားရွက်အမြီးရှိသည်။(ဟုတွာ၊ဖြစ်၍)။ဂဇော

နိစ၊အိမ်တို့ကိုလည်း။ဝိစံသန္တော၊နင်းနယ်ဖျက်ဆီးလျက်။သက
ဋ္ဌာနိစ၊လှည်းတို့ကိုလည်း။ ရုဏ္ဍာန္တော၊မုန့်မုန့်ညက်ညက်ကျေ
စေလျက်။ ဗုဒ္ဓါဘိမုခေါ၊ ဘုရားရှင်သို့ရှေးရှု။ ဝိဓာဝိ၊ ပြေးလတ်
၏။ ။(၄)အာနန္ဒော၊ အရှင်အာနန္ဒာသည်။ ဗုဒ္ဓေ၊ဘုရားရှင်၌။
ဗလဝပေမတော၊ ချစ်ခြင်း အားကြီးလှသောကြောင့်။ အဓိဝါ
သေတုံ၊သည်းခံ၍ နေအံ့သောငှါ။ အသက္ကောန္တော၊မတတ်နိုင
သည်ဖြစ်၍။ ဇီဝိတံ၊ကိုယ့်အသက်ကို။ စဇံ၊စွန့်၍။ သတ္တုနော၊
မြတ်စွာဘုရား၏။ပုရတော၊ရှေ့တော်၌။အဋ္ဌာသိ၊ရပ်လှာ၏။ ။
(၅)အာနန္ဒ၊အာနန္ဒာ။ အပေဟိ၊ဆုတ်လေ,ရှားလေ။ ဣတိ၊ဤသို့။
တိက္ခတ္တုံ၊သုံးကြိမ်။ဝုစ္စမာနမ္ပိ၊မိန့်တော်မူပြောသော်လည်း။(ဗလ
ဝပေမတော၊ ချစ်ခြင်းအားကြီးလှသောကြောင့်)။ အပတိက္ကန္တော၊
မဆုတ်ရှားလိုသည် ဖြစ်၍။ ဓိရော၊ ဘုရားရှင်သည်။ ဉာဏ်ဒ္ဓိယာ၊
တန်းခိုးတော်ဖြင့်။ ဘိက္ခုနံ၊ရဟန်းတို့၏။ အန္တရေ၊ အကြား၌။
ဌပေသိ၊ထားတော်မူရ၏။ ။(၆)တံဂဇံ၊ထိုနာဠာဂိရိဆင်ကို။
ဧကောပုတ္တိ၊ မိန်းမတယောက်သည်။ ဒိသွာ၊မြင်၍။ ဘီတာ၊သေ
ဘေးဖြင့် ကြောက်သည်ဖြစ်၍။ ဒါရကံ၊ ချီခဲ့သောသူငယ်ကို။
ဆန္ဒိယာ၊ စွန့်ပစ်၍။ ပလာယိ၊ ပြေးလေ၏။ ဟတ္ထိပိ၊ ဆင်သည်
လည်း။ တံ၊ထိုမိန်းမကို။ အနုဂစ္ဆန္တော၊ချောက်လိုက်၍။ ဒါရကံ၊
သူငယ့်ဆီသို့။ အာဂစ္ဆတိ၊ လာလတ်၏။ ။(၇)ဝိနာယကော၊
လူသုံးပါးတို့၏အမှူးဖြစ်တော်မူသောမြတ်စွာဘုရားသည်။နာဂ၊
ဆင်ပြောင်။အညံ၊သူတပါးကို။မာဝိဟေဌေဟိ၊မညှဉ်းဆဲပေနှင့်။
ဣတော၊ဤအရပ်မှ။ဧဟိ၊လာလှည့်၊ ဣတိ၊ဤသို့။ပက္ကောသိ၊ခေါ်
တော်မူ၏။ဟတ္ထိ၊ဆင်ပြောင်သည်။ဂစ္ဆန္တော၊သွား၍။သတ္တုနော၊
မြတ်စွာဘုရား၏။ ပါဒေသု၊ ခြေတော်တို့၌။ ပတိ၊ ဝပ်၏။ ။
(၈)ဓိရော၊လုံ့လအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။
သဒ္ဓမ္မံ၊ သူတော်တရားကို။ ဒေသေတိ၊ဟောတော်မူ၏။ သော၊
ထိုဆင်သည်။ ပီတိယာ၊ပီတိဖြင့်။ နိရန္တရော၊ အခြားမရှိသည်။
(အပေါသိ၊ဖြစ်၏)။နရာ၊လူတို့သည်။ ဓနာနိ၊အဝတ်တန်ဆာ၊

ဥစ္စာတို့ကို။ ခိပိသု၊ ပစ်ကြဲပူဇော်ကြကုန်၏။ ဟတ္ထိပိဂ္ဂဟံ၊ ဆင့်
ကိုယ်အလုံးကို။ဆာဒေသုံ၊ဖုံးအုပ်မိကုန်၏။ ။(၉=၁၀)တတော
ပဋ္ဌာယ၊ ထိုအခါမှစ၍။ သောနာဂေါ၊ ထိုနာဠာဂိရိဆင်သည်။
ဓနပါလကော၊ဓနပါလအမည်ရှိသည်။ဘဝိ၊ဖြစ်၏။တံပဝတ္တိံ၊
ထိုဓနပါလဆင်ကို ဆုံးမတော် မူသော အကြောင်း အရာကို။
ရတနာသိယ်သမ္ဗုဒ္ဓေ၊ရတနာသိယ်အမည်ရှိသောကုန်းဘောင်
ပြည်မြတ်၌။ ဓမ္မ ရဉာ၊ အလောင်းမင်းတရားကြီး၏။ ဝါမာနူ
ရုဒ္ဓေါ၊ လက်ဝဲနော်ရထာဟုအမည်ရှိသော။ သဇိဝေါ၊ အမတ်
သည်။က ဣ ယပ္ပေ၊သက္ကရာဇ် ၁၁၂၁ ခု။အာသဠ္ဌေ၊ဝါဆိုလ။
ပဉ္စမေဒိနေ၊လဆန်းတရက်နေ့၌။သာရစန္ဒနဒါရုဏာ၊စန္ဒကူးနှစ်
သပ်သားဖြင့်။ ဆိန္နာပေတိ၊ ထုလုပ်စေ၏။ ။(၁၁)တေန
ပုညေန၊ဤကောင်းမှုကြောင့်။သိဝံ၊နိဗ္ဗာန်သို့။ပပ္ပေါမိ၊ရောက်လို
၏။ သဗ္ဗာဘဝေသု၊ ခပ်သိမ်းသောဘဝတို့၌လည်း။ သဒါ၊အခါ
ခပ်သိမ်း။ သုခိတော၊ကိုယ်,စိတ်နှစ်ပါးချမ်းသာသည်။သုမနော၊
ဝမ်းမြောက်ဝမ်းသာနေရသည်။ သဗ္ဗသမ္ပတ္တိယော၊ခပ်သိမ်းသော
စည်းစိမ်မျိုးနှင့် ပြည့်စုံသည်။ ဟောမိ၊ ဖြစ်လို၏။ ။(၁၂)မေ၊
အကျွန်ုပ်၏။ပုညံ၊ကောင်းမှုကို။ဒေဝိသုတေဟိ၊ရှင်မိဘုရားကိုယ်
လုပ်တော်,သားတော်,သမီးတော်တို့နှင့်။သဟ၊တကွ။ရာဇိန္ဒော၊
အမင်းမင်းတို့ကိုအစိုးရတော်မူသောအလောင်းမင်းတရားကြီး
သည်။လဘတု၊ရတော်မူစေသတည်း။ မေ၊အကျွန်ုပ်၏။မာတာ
စ၊အမိသည်လည်းကောင်း။ပိတာစ၊အဘသည်လည်းကောင်း။
မိတ္တာစ၊အဆွေခင်ပွန်းတို့သည်လည်းကောင်း။တိဘဝေ၊ဘုံသုံး
ပါး၌။သဗ္ဗပါဏိနော၊ခပ်သိမ်းသောသတ္တဝါတို့သည်။လဘန္တု၊
ရစေကုန်သတည်း။ ။(ဓနပါလဆင်ကို ဘုရားရှင်ဗျာဒိတ်ပေး
တော်မူကြောင်းကို၊ပါဠိတော် အဋ္ဌကထာတို့၌မဆို။ အနာဂတ
ဝင်ကျမ်းတွင်သာဆိုသည်။အနာဂတဝင်ကျမ်းလည်းနှစ်စောင်
ရှိရာတွင်၊ ပုဒ်နေ ပါဌ်ထား စီရီးကျသော ဂါထာအနာဂတဝင်
ကျမ်း၌ မဆို။ ပုဒ်နေ ပါဌ်ထား စီရီးမကျသော စုဏ္ဏိယ အနာ

ဂတဝင်ကျမ်း၌သာဆိုသည်။စကားလက္ခဏာပမာဏမရှိလွန်းသောကြောင့်မဆိုလိုက်သည်)။ ။

(၂) ဘုရားရှင် ပါရမီဖြည့်တော်မူသော ဘဝကို ဆိုသည်မှာ။ ပါရမီယော ပူရိတတ္တဘာဝါနံ ပရိမာဏံနာမ နတ္ထိ။ ဟူ၍ အဋ္ဌသာလိနီ၊ စရိယာပိဋကတ် အဋ္ဌကထာ-အစရှိသော၊ များစွာသောကျမ်းတို့၌ ဆိုသည်။ ။ပါရမီယော၊ ပါရမီတို့ကို။ ပူရိတတ္တဘာဝါနံ၊ ဖြည့်တော်မူသော ကိုယ်တော်အဖြစ်တို့၏။ ပရိမာဏံနာမ၊နှိုင်းရှည့်နှိုင်ခြင်းမည်သည်။ နတ္ထိ၊မရှိ။ ။ထိုသို့ လျက်ပါရမီတို့ကိုဖြည့်သဖြင့်ရင့်စေသည်ကိုဆိုရာ၌။ ။အဖုဆက္ကေသု ဇာတကာသတေသု ပရိပါစိတော။ဟူ၍ အဋ္ဌသာလိနီတွင်ဆိုပြန်သည်။အဖုဆက္ကေသု ဇာတကာသတေသု၊ငါးရာ့ငါးဆယ်ဇာတ်တို့၌။ပရိပါစိတော၊ရင့်စေအပ်၏။ထိုသို့ဆိုလေခြင်းသည်ကား၊ ငါးရာ့ငါးဆယ်ဇာတ်တို့ကို ဒေသနာပါဠိ၌ တင်၍ထင်ရှားသောကြောင့် ဆိုလေသည်။ ထိုငါးရာ့ငါးဆယ်သောဇာတ်တို့၌သာပါရမီကိုဖြည့်သောကြောင့်သာဆိုသည်မဟုတ်။ ထိုအကြောင်းကို။ ။အဖုဆက္ကေသု ဇာတကာသတေသုတိဣဒံ တတ္ထကာနံယေဝ ဒေသနာရုဠှတာယ ဝုတ္တံ။ဟူ၍ အနုဋီကာ၌ ဘွင့်သည်။အဖုဆက္ကေသုဇာတကာသတေသုတိဣဒံ၊အဖုဆက္ကေသုဇာတကာသတေသု-ဟူသော၍စကားကို။တတ္ထကာနံယေဝ၊ ထိုမျှငါးရာ့ငါးဆယ်ဇာတ်တို့၏သာလျှင်။ ဒေသနာရုဠှတာယ၊ ဒေသနာပါဠိ၌တင်သည်၏အဖြစ်ကြောင့်။ဝုတ္တံ၊ဆိုအပ်၏။ ။ အဘယ်ကြောင့် ထိုငါးရာ့ငါးဆယ်သောဇာတ်တို့ကိုသာ ဒေသနာပါဠိ၌တင်၍ဟောလေသနည်း။ တပါးသောဇာတ်တို့ကိုကား အဘယ်ကြောင့် မဟောလေသနည်း ဟူမူကား။ ငါးရာ့ငါးဆယ်ဇာတ်တို့မှာ စကားစပ်ဝတ္ထုဖြစ်သောကြောင့် ဟောလေသည်။တပါးသောဇာတ်တို့မှာစကားစပ်ဝတ္ထုမဖြစ်သောကြောင့် မဟောလေသည်။ထိုကြောင့်။ ။တတ္ထကာနဉ္စ ဒေသနာအဋ္ဌုပ္ပတ္တိဝသေန ဝေဒိတဗ္ဗာ။ ဟူ၍ရင်း အနုဋီကာတွင်ဆို

သည်။ တဏ္ဏကာနံ၊ ထိုငါးရာ့ငါးဆယ်ဇာတ်တို့ကိုသာ။ ဒေသ
နာစ၊ ဟောခြင်းသည်လည်း။ အဋ္ဌုပ္ပတ္တိ ဝသေန၊ စကားစပ်
ဝဏ္ဏ ဖြစ်သည်၏အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ။
ဘုရားရှင်ကိုမဆိုလင့်ဦး၊ ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလာန်တို့ပင်
ဘဝမခြား၊ ငါးရာတိုင်တိုင်ရသေ့ရဟန်းပြု၍ ပါရမီကိုဖြည့်ရ
သည်။ ဘဝခြားလျက်ရသေ့ရဟန်းပြု၍ ပါရမီကိုဖြည့်ရသော
ကိုယ်အဖြစ်သည်ကား၊ များစွာရှိသေးသည်။ လူဖြစ်၍ ပါရမီကို
ဖြည့်ရသောဘဝကား မရေတွက်နိုင်ရှိသည်ဟူ၍ ဧကနိပါတ်
အင်္ဂုတ္တရအဋ္ဌကထာတွင်ဆိုသည်။ သူတပါးတို့မှာ၊ ဗြဟ္မာနတ်
ပြည်၊ အသက်ရှည်သောဘုံ၌ဖြစ်၍၊ ကြီးမြတ်သောစည်းစိမ်ကို
ရသည်ရှိသော်၊ မက်မောလျက်–ငတ်စံစံ၍၊ အသက်အတိုင်း
နေကုန်သည်။ ဘုရားလောင်း၊ သူတော်ကောင်းတို့မှာကား၊ ဗြဟ္မာ
နတ်ပြည်၊ အသက်ရှည်သောဘုံ၌ဖြစ်၍ စည်းစိမ်ချမ်းသာကြီး
သော်လည်း၊ ကုသိုလ်ရှားပါးသည်၊ ကောင်းမှု ငတ်မွတ်သည်
ဟူ၍ အသက်အတိုင်းမနေ။ ငါ၏ အသက်သည် သည်မျှသာ
ရှည်စေသတည်းဟုအဓိဋ္ဌာန်ပြု၍ နှလုံးသွင်းသောသေခြင်းဖြင့်
စုတေ၍၊ လူ့ဘုံ၌ အဖန်တလဲလဲ ဘဝများစွာဖြစ်၍ ပါရမီကို
ဖြည့်သည်။ ကုသိုလ်အရသာကိုခံစားသည်။ ထို့ကြောင့်တကပ်
တကမ္ဘာတွင်ပင် များစွာ မရေတွက်နိုင် လူ့ဘုံ၌ ဖြစ်သည်ဟု
သုတ်မဟာဝါအဋ္ဌကထာတွင်ဆိုသည်။ သည်ကိုရည်၍ ပါရမီ
ခဏ်း၌။ ။ ခပ်သိမ်းသူကား။ အလှူသီတင်း။ ကောင်းမှုရင်း၍။
ဆောက်နှင်းကြမ္မာ။ ချမ်းသာပင်စည်။ ထိုထိုပြည်၌။ သက်ရှည်
နတ်ရပ်။ ဘုံသို့ကပ်လည်း။ ပျပ်စပ် တည့်လည့်။ အသက်ပြည့်
အောင်။ လည်ရှည့်စိမ့်ခံ။ ငတ်စံ စံ၍။ အကမ္ဘာဘာ။ ကြားကာ
မလို။ ထိုထိုမြတ်လောင်း။ ဆုကြီးတောင်းသား။ သူဟောင်းသော်
မှု။ ဆုယူပဏ္ဏနာ။ ရည်ရာရာ၌။ ဗြဟ္မာ–နတ်ပြည်။ သက်ရှည်
ရပ်သား။ ဖြစ်လေငြားလည်း။ ရှားပါးသဒ္ဒါ။ မေ့လျော့ကာလျှင်။
သမ္ဘာဆောက်ဦး။ မလှူရတတ်။ ကုသိုလ်ဝတ်မှ။ ချွတ်သားတတန်။

ခန္ဓာဝန်ကို။ မပွန်စနိုး။ အောင့်ကျင့်ရိုးလျက်။ ဘုန်းနိုး မပျော်။
ဗိမာန်တော်နိုက်။ တွင်းဝင်ကြိုက်လျှင်။ မိန်းရှိုက်အောင့်လျက်။ ငါ့
အသက်ကား။ သည်ထက်မလွန်။ တန်စေသတည်း။ ဤသို့နည်း
ဖြင့်။ ဖြည်းဖြည်းဆောက်တည်။ ဝိဗ္ဗာန်ရည်က။ အကြည်ပင်
သာ။ ရတော့လှာ၍။ အောက်မှာကျလစ်။ လျှပြည့်ဖြစ်လည်း။ အနှစ်
စေ့ရုံ။ ဆည်းတုံတုံလျှင်။ ဉာဏ်ခံပန်းတည့်။ ဖြစ်ရင်းစည့်၏။ ဟု
စပ်လေသည်။ ။ သုမေဓာရသေ့အဖြစ်မှစ၍ ဘုရားဖြစ်သည့်
ဘဝတိုင်အောင် လူ,နတ်,တိရစ္ဆာန်ဖြစ်လျက် ပါရမီကိုမဖြည့်ရ
သောဘဝဟူ၍ တဘဝမျှမရှိဟု စရိယာပိဋကတ် အဋ္ဌကထာ
တွင်ဆိုသည်။ ဤသို့ပါဠိ,အဋ္ဌကထာ,ဋီကာအစောင်စောင်ကျမ်း
ဂန်အသွယ်သွယ်လာသည်ကို ထောက်သော်၊ ဒီပင်္ကရာဘုရားပွင့်
တော်မူသော သာရမဏ္ဍကမ္ဘာမှသည်၊ ဘဒ္ဒကပ် ကမ္ဘာတိုင်
အောင်၊ ကမ္ဘာပင်လေးသင်္ချေနှင့် ကမ္ဘာတသိန်းရှိသည်။ တကပ်-
တကမ္ဘာတွင်ဖြစ်သော ဘဝပင်လည်း မရေတွက်နိုင်၊ များစွာရှိ
သည်။ သို့ဖြစ်၍ ငါးရာ့ငါးဆယ်ဇာတ်ဆိုသည်မှာ၊ စကားစပ်
အဋ္ဌုပ္ပတ္တိဖြစ်၍ ဟောလိုက်သည်။ လက်သည်းခွံတွင်ပါသော
မြေကဲ့သို့ အနည်းငယ်သာ။ စကားစပ် အဋ္ဌုပ္ပတ္တိမရှိ၍ မဟော
သောပါရမီကိုဖြည့်တော်မူသောဇာတ်တော်သည်ကား တော,
တောင်မြေမှုန့်ကဲ့သို့ မရေမတွက်နိုင်ရှိသည်။ ထိုသို့မရေမတွက်
နိုင်သောဇာတ်တို့၌ မျက်လုံးကို ထုတ်၍၊ ဦးခေါင်းကို ဖြတ်၍
လှူတော်မူသည်လည်း၊ မရေတွက်နိုင်အောင်ပင်ရှိသည်ဖြစ်၍
ကောင်းကင်ကြယ်ခံလောက်တို့ကို ဥပမာပြု၍ ကျမ်းဆရာတို့
ဆိုလေသည်။ ။

သက္ကရာဇ် ၁၁၂၁ ခု၊ တပေါင်းလတွင်၊ တောင်တွင်းဆရာ
တော်ဘုရားဖြေတော်မူသည်။ ။

## ပုစ္ဆာ။

မင်းလက်ဝဲနော်ရထာလျှောက်ပါသည်ဆရာတော်ဘုရား။

(၁) တပည့်တော်သည်အောက်ကရောက်သည်မှစ၍ ကျန်းကျန်းမာမာမရှိပါသောကြောင့် အထံတော်သို့မှမပြတ်မဝင်နိုင် ရှိချေသည်။ သတ္တဝါတို့ဝယ် တစုံတခုသော ရောဂါအန္တရာယ်ဘေးရန်ရှိလျှင်ရတနာသုံးပါးသို့စိတ်ညွတ်မြဲတရားတော်ရှိသည်နှင့် စာပေကြည့်ရှုနိုင်သည့် ကာလ၊ စာပေကြည့်ရှုပါသည်။ ဝေဿန္တရာဇာတ်တွင် ပေါက္ခရဝဿ၊ ကြာတော၌ရွာသောမိုဃ်းကဲ့သို့။ ဟူ၍ မြန်မာပြန်သည်။ ကြာတော၌ရွာသောမိုဃ်းသည်မည်သို့ ဂုဏ်ဝိသေသထူးမြတ်၍ ဥပမာသွင်းလေသည်။ အခြားတော၌ရွာသောမိုဃ်းနှင့် မည်သည့်အကြောင်းခြားနားသည်ကိုသိချင်ပါသည်။ ။

(၂) မုဒိင်္ဂါစ၊ မုရိုးစည်တို့သည်လည်းကောင်း။ ပဏဝါစ၊ ထက်စည်သည်လည်းကောင်း။ ဆိုရာ၌၊ ထက်စည်ကိုလည်းသိချင်ပါသည်။ ။

(၃) ၎င်းဝေဿန္တရာဇာတ်တွင် မိန်းမကို ချီးမွမ်းသော ပရိယာယ်၌။ ဟာသုလာ၊ ပြုံးရယ်ခြင်းရှေးရှိသောစကားကိုလည်း ဆိုတတ်ထသော။ သုသညာ၊ ကောင်းသော ကျင်ငယ်ကြောင်းလည်းရှိထသော။ တနုမဇ္ဈိမာ၊ ငယ်သော ခါးလည်းရှိကုန်ထသော။ ဟူ၍တွေ့ပါသည်။ သုသညာ-ကို၊ ကောင်းသောကျင်ငယ်ကြောင်းဟူ၍ သဗ္ဗညုဘုရား အလိုတော်ရှိဟန်-မရှိပါ။ အဋ္ဌကထာဆရာတို့အယူသို့ လိုက်၍မြန်မာပြန်လေသည်ထင်ပါသည်။ ဝေဿန္တရာဇာတ် ကျမ်းခိုင်များတွင်၊ သည့်အတိုင်း ရှိသည်-မရှိသည်များကိုသိချင်ပါသည်။ ။

(၄) ၎င်းတွင်-ဇာကရုဏိကာပိ၊ နတ်ဝင်မတို့သည်လည်းကောင်း။

ဟူ၍ တချက်။ အာဂတော၊လာလတ်ကုန်သော။ ပုဗ္ဗေ၊ သားတို့ကို။ ဒိသွာ၊ မြင်၍။ ဝါရုဏိဝ၊ နတ်ဝင်မကဲ့သို့။ ပဝေဓိံသု၊တုန်လှုပ်ကုန်၏။ဟူ၍လည်းတွေ့ပါသည်။လူတို့တွင် လူကို နတ်ဝင်သည်ဟူ၍ မရှိ။ မိမိတို့အယူဝါဒ ကြမ္မာနှင့်လျော်စွာ မိစ္ဆာသာဖြစ်သည်လည်း ဆိုကြပါသည်ကို၊ဇာတ်တွင်ပင်နတ်ဝင်မဟူ၍၊အဋ္ဌကထာဆရာတို့မြန်မာပြန်လေသည်။ နတ်ဝင်မ-ရှိသည်ကို သဗ္ဗညုဘုရားရှင်လည်း အလိုတော်ရှိမည် မဟုတ်ပါ။ဆရာတို့ မြန်မာအပြန်လွန်သည်ဟုယူမိလေသည်။ ။

(၅) နတ်ပြည်ခြောက်ထပ်၌နတ်တို့ရဟန္တာဖြစ်လျှင်၊မရှည်မကြာခင်ရတော့လေသည်။ဘုမ္မဇိုဝ်းနတ်တို့ရဟန္တာဖြစ်လျှင်မူကား၊အသက်ထက်ဆုံးပင်တည်နိုင်လေသည်ဟုဆိုသည့်စကားသည်၊ မှန်မည်-မမှန်မည်၊ မည်သို့ ထူးခြားသည်ကိုလည်းသိချင်ပါသည်။ ။

(၆) တိတ္ထိတို့သည် ကမ္ဘာလေးဆယ်တိုင်အောင် မြင်သည်ဆိုသည့်စကားသည်၊တိတ္ထိတို့လေ့ကျက် သင်အံသောဝိဇ္ဇာကြောင့် မြင်သည်ဖြစ်မည်၊ အထူးပါရမီရှိ၍ ဒိဗ္ဗစက္ခု၊ပုဗ္ဗေနိဝါသဉာဏ်ကဲ့သို့ ဉာဏ်ထူးရှိ၍ မြင်လေသည် ဖြစ်မည်။ ကမ္ဘာလေးဆယ် မြင်သည် ဆိုသည့်စကားပင် မှန်-မမှန်ကိုသိချင်ပါသည်။ ။

(၇) မဟာဇနကမင်း၊နိဂြောဓမင်းတို့သည်။ဖုတ်သွင်းရထားလွှတ်၍မင်းအဖြစ်သို့ရောက်ကြောင်းကိုဆိုသည်။ ဖုတ်သွင်းရထားသည် ပြည်သူ သတ္တဝါတို့ အဓိဋ္ဌာန်သစ္စာအာနုဘော်ကြောင့်သွားသည်ဖြစ်မည်၊ တစုံတခုသော ဝိဇ္ဇာမယဖြင့် သွားသည်ဖြစ်မည်။ သည်အချက်များကိုလည်းသိချင်ပါသည်ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၁ ခု၊တန်းခူးလတွင်၊မင်းလက်ဝဲနေဘ်ရထာကတောင်တွင်းဆရာတော်ကိုဈွောက်သည်။ ။

## ဝိသဇ္ဇနာ။

(၁) ပေါက္ခရဝဿဟုဆိုအပ်သော ကြာတောဉ္ဈ ရွာသကဲ့သို့သောမိုးမိုး၏ ဂုဏ်အထူးကား။ ကြာတောဉ္ဈ ရွာသော မိုးမိုးပေါက်သည်ကြာဖက်ပေါ်တွင်ရစ်၍လုံး၍နေသောကြောင့်စွတ်မိအပ်ရာဉ္ဈသော စွတ်၍၊မစွတ်မိအပ်ရာဉ္ဈလည်း မစွတ်သကဲ့သို့။ ဝေဿန္တရာဇာတ်တွင်လာသောမိုးမိုးသည်လည်း၊စွတ်လိုသော သူတို့၏ကိုယ်ဉ္ဈသော စွတ်၍၊ မစွတ်လိုသော သူတို့၏ ကိုယ်ဉ္ဈ မစွတ်ရှိသည်။ထိုသို့ စွတ်,မစွတ်နှစ်ပါးရှိခြင်းထူးသောကြောင့် ကြာတောဉ္ဈရွာသောမိုးမိုးကိုဥပမာပြုလေသည်။ ။

(၂) ထက်စည်ဆိုသည်ကား။ ။ပဏဝသဏ္ဍာနော၊မဇ္ဈေ တနုကော ဟောတိ။ ပဏဝသဏ္ဍာနော၊ ထက်စည် သဏ္ဍာန်သည်။ မဇ္ဈေ၊အလယ်ဉ္ဈ။ တနုကော၊စည်းသည်။ ဟောတိ၊ဖြစ်၏။ ။ဟူ၍ တေရသကဏ်ဋီကာတွင်ဆိုသောကြောင့်။ အဝနှစ်ဘက်ကျယ်၍အလယ်တွင်စည်း၍လုပ်သောစည်ကို ထက်စည်ဟူ၍ဆိုသည်။ ။

(၃) သုသညာသဒ္ဒါ၏အနက်ကိုဆိုရာဉ္ဈ။သုသညာတိ သုန္ဒ္ဓရ သညာဏံ။ဟူ၍အဋ္ဌကထာကျမ်းတို့တွင်ဘွင့်သည်။အဘိဓာန် ကျမ်းဉ္ဈလည်း။'သညာဏ'သဒ္ဒါနှင့်'လက္ခဏ'သဒ္ဒါကို အနက်တူပရိယာယ်ဟူ၍ဆိုသည်။ ထို့ကြောင့်၊သုသညာ၊ကောင်းသော လက္ခဏာရှိကုန်သောဟူ၍သာပေးလိုသည်။ ။

(၄) နတ်ဝင်ဟူ၍ရှိမည်၊မရှိမည်ကိုဆိုသည်မှာ။ ရှင်သာရိပုတြာလေနာပေါ်သောခါ၊ရွာတွင် တကာတဦး၏သားငယ်ကိုနတ်ဝင်ပူး၍စကားဆိုကြောင်း။ဘုရားသခင့်လက်ထက်၊ရဟန်းတဦးတောတွင်နေလာသည်ကို သစ်ပင်စောင့်နတ် မကြိုက်၍၊ တကာတယောက်၏ သားငယ်မှာပူး၍ စကားဆိုကြောင်းကို ကျမ်းဂန်လာသဖြင့်စိုးစဉ်းနတ်ပူးသသူလည်းရှိသည်။များသော အားဖြင့်မူကား နတ်မပူးဘဲကို ပူး၏ဟူ၍လှည့်ဖြားတတ်သည်။

ထို့ကြောင့် ဘုရိဒတ်ဇာတ်၌ နတ်ဝင်တို့သည် မဟုတ်မတရား များစွာလှည့်ပတ်ကြောင်းကို ဟောတော်မူသည်။ ဝေဿန္တရာ ဇာတ်တွင်လာသည်မှာကား။နတ်ပူးသည်ဖြစ်စေ၊မပူးသည်ဖြစ် စေ၊ နတ်ဝင်ဟူ၍ လောကတွင် ရှိကြောင်းနှင့် တုန်လှုပ်သော အခြင်းအရာအားဖြင့် နတ်ဝင်နှင့်တူကြောင်းကို ဟောတော်မူ သည်။ ။

(၅) အထက်နတ်ပြည်ခြောက်ထပ်၌ နတ်တို့ရဟန္တာဖြစ် လျှင်အသက်မရှည်ပြီ။လူတို့အရေအတွက်ခုနစ်ရက်လည်လျှင် စုတေလေတော့သည်ဆိုသောစကားသည်ကျမ်းလာအမှန်ပင် ဖြစ်တော့သည်။ အဘယ့်ကြောင့် စုတေလေသနည်း ဆိုသော် ကား။ နတ်ပြည်ခြောက်ထပ်သည်ကား၊ ကာမအာရုံ ရွှင်မြူးရာ အတိသာဖြစ်၍ ဆိတ်ငြိမ်ရာအရပ်ကိုမရသောကြောင့် စုတေ လေသည်။ ဘုမ္မဗိုဝ်းနတ်တို့မှာမူကား၊ ရဟန္တာတို့၏ မွေ့လျော် ရာဆိတ်ငြိမ်သောအရပ်ရှိသောကြောင့် ဘုမ္မဗိုဝ်းနတ် ရဟန္တာ ဖြစ်လျှင်အသက်အတိုင်းသာနေရလေသည်။ ။

(၆) တိတ္ထိတို့သည် ကမ္ဘာလေးဆယ်မြင်သည် ဆိုရာမှာ။ တိတ္ထိဆိုသည်ကား၊ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ရန်သူတို့ကို သာ တိတ္ထိဆိုရမည်မဟုတ်။ သုမေဓာရသေ့၊ တေမိရသေ့တို့ ကဲ့သို့။သာသနာမှအပဖြစ်သောရသေ့ရဟန်းဟူသမျှတို့ကိုပင် တိတ္ထိဟူ၍ဆိုသည်။ ထိုတိတ္ထိတို့သည် ဈာန်အဘိညာဥ်ရလျှင် ကမ္ဘာလေးဆယ်သာ မြင်သည်။ ထို့ထက်အလွန် မမြင်ပြီဆိုလို သည်။ ။

(၇) ဖုတ်သွင်းရထားဟူသည်ကား၊ မင်းစီးမင်္ဂလာရထား ကိုဆိုသည်။ ထိုဖုတ်သွင်းရထားကို ဥယျာဥ် ရေကန်သို့ မင်း ထွက်လျှင် မြင်းကဆွဲ၍စီးမြဲဖြစ်သည်။မင်းမရှိ၍၊မင်းလျာရှာသော အခါလည်း၊ရှေး ကမြဲတိုင်း မြင်းကပြေးလျှင်၊မင်းဖြစ်ထိုက်သသူ ရှိရာ၌ ဆိုက်စေသောဟု ပြည်သူအပေါင်းတို့ သစ္စာအဓိဋ္ဌာန် ပြုလျှင်၊ထိုဖုတ်သွင်းရထားကို မြင်းပင်ရှန်း၍ မင်းပြုထိုက်သသူ

ရှိရာမှာဆိုက်၍နေလေသည်။တစုံတခုဝိဇ္ဇာမယဖြင့်သွားသည် မဟုတ်။ ပကတိမြင်းပင်ရှုန်း၍သွားသည်။ လူတို့သဗ္ဗာအမိဗြှာန် အာနုဘော်ကြောင့်မင်းပြုထိုက်သသူရှိရာမှာဆိုက်လေသည်။

သက္ကရာဇ် ၁၁၂၁ ခု၊ တန်းခူးလတွင်၊ တောင်တွင်း ဆရာ တော်ဘုရားအမိန့်တော်ရှိသည်။ ။

---

## ပုစ္ဆာ။

မင်းလက်ဝဲနေဉ်ရထားလျှောက်ပါသည်ဆရာတော်ဘုရား။

(၁) သီတင်းကျွတ် လပြည့်နေ့ ဝါကျွတ်ကြောင်း။ လပြည့် ကျော်တရက်နေ့ ဝါကျွတ်ကြောင်းကို ပညာရှိတို့ ထင် သည့်အလျှော် ကျမ်းရိပ်,ဂန်ရိပ်၊ပါဠိပဒအသွယ်သွယ် ဆို၍စကားမရှင်းမလင်းသောကြောင့် အတပ်မသိသာ ပါ။ လဆန်းကိုးရက်နေ့က သဗ္ဗာပဟာပြု၍ သွားသော ရဟန်းတို့သည်၊လပြည့်နေ့တွင် ခုနစ်ရက်ပြည့်၍ မပြန် သော်လည်း၊ အာပတ်မရှိ ဆိုသည်ကို ထောက်သော်၊ လပြည့်နေ့ပင် ဝါကျွတ်ရာရောက်သည်ဟူ၍လည်း ဆို ကြပါသည်။ ။

(၂) ဥစ္စာသယနှ၊မဟာသယနှ အဆုံးအဖြတ်ကိုလည်း ယခု လူတို့ တောင်,တာ,လက်သစ်နှင့် မည်မျှရှိမည်ကို သိချင် ပါသည်။ ။

(၃) ယခုလူတို့ အိမ်ယာကျောင်းကန်ဆောက်လုပ်သောမြေ ကို တချို့ပညာရှိတို့ကလည်း၊ နှစ်သိန်း လေးသောင်း- အရေအတွက်ရှိသော မဟာပထဝီမြေပင်ဖြစ်သည်ဟု ဆိုပါသည်။တချို့ကလည်း၊နှစ်သိန်းလေးသောင်း-အထု အရေအတွက်ရှိသော မဟာပထဝီမြေမဟုတ်။သမုဒ္ဒြာ ကပေါက်ထွန်းသောကျွန်းမြေ-မြေလွန်ဖြစ်သည်ဟူ၍ ပါဠိ ဂါထာနှင့် ကျမ်းဂန်ညွှန်ပြ၍၊ ရွှေပြည်တော်တွင်

ဆရာတော်များပင်အကွဲကွဲမိန့်တော်မူကြခဲ့သည်။သည့်အမှုများကိုအငြင်းအခုံရှိရမည့်ကာလမဟုတ်ပါသေး။ ဟောတော်မူသောတရားတော်သည် နေ့လကဲ့သို့ရှိပါသေးသည်။သည့်အချက်များကိုလည်း သေချာအောင်အမိန့်တော်ရှိပါ။ ။

သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ပစ္စန္တဒေသအရပ်တို့၌ အရဏ်ခံတော်မမူ။ပစ္စန္တဒေသအရပ်များမှာဝါကပ်တော်မူသော်လည်း၊မဇ္ဈိမဒေသဇေတဝန်၊ဝေဠုဝန်ကျောင်းတော်များမှာပြန်၍ အရုဏ်ခံတော်မူသည်ဆိုသည်ကို၊ တာဝတိံသာမှာ ဝါဆိုတော်မူသည့်ကာလ။ဥတ္တရကုရုကျွန်းမှာ ဆွမ်းခံတော်မူကြောင်း။ အနောတတ်အိုင်နား၌ဆွမ်းဘုဉ်းပေးတော်မူကြောင်းကို ဆိုသည်။ တာဝတိံသာနတ်ပြည်မှာ ဝါဆိုတော်မူစဉ် ဇေတဝန်၊ဝေဠုဝန်ကျောင်းတော်မှာအရုဏ်ခံတော်မူလာလျှင်၊ ဥတ္တရကုရုကျွန်းမှာ နံနက်ဆွမ်းခံမှီဘွယ် မရှိပါ။ ဇမ္ဗူဒီပါကျွန်း၌ဘုရားအရုဏ်ခံတော်မူမည့်အချိန် နံနက်လေးချက်မတီးမီ၊တနာရီခန့်ကို၊ပြုဗ္ဗဝိဒေဟကျွန်း၌ မွန်းမတည့်မီ တနာရီ။ ဥတ္တရကုရုကျွန်း၌ ညဉ့်လေးချက်မတီးမီ တနာရီ။အပရဂေါယာဉ်ကျွန်း၌ ညဉ့်နှစ်ချက်မတီးမီတနာရီ၊တွက်ရေ ရခဲ့သည်။ ဥတ္တရကုရုကျွန်းမှာ နေထွက်မှ ဆွမ်းခံတော်မူလျှင်လည်း၊အနောတတ်အိုင်သည်၊ဇမ္ဗူဒီပါနယ်ဝင်ဖြစ်၍၊အနောတတ်အိုင်နားမှာသန်ခေါင်ကာလဖြစ်ရချေသည်။ ဘုရားတန်းခိုးတော်ကိုမှုကား၊ ဆိုနိုင်ကြံနိုင်မည် မဟုတ်ပါပြီ။ အတွက်ရအောင်ပေးသည်ဖြစ်လျှင်လည်းသိသာအောင်အမိန့်တော်ရှိစေချင်ပါသည်။ ။

တချက်လည်း၊ ပရိတ်ကြီး အစောင်စောင်တွင်။ မင်္ဂလသုတ်၊ရတနသုတ်၊ မေတ္တသုတ်၊ခန္ဓသုတ်၊အင်္ဂုလိမာလသုတ်၊ ဇောဇ္ဈင်သုတ်-များသည်၊ ဘုရား ဟောတော်မူ

သောမရက္ခပါဠိတော်လည်းဖြစ်ပါသည်။သည်သုတ်များ တွင်ရတနသုတ်သည်မျက်မှောက်တော်တွင်ပွဲတွေ့ဆို ဘိသကဲ့သို့အခင်းနှင့်ပြက်ပြက်သဒ္ဒါစေတနာရှိဘွယ်ရှိ လှသည်။အနက်အဓိပ္ပါယ်လည်းဘုရား့ကျေးဇူးတော်, တရားကျေးဇူးတော်,ခီဏာသဝတို့ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းချီးမြှောက်သည့်စကားများ၍၊လေးနက် သာယာ ပါသည်။မင်္ဂလသုတ်၊မေတ္တသုတ်၊ခေဂ်သုတ်၊အင်္ဂုလိမာ လသုတ်၊ဗောဇ္ဈင်သုတ်များလည်းပွဲတွေ့အခင်းနှင့်ချည်း ပင် ဖြစ်ပါသည်ကို၊ ဝိနည်း တစောင်တွင်၊ ပရိတ်ရွတ် သောရဟန်းတို့ကို ဆိုသော အဆုံးအဖြတ်ဟု တွေ့ပါ သည်။ ဘိလူးဘမ်းသောသူတို့အား၊ရတနသုတ်စသော ပရိတ်တို့ကို အလျှင်ရွတ်ရာသည်။ သည်နှင့် မလွတ်လို လျှင်၊အာဋာနာဋိယသုတ်ကိုရွတ်ရာသည်။ရွတ်နည်းမှာ မူကား၊ ရွတ်မည့်ပုဂ္ဂိုလ်သည်၊ နှမ်းချွတ်, နှမ်းမှုံ, သား ဟင်းမျိုးကိုမစားနှင့်၊ကျောင်းကအိမ်သို့သွားလျှင်ဓားလှံ ဝန်းရံ၍လိုက်စေ၊သုသာန်အရပ်၌မနေအပ်။ ပရိတ်ရွတ် ၍မြေကြီးကိုနွားချေးကျံ၍နေရာခင်းရာသည်။ လွင်တီး ခေါင်၌ မရွတ်အပ်၊ လုံခြုံရာအရပ်၌ တိုက်ကြတံခါးကို ပိတ်၍ရွတ်ရာသည်ဟူ၍ အာဋာနာဋိယသုတ် ဂုဏ်ကို ချီးမြှောက်သော စကားသံလည်း တချက်ဆိုသည်။ အ ကာအရံ အစောင့်အရှောက် အဆီးအတားလုံခြုံစေဆို သည်ကိုထောက်လျှင်လည်း၊ပရိတ်အာနုဘော်ကိုမယုံ။ မလုံချေ၍ ဆီးကာ စောင့်ရှောက် ဆင်ခြင် ရသကဲ့သို့ စကားသံရောက်ခဲ့သည်။ ပရိတ်၏ အနက်အဓိပ္ပါယ်ကို ကြည့်သော်လည်း၊ ဘုရား,တရားကိုရှိခိုးခြင်း၊နမကာရ သာများသည်။ အာဋာနာဋိယပရိတ် တစောင်လုံးသည်၊ အစ,အလယ်,အဆုံး၊သုံးပါးပြီးအောင်၊ဘုရားဟောပြိုပြို ရတနသုတ်များကဲ့သို့ ဟုတ်ဟန်မရှိပါ။ ကျမ်းဆရာတို့

သင့်ရာစီရင်၍ ထားသော တရားတော်သာဖြစ်မည်ထင်ပါသည်။ ပရိတ်အထူးအပြား၊ ဝိနည်းဆိုစကား မှန် မမှန်ကို ခွဲခြမ်း၍ သိသာအောင် အမိန့်တော်ရှိတော်မူပါမည့်အကြောင်းကို-အဒိဋ္ဌသံသန္ဒနာဖြင့်လျှောက်ပါသည်ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၁ ခု၊ တန်းခူးလတွင်၊ တောင်တွင်းဆရာတော်ကိုလျှောက်သည်။ ။

ဝိသဇ္ဇနာ။

(၁) ဝါကျွတ် စကားမှာ။ ဝိမတိဝိနောဒနီ ဋီကာ၊ ဝိနယာလင်္ကာရဋီကာဆရာတို့သည်၊ လပြည့်ကျော်တရက်မှ ဝါကျွတ်သည်ဟူ၍ ယူကုန်သည်။ ဝဇိရဗုဒ္ဓိဋီကာ၊ တေရသကဏ္ဍဋီကာ၊ ဝိနယဂဏ္ဌိ ဒီပနီ ဆရာတို့မှုကား၊ လပြည့်နေ့ကပင် ဝါကျွတ်သည်ဟူ၍ ယူကုန်သည်။ သို့ကျမ်းဂန်နှစ်ထွေ အယူကွဲပြားကြသည့်အရာတွင်။ ပါဠိစကား အဋ္ဌကထာစကားနှင့် အကြောင်းယုတ္တိကို ထောက်သော်၊ အသင့်မျှသောကြောင့် လပြည့်နေ့ကပင်ဝါကျွတ်သည်ဆိုသောစကားကိုဆရာကြီး၊ ဆရာကျော်တို့ကြိုက်နှစ်သက်ကုန်သည်။ ။

(၂) ဥစ္စာသယာန မဟာသယာန အဆုံးအဖြတ်မှာ၊ မြတ်စွာဘုရားလက်တော် ရှစ်သစ်သည်၊ သုံးဆတက်၍=မဇ္ဈိမ ပုရိသတတောင်ဖြစ်၏။ မဇ္ဈိမပုရိသတတောင်သည်=အခွဲတက်၍ ပကတိပုရိသ တတောင့်ထွာ ဖြစ်၏။ ပကတိပုရိသ တတောင့်ထွာထက်၊ အခြေရှည်သော ဖတိုင်ညောင်စောင်း အင်းပျဉ်သည်=ဥစ္စာသယာနမည်၏။ ဥပုသ်ဆောက်တည်သောသူတို့ မအိပ်မနေအပ်။ ။

(၃) မဟာပထဝီမြေစကားမှာ၊ ကျမ်းဂန်က အယူဝါဒကွဲပြားသည်မဟုတ်။ ယခုဆရာတို့အယူသို့လိုက်၍ နှစ်ထွေကွဲပြား

လေသည်။ သို့ကဲ့ပြားရာတွင်၊ ဇမ္ဗူဒီပါမြေသည် နှစ်သိန်းလေးသောင်း မဟာပထဝီအဝင်ပင်ဖြစ်သည် ဆိုသောစကားသည် သင့်မြတ်သည်။သင့်ကြောင်းကား၊ဘုရားသခင်သည်ဗောဓိပင်အနီး သတ္တဌာနတွင် သီတင်းသုံးတော်မူသောအခါ၊အဘိဓမ္မာ ခုနစ်ကျမ်းအနက် ပဋ္ဌာန်းကျမ်းကိုဆင်ခြင်တော်မူလျှင်၊ ရောင်ခြည်တော်ခြောက်သွယ်တို့သည်၊ အထက်အဘို့အားဖြင့် နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ့ပြည် အထပ်နှစ်ဆယ်တို့ကို ဖေါက်ထွင်း၍၊အထက်ကောင်းကင်သို့ပြေးလေသည်။ဘိလာအားဖြင့် အနန္တ စကြဝဠာတိုက်သို့ ပြေးလေသည်။ အောက်အဘို့အားဖြင့် နှစ်သိန်းလေးသောင်းမြေအထု၊နှစ်ဆတက်-ရေအထု၊ငင်းနှစ်ဆတက်-လေအထုတို့ကို ဖေါက်ထွင်း၍၊ အောက်ကောင်းကင်သို့ ပြေးလေကုန်သည်ဟူ၍၊ အဋ္ဌသာလိနီ၊တေရသကဏ်ဋီကာအစရှိသော၊များစွာသောအဋ္ဌကထာ၊ဋီကာကျမ်းတို့၌ဆိုသည်။ဗောဓိပင်သည်လည်းဇမ္ဗူဒီပါကျွန်းထက်တွင်ပင်ရောက်သည်။ဇမ္ဗူဒိပ်ကျွန်းမြေနှစ်သိန်းလေးသောင်းသည်၊မဟာပထဝီအဝင်မဟုတ်၊အလွတ်ဖြစ်လျှင်သုံးသိန်းနှစ်သောင့်းလေးထောင်သောမြေတို့ကိုဖေါက်ထွင်း၍သွားလေသည်ဟူ၍အဋ္ဌကထာ၊ဋီကာဆရာတို့ဆိုကောင်းသည်။ သို့မဆို၊ နှစ်သိန်းလေးသောင်းမြေအထုတို့ကိုဖေါက်ထွင်း၍သွါးလေသည်ဟူ၍သာဆိုသည်။ ကျမ်းဂန်တို့၌ စိုးစဉ်း အနည်းငယ် မရေတွက် လောက်သည့်အရာကိုချ၍‘ဦန’သင်္ချာအားဖြင့်ဆိုသည်လည်းရှိ၏။အဘယ်ကဲ့သို့နည်း ဟူမူကား။ ။ကာပိလဝယ်။ နှစ်မနှင့် မောင်။ ပြည်ထဲဆောင်၍။လေးထောင်,ရှစ်သောင်း။မင်းများနှောင်းတွင်။ ဟူ၍တကျိပ်သောမင်းတို့ကိုချ၍‘ဦန’သင်္ချာအားဖြင့် ဆိုလေသည်။ သည်မှာလည်း ထိုကဲ့သို့‘ဦန’သင်္ချာအားဖြင့်ဆိုလေသည်ဟူ၍ဆိုငြားအံ့။ထိုသို့လည်းမဆိုသင့်။အဘယ့်ကြောင့်နည်းဟူမူကား။ အနည်းငယ်မဟုတ်၊ ရှစ်သောင့်းလေးထောင်စင်စစ်ဖြစ်သည်။ ထို့ကြောင့် အဋ္ဌကထာ ဋီကာတိုက်ရိုက်လာသည့်အတိုင်း ဇမ္ဗူ

ဒိပ်ကျွန်းမြေသည် နှစ်သိန်းလေးသောင်း မဟာပထဝီအဝင်ဖြစ်သည်ဟူ၍ယူသင့်သည်။ ။

(၄) ဝါဆိုအရုဏ်ခံ စကားမှာ၊ ပစ္စန္တရစ်မှာ အရုဏ်မခံ။ မဇ္ဈိမဒေသမှာသာ အရုဏ်ခံသည် ဆိုသောစကားသည်၊ ဇမ္ဗူဒိပ်ကျွန်းထဲတွင်ကိုသာဆိုသည်။ တာဝတိံသာနတ်ပြည်သည့်ကား၊မဇ္ဈိမဒေသလည်းမဟုတ်။ပစ္စန္တရစ်လည်းမဟုတ်။နှစ်ပါးမှအလွတ်ပင်ဖြစ်၍ တာဝတိံသာနတ်ပြည်မှာ အရုဏ်ခံ၍ပင်ဝါဆိုတော်မူသည်။ အရုဏ်တက်ပြီးမှ အနဝတတ်အိုင်မှာ ဒံပူမျက်သစ်သုံးဆောင်တော်မူ၍ မြောက်ကျွန်းမှာ ဆွမ်းခံတော်မူသည်။ ယင်းသောအခါ မြောက်ကျွန်းမှာ နေဝင်ခါနီးဖြစ်သည်။ ကာလအပိုင်းအခြားမှာ၊ တောင်ကျွန်းကိုသာပမာနပြု၍ ဆွမ်းဘုဉ်းပေးတော်မူသည်။ ။

(၅) အာဋာနာဋိယ သုတ်သည်လည်း၊ ဘုရား ဟောပင်။ သုတ်ပါထေယျကျမ်းတွင်လာသည်။သုတ်အကုန်နှစ်အင်္ဂါခန့်ရှိသည်။ပရိတ်ကြီးတွင်းမှာ၊ဝိပဿိဿစနမတ္ထု-ကာသည်။မဟာန္တဝိတသာရဒံ-တိုင်ရှိခြော်ဂါထာသာ အာဋာနာဋိယသုတ်ထွက်။ ဧတေ စညေစ သမ္ဗုဒ္ဓါ-အစရှိသော ဂါထာများမှာ၊ သီဟိုဠ်ဆရာကြီးတို့ဘွဲ့ကုံးသည်။ပရိတ်ရွတ်ပရိကံအစီအရင်မှာလည်းကျမ်းလာအမှန်ပင်ဖြစ်တော့သည်။ဘီလူးဘမ်းသောသူကိုအာဋာနာဋိယသုတ် ပရိတ်ကိုရွတ်သည်မှာ၊ အတပ်အကြပ် ခြင်္သေ့သစ်ကျားတို့ကို အစာဟုန်းသကဲ့သို့ ဖြစ်၍၊ ဘီလူးတို့ ရန်ငြိုးပြင်းသည်။ နှမ်းချွတ်မှုံ့ကြော်သည့်လည်း၊ ဘီလူးတို့ ကြိုက်နှစ်သက်သောဝတ္ထုဖြစ်၍ အနံ့ရလျှင် အစွဲပြင်းသည်။ ခဲလုံလေးမြား လက်နက် ကြိယာသည်လည်း ဘီလူးတို့ ကြောက်သောဝတ္ထုဖြစ်သည်။အမှေအလျော့ကိုနှိပ်စက်မည်စိုးသောကြောင့် အတွင်းပရိကံ၊ အပြင်ပရိကံနှစ်ပါးစုံ လုံခြုံအောင် အဋ္ဌကသာဆရာတို့မိန့်တော်မူကုန်သည်ဒါယကာ။ ။

သက္ကရာဇ် ၁၁၂၁ ခု၊ တန်းခူးလတွင်၊ တောင်တွင်းဆရာတော်ဘုရားက၊ မင်းလက်ဝဲနော်ရထာအမတ်မေးလျှောက်သည်ကို၊ ဖြေဆိုအမိန့်တော်ရှိလိုက်သည်။ . ။

---

## ပုစ္ဆာ။

မင်းလက်ဝဲနော်ရထာ လျှောက်ပါသည်ဆရာတော်ဘုရား။

(၁) တပည့်တော်သည် မေတ္တာတော်ကြောင့် ကျန်းမာ၍၊ ယခုတကာတော်သည်၊ ရွှေစက်တော်အောက်သို့လိုက်ပါတော့မည်။ ရဟန်းတို့တွင် သဒ္ဒါကျမ်း,ဆန်းကျမ်းတို့ကဲ့သို့ပင်။ လူတို့တွင်လည်း၊ ပညာရှိ မင်းဧကရာဇ်တို့ သုံးဆောင်ထိုက်သော အမှုး အမတ်တို့ဝယ် အသတ်အလတ်သည် ခဲခက်လှသည်။ ထိုထက်ပင်လည်း၊ အချစ်နှင့်-အပင့်သည်၊ လူမှုမှာ ခဲခက်ပြန်ချေသည်။ အသတ်အလတ်မှာ၊ ရှေးဆရာတို့ထားသော၊ ပျို့,ကဗျာ,သတ်ပုံ,ကာရန်,ရေးထုံး ရေးနည်းများ၍ သိသာသည် များပါသည်။ အချစ်နှင့်-အပင့်သည်မသိသာရှိသည်ကို၊ တပည့်တော်ယိုးဒယားသို့ချီတော်မမူမီကပင် ခိုင်ခန့်သော ပျို့,လင်္ကာ,အစောင်စောင်တို့မှ ထုတ်နုတ်၍ ခွဲဝေသည်။ စာလက်စနှင့်ရှိသည်ကိုရေးသား၍၊ ယခုပေသို့တင်ချင်ပါသည်။ သာသနာတော်ရေးကို ထောက်ရှုတော်မူ၍ စာအရကိုစေ့စေ့ငုငုကြည့်တော်မူပါ။ အဆိုအမိန့်မသင့်သည်ထင်တော်မူသမျှကိုလည်းပြင်တော်မူပါ။ နှစ်သက်တော်မူလျှင် သည်စာသည်၊ တကာတော်မင်းဧကရာဇ်ရှေ့တော်သို့ပင်ရောက်မည်ဖြစ်ပါသည်။ ကျမ်းမည်ကိုလည်း ဥပစာရအားဖြင့် "ချစ်ပင့်ဒီပကာ" ပင် ဆိုချင်ပါသည်။ သင့်-မသင့်ကို ထောက်ရှုတော်မူ၍၊ မသင့်လျှင်လည်းကျမ်းမည်ကိုအမိန့်တော်မြွက်ရှိတော်မူပါ။ စာကို

ကြည့်ရှုတော်မူပြီးလျှင်၊ ကျမ်းဦးပဏာမဂါထာ၊ စောဒ
နာတင်ဂါထာ၊ ဖြေသောဂါထာသည်လည်း လျှောက်
ပတ် တော်သင့်ရုံ ထည့်တော်မူပါမည့် အကြောင်းကို
လျှောက်ပါသည်ဆရာတော်ဘုရား။ ။ပဒေသရာဇာ
စာဆိုငယ်တို့ ဆိုချက်များကို ထည့်သည်မှာ၊ သည်သူ
တို့သည် ကျမ်းဂန်ကိုသာ မကျွမ်းကျင်သည်။ အသတ်
အလတ်အရစ်အပင့်မှာ ယခုကာလတွင် မှန်ကန်သည့်
အရာများချေသည်ဖြစ်၍၊သည်စာများကိုလည်း သွင်း
သင့်ပေသည်။ ပုရပိုက်နှစ်ဆူအနက်၊ ပုရပိုက်ငယ်ကို
အလျှင်ကြည့်တော်မူပါဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၂ ခု၊ တော်သလင်းလတွင်၊ မင်းလက်ဝဲ
နော်ရထာကတောင်တွင်းဆရာတော်ကိုလျှောက်သည်။ ။

ဝိသဇ္ဇနာ။

(၁) ဒေသေန္တိ မူလဘာသာသာယ၊ဥပေန္တိ လောကနာယကံ။
ကောဓိသတဘာသာသာယ၊ဝန္ဒာမိ သဒ္ဒပါရဂုံ။ ။

အဟံ၊ငါသည်။ မူလဘာသာသာယ၊တရော့တပါးသောဘာသာ
များတွင် အရင်းအမြစ်ဖြစ်သောမာဂဓဘာသာဖြင့်။ဒေသေန္တိ၊
တရားစကား၊ဟောကြားတော်မူလျက်။ ကောဓိသတဘာသာ
သာယ၊တပါးအလွန်ရှိသော၊တရာသောလူမျိုးတို့၏ဘာသာစကား
ဖြင့်။ဥပေန္တိ–ဥပေန္တေန၊အသီးအသီးနားသည်စေတတ်သော။
သဒ္ဒပါရဂုံ၊သဒ္ဒါအပေါင်း၏ အဆုံးကမ်းသို့ ရောက်တော်မူပြီး
ထသော။လောကနာယကံ၊လူသုံးဦးတို့၏အမှူးဖြစ်တော်မူသော
မြတ်စွာဘုရားကို။ဝန္ဒာမိ၊ရှိခိုးပါ၏။ ။

နိဿာယ ဂရုသီဟာနံ၊တုလကံ ဝစနက္ကမံ။
ဓိရသာရံ ပဝက္ခာမိ၊မြမ္မာသံယောဂဒီပနီ။ ။

ဝန္ဒိတွာ၊ရှိခိုးပြီး၍။ ဂရုသီဟာနံ၊အဆက်ဆက်သောဆရာ

မြတ်တို့၏။ တုလကာံ၊ ချိန်သဘွယ်ပမာဏဖြစ်သော။ ဝစနက္ကမံ၊ မြန်မာတို့၏စကားမျိုး၊ ဆိုရိုးအစဉ်ကို။ နိဿာယ၊ မှီ၍။ ဓီရသာရံ၊ ပညာရှိတို့၏အနှစ်ဥစ္စာဖြစ်သော။ မြန္မာသံယောဂဒီပနီ၊ မြန်မာဘာသာ၌၊ အရစ်,အပင့် အက္ခရာအယှဉ်ကိုပြရာပြကြောင်းဖြစ်သောကျမ်းကို။ ပဝက္ခာမိ၊ ဆိုပေအံ့။ ။ကျမ်းဦးတွင်ထည့်ရန်ဂါထာ။ ။

ဋီကာဟူ၍ဆိုရိုးသည်ကား။ အဋ္ဌကထာကျမ်းကိုတစောင်တည်း၍ရှိပြီးမှ၊ နောက်ထပ်၍ဘွင့်ပြန်သည်ကို ဋီကာဟူ၍ဆိုရမည်။သည်မှာအဋ္ဌကထာဆိုစရာစာကိုယ်မရှိဖြစ်သောကြောင့် "မြန်မာသံယောဂဒီပနီ"ဟူ၍ကျမ်းမည်ကိုမှည့်စေချင်သည်။ ။ ခေါ်လွယ်စေခြင်းငှါမြန်မာသံယုဂ်ဟူ၍ဆိုလိုလည်းဆိုရ၏။ ။ စပ်ထုံး အထောက်အထားမှာ။ ပျဆန်မဆင်။ ပျမြန်မရွှင်။ ဆိုသည်များမှာ အထောက်သင့်လှသည်ပင် ဖြစ်တော့သည်။" နှာ:နေစခန်း ချချတည်း။ စိတ်ကရည်တိုင်း ကျကျတည်း။ ရွှေဥန်းကြိုင်ကြိုင်ပျပျတည်း။" ဆိုသည်များမှာ ဤအရာတွင်သာ အပင့်ချည်းတော်မိလေသည်။အပင့်သက်သက်သာချရိုး၊အရစ်သက်သက်သာချရိုးဟူ၍မရှိချေ။ အပင့်၊အရစ်ရော၍ချသောစပ်ထုံးလည်းအများရှိချေသည်။ ကေန်ပဓာနမဆိုရဖြစ်သောကြောင့်၊ သည်အရာကိုလည်း မထည့်စေချင်။ ။ဗမ္ဗူ၊အိုးမှူ။ ဝေပူမြနှင့်။ ဆိုသည်မှာလည်း။'ဟ'အက္ခရာအယှဉ်ကြောင့်ကွဲကြသည်ဖြစ်၍၊အရစ်ချင်း၊အပင့်ချင်းပင်ထပ်မိလေချေသော်လည်း။စပ်သင့်သောအရာဖြစ်ချေသည်။မြေဆိုသည်နှင့် မြွေးဆိုသည်များမှာ အရစ်ချင်း ထပ်မိလျက် 'ဟ'အက္ခရာ အယှဉ်ကြောင့် ကွဲကြသည်ဖြစ်၍ စပ်ရလေသကဲ့သို့၊ ကေန်ပဓာန မဆိုရဖြစ်သောကြောင့်မထည့်စေချင်။ ။နောက်များမှာလည်း မထည့်စေချင်သည့်အရာများမှာ-ကြက်ခြေခပ်လိုက်သည်။ ။

သက္ကရာဇ် ၁၁၂၂ ခု၊ တော်သလင်းလတွင်၊ တောင်တွင်းဆရာတော်ဘုရားဖြေတော်မူသည်။ ။

## ပုစ္ဆာ။

မင်းလက်ဝဲနေ်ာရထာလျှောက်ပါသည်ဆရာတော်ဘုရား။

(၁) တပည့်တော်မှာသက္ကရာဇ် ၁၁၂၀-ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့၊ ကသည်းသို့ ချီတော်မူသည့်နေ့ဆောက်သည့်ကျောင်းသည်။ဇေတဝန်သုံးထပ်ကွန်းငါးစင်။နှာရောင်မုခ်နှစ်မျက်နှာ။ဆင်ကပ်လည့် လှေကားလေးဆူ။ဘုရဂွံ့ခမည်းတော်ဘုရား သနားတော်မူ၍ဆောက်လုပ်ပါသည်။ ဘုရားအထွတ်အမြတ်သို့ရော်တော်မူလျှင်လည်း မှန်ကင်းခြောက်ဆူ အမွှမ်းခြင်ဝိတ်၊ ရွှေနှစ်ရ၊ အနီတရ ထည့်လုပ်စေ-အမိန့်တော် ရှိသည်။ ကျောင်းမ လည်မှာ လည်း၊ အရပ်ရပ် ဂါမဝါသိတို့-ကျောင်းဟောင်းကိုမနေကြရ၊ ကျောင်းသစ်ဆောက်မှနေစေ။ဝိနည်းပညတ်တော်အတိုင်းလျှင်အမိန့်တော်နှင့် သုတ်သင်ဆေးကြော စွန့်လွှတ်ကြရသည့်နေ်ာ၊ ကောင်းစွာသုတ်သင်အပ်ပြီးသော၊ သာသနာတော်တွင် ဆော်လုပ်သောကြောင့်။ဟံသာဝတီဝယ် ဓမ္မစေတီမင်းလက်ထက်၊ကလျာဏီသိမ်ကဲ့သို့ဖြစ်ပါသည်။ "ကလျာဏီရွှေကျောင်း"ဟူသောဌာနတံဆိပ်ကိုလှူတော်မူပါလျှောက်လျှင်၊ "ကလျာဏီရွှေကျောင်း"ဟူသော ဌာနတံဆိပ်ကိုလှူတော်မူ၍။ သက္ကရာဇ် ၁၁၂၂-ခု၊နတ်တော်လဆန်းဆယ်ရက်နေ့ ကမ္ပည်းတပ်ပါသည်။ သည်အကြောင်းအရာကို၊နောင်သမိုင်းမော်ကွန်း အစဉ်ဖြစ်အောင် ပါဠိဂါထာစီကုံး၍သနားတော်မူပါ။ ပါဠိဂါထာစီကုံးတော်မူရမည်မှာ။သီဟိုဠ်ကျွန်း၌ကာကဝဏ္ဏတိဿမင်းသည် တည်အပ်သော ကလျာဏီစေတီကဲ့သို့ လည်းကောင်း။ ဟံသာဝတီဝယ် ဓမ္မစေတီမင်းသည် သာသနာတော်၌ သိမ်၏ပြည့်စုံခြင်း၊ ပရိသတ်၏ပြည့်စုံခြင်းတို့ကို ယှုံမှား

သက်ာရှိသဖြင့်၊သီလ၀န်-ဂုဏဝန်ဖြစ်ကုန်သောရဟန်းတို့ကို သိပဟိုဋ္ဌ်ကျွန်းသို့သဘော်နှစ်စင်းတွင်ပဏ္ဍာကာရအများနှင့်အမတ်နှစ်ယောက်ကိုစေ၍ ဘုရားသခင်ရေသပ္ပါယ်တော်မူဘူးသော၊ ကလျာဏီမြစ်၌ သိပဟိုဋ္ဌ်မင်းက လှေဘောင်ဘွဲ့စေပြီးလျှင်၊ ဟံသာ၀တီကရဟန်းတို့ကို ပဋ္ဌင်းအသစ်ခံစေကြောင်း။ ကလျာဏီမြစ်၌ သိက္ခာအသစ်ယူကုန်သောရဟန်းတို့ကိုဟံသာ၀တီသို့ရောက်လျှင်ကလျာဏီသိမ်ကိုသမုတ်တော်မူစေ၍။ ရာမညသုံးတိုင်း၌တရားမညီမညွတ်ကျင့်ကုန်သောရဟန်းတို့ကို၊ ထိုသိမ်၌သိက္ခာအသစ်ယူစေ၍၊ သာသနာတော်အစွန့်ရှည်စွာသန့်ရှင်းစင်ကြယ်သဖြင့် ထိုသိမ်ကိုလည်း ယခုတိုင်အောင် ကလျာဏီသိမ်ဟူ၍ထင်ရှားစွာပညာရှိတို့ယုံကြည့်သကဲ့သို့ လည်းကောင်း။ ပိဋကတ်, ဓမ္မ၀တ်ကြောင်း၊ ရာဇ၀င်, ရာဇ၀တ်ကြောင်းများနှင့် သင့်တင့်တော်လျော်အောင် ပါဠ်ဂါထာကိုစီကုံး၍ သနားတော်မူပါ။ ။ဗေဒင်ကြောင်းမှာလည်း'က'အက္ခရာနှင့်'လျာ' အက္ခရာသည်လည်း မိတ်ဘက်။ 'လျာ'အက္ခရာနှင့်'ဏီ' အက္ခရာသည်လည်း မိတ်ဘက်။ 'ဏီ'အက္ခရာနှင့် 'ရွှေ' အက္ခရာသည်လည်းမိတ်ဘက်။'ရွှေ'အက္ခရာနှင့်'ကျောင်း' အက္ခရာသည်လည်း မိတ်ဘက်။'ဏီ'ဟူသောအက္ခရာလည်း ကျောင်းဒါယကာ၏နေ့-နံဖြစ်၍၊ဗေဒင်ကြောင်း၌လည်း သင့်တင့်တော်လျော်အောင် ထည့်သွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၂ ခု၊ နတ်တော်လဆန်း ၁၃ ရက်နေ့၊မင်းလက်ဝဲနေဉ်ရထာက၊ တောင်တွင်းဆရာတော်ဘုရားကို လျှော်သည်။ ။

## ဝိသဇ္ဇနာ။

## ( ၁ )

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ရာဇာတိဓမ္မရာဇိန္ဒော၊ ဒေဝါတိဒေဝပုင်္ဂဝေါ။
ဗြဟ္မာတိဗြဟ္မပါမောက္ခော၊ ဘာဝံပုရေတုနာယကော။

ပါရမီဒသ ပူရေတွာ၊ သဗ္ဗညာ ဂုဏ်တေ တိဓာ။
ဝိဘဇ္ဇိတွာ ကိလေသေယော၊ ပတ္တော သမ္ဗောဓိမုတ္တမံ။

တဿ စက္ကမှိ သမ္ပတ္တော၊ အဋ္ဌဿရိယလင်္ကိ တော။
ဇန္ဒရ က္ခေစ ယ က္ကော ပေ၊ သကရာဇဓေစသညိတော။

သဗ္ဗဝေရေ ဇိနိတွာန၊ ဓမ္မရာဇာ မဟိဒ္ဓိကော။
ရတနာသိယံနဂရေ၊ ရဇ္ဇံ ကာရေသိ အာဒိတော။ ။

အနုဂ္ဂဟာတိ သောဒေဝေါ၊ အမစ္စာနံ ယထာဗလံ။
ဝဏ္ဏကာရေ ဆဋ္ဌဂိနံ၊ အဋ္ဌဂိနဉ္စ မန္တိတော။ ။

သေနာမောက္ခေ နဝဂိနံ၊ ယာဿယာဿေဝ သာမိစိ။
ယံယံဌာနံ တမှိတမှိ၊ တံတံ ဌပေတိ ကောဝိဒေါ။ ။

အဋ္ဌဂိကတ္တု မညာယ၊ ယဿမစ္စံ သမာဌပိ။
ဝါမာနုရုဒ္ဓနာမေန၊ မန္တိကတ္တေ ယထာဂုဏံ။ ။

ဌပေတိ မန္တိကတ္တေ သော၊ ယဉ္စာမစ္စံ ဒိသမ္ပတိ။
နာနာကာရေဟိ ဝိန္တေသိ၊ သော သဒ္ဓမ္မ မနုဿရံ။ ။

ဒုလ္လဘောနဝမောကာသော၊ အဋ္ဌက္ခဏေဟိဝဇ္ဇိတော။
သောစ ဒါနိ မယာ လဒ္ဓေါ၊ ခဏော ဝေ မာဥပစ္စဂါ။

သကလာမိသဒါနာနံ၊ ဝိဟာရဒါန မုတ္တမံ။
သောစ သဗ္ဗဒဒေါဟောတိ၊ ယော ဒဒါတိ ဥပဿယံ။

(၁၁) ဧဝံ ဝိစိန္တယိတွာန၊ ပဋိသင်္ခါယ ယောနိသော။
အဗ္ဘုသံဝေဂဝတ္ထုစ၊ ဝိဟာရံ သံဥပေတိ သော။ ။

(၁၂) သကရာဇေ န ရ ဋ္ဌော ပေ၊ အမြိတ္တသောကဝဿရေ။
ပက္ခေ ကတ္တိကမာသဿ၊ ကာလေ ကာဒသမေဒိနေ။

(၁၃) သော ဟိ ပဉ္စမဟာထမ္ဘော၊ ဒွိမုခေါစ တိဘူမိကော။
ရတ္တော ဗျာရသဒေါသေဟိ၊ ပဉ္စဂီကောသွဏ္ဏမယော။

(၁၄) ဒေဝေတာသ္မိံ မဟာပုညော၊ ရမ္မာနံသောပကာရကော။
ဒီပင်္ကေ ပိတုဋ္ဌာနံ ယော၊ ဂဏှာတိ ပရိဏာယကော။

(၁၅) သုရော သော သုရပဂ္ဂါဟိ၊ မိရောစ မိရမာမကော။
ဝိပ္ပသန္နော တိဝတ္ထုမှိ၊ ပုညက္ကရဏ္ဍ တုဿတိ။ ။

(၁၆) ဒေဝေါစ ပိတုရာဇေန၊ ဌပိတေ သော ဌပေတိ တံ။
ဝိဟာရကရဏံ တဿ၊ ဉတွာ ဘိယျော ပမောဒတိ။

(၁၇) ဝိဟာရဿာနုမောဒိတွာ၊ ဌာနနာမံ သုလဍ္ဎိတံ။
ကလျာဏိယာ ဝိဟာရောတိ၊ ဒေဝေန ရမ္မသာမိနော။

(၁၈) သကရာဇေ ခ ရ ဋ္ဌော ပေ၊ အမြိတ္တသတိဝဿရေ။
ပက္ခမှိ မိဂသိရဿ၊ သုက္ကမှိ ဒသမေ ဒိနေ။ ။

(၁၉) ကလျာဏိကိသဝတ္တောစေ၊ ကလျာဏိစေတိယံဝိယ။
သုပါကဋသဘာဝတ္တာ၊ ကလျာဏိ တေန ဝုစ္စတိ။

(၂၀) ယံကာကဝဏ္ဏတိဿဿ၊ ဒုဋ္ဌဂါမဏိရာဇိနော။
ပိတရာ တမ္ဗပဏ္ဏိမှိ၊ ကတံ ကလျာဏိစေတိယံ။ ။

(၂၁) သကလေ တမ္ဗပဏ္ဏိမှိ၊ ဇမ္ဗုဒီပေစ ပါကဋံ။
ယဿာဝဏ္ဏယံ တထာ ယမှိ၊ ကလျာဏိ တေန ဝုစ္စတိ။

(၂၂) ကလျာဏီ ဝါယထာ သီမာ၊ သုဝိသောဓိတသာသနေ။
ကတတ္တာ ဝိရစတ္တတ္တာ၊ ကလျာဏီတိ ပဝုစ္စတိ။ ။

(၂၃) ဟံသာဝတီပုရေယော ဟိ၊ ဓမ္မစေတိယရာဇိနော။
စက္ကသံသုဒ္ဓိကာမေန၊ ပေသိတာ ဘိက္ခဝေါ ဗဟူ။ ။

(၂၄) ထေရာ ဂတာဂမာ ဓိရာ၊ ဂန္တွာ သီဟဠမုတ္တမံ။
သိက္ခန္တေ ပဋိဂ္ဂဏှန္တ၊ မဟာဝိဟာရိနန္တိကေ။ ။

(၂၅) ပစ္စာဂတေဟိ ဘိက္ခူဟိ၊ ဓမ္မစေတိယရက္ခိတာ။
သမ္မတာ တေဟိ သီမာယာ၊ သာကလျာဏီတိ ပါကဋာ။

(၂၆) သုဝိသောဓိတစက္ကမှိ၊ ကတာ ပဘာဝတော ပိ သာ။
အာစာရတော စ ဘိက္ခူဟိ၊ ပရိသုဒ္ဓေဟိ သမ္မတာ။ ။

(၂၇) ဝဇ္ဇကာဒသဝိပ္ပတ္တိ၊ တိသမ္ပတ္တိဟိ သံယုတာ။
စက္ကဿ ဌိတိဗိဇံ တံ၊ ဓိရာ ပစ္စေန္တိ သဗ္ဗဓိ။ ။

(၂၈) တတော ဝါ ယံ ဝိဟာရေပိ၊ သုဝိသောဓိတသာသနေ။
ကတော ဝိရစက္ကဗ္ဗော စ၊ ကလျာဏီ တေန ဝုစ္စတိ။ ။

(၂၉) ကလျာဏံ ယဿ ဝါ တီတိ၊ ကလျာဏီ သော ပဝုစ္စတိ။
ဝိဓာနံ ဝေဒနယတော၊ ဒါယကာ စ ပဋိဂ္ဂဟာ။ ။

(၃၀) အမစ္စမန္တိရဋ္ဌာနံ၊ သော ဟိ ဝိညာတဘူသနော။
နာနာမာလာ လတာကမ္မော၊
ဆ စိတ္တကေ သုသောဘိတော။ ။

(၃၁) ပရိပါသာဒိကော ဓိရော၊ သုဝဏ္ဏောဘာသဒီပကော။
ဇိဝံ ဝိဓါနတော ယဿ၊ ကလျာဏာ မိတ္တိ သော တတော။

(၃၂) ကေန လောယေန ဏော မိတ္တံ၊ ကလျာဏီတိ ပဒေန။
ဘာဝေဒါယကဿသမာနာမံ၊ ဓာတာဟာဿာပိဏာက္ခရံ။

(၃၃) အဋ္ဌိဝဏ္ဏောမဟာဋ္ဌဿ၊ ဟောတွာကါရေယသာဿစ။
ဇိဝံ ဝေဒနယေနာပိ၊ ကလျာဏံ ယဿသော တတော။ ။

(၃၄) ဒါယကဿ တိဝဂ္ဂိတွာ၊ တတော ပဋိဂ္ဂဟာဿစ။
ကလျာဏံယဿကလျာဏီ၊ ဥဘတောသုဒ္ဓဘာဝတော။

(၁) ရာဇာတိဓမ္မရာဇာဖိနွှော၊ မင်းတကာတို့ထက်လွန်သော
တရားမင်းမြတ်ဖြစ်၍ အစိုးရတော်မူသော။ ဒေဝါတိဒေဝပုဂ်
ဝေါ၊ နတ်တကာတို့ထက်လွန်မြတ်သော နတ်မြတ်ဖြစ်တော်မူ
သော။ ဗြဟ္မာတိဗြဟ္မပါမောက္ခော၊ဗြဟ္မာတကာတို့ထက်လွန်
သောဗြဟ္မာအပေါင်းတို့၏အမှူးဖြစ်တော်မူသော။ နာယကော၊
လူနတ်တို့၏ခေါင်းဆောင်ခရီးညွှန်ဖြစ်တော်မူသောမြတ်စွာဘုရား
သည်။(မေ၊ငါ၏)။ဘာဝံ၊အသိုက်ကို။ပူရေတု၊ဖြည့်စေသတည်း။ ။
(၂)တိဝေ၊သုံးပါးအပြားအားဖြင့်။ဂုဏေ၊ မြောက်အပ်သော။
ဒသပါရမီ၊ ဆယ်ပါးသော ရင့်မာကြောင်းတရားတို့ကို။ သမ္ဗ
ထာ၊ခပ်သိမ်းသောအခြင်းအရာအားဖြင့်။ ပူရေတွာ၊ဖြည့်တော်
မူ၍။ကိလေသေ၊တဆောင့်ငါးရာ၊ကိလေသာတို့ကို။ဝိဘဇ္ဇိတွာ၊
အထူးထူးအပြားပြားအားဖြင့်ဖျက်ဆီးတော်မူ၍။ယော-ဇိနော၊
အကြင်မြတ်စွါဘုရားသည်၊ဥတ္တမံ၊မြတ်သော။သမ္ဗောဓိံ၊သဗ္ဗညု
တဉာဏ်တော်သို့။ပတ္တော၊ရောက်တော်မူပြီ။ ။( ၃ )တဿ-
ဇိနဿ၊ ထိုမြတ်စွာဘုရား၏။အဋ္ဌုတ္တရိယလက်ခ် တေ၊အံ့ဘွယ်ရှစ်
ပါးတို့ဖြင့်တန်ဆာဆင်အပ်သော။စက္ကမှိ၊သာသနာတော်သည်။
ဇ ဋ္ဌ ရ ကွေ၊ နှစ်ထောင့်,နှစ်ရာ့,ကိုးဆဲ့,ရှစ်ခု။ သမ္ပတ္တော၊ရောက်
လတ်သော်။သကရာဇေစ၊သက္ကရာဇ်သည်လည်း။ စ ယ ကွော
ပေ၊ တထောင့်,တရာ့, တဆဲ့,ခြောက်ခု။ သညိတေ၊ မှတ်အပ်
သော။ ။(၄)သဗ္ဗဝေရေ၊ခပ်သိမ်းသောရန်သူတို့ကို။ဇိနိတွာ
န၊ အောင်တော်မူ၍။ မဟိဒ္ဓိကော၊ ကြီးသော တန်းခိုးရှိသော။
ဓမ္မရာဇာ၊အလောင်းမင်းတရားသည်။ရတနာသိဃ်နဂရေ၊ရတ
နာသိဃ်ဟူ၍အမည်ရှိသော ကုန်းဘောင်ရွှေပြည်ကြီး၌။ အာဒိ
တော၊ အစစွာ။ ရဇ္ဇံ၊မင်းအဖြစ်ကို၊ ကာရေသိ၊ မင်းပြုတော်မူ
၏။ ။( ၅ )သောဒေဝေါ၊ ထိုအလောင်းမင်းတရားသည်။ အ
မစ္စာနံ၊အမတ်တို့အား။ယထာဗလံ၊အရည်အသွား အလျောက်။
အနုဂ္ဂဟာတိ၊ချီးမြှင့်တော်မူတတ်၏။ ဆဋ္ဌင်္ဂီနံ၊အင်္ဂါခြောက်ပါး
နှင့် ပြည့်စုံသော အမတ်တို့အား။ ဝဏ္ဏကာရေ၊ စာရေးတော်

အရာ၌။အနုဂ္ဂဟာ‌ဝတိ၊ချီးမြှင့်တော်မူတတ်၏။အဥ္စဂိကာနံ၊အင်္ဂါ ၅စ်ပါးနှင့် ပြည့်စုံသော အမတ်တို့အား။ မန္တီတော၊ မင်းတိုင်ပင် အရာ၌။ အနုဂ္ဂဟာ‌ဝတိ၊ ချီးမြှင့်တော်မူတတ်၏။ ။(၆)နဝဂိနံ၊ အင်္ဂါကိုးပါးနှင့်ပြည့်စုံသော အမတ်တို့အား။ သေနာမောက္ခေ၊ စစ်သူကြီးအရာ၌။ အနုဂ္ဂဟာ‌ဝတိ၊ချီးမြှင့်တော်မူတတ်၏။ ယသဿ ယသောဝအမစ္စဿ၊ အကြင်အကြင် အမတ်အား။ ယံယံဌာနံ၊ အကြင်အကြင်အရာအထူးသည်။ သာဓိစိ၊လျော်ပတ်၏။ တံတံ အမစ္စံ၊ထိုထိုသော အမတ်ကို။တမ္ဘိတမ္ဘိဌာနေ၊ထိုထိုသောအရာ အထူး၌။ ကော‌ဝိဒေါ၊လိမ္မာတော်မူသည်ဖြစ်၍။ ဌပေတိ၊ ထား တော်မူ၏။ ။( ၇=၈ )ယဥ္စအမစ္စံ၊ အကြင် အမတ်ကိုလည်း။ အဥ္စဂိကတ္တံ၊ မှူးကြီးမတ်ရာ၊အင်္ဂါ၅စ်ပါးနှင့်ပြည့်စုံသောအဖြစ် ကို။ အညာယ၊ သိတော်မူ၍။ ဝါမာနုရုဒ္ဓနာမေန၊ လက်ဝဲနေ‌ော် ရထာဟူသောအမည်ဖြင့်။ဌပေတိ၊ထားတော်မူ၏။ ယဿမစ္စံ၊ အကြင်အမတ်ကို။ သောဒိသမ္ပတိ၊ထိုအလောင်းမင်းတရားကြီး သည်။မန္တီကစ္ဆော၊မင်းတိုင်ပင်အမတ်အရာ၌။ယထာဂုဏံ၊ဂုဏ် နှင့် လျော်ကပ်စွာ။ သမာဌပိ၊ ကောင်းစွာ ထားတော်မူ၏။ သော အမစ္စော၊ ထိုလက်ဝဲနေ‌ော်ရထာ အမည်ရှိသော အမတ် သည်။ သန္ဒမ္မံ၊ သူတော်ကောင်းတရားကို။ အနုသဿရံ-အနုဿ ရန္တော၊ အစဉ်အတိုင်း အောက်မေ့သည်ဖြစ်၍။ နာနာကာရေ ဟိ၊အထူးထူးသောအခြင်းအရာတို့ဖြင့်။စိန္တေသိ၊ကြံအောက်မေ့ ၏။ ။( ၉ )အဥ္စက္ခဏောဟိ၊၅စ်ပါးသောအက္ခဏာတို့သည်။ ဝဇ္ဇိ တော၊ကြဉ်အပ်သော။ နဝမောကာသော၊နဝမခဏာသည်။ ဒုလ္လ ဘော၊ရခဲ၏။ သောစ၊ထိုရခဲစွာသောနဝမခဏာကိုလည်း။ဒါနိ- ဣဒါနိ၊ယခုအခါ၌။ မယာ၊ ငါသည်။ လဒ္ဓေါ၊ရအပ်၏။ ပေါစင် စစ်။(မေ‌ါငါ့အား)။ခဏော၊နဝမခဏာသည်။ မာဥပစ္စဂါ၊မလွန် စေသင့်။ ။( ၁၀ )သကလာဓိသဒါနာနံ၊ အလုံးစုံသောပစ္စည်း အလှူတို့တွင်။ဝိဟာရဒါနံ၊ကျောင်းဟူသောအလှူသည်။ဥတ္တမံ၊ မြတ်၏။ ယော၊ အကြင်သူသည်။ ဥပဿယံ၊ ကျောင်းဟူသော

အလှူကို။ ဒဒါတိ၊ပေးလှူ၏။ သောစ၊ထိုကျောင်းလှူသော အလှူ
သည်လည်း။ သဗ္ဗဒဒေါ၊ ခပ်သိမ်းသောအလှူကို လှူသောမည်
သည်။ ဟောတိ၊ ဖြစ်၏။ ။( ၁၁ )ဝေံ၊ဤသို့။ ဝိဝိန္တယိတွာန၊
အထူးသဖြင့်ကြံပြီး၍။ အဠသံဝေဂဝတ္ထုစ၊ရှစ်ပါးသောသံဝေ
ဂဝတ္ထုတို့ကိုလည်း။ ယောနိသော၊အသင့်အားဖြင့်။ ပစ္စဝေက္ခိ
ယ၊ဆင်ခြင်၍။ သောအမစ္စော၊ ထိုလက်ဝဲနေဉ်ရထာ အမည်ရှိ
သောအမတ်သည်။ဝိဟာရံ၊ကျောင်းကို။သံဃပေတိ၊ကောင်းစွာ
ဆောက်လုပ်၏။ ။(၁၂)သကရာဇေ န ရ ဏ္ဏော ပေ၊သက္ကရာဇ်
တထောင့်, တရာ့, နှစ်ဆယ်ပြည့်။ အမြိတ္တသေကဝဿေရေ၊ အ
မြိတ္တခါတ်ဆန်း၍, တနှစ်ရှိပြီး။ ကတ္တိကမာသသေ၊ တန်ဆောင်
မုန်းလ၏။ ကာလပက္ခေ၊ လဆုတ်ပက္ခ၌။ ကောဒသမေ ဒိနေ၊
တဆဲ့တရက်နေ့၌။(သံဃပေတိ၊ကောင်းစွာဆောက်လုပ်စေ၏)။ ။
(၁၃)ဟိ-ဝိတ္ထာရေမိ၊ အကျယ်ချဲ့ဦးအံ့။ သော-ဝိဟာရော၊ ထို
ကျောင်းသည်။ပဥ္စမဟာထမ္ဘော၊ကွန်းငါးစင်ရှိ၏။ဒွိမုခေါစ၊မုခ်
ထွက်နှစ်မျက်နှာလည်းရှိ၏။တိဘူမိကော၊ဘုံသုံးဆင့်ရှိ၏။ အဠာ
ရသဒေါသေဟိ၊ တဆဲ့ ရှစ်ပါးသော ကျောင်း၏ အပြစ်တို့မှ။
မုတ္တော၊ လွတ်၏။ ပဥ္စင်္ဂကော၊ အင်္ဂါငါးနှင့် ပြည့်စုံ၏။ သွဏ္ဏ
မယော၊ ကောင်းသောရွှေဖြင့်ပြီး၏။ ။(၁၄)မဟာပုညော၊ကြီး
သောကောင်းမှုရှိတော်မူသော။ ရဋ္ဌာနံ၊ပြည်သူတို့အား။ သော
ပကာရကော၊ကောင်းသော ကျေးဇူးရှိတော်မူသော။ တသ္မိံဒေ
ဝေ၊ ထိုအလောင်းမင်းတရားကြီးသည်။ ဒိဝင်္ဂေ၊ နတ်ရွာလားခဲ့
သည်ရှိသော်။ ယောပရိဏာယကော၊အကြင်သားကြီးရတနာ
သည်။ ပိတုဠာနံ၊ခမည်းတော့်အရိုက်အရာကို။ ဂဏှာတိ၊သိမ်း
ယူတော်မူ၏။ ။( ၁၅ )သော-ပရိဏာယကော၊ ထိုသားကြီး
ရတနာသည်။ သုရော၊ရဲရင့်တော်မူ၏။ သုရပဂ္ဂါဟိ၊ ရဲရင့်သော
သူကိုချီးမြှင့်လေ့ရှိတော်မူ၏။ ဓီရောစ၊ မြဲမြံသောပညာလည်းရှိ
တော်မူ၏။ဓီရမာမကော၊ပညာရှိသောသူကိုလည်းမြတ်နိုးတော်
မူတတ်၏။ တိဝတ္ထုမှိ၊ ရတနာသုံးပါး၌။ ဝိပ္ပသန္နော၊ ကြည်ညို

တော်မူ၏။ ပုညက္ကရဍ္ဍ၊ကုသိုလ်ကောင်းမှုပြုသောသူကိုလည်း။
တုဿတိ၊နှစ်သက်တော်မူ၏။ ။(၁၆)သော-ဒေဝေါ၊ထိုသား
တော်မင်းတရားသည်လည်း။ တံ-အမစ္စံ၊ ထိုလက်ဝဲနေဝ်ရထာ
အမည်ရှိသောအမတ်ကို။ ပိတုရာဇေန၊ခမည်းတော်မင်းတရား
သည်။ ဌပိတေ၊ ထားသောအရာ၌။ ဌပေတိ၊ ထားတော်မူ၏။
တဿ၊ ထိုလက်ဝဲနေဝ်ရထာအမည်ရှိသောအမတ်၏။ ဝိဟာရ
ကရဏံ၊ကျောင်းဆောက်ကြောင်းကို။ဉ တွာ၊သိ၍။ ဘိယျော၊
အတိုင်းထက်အလွန်။ ပမောဒတိ၊ ဝမ်းမြောက်တော်မူ၏။ ။
(၁၇)ရဋ္ဌသာမိနော၊ ပြည်သူတို့၏အရှင်ဖြစ်တော်မူသော။ ဒေ
ဝေန၊ သားတော်မင်းတရားသည်။ ဝိဟာရဿ၊ ကျောင်းအား။
အနုမောဒိတွာ၊ဝမ်းမြော်တော်မူ၍။ကလျာဏိယာဝိဟာရောတိ၊
ကလျာဏီရွှေကျောင်းဟူ၍။ ဌာနနာမံ၊ ဌာနတံဆိပ်ကို။ သုလဋ္ဌိ
တံ၊ ကောင်းစွာခတ်အပ်၏။ ။(၁၈)သက္ကရာဇေ ခ ရ ကြော
ပေ၊သက္ကရာဇ် ၁၁၂၂-ခု။အမြိတ္တဿ တိ ဝဿရေ၊အမြိတ္တဆန်း
၍ သုံးနှစ်ရှိပြီး။ မိဂသိရဿ၊ နတ်တော်လ၏။ သုက္ကမ္ဟိပက္ခမ္ဟိ၊
လဆန်းပက္ခ၌။ဒသမေဒိနေ၊ဆယ်ရက်နေ့၌၊(သုလဋ္ဌိတံ၊ကောင်း
စွာခတ်အပ်၏)။ ။(၁၉)ကိဿ၊အဘယ့်ကြောင့်။ကလျာဏီတိ၊
ကလျာဏီရွှေကျောင်းဟူ၍။ဝုတ္တော၊ဆိုအပ်သနည်း။ဇ္ဇာတိ၊သို့။
စေ-ဝဒေယျ၊ အကယ်၍ ဆိုငြားအံ့။ သုပါကဋသဘာဝတ္တာ၊
ကောင်းစွာ ထင်ရှားသော သဘောရှိသည်၏ အဖြစ်ကြောင့်။
ကလျာဏီစေတိယံဝိယ၊ကလျာဏီစေတီကဲ့သို့တည်း။ တေန၊
ထိုကြောင့်။ ကလျာဏီ၊ကလျာဏီရွှေကျောင်းဟူ၍။ဝုတ္တတိ၊ဆို
အပ်၏။ ။(၂၀)တမ္ဗပဏ္ဏိမှိ၊သီဟိုဠ်ကျွန်း၌။ ဒုဋ္ဌဂါမဏိရာဇိ
နော၊ဒုဋ္ဌဂါမဏိမင်း၏။ ပိတရာ၊ခမည်းတော်ဖြစ်သော။ ကာက
ဝဏ္ဏတိဿေန၊ ကာကဝဏ္ဏတိဿမင်းကြီးသည်။ ယံ-ကလျာ
ဏီစေတိယံ၊အကြင်ကလျာဏီစေတီကို။ ကတံ၊ပြုအပ်၏။ ။
(၂၁)တံ၊ထိုကလျာဏီစေတီသည်။ သကလေတမ္ဗပဏ္ဏိမှိ၊ သီ
ဟိုဠ် တကျွန်းလုံး၌လည်းကောင်း။ ဇမ္ဗုဒိပေစ၊ ဇမ္ဗူဒိပါကျွန်း၌

လည်းကောင်း။ယာဝဇ္ဇယံ၊ယနေ့ထက်တိုင်အောင်။ပါကဋံ၊ထင်ရှား၏။ အယမွိ၊ ဤကလျာဏီရွှေကျောင်းသည်လည်း။ တထာ၊ ထိုအတူ။ ပါကဋံ-ပါကဋော၊ထင်ရှား၏။ တေန၊ထိုသို့ထင်ရှားသောကြောင့်။ ကလျာဏီ၊ကလျာဏီရွှေကျောင်းဟူ၍။ ဝုတ္တတိ၊ ဆိုအပ်၏။ ။( ၂၂ )ဝါ၊တနည်းသော်ကား။ ကလျာဏီသိမာယထာ၊ကလျာဏီသိမ်ကဲ့သို့။သုဝိသောဓိတသာသနေ၊ကောင်းစွာသုတ်သင်အပ်ပြီးသောသာသနာတော်၌။ကတတ္တာ၊ဆောက်လုပ်အပ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ စိရစက္ကတ္တာ၊သာသနာတော်၏ အရှည် တည်ကြောင်း ဖြစ်သောကြောင့်လည်းကောင်း။ ကလျာဏီတိ၊ကလျာဏီရွှေကျောင်းဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ။( ၂၃ )ဟိ-ဝိတ္ထာရိသာမိ၊အကျယ်ချဲ့ဦးအံ့။ဟံသာဝတီပုရေ၊ဟံသာဝတီပြည်၌၊ စက္ကသံသုဒ္ဓိကာမေန၊သာသနာတော်၏ကောင်းစွာစင်ကြယ်ခြင်းကိုအလိုရှိသော။ဓမ္မစေတိယရာဇိနော၊ ဓမ္မစေတီမင်းသည်။ ဗဟူ၊များစွာကုန်သော။ ယေ-ဘိက္ခဝေါ၊အကြင်ရဟန်းတို့ကို။ပေသိတာ၊စေအပ်ကုန်၏။ ။( ၂၄ )ထေရာ၊ မထေရ်ဖြစ်ကုန်သော။ ဂတာဂမာ၊ ကျမ်းဂန်တတ်ကုန်သော။ ဓီရာ၊ ပညာရှိကုန်သော။ ( တေ-ဘိက္ခဝေါ၊ ထိုရဟန်းတို့သည်)။ ဥတ္တမံ၊မြတ်သော။ သီဟဠံ၊ သီဟိုဠ်ကျွန်းသို့။ ဂတ္ဘာ၊ သွား၍။ မဟာဝိဟာရိနံ၊ မဟာဝိဟာရအနွယ်ဖြစ်ကုန်သော ရဟန်းတို့၏။ သန္တိကေ၊အထံ၌။ သိက္ခံ၊သိက္ခာကို။ ပဋိဂ္ဂဏှန္တိ၊ထပ်ယူကုန်၏။ ။( ၂၅ )ပစ္စာဂတေဟိ၊သီဟိုဠ်ကျွန်းမှပြန်ကုန်သော။တေဟိဘိက္ခူဟိ၊ထိုရဟန်းတို့သည်။ ဓမ္မစေတိယရက္ခိတာ၊ဓမ္မစေတီမင်း စောင့်အပ်သည်ဖြစ်၍။ ယာ-သိမာ၊အကြင်သိမ်ကို။သမ္မတာ၊သမုတ်အပ်၏။သာ-သိမာ၊ထိုသိမ်သည်။ ကလျာဏီတိ၊ ကလျာဏီသိမ်ဟူ၍။ ပါကဋာ၊ ထင်ရှား၏။ ။( ၂၆ )သာ-သိမာ၊ ထိုသိမ်ကို။ သုဝိသောဓိတစက္ကမှိ၊ ကောင်းစွာ သုတ်သင်အပ်ပြီးသော သာသနာတော်၌။ ကတာ၊ သမုတ်အပ်၏။ပဘာဝတောပိ၊အစွမ်းအားဖြင့်လည်းကောင်း။အာ

စာရတော၁စ၊ အကျင့်အားဖြင့်လည်းကောင်း။ ပရိသုဒ္ဓေဟိ၊စင်ကြယ်ကုန်သော။ ဘိက္ခုူဟိ၊ရဟန်းတို့သည်။ သမ္မတာ၊သမုတ်အပ်၏။ ။(၂၇)ဝဇ္ဇေကာဒသပိပ္ပတ္တိ၊တဆဲ့တပါးသောသိမ်၏ပျက်ကြောင်းတို့မှကင်းကုန်၏။တိသမ္ပတ္တိဟိ၊သုံးပါးသောပြည့်စုံခြင်းတို့နှင့်။ သံယုတာ၊ကောင်းစွာယှဉ်၏။ စက္ကသ၊သာသနာတော်၏။ဋ္ဌိတိဗီဇံ၊တည်ကြောင်းဖြစ်၏။ တံ-သိမံ၊ထိုကလျာဏီသိမ်ကို။ သဗ္ဗဓိ၊ခပ်သိမ်းသောအရပ်၌။ ဓိရာ၊ ပညာရှိတို့သည်။ ပဿန္တု၊ ယုံကြည်ကုန်၏။ ။(၂၈)တထေဝ၊ ထို့အတူလည်းကောင်းလျှင်။အယံဝိဟာရောပိ၊ဤကျောင်းကိုလည်း။သုဝိသောဓိတ သာသနေ၊ကောင်းစွာသုတ်သင်အပ်ပြီးသော သာသနာတော်၌။ ကတော၊ဆောက်လုပ်အပ်၏။ စိရစက္ကဋ္ဌော၁စ၊သာသနာတော်၏အရှည်တည်ကြောင်းလည်းဖြစ်၏။တေန၊ထိုကြောင့်။ကလျာဏီ၊ကလျာဏီဝွေကျောင်းဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ ။(၂၉)ဝါ၊တနည်းကား။ဝိဓာနံ၊အလုပ်အဆောင် အစီအရင်အားဖြင့်လည်းကောင်း။ဝေဒနယတော၊ဗေဒင်နည်းအားဖြင့်လည်းကောင်း။ ဒါယကာ၁စ၊အလှူပေးပုဂ္ဂိုလ်အားဖြင့်လည်းကောင်း။ ပဋိဂ္ဂဟာ၁စ၊ အလှူခံပုဂ္ဂိုလ်အားဖြင့်လည်းကောင်း။ ယသသ၊ အကြင်ကျောင်းအား။ ကလျာဏံ၊ကောင်းခြင်းသည်။ အတ္ထိ၊ရှိ၏။ ဇုတိတသ္မာ၊ ထို့ကြောင့်။ သော-ဝိဟာရော၊ ထိုကျောင်းကို။ ကလျာဏီ၊ကလျာဏီဝွေကျောင်းဟူ၍။ပဝုစ္စတိ၊ဆိုအပ်၏။ ။(၃၀)ဟိ-သစ္စံ၊ထိုစကားသည်မှန်၏။ သော-ဝိဟာရော၊ ထိုကျောင်းသည်။အမစ္စမန္တိရဋ္ဌေနု၊အမတ်ကျောင်းပြုပြီးဝိညာဘာဘူသနော၊သိအပ်သောတန်ဆာရှိ၏။နာနာမာလာလတောကမ္မော၊အထူးထူးသော ရှုးပန်း ရှုးနွယ်နှင့်ပြည့်စုံ၏။ ဆ ဗိတ္တကေ သုသောဘိတော၊ ဆန်းကြယ်သော မှန်ကင်း ခြောက်ဆူတို့ဖြင့်တင့်တယ်၏။ ။(၃၁)ပရိပါသာဒိကော၊ထက်ဝန်းကျင်ကြည်ညိုဘွယ်ရှိ၏။ဓိရော၊မြဲမြံခိုင်ခန့်၏။ သုဝဏ္ဏောဘာသ ဒီပကော၊ ရွှေရောင်ဖြင့် ထွန်းတောက်ပ၏။ ဇဝံ၊ဤသို့။ဝိဓာနတော၊အလုပ်

အဆောင် အစီအရင်အားဖြင့်။ ယာသာ၊ အကြင်ကျောင်းအား။ ကလျာဏံ၊ ကောင်းခြင်းသည်။ (အတ္ထိ၊ ရှိ၏)။ ဇုတိတဿာ၊ ထို့ကြောင့်။ သော၊ ထိုကျောင်းသည်။ တထာ၊ ကလျာဏီဗွေကျောင်း မည်၏။ ။(၃၂)ကလျာဏီတိပဒေန၊ ကလျာဏီဟူသောပုဒ်၌။ ကေန၊ 'က'အက္ခရာနှင့်။ လော၊ 'လ'အက္ခရာသည်။ မိတ္တံ၊ မိတ်သည်။ ဘဝေ၊ ဖြစ်၏။ ယေန၊ 'ယ'အက္ခရာနှင့်။ ဏော၊ 'ဏ'အက္ခရာသည်။ မိတ္တံ၊ မိတ်သည်။ ဘဝေ၊ ဖြစ်၏။ ဏ ကျရံ၊ 'ဏ'အက္ခရာသည်။ ဒါယကဿ၊ ကျောင်းဒါယကာ၏။ ဇာတာဟဿာပိ၊ ဘွားသောနေ့၏လည်း။ သမာနာမံ၊ နံဘက်သည်။ ဘဝေ၊ ဖြစ်၏။ ။(၃၃)မဟတ္တဿ၊ ကြီးမြတ်ခြင်း၏။ ဟေတု၊ အကြောင်းဖြစ်သော။ ဇုဝဏ္ဏော စ၊ 'ဇု'ဝဏ်သည်လည်းကောင်း။ ယာသဿ၊ ကျော်စောခြင်း၏။ ဟေတု၊ အကြောင်းဖြစ်သော။ အာကာရော စ၊ 'အာ'အက္ခရာသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဇေ၊ ဤသို့။ ဝေဒနယေနာပိ၊ ဗေဒင်နည်းအားဖြင့်လည်း။ ယာသာ၊ အကြင်ကျောင်းအား။ ကလျာဏံ၊ ကောင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဇုတိတဿာ၊ ထို့ကြောင့်။ သော၊ ထိုကျောင်းသည်။ တထာ၊ ကလျာဏီ ဗွေကျောင်းမည်၏။ ။(၃၄)ဒါယကဿ၊ အလှူပေးသောပုဂ္ဂိုလ်၏။ တိဝဂ္ဂိတ္တာစ၊ အင်္ဂါသုံးပါးနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် လည်းကောင်း။ တထာ၊ ထိုအတူ။ ပဋိဂ္ဂဟာဿစ၊ အလှူခံပုဂ္ဂိုလ်၏ လည်း။ တိဝဂ္ဂိတ္တာစ၊ အင်္ဂါသုံးပါးနှင့် ပြည့်စုံသည်၏ အဖြစ် ကြောင့်လည်းကောင်း။ ဥဘတော၊ အလှူပေး,အလှူခံပုဂ္ဂိုလ်အား ဖြင့်။ သုဒ္ဓဘာဝတော၊ စင်ကြယ်သည်၏အဖြစ်ကြောင့်။ (ယာသာ၊ အကြင်ကျောင်းအား)။ ဥဘတော၊ အလှူခံ,အလှူပေး ပုဂ္ဂိုလ်နှစ် ပါးအားဖြင့်။ ကလျာဏံ၊ ကောင်းခြင်းသည်။ (အတ္ထိ၊ ရှိ၏)။ ဇုတိ တဿာ၊ ထို့ကြောင့်။ ကလျာဏီ၊ ကလျာဏီဗွေကျောင်းမည်၏။

"ကလျာဏီဗွေကျောင်းမေဒ်ကွန်း"။

ပုစ္ဆာ။

မင်းလက်ဝဲနော်ရထာ လျှောက်ပါသည်ဆရာတော်ဘုရား။

(၁) တပည့်တော်ကျောင်းမှာ၊ ကျောင်းဦးဘုရားကို ခေါင်းလောင်းငယ်သွင်း၍ လှူချင်ပါသည်။ ခေါင်းလောင်းထမ်းမှာလည်း၊ ယိုးဒယား ဒွါရာဝတီကရခဲ့သည့် ကုလားရုပ်နှစ်ခုကို ထမ်းဟန်ထည့်ချင်ပါသည်။ ခေါင်းလောင်းတွင် ရေးရန်စာကို မကျဉ်းမကျယ် စကားလည်းပါအောင်။ သုံးဂါထာနှင့်လည်းပြီးပြေအောင်ဂါထာဖွဲ့၍ အနက်နှင့် သနားတော်မူပါဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၂-ခု၊ တပေါင်းလဆန်း တရက်နေ့၊ မင်းလက်ဝဲနော်ရထာက၊ တောင်တွင်းဆရာတော်ဘုရားကို လျှောံသည်။ ။

ဝိသဇ္ဇနာ။

( ၁ )

(၁) ရ ကွ က ပွေ ကလိယုဂေ၊ ဃဏ္ဋာယံ ဒိန္နာ ဖဂ္ဂုဏော။
သုက္ကေကာဟေ ဗုဓဒိနေ၊ ဝါမာနုရုဒ္ဓမန္တိနာ။ ။

(၂) လဒ္ဓဒွေကုလရူပေန၊ ဒွါရာဝတီပရိဂ္ဂဟော။
ပဋိဂ္ဂဟာပိတာ ဟောတိ၊ ဧတေနပုညကမ္မုနာ။

(၃) သုခီ သမ္ပတ္တိကော စ သော၊ သုခီ သမ္ပတ္တိကော ကာတုံ။
ပဟော အဇ္ဈေ ဂမေ သိဝံ၊ ပုညံ လဗ္ဘတု၊ ပါကဋိနော။

(၁) ရ ကွ က ပွေ ကလိယုဂေ၊ သက္ကရာဇ် ၁၁၂၂ ခု။ ဖဂ္ဂုဏော၊ တပေါင်းလ။ သုက္ကေကာဟေ၊ လဆန်းတရက်။ ဗုဓဒိနေ ဗုဒ္ဓဟူးနေ့၌။ ဝါမာနုရုဒ္ဓမန္တိနာ၊ လက်ဝဲနော်ရထာဟူ၍ အမည်ရှိသော အမတ်သည်။ အယံဃဏ္ဋာ၊ ဤခေါင်းလောင်းကို။ ဒိန္နာ၊ သွင်းလှူအပ်၏။ ။(၂) ဒွါရာဝတီ ပရိဂ္ဂဟော၊ ယိုးဒယားကို၊

အလောင်းမင်းတရားသိမ်းယူတော်မူသောအခါ၌။လဒ္ဓနွေကုလရူပေန၊ရခဲ့သောကုလားရုပ်နှစ်ကောင်ကို။ပဋိဂ္ဂဟာပိတာ၊ထမ်းစေအပ်သည်။ဟောတိ၊ဖြစ်၏။ဧတေနပုညကမ္မုနာ၊ဤကောင်းမှုကြောင့်။ ။(၃)သုခီ၊ ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်းရှိသည်။သမ္ပတ္တိကော၊စည်းစိမ်မျိုးနှင့်ပြည့်စုံသည်။ဟုတ္တွာ၊ဖြစ်၍။အညေစ၊ သူတပါးတို့ကိုလည်း။ သုခီ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာလေအောင်။ သမ္ပတ္တိကော၊ စည်းစိမ်နှင့်ပြည့်စုံလေအောင်။ ကာတုံ၊ရွက်ဆောင်ခြင်းငှါ။ပဟော၊တတ်နိုင်လို၏။အန္တေ၊အဆုံး၌။သိဝံ၊နိဗ္ဗာန်သို့။ဂမေ၊ရောက်ရလို၏။ မေ၊ငါ၏။ပုညံ၊ကောင်းမှုကို။ပါဏိနော၊သတ္တဝါအပေါင်းတို့သည်။လဗ္ဘန္တု၊ရစေကုန်သတည်း။ ။(တနည်းကား)။ ဧတေနပုညကမ္မုနာ၊ဤကောင်းမှုကြောင့်။သုခီ၊ကောင်းစွာ စောင့်စည်းသော ဈာန်ရှိသည်။ သမ္ပတ္တိကော၊သူတော်ဥစ္စာခုနစ်ပါးနှင့်ပြည့်စုံသည်၊ (ဟုတ္တွာ၊ဖြစ်၍)။ အညေစ၊သူတပါးတို့ကိုလည်း။သုခီ၊ကောင်းစွာစောင့်စည်းသောဈာန်ရှိလေအောင်။သမ္ပတ္တိကော၊သူတော်ဥစ္စာခုနစ်ပါးနှင့်ပြည့်စုံလေအောင်။ ကာတုံ၊ရွက်ဆောင်ခြင်းငှါ။ ပဟော၊ တတ်နိုင်လို၏။အန္တေ၊အဆုံး၌။သိဝံ၊အငြိမ်းတကာတို့၏အထွတ်သို့။ဂမေ၊ရောက်ရလို၏။မေ၊ငါ၏။ပုညံ၊ကောင်းမှုကို။ပါဏိနော၊ဇိဝိတိန္ဒြေရှိသမျှတို့သည်။လဗ္ဘန္တု၊ရစေကုန်သတည်း။ ။(တနည်းကား)။ဧတေနပုညကမ္မုနာ၊ဤကောင်းမှုကြောင့်။ အဟံ၊ငါသည်။ သုခီ၊တင့်တယ်သော နတ်ရွာသုဂတိဘဝရှိသည်။ သမ္ပတ္တိကော၊အဆင်းလှခြင်း၊အသံသာခြင်း-အစရှိသော၊အတွင်းဥစ္စာ၊ရတနာမျိုးနှင့်ပြည့်စုံသည်။ ဟုတ္တွာ၊ဖြစ်၍။ အညေစ၊ သူတပါးတို့ကိုလည်း။သုခီ၊တင့်တယ်သောနတ်ရွာသုဂတိဘဝရှိလေအောင်၊ သမ္ပတ္တိကော၊ အဆင်း,အသံ-အစရှိသော၊ အတွင်းဥစ္စာ၊ရတနာမျိုးနှင့်ပြည့်စုံလေအောင်။ ကာတုံ၊ရွက်ဆောင်ခြင်းငှါ။ ပဟော၊တတ်နိုင်လို၏။ အန္တေ၊အဆုံး၌။သိဝံ၊အကောင်းတကာတို့၏အထွတ်သို့။ဂမေ၊ရောက်ရလို၏။ မေ၊ငါ၏။ ပုညံ၊ဖြူစင်သောတရားကို။

ပါဏီနော၊ရုပ်နာမ်အသက်ရှိသမျှတို့သည်။လဒ္ဓာဗုဒ္ဓ၊ရစေကုန်သတည်း။ ။

သက္ကရာဇ် ၁၁၂၂-ခု၊တပေါင်းလဆန်းတရက်နေ့၊တောင်ကွင်း ဆရာတော်ဘုရားက စီကုံး၍ ပေးတော်မူသည့် ခေါင်းလောင်းစာ။ ။

---

## ပုစ္ဆာ။

မင်းစည်သူကျော်ထင်ဗျောက်ပါသည်ဆရာတော်ဘုရား။

(၁) အရပ်ရပ် ဓာတ်နိပါတ်များတွင် ဆိုသော ဝိဇ္ဇာမိုရ်ရှိတို့သည်။ ဇမ္ဗူ့သပြေသီးကိုစားသည်။ ကောင်းကင်သို့ပျံသွားနိုင်သည်။အထူးထူးသောသဏ္ဌာန်ကို ဘန်ဆင်းနိုင်သည်ဟုဆိုသည်။ ဝိဇ္ဇာမိုရ်တို့သည်၊ မည်သည့် ပြည်ရွာ။ မည်သည့်အမျိုး အနွယ်။ မည်သူသင်၍တတ်သောအတတ်ပညာဂုဏ်ဝိသေသရှိသည်။ မည်သည့်အကျင့်ကိုကျင့်သည်။မည်သို့အလားရှိသည်ကိုသိချင်ပါသည်။

(၂) နေ့ကြွတ်စန်းနှာ-ဆိုသည့်စကား၌လည်း၊နေ့ကြွတ်ခြင်း၊ စန်းနှာခြင်း။နေ့,လတို့ကို ရာဟုအသုရိန်သည်၊လက်ဖြင့်ကစားသည်ဖြစ်မည်။နှုတ်ဖြင့်ငုံသည်ဖြစ်မည်ကို သိချင်ပါသည်။ ။မဏိကုဏ္ဍလဝတ္ထု၌တွင်၊ ငါတို့အရှင်ဖြစ်သောသုတသောမမင်းသည်၊ရာဟုခံတွင်းမှလွှတ်သောလကဲ့သို့။မဟာပေါရိသာဒလက်မှလွှတ်၍လါလတ်မည်ဟူ၍ မှူးမတ်တို့ဆိုကြောင်း။ ထိုမှတပါးလည်း၊"ရာဟုမုခတော"စသည်ဖြင့် ရာဟုခံတွင်းမှလွှတ်သော လကဲ့သို့။ဟူ၍ပုံဥပမာဆောင်ပြီးလျှင်၊များစွာဆိုကြပါသည်။ တောင်ငူဆိုရတုတွင်မူကား။လ ရထားနှင့်။နှုတ်သား နှိုးကြ။ဟူ၍၎င်း။လပြာသာဒ်နှင့်။ရန်နှုတ်နိုးကြိုက်။ဟူ၍၎င်း။

နိုးသည်ကိုသာဆိုသည်။ သည်အချက်ကိုကျမ်းဂန်တွင် မည်သို့လာကြောင်းကိုသိချင်ပါသည်။ ။

(၃) မင်းရဲဒိဗ္ဗဇေးချင်းတွင်။သုံးသိန်း,သုံးသောင်း။လေးထောင့်, ငါးရာ။ တေဇာ၅နှံသိပ်။ခြောက်ကျိပ်ကိုးယော်။စသော မင်းဆက်တို့ကိုဆိုသည်မှာလည်း။မဟာသမ္မတမင်းက သည်၊ ဘုရားရှင့်ဘိုးတော် ဇေယသေနမင်းတိုင်အောင် မင်းဆက်ကိုဆိုသည်။ထိုစကားကိုထောက်သော်။ကမ္ဘာ ဦးမဟာသမ္မတမင်းကစ၍ ဆိုဟန်မရှိပါ။ ကပ်ဦးမဟာ သမ္မတမင်းကစ၍ဆိုသည့်လင်္ကာဟာရှိခဲ့သည်။ကမ္ဘာဦး မဟာသမ္မတမင်းကိုယူလျှင်၊ သုံးသိန်း-ကျော်သာ ဖြစ် သောမင်းဆက်သည်နည်းသကဲ့သို့ထင်ပါသည်။ ။

(၄) တချက်လည်း။ဓမ္မသတ်အစောင်စောင်တွင်။ အဋ္ဌသု နဝသု ဓမ္မသတ္ထေသု-ဟူသော ဓမ္မသတ်တွင်။ ဇာနန္တကော သာသကောဝေဝ-ဟူသည့်ဓမ္မသတ်တို့ကိုမဟာသမ္မတ မင်းအား၊မနုသိက ရသေ့တို့ အပ်သည်ဆိုသည်။ ဇာနန္တ ကော နိဿယော-ဟူသည့်ဓမ္မသတ်ကိုလည်း၊ ငင်းနည်း တူ၊ရသေ့တို့အပ်သည်ဆိုသည်။အနန္တဉာဏံ ဂေါစရံ- ဟူသည့်ဓမ္မသတ်ကိုလည်း၊မနုရသေ့ သား၊မနောသာရ သည်၊ မဟာသမ္မာတမင်းကို အပ်သည်ဆိုသည်။ ထိုဓမ္မ သတ်များသည်၊ကမ္ဘာဦးမဟာသမ္မတမင်းကိုအပ်သည် ဖြစ်မည်။ကပ်ဦးမဟာသမ္မတမင်းကိုအပ်သည်ဖြစ်မည်။ ကပ်ဦး မဟာသမ္မတမင်းကို အပ်သည်ဖြစ်လျှင်လည်း၊ ကမ္ဘာဦးက ယင်းသည့်ဓမ္မသတ်များမရှိရာရော်ခဲ့သည်။ ထိုမှတပါးလည်း၊ဓမ္မဝိလာသဓမ္မသတ်။အာဒိတျာမင်းဓမ္မ သတ်။ ဇာလိမင်းဓမ္မသတ်။ မနုသာရဓမ္မသတ်။ သစ္စနာ သစ္စနာသေဝံ-ဟူသည့်၊မနုသာရအကျယ်။ ရှင်သုမင်္ဂလ ပြန်ဆိုသည့်၊သီဟိုဠ်ဓမ္မသတ်-စသော၊များစွာသောဓမ္မ သတ်ရင်း၊ ဓမ္မသတ်ပွါးတို့ကို ဆိုသည်။ တစောင်နှင့်-

တစောင်သည်အဆုံးအဖြတ်မညီမညွတ်လွန်း။မည်သဉ့် ဓမ္မသတ်ကိုသာ ပမာဏပြုရမည်ဟူ၍လည်း ဝိသေသ မရှိဖြစ်ခဲ့သည်။ ဓမ္မသတ်ကျမ်း အကွဲကွဲဆိုသည့် အလို သော်။အမှုပွါးများရာချေသည်။ဓမ္မသတ်အစောင်စောင် ဆိုသည့်စကားကိုပညာရှိတို့နှင့်နှီးနှော၍စီရင်ထုံးထား သည်ကိုမှီရသောကြောင့်သာပြိမ်သက်ချေသည်။မဟာ သမ္မတမင်းနှင့် ဓမ္မသတ်စာပေ အကြောင်းကို သိသာ အောင်အမိန့်တော်ရှိစေချင်ပါသည်။ ။

စတုဓမ္မသာရတွင်။ ။ခပ်သိမ်းမျက်နှာ။ရန်ပိလာသော်။ သိတာစတု။ မြစ်သိန္ဓုသို့။ ပြိမ်မှုသွန်းချို။လက်ရုံးမိုးတိ။ ထစ်ကြိုးရွာသွတ်။ ချမ်းအောင်တတ်သည်။မှူးမတ်ရည် ကောင်း။ပဏ္ဍုဆောင်းနှင့်။ ။ဆိုသည်ကို။တချို့လည်း၊ ပဏ္ဍုန်ချောင်းဟူ၍ ယူကြသည်။ လက်ာ အဓိပ္ပါယ်ကို ထောက်သော်လည်း၊ လက်ရုံးမိုးဖြင့်ရွာသွတ်၍ ရန်မီး ငြိမ်းလေပြီးသည်ကို။ပဏ္ဍုန်ချောင်းသည် အကျိုးရှိတော့ မည်မဟုတ်ပါပြီ။ လင်္ကာသွားသုတ်ကြွဲစာလည်း ညံ့ချေ သည်။ပဏ္ဍုဆောင်းဆိုသည်မှာ။အရှင်ဧကရာဇ် ကိုယ်ခွဲ ရသော အဂ္ဂမဟာသေနာပတိ စစ်သူကြီး ထီးစည်ရ သောသူတို့နှင့်မြို့စွန်,ကျေးစွန်အစိုးရသောထီးဆောင်း စော်ဘွါး၊မြို့စားတို့ကိုပဏ္ဍုဆောင်းဟူ၍ယူချင်ပါသည်။ ရာဇသတ်ကြောင်း မှာလည်း၊ မှူးကြီး, မတ်ကြီးတို့ကို လည်းထီးနီရွှေညောင်ရွက်ပန်းဆိုးထီးရသည်။စော်ဘွါး တို့မှာ-ထီးဝါရသည်။အဝေးမြို့ရွာမှာ-ဘုရင်ခံမင်းပြုရ သော ညီတော်,သားတော်တို့ကို ထီးဖြူရွှေညောင်ရွက် နှင့် သနားတော်မူ၍ ဆောင်ရွက်ရသည့် ထုံးစံအများ ရှိပါသည်။ 'ပဏ္ဍုန်ချောင်း'ဆိုသည်နှင့်၊ 'ပဏ္ဍုချောင်း'ဆို သော စကားသည်၊•အက္ခရာလည်း မကွဲ မပြားလွန်း။ ဆောင်းဆိုသည်'ဆာလိမ်'အက္ခရာကို'ခခွေး'တွင် ယပင့်

သည်မှတ်၍ အရေးအသားယွင်းချတ်လေသည်။ စကားသဘောရင်းလည်း၊ ရေကိုဆိုသည့် စကားရင်းဖြစ်၍ ချောင်းဟူ၍ ယူကြလေသည်ထင်ပါသည်။ ပါဠိရင်းမှာလည်း ချောင်းဟူ၍ မရှိ။ သာမျ မဇ္ဈာ-သာဆိုပါသည်။ မဇ္ဈာ-နှင့်သာ ဆိုင်သင့်ပါသည်။ ချောင်းနှင့် မဆိုင်ပါ။ သည်အချက်ကိုသိသာအောင်အမိန့်ရှိတော်မူပါ။ ။

(၄) သံဝရတွင်။ ။သစ္စံဓမ္မ။ဝိရိယနှင့်။စာဂဟူသည်။ရန်သူအောင်မှု။ ကြောင်းလေးခု။ ဆိုသည့်စကား၌။ စာဂကို တချို့လည်း အသက်ကိုစွန့်ရမည်ဟု အဓိပ္ပါယ်ယူလေသည်။ ပေးကမ်းစွန့်ကြဲခြင်းကိုသာ ယူသင့်မည်ထင်ပါသည်။ သစ္စာ-လည်း၊အနှုးအညွှံ။ဓမ္မ-လည်း၊အနှုးအညွှံ။ ဝိရိယ-လည်း၊ အနှုးအညွှံဖြစ်ပါသည်။ စာဂ-အရ၊ အသက်ကို စွန့်ရမည်ယူလျှင်၊လက်ရုံးဗျူနှင့် လက်တုံ့ယူ၍ ထိုးခုတ် သတ်ညှစ် စွန့်စားရမည် ဟူသော အဓိပ္ပါယ် ရောက်ရောခဲ့သည်။ အရိန္ဒမနက်, ပေါလဇနက်တို့ကဲ့သို့၊ သစ္စာဖြင့် အောင်ခြင်း။ သီလဝ မင်းကြီးကဲ့သို့၊ ဓမ္မဖြင့် အောင်ခြင်း။ အဿကမင်း၊ ကလိင်္ဂရာဇ်မင်းတို့ကဲ့သို့၊ ဝိရိယဖြင့် အောင်ခြင်းသည်၊ နှုးညွှံ့ပါသည်။ ကိုယ့်အသက်ကိုစွန့်၍ ရန်သူကို ထိုးခုတ်သတ်ညှစ်စွန့်စားခြင်းသည်၊မနှုး မညွှံ့ ကြမ်းတမ်းသောအမူအရာဖြစ်ခဲ့သည်။ စာဂ-ကို ပေးကမ်း စွန့်ကြဲခြင်း ဟူ၍ ယူချင်ပါသည်။ သည်အချက်ကိုလည်းအမိန့်တော်ရှိတော်မူပါ။ ။

(၅) ဓိဏာသဝဖြစ်သောရဟန္တာမိန်းမတို့ပရိနိဗ္ဗာန်ယူသည့်ကာလ၊ ဣတ္ထိလိင်ဖြင့် နိဗ္ဗာန်ယူသည်ဖြစ်မည်။ပုရိသလိင်ဖြင့်နိဗ္ဗာန်ယူသည်ဖြစ်မည်။ သည်အချက်များကိုလည်း သိသာအောင်အမိန့်ရှိတော်မူပါ။အမိန့်တော်ကို ဦးထိပ်ထက်၊ရွက်ဆင်ချင်ပါသည်ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၃ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့၊ စည်သူကျော်ထင်က၊ တောင်တွင်းဆရာတော်ဘုရားကိုလျှောက်ထားသည်။ ။

ဝိသဏ္ဍာနာ။

(၁) ဝိဏ္ဍာမိရိတ္တိသည် အမျိုးတပါး အခြား ရှိတော့သည် မဟုတ်ပြီ။ တရာ့တပါးသောလူမျိုးကပင်၊အတတ် ဝိဏ္ဍာကိုဖွဲ့၍ ဖြစ်လေသည်။ဝိဏ္ဍာမိရိအပြားလည်း သုံးပါးရှိသည်။ သန်လျက်ဝိဏ္ဍာမိရိလည်းတပါး၊မြင်းနှိဝိဏ္ဍာမိရိလည်းတပါး၊ ဆေးဝိဏ္ဍာမိရိလည်းတပါး။ ထိုသုံးပါးတို့တွင်၊ သန်လျက်ဝိဏ္ဍာမိရိတို့မှာ၊သန်လျက်၏ အာနုဘော်ကြောင့် ကောင်းကင်သို့ ပျံနိုင်လေသည်။ မြင်းနှိဝိဏ္ဍာမိရိတို့မှာ၊မြင်းနှိ၏အာနုဘော်ကြောင့်ကောင်းကင်သို့ ပျံနိုင်လေသည်။ ဆေးဝိဏ္ဍာမိရိတို့မှာ၊ သုံးနှစ်တိုင်အောင် တွင်းအောင်း၍ ဆေးစားရသည်။သုံးနှစ်စေ့လျှင်အဆေးအမျိုးတို့က တွင်းမှဖော်၍ကျွေးမွေးရသည်။ဖိုးဟပ်အရေ့လဲသကဲ့သို့ လျှပ်လျှပ်သာရှိသည်။အမွေးအကျွေးကောင်းလှမှအသက်ရှည်သည်။ ကျန်းမာလျှင်ဆေးအာနုဘော်ကြောင့်ကောင်းကင်သို့ပျံနိုင်လေတော့သည်။ထိုဝိဏ္ဍာမိရိအတတ်ကို၊ဝိဏ္ဍာမိရိဆရာသင်၍လည်း အချို့တတ်သည်။အချို့မှာလည်း နတ်ဘိလူးတို့ကသင်၍ တတ်သည်ဟု လောကီကျမ်းတို့၌ ဆိုသည်။ ဝိဓူကတ် ကျမ်းတို့မှာလည်း ဒါနဝဇာတ်၌ဝိဏ္ဍာမိရိတယောက်သည်သန်လျက်ကိုင်၍ ဒါနဝ်ဘိလူး ပခြုပ်ထဲက ပျံထွက်လေကြောင်းကိုဆိုသည်။ ဓမ္မပဒအဋ္ဌကထာတွင်လည်း၊ဂူဠဂန္ဓာရီမြင်းနှိကိုတတ်သောသူတို့သည်၊ ကောင်းကင်သို့ပျံနိုင်သည်၊ သူတပါးစိတ်အကြံအစည်ကိုသိနိုင်သည်ဟူ၍ဆိုသည်။ ဟံသာဝတီ ဆင်ဖြူရှင်မင်းလက်ထက်တွင်လည်း၊ မြို့ကျုံး တူးသောအခါ၊ တွင်းအောင်းဇော်ဂီတယောက်ကိုရသည်။ ဖော်၍ထားလျှင် မျှားမကြာမီ သေလေ

သည်ဟုဆိုသည်။ သည့်အရာများကို ထောက်သည် ရှိသော်၊ လောကီကျမ်းစကားပင်ယူရမည်ဖြစ်တော့သည်။ ။

(၂) နေလကြတ်သည်မှာ။ရာဟုအသုရိန်သည် ရံခါ ခံတွင်းဖြင့်ငုံသည်။ရံခါလည်း လက်ချောင်းဖြင့်တားသည်။ ရံခါလည်း လက်ဝါးဖြင့်အုပ်သည်ဟူ၍ သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာတွင် ဆိုသည်။ မဟာသုတသောမဇာတ်၌။ ရာဟုမုခတော။ ဆိုသည်မှာ၊ ခံတွင်းဖြင့် ငုံသည့် အခါကို ရည်၍ ဆိုလေသည်။ တောင်ငူဆိုရတုတွင်။သရဖားနှင့်။နတ်သားနီးကြ။ဆိုသည်မှာ။ ငုံသည်။တားသည်။အုပ်သည်။ အခါသုံးပါးလုံး၌ပင် အနီးအစပ် အကပ်ဖြစ်၍။ နတ်သားနီးကြ-ဟု ဆိုလေသည်။ ထို့ကြောင့်။ တသောင်းရှစ်ခါ၌-အလိုက်ရတုတွင်။အာကာကွန့်ရွန်း။ဘုံနတ်နန်းကို။ မာရ်ကျွန်းဒေဝါ။တားစဉ်ခါ၌။ဟူ၍ စပ်လေသည်။ ။ တသောင်း ရှစ်ခွင် ၌-အလိုက်ရတုတွင်လည်း။ စက်ရိပ် လှည့်ဝန်း။ဗိမာန်နန်းကို။ မာရ်ကျွန်းနတ်ရှင်။တားစဉ်တွင်နှိုက်။ ဟူ၍ စပ်လေသည်။ ။

(၃) မင်းရဲဒိဗ္ဗဧချင်းတွင် စပ်သည့် မင်းဆက် ပေါင်းမှာ။ သုတ်သီလက္ခန်အဋ္ဌကထာ။သုတ္တနိပါတ်အဋ္ဌကထာအစရှိသော သင်္ဂါယနာဝင်ကျမ်းတို့၌ကမ္ဘာဦး ဖြစ်စကိုဆိုပြီးလျှင်၊ကမ္ဘာဦး မဟာသမ္မတမင်းမှစ၍၊ မင်းဆက်ပေါင်းကိုရေတွက်၍၊ဘုရားသခင့် ဘိုးတော်တိုင်အောင် ဆက်လာသည်။ ထိုသို့ ဆက်လာသည့်အတိုင်း၊ပါရမီခဏ်း၌လည်း။ ။ကမ္ဘာဘဒ္ဒ။ပေါ်စထွန်းသစ်။ ဖြစ်သားရာဇာ။ မဟာသမ္မတ်။ မင်းမြတ်နွယ်ရိုး။အမျိုးစဉ်လာ။ဥက္ကာကရာဇ်။တိုင်အောင်ဖြစ်၍။ဟု စပ်လေသည်။ဒီပဝင်ကျမ်း။မဟာဝင်ကျမ်းတို့မှာမူကား။သည် အဋ္ဌရကပ်ဦးမဟာသမ္မတမင်းကကိုစ၍ဆိုသည်။ဂါထာလာသည်ကား။

အတီတကပ္ပေ ရာဇာနော၊ဌပယိတွာ ဘဝါဘဝေ။
ဣမမှိကပ္ပေ ရာဇာနော၊ပကာသိဿာမိ သဗ္ဗသော။ ။

အတီတကပ္ပေ၊လွန်လေပြီးသောအန္တရကပ်၌။ဘဝါဘဝေ၊ ဘဝကြီးငယ်၌။ရာဇာနော၊မင်းတို့ကို။ဥပယိတွာ၊ထား၍။ ဣမမှိ ကပ္ပေ၊ ဤ အန္တရကပ်၌။ ရာဇာနော၊ မင်းတို့ကို။ သမ္ဘဝသော၊ ခပ်သိမ်းသော အပြားအားဖြင့်။ ပကာသိဿာမိ၊ ပြပေအံ့။ ။ ဟူ၍ ဆိုသည်။ မင်းဆက်ပေါင်းအရေအတွက်နည်းသည်ကို ထောက်သော်၊ ဒီပဝင်၊ မဟာဝင်-ကျမ်းတို့၌ ဆိုသောစကား သည် သင့်တင့်လျောက်ပတ်ပေသည်။ ယင်းသို့သော်၊ သင်္ဂါ ယနာဝင်ကျမ်းတို့နှင့် မဆန့်ကျင်ခဲ့ပြီးလော ဟူမူကား။ ကျမ်း ဆရာတို့စကားဆိုရိုးသည်ကား။ အနဝသေသ-နည်းအားဖြင့်၊ အကြွင်းမဲ့အကုန်ဆိုသည်လည်းရှိ၏။ သာဝသေသ-နည်းအား ဖြင့်၊စကားအကြွင်းထား၍ဆိုသည်လည်းရှိ၏။မင်းဆက်ပေါင်း စကားမှာလည်း။ လောကအားဖြင့် ထင်ရှား ရှိလေပြီးဖြစ်၍၊ အဋ္ဌကထာဆရာတို့သည်၊သာဝသေသ-နည်းအားဖြင့်၊စကား ကြွင်းထား၍ဆိုလေသည်။ဒီပဝင်၊မဟာဝင်ကျမ်းတို့မှာမူကား။ အနဝသေသ-နည်းအားဖြင့်၊အကြွင်းမဲ့ဆိုလေသည်ဟုယူလျှင်၊ ကျမ်းဆရာနှစ်ဦးစကားသည်၊အန္တရကပ်ဦးမင်းဆက်ကိုချည်း ပင် ဆိုသည်ဖြစ်သောကြောင့် မဆန့်ကျင်၊ ညီညွတ်သည်ပင် ဖြစ်တော့သည်။ ဒီပဝင်ကျမ်းသည်ကား၊ရှင်ဗုဒ္ဓဃောသမဖြစ် မီက၊သီဟိုဠ်တွင်ဖြစ်သည်။ရှင်ဗုဒ္ဓဃောသပြုသည့်အဋ္ဌကထာ တွင်၊ ဒီပဝင်ကျမ်းကို ညွှန်ရ-မှီရသောကြောင့် ဒီပဝင်သည်၊ ကျမ်းခိုင်ဖြစ်ပေသည်။ ။

(၄) ဓမ္မသတ်ကျမ်းတို့သည်၊ ယခု အန္တရကပ်ဦး မဟာ သမ္မတမင်းလက်ထက်က ဖြစ်မည်။ ကမ္ဘာဦး မဟာသမ္မတမင်း လက်ထက်ကဖြစ်မည်ဆိုသည်မှာ။ ကမ္ဘာဦး မဟာသမ္မတမင်း လက်ထက်ကပင်ဖြစ်သည်ဟု ယူရမည်။ယူသင့်ကြောင်းကား။ ကမ္ဘာဦးအခါ၊ သာမ, ယဇု, ဣရုသျှ, ဗေဒင်သုံးပုံတို့ကို၊ တရား စောင့်သော ရသေ့တို့သည်။ လူတို့အကျိုးစီးပွါးများစေခြင်းငှါ ပြုခဲ့သည်။အာထဗ္ဗဏဗေဒင်ကို နောက်မှတရားမစောင့်သော

ပုဏ္ဏားတို့ပြု၍ ဗေဒင်လေးပုံရှိသည်ကို၊ ကဿပဘုရားသခင့် သာသနာတော်တွင်း၌ပညာရှိတို့အာထဗ္ဗဏ ဗေဒင်ကိုမိးတိုက်လေသည်။ ဗေဒင်သုံးပုံသာ ယခုကျန်ကြွင်းသည်ဟု သာရတ္ထဒီပနီစသောကျမ်းတို့၌ဆိုသည်။ ကမ္ဘာဦးကဗေဒင်သည်၊ယခုတိုင်အောင်ရှိသေးသည်ကိုထောက်လျှင်။ကမ္ဘာဦးက ဓမ္မသတ်လည်း ယခုတိုင်အောင် ရှိသေး၏ဟု ယူသင့်သည်။ ဓမ္မသတ်အစောင်စောင်ရှိသည်၊မညီမညွတ်ကြခဆိုသည်မှာ၊ဓမ္မသတ်သာမဟုတ်၊ဗေဒင်ကျမ်းအစောင်စောင်တို့မှာလည်းညီညွတ်သည့်အရာလည်းညီညွတ်၏။မညီမညွတ်သည့်အရာလည်းအများပင်ရှိသည်၊ဗေဒင်သာမဟုတ်သေး။ပိဋကတ်ကျမ်းစာတို့မှာလည်း။ အဋ္ဌကထာ၊ဋီကာ၊အနု၊ဂဏ္ဌိတ္ထိရကျမ်းမျိုးအစောင်စောင်တို့မှာ ညီညွတ်သည်လည်းရှိ၏၊မညီမညွတ်သည်လည်းရှိ၏။ညီညွတ်သည့်အရာ ညီညွတ်၏။ မညီမညွတ်သည့် အရာများမှာ။ အကြောင်းအကျိုး တန်သည် မတန်သည်။ဥပမာ-ဥပမေယျ သင့်သည်-မသင့်သည်။ယုတ္တိဒိဋ္ဌိ ညီသည်-မညီသည်များကိုထောက်ထား ဆင်ခြင်၍ ယူရသည်။ နှစ်ချက်လုံးပင် အကြောင်းယုတ္တိရှိလျှင်လည်းကျမ်းအစောင်စောင်များရာခိုင်ရာသို့လိုက်၍ယူရသည်။ ကျမ်းအစောင်စောင်များ နှစ်ချက်လုံးပင် ရှိလျှင်လည်း၊ ဆရာကြီး၊ ဆရာမြတ်၊ ကျမ်းတတ်ပုဂ္ဂိုလ်တို့ နှစ်သက်ရာယူရသည်။ ဓမ္မသတ်မှာလည်း ပိဋကတ်ကဲ့သို့နှစ်ချက်အကွဲအပြားရှိလျှင် အကြောင်းယုတ္တိသင့် မသင့်ကို ထောက်ချင့်ဆင်ခြင်၍ယူရသည်။အကြောင်းယုတ္တိအထောက် အထား နှစ်ပါးလုံးပင်ရှိခဲ့လျှင်လည်း၊ဓမ္မသတ်အစောင်စောင်များရာခိုင်ရာယူရသည်။ ဓမ္မသတ် အစောင် နှစ်ပါးလုံးမှာပင် ရှိခဲ့လျှင်လည်း၊ စီရင်ထုံးကျရာယူရမည်ဖြစ်တော့သည်။ ။

(၅) စတုဓမ္မသာရ အစပ်မှာ။ပဏ္ဍုခြောင်း-ဟူ၍ ယူလျှင်၊ ပဏ္ဍု-သဒ္ဒါသည်၊'ထိီး'ဟောဖြစ်မှသင့်ချေသည်။သို့ရာတွင်ပဏ္ဍု ဆိုသည်ကား။ 'ထိီး'ကိုမဆို။ အပေါ်ရုံအဝတ်ဖြူကို ပဏ္ဍုဆိုရိုးရှိ

သည်။ဘုံခဏ်းတွင်။ ။နောင်နှင့်ကြို၍။ ဖိုက်ခြိုကျွမ်းသူ။လွှမ်း ရမှုကား။ ပစ္စုပ္ပန်လွှမ်းထပ်။ ရင်ချင်းအပ်၍။ဟု စပ်သည်။ပညာရှိ တို့လည်း။ ကန့်တွင်မြည်ရှုန်း။ ပိတုန်းပိလူ။ ပစ္စုဆိုရိုး။ ပုဆိုးမြို ရောင်။ ဟူ၍ စကားဟောင်းအရများ ဖြင့်စပ်သည်ကိုထောက် သော်၊အဝတ်မြို့ကို ပစ္စုဆိုသည်ဟု ယူရမည်။ ယင်းသို့သော် လည်း၊ထိုးမှာ အဝတ်မြို့ကြက်သောကြောင့်၊ ထိုးမြို့ကို ပစ္စုဟု ဆိုသော် မသင့်ပြီလောဟူမှုကား။ထိုးမြို့ကိုမင်းညီမင်းသား မင်း ကြောဇာတို့မှာသာဆောင်းရချေသည်။ အမှုးအမတ်တို့မှာထိုး မြို့မဆောင်းရချေ။ထိုးနီ,ထိုးဝါ–သာဆောင်းရချေသည်။ ထိုးနီ, ထိုးဝါကိုလည်း ပစ္စုမဆိုရချေ။ အမှုး အမတ်တို့ကို ဆိုသော စကားဖြစ်သောကြောင့်၊ထိုးမြို့ကိုယူ၍လည်း မဆိုသင့်ချေ။ထို့ ကြောင့်။မှူးမတ်ရည်ကောင်း။ ပစ္စုန့်ချောင်းနှင့်။ဟုဘတ်ရမည်။ ယင်းသို့သော်လည်း။ 'ပစ္စုန့်ချောင်း' ဆိုသည့်ကား၊ မိုးယ်းဖြစ် သည်။မိုးယ်းအရကိုလည်း။ လက်ရုံးမိုးယ်းတည့်ဟူ၍ ဆိုခဲ့ပြီးဟ ကား။စကားမထပ်ခဲ့ပြီတကားလောဟူမှုကား။ မိုးယ်းအရနှစ်ပါး ရှိသည်။ ကျလာသော မိုးယ်းရေပေါက်ကိုလည်း မိုးယ်းဟူ၍ဆို သည်။ တိမ်ထပ်ကိုလည်း မိုးယ်းဟူ၍ ဆိုသည်။ ။ကျမ်းမှာ လည်း။ဝဿ ဝဿန် ဝုဋ္ဌိ။ဟူ၍၊ငင်း။မေဃ ဝလာဟကော ဒေဝေါ၊ပဇ္ဇုန္နော အမ္ဗုဓရော ဃနော။ဟူ၍ငင်း။ ပရိယာယ်နှစ် သွယ်ထားသည်။ ။ဝဿံ၊မိုးယ်း။ဝဿန်၊မိုးယ်း။ဝုဋ္ဌိ၊မိုးယ်း။ ။ (ဤကားကျလာသည့်ရေပေါက်ကိုမိုးယ်းဟုဆိုသည်)။ ။မေ ဃော၊မိုးယ်း။ဝလာဟကော၊မိုးယ်း။ဒေဝေါ၊မိုးယ်း။ပဇ္ဇုန္နော၊မိုးယ်း။ အမ္ဗုဓရော၊မိုးယ်း။ဃနော၊မိုးယ်း။ ။(ဤကားတိမ်ထပ်ကိုမိုးယ်း ဟူ၍ ဆိုသည်)။ ။မြန်မာဝေါဟာရ၌သည်း။ ရတနာဗိမာန် ကျောက်စာတွင်။တပြက်မိုးယ်းသည်။အမွန်နည်းသော။တလည် မြစ်လောင်း။တောင်ကျချောင်းသို့။စပ်ရာမှာ။ရေပေါက်ကိုမိုးယ်း ဟူ၍ဆိုသည်။ ။ဘုံခဏ်းတွင်။နှမပေါ။ငါ့ကိုသာလျှင်။ကြင်ရာ နှစ်သိမ့်။ဝမ်းကွဲးစိမ့်သို့။မိုးယ်းတိမ့်အရိပ်။အလိပ်လိပ်တွင်။ ဟူ၍

စပ်ရာမှာ။ တိမ်ထပ်ကို မိုးဃ်းဟူ၍ ဆိုသည်။ သည်မှာလည်း။ လက်ရုံးမိုဃ်းတိ။ဟူ၍ဆိုရာမှာ။ရေပေါက်ကိုမိုဃ်းဆိုလိုသည်။ ပဋ္ဌာန်ချောင်း။ဆိုရာမှာ။တိမ်ထပ်ကိုမိုဃ်းဆိုလိုသည်။အဓိပ္ပါယ် စကားဖြောင့်ကား။ မိုးနှင့် တူသောရန်ကို ငြိမ်းစေတတ်သော၊ မိုဃ်းရေပေါက်နှင့်တူသော၊လက်ရုံးအားနှင့်ပြည့်စုံသော၊မိုဃ်း ထပ်နှင့်တူသော အမှူးအမတ် ကောင်းလည်း ပြည့်အင်္ဂါတပါး ဆိုလိုသည်။ ။

(၆) သံဝရတွင်။ ။သစ္စံဝမ္မ။ဗိရိယနှင့်။စာဂဟူသည်။စပ် ရာမှာ။ ဇောနိပါတ်၊ပါနရိန္ဒဇာတ်အဋ္ဌကထာ၌။စာဂေါတိ၊အတ္တ ပရိစာဂေါ။ဟူဘွင့်သည်။ စာဂေါတိ၊စာဂဟူသည်ကား။အတ္တ ပရိစာဂေါ၊ ကိုယ့် အသက်ကို စွန့်ခြင်းတည်း။ ။သည်သာ မဟုတ်သေး။မျောက်မင်း၌ရန်အောင်ကြောင်းတရားလေးပါးနှင့် ပြည့်စုံသည်ကိုဆိုရာတွင်။ကိုယ့်အသက်ကိုစွန့်၍ မိကျောင်း၏ ဦးခေါင်းကို နင်းဝံ့ခြင်းသည်လျှင်၊မျောက်မင်း၌ စာဂတရားနှင့် ပြည့်စုံသည်မည်၏ဟု ဆိုသောကြောင့်။ ကိုယ့်အသက်ကိုစွန့် ခြင်းကိုစာဂယူလိုသည်။ကိုယ့်အသက်ကိုစွန့်၍ ရဲရင့်ခြင်းသည် အမှု ရန့်ရင်းကြမ်းထမ်းခဲ့၏တကားဟူမှုကား၊ အရာသို့လိုက်၍ ဟောတော်မူလေသည်။ သူရဲမျိုးတဆဲ့သုံးပါးကို ဟောတော်မူ ရာ၌၊ ရန်သူ့တောင်သို့ဝင်၍ ရည်မှတ်သောသူ၏ ဦးခေါင်းကို ထမ်းသိမ်းခိုင်ကဲ့သို့ဖြတ်၍ ယူနိုင်သောသူကိုလည်းအခိုင်ယူသူရဲ ကောင်းဟူ၍ဟောတော်မူသည်ကိုထောက်ရှုရာသည်။ ။

(၇) ရဟန္တာမိန်းမတို့ပရိနိဗ္ဗာန်ပြုသောအခါ-လိင်ပြန်သည်။ မပြန်သည်-ကို ဆိုရာမှာ၊ ယမိုက်ဋီကာတွင်။ တာသံ လိင်္ဂပရိ ဝတ္တန သဘာဝတော။ဟူသောပါဌ်ကိုအယူကွဲကြသည်။အချို့ ဆရာတို့မှာ။တာသံ၊ထိုပရိနိဗ္ဗာန်ပြုသောရဟန်းမိန်းမတို့အား။ လိင်္ဂဝတ္တန ပရိသဘာဝတော၊ လိင်ပြန်ခြင်း သဘောရှိသော ကြောင့်။ဟု အနက်သမ္ဗန်၍ လိင်ပြန်ကြောင်းရှိသော ရဟန္တာ မိန်းမတို့အား လိင်ပြန်၏။ လိင်ပြန်ကြောင်း မရှိသော ရဟန္တာ

မိန်းမတို့အား လိင် မပြန်ပြီ။ မိန်းမအဖြစ်ဖြင့်ပင် ပရိနိဗ္ဗာန်ပြုရ၏ ဟူ၍ ယူကုန်သည်။ ထိုအယူ နှစ်ချက်တွင် နောက်အယူကို ယမိုက်ဂဏ္ဍိဆရာ။ နိဂုဏ္ဍိသာရမဏ္ဍလသာကျမ်းဆရာတို့ ကြိုက်နှစ်သက်တော်မူကြသည်။ အခေါင်အဖျားပြုသောဆရာမြတ်၊ ကျမ်းတတ် ပုဂ္ဂိုလ်တို့လည်း၊ နောက်အယူကို ကြိုက်နှစ်သက်တော်မူကြသည်။ ။

သက္ကရာဇ် ၁၁၂၃ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့၊ တောင်တွင်းဆရာတော်အမိန့်တော်ရှိသည်။ ။

---

ပုစ္ဆာ။

မင်းစည်သူကျောဘ်ထင်လျှောက်ပါသည်ဆရာတော်ဘုရား။

(၁) သိကြားမင်းတွင်နတ်အမှူးအမတ်အများရှိလျက်၊အခြားနတ်တို့ကိုမဆို။ နှစ်ဆဲ့ရှစ်ယောက်သောနတ်တို့ကိုသာ စတုမဇ္ဈသာရတွင်။ အဋ္ဌဝီသ။ ယက္ခမှူးလယ်။ နတ်တို့ဝယ်။ ဟူ၍ဇင်း။ နဝဒေးဆို ရတုတွင်၊ ရှစ်ပါးသုံးပြန်။ လေးယောဘ်လွန်သား။ ပြင်းထန်ကျေးဇူး။နတ်စစ်မှူးတို့။ ဟူ၍ဇင်း။ သိကြားကဆုတ်လျှင်၊ သည့် နတ်များသာကိုးကွယ်ရာကဲ့သို့ ဆိုသည်။ မည်သည့် ဂုဏ်ကျေးဇူး အရည်အသွေး-သာလွန်၍ဆိုသည်ကိုသိချင်ပါသည်။ အင်းဝကောင်းစားစဉ်၊အခင်းကျောင်းဘုန်းတော်ကြီးကို လျှောက်ရာတွင်လည်း၊ နှစ်ဆဲ့ရှစ်ယောက်သောနတ်တို့သည် သိကြားလက်အောက်ဖြစ်၍၊ လူမင်းတို့မှာ၊ ဝန်တံထိုင်းကဲ့သို့၊တာဝေ၍အမှုကိုဆောင်ရွက်ကြရသည်။ ထိုနတ်တို့သည်၊လူတို့သစ်ပင်ကိုခုတ်လျှင်အပြစ်ပြုသော ရုက္ခစိုဝ်းနတ်တို့အား၊ကွပ်ညှပ်စီရင်သည်ဟူ၍ ကျမ်းဂန်တွေ့ကြောင်းကို မိန့်တော်မူပါသည်။ တချို့လည်း နှစ်ဆဲ့ရှစ်ယောက်သောနတ်တို့သည်၊ သိကြားငယ်သုံး

ဆဲ့နှစ်ယောက်အဝင်အပါဟူ၍ ဆိုကြပါသည်။ နှစ်ဆဲ့ ရှစ်ယောက်သောနတ်တို့ကိုအမည်နာမနှင့်သိချင်ပါသည်။

(၂) နဝဒေးဆို၊မနော်ဟာရီပျို့တွင်။ အရောက်နိဗ္ဗာန်။ ဆဲ့သုံး တန်ကို။ ရဲးမွန်ကျင့်လျှင်။ မြော်ကျွမ်းဝင်သည်။ ရှင်ပင် ရှင်ချစ်။ရှင်ရင်းစစ်။ဟူ၍စပ်လေသည်မှာလည်း။လက်ာ အဓိပ္ပါယ်ကိုထောက်သော်။နိဗ္ဗာန်ပင်၊ဆဲ့သုံးတန်ရှိသော လင်္ကာဟာသို့ ရောက်ခဲ့သည်။ သည် စကားကိုလည်း သိချင်ပါသည်။ ။

(၃) ဟံသာဝတီဆင်ဖြူရှင်သည်၊ ပြည်မှာ ရှင်ခမ္မသာမိကို တွေ့သောအခါ၊ ရှင်ရဋ္ဌသာရ၏ တပည့် ခံတော်မူဘူး သလောဟု မေးရာတွင်။မကြိုက်၍ မခံပေသည်ဟု ဆို သည့်စကားကို။ သာလွန်မင်းတရားက။ တောင်ဘီလာ ပုဂ္ဂိုလ်ကျော်ကိုလျှောက်ရာတွင်၊တောင်ဘီလာပုဂ္ဂိုလ် ကျော်က။ရှင်ရဋ္ဌသာရတို့သည်'ရပ်မ'အသုံးအဆောင် ကို သုံးဆောင်၍ မကြိုက်၊ ဆိုလေသည်ဟု မိန့်တော် မူသည့် စကားမှာလည်း။ 'ရပ်မ'အသုံး အဆောင် ဆို သည်၊ ရဟန်းကျင့်ဝတ် အခြားရှိသေးသကဲ့သို့ စကား ရောက်ခဲ့သည်။ သည်အချက်ကိုလည်း သိသာအောင် မိန့်တော်မူပါ။ ။

(၄) သနားတော်မူသည့် တောင်တွင်းလာစာကိုလည်း မသိ နိုင် ရှိခဲ့ပါသည်။ အဖြေကိုလည်း သနားတော်မူပါ။ တ ပည့်တော်လည်းကိုယ်မာမာမရှိသေး၍ကျန်းမာမှလာခဲ့ တော့၊ ဖျာဒိတ်တော်ရှိ၍-ကုမ၍ နေရပါကြောင်းကို လျှောက်ပါသည်ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၃ ခု၊နတ်တော်လတွင်၊မင်းစည်သူကျော် ထင်က၊တောင်တွင်းဆရာတော်ကိုလျှောက်သည်။ ။

## ဝိသဇ္ဇနာ။

(၁) နှစ်ကျိပ်ရှစ်ယောက်သောနတ်တို့သည် သိကြားငယ်သုံးကျိပ်နှစ်ယောက်အဝင်မဟုတ်။သိကြားမင်း၏ အမှူးအမတ်နတ်မျိုးဖြစ်သည်။သိကြားမင်း၏အမှူးအမတ်နတ်သည်အသိန်းမကများစွာရှိလျက်၊နှစ်ကျိပ် ရှစ်ယောက်ကိုသာ အထူးဆိုလေသည်ကား။ ရက္ခဇိုဝ်း နတ်ဘီလူးတို့၏ အမှူးအကြီး အစီအရင်ဖြစ်၍ စပ်ဆိုလေသည်။ထိုနှစ်ကျိပ်ရှစ်ယောက်သောနတ်တို့၏အမည်ကား။ ။

ဣန္ဒော သောမော ဝရုဏော စ၊
ဘာရဒွါဇော ပဇာပတိ။
စန္ဒနော ကာမသေဋ္ဌော စ၊
ကိန္နုဃဏ္ဍု နိဃဏ္ဍု စ။ ။
ပနာဒေါ ဩပမညော စ၊
ဒေဝသူတော စ မာတလိ။
စိတ္တသေနော စ ဂန္ဓဗ္ဗော၊
နဠောရာဇာ ဇနေသဘော။ ။
သာတာဂိရော ဟေမဝတော၊
ပုဏ္ဏကော ကရတိယော ဂုဠော။
သိဝကော မုစလိန္ဒော စ၊
ဝေဿာမိတ္တော ယုဂန္ဓရော။
ဂေါပါလော သုပ္ပဂေဓော စ၊
ဟိရီ နေတ္တိ စ မန္ဒိယော။ ။

ဣန္ဒော၊ဣန္ဒနှင့်။ သောမော၊သောမနှင့်။ ဝရုဏော၊ဝရုဏနှင့်။ ဘာရဒွါဇော၊ ဘာရဒွါဇနှင့်။ ပဇာပတိ၊ ပဇာပတိနှင့်။ စန္ဒနော၊စန္ဒနနှင့်၊ကာမသေဋ္ဌော၊ကာမသေဋ္ဌနှင့်။ကိန္နုဃဏ္ဍု၊ ကိန္နုဃဏ္ဍုနှင့်။ နိဃဏ္ဍု၊နိဃဏ္ဍုနှင့်။ ပနာဒေါ၊ပနာဒနှင့်။ (တဆယ်)။ ။ဩပမညော၊ ဩပမညနှင့်။ ဒေဝသူတော၊နှင့်

တမန်ဖြစ်သော။မာတလိ၊မာတလိနတ်။စိတ္တသေနော၊စိတ္တသေန အမည်ရှိသော။ ဂန္ဓဗ္ဗော၊ဂန္ဓဗ္ဗနတ်။ နဠော ရာဇာ၊နဠနတ်မင်း။ ဇနေသဘော၊ ဇနေသဘနတ်။ သာတာဂိရော၊ သာဂိရိနတ်။ ဟေမဝတော၊ ဟေမဝတနတ်။ ပုဏ္ဏကော၊ ပုဏ္ဏကနတ်။ ကရဏိယော၊ကရဏိယနတ်။ဂုဠော၊ဂုဠနတ်။(နှစ်ဆယ်)။ ။သိဝကော၊သိဝကနတ်။ မုစ္စလိန္ဒော၊မုစ္စလိန္ဒနတ်။ ဝေဿာမိတ္တော၊ ဝေဿာမိတ္တနတ်။ ယုဂန္ဓရော၊ယုဂန္ဓရနတ်။ ဂေါပါလော၊နွားကျောင်းဖြစ်ဘူးသော။သုပ္ပဂေဓော၊သုပ္ပဂေဓနတ်။ဟိရီ၊ဟိရီနတ်။ နေတ္တိ၊နေတ္တိနတ်။မန္ဒိယော၊မန္ဒိယနတ်။(နှစ်ဆဲ့ရှစ်)။ ။

(၂) မနေဘ်ဟာရိပုဏ္ဏိ။ ။အရောက်နိဗ္ဗာန်။ ဆဲ့သုံးတန်ကို။ ဟူသည်ကား။ဈာန် မဂ်ဖိုလ် နိဗ္ဗာန်ရကြောင်းကိုအကျင့်တဆဲ့သုံးပါးဟုဆိုလိုသည်။ ။သာသနာတော်တွင်း၌သာကမ္မဋ္ဌာန်း လေးဆယ် အပြည့်အစုံရှိသည်။ သာသနာတော် အပ၌ကား၊ ကသိုဏ်း ဆယ်ပါး။ ဗြဟ္မဝိဟာရ လေးပါး။ အရူပကမ္မဋ္ဌာန်း လေးပါးအားဖြင့် တဆဲ့ရှစ်ပါးသာရှိသည်။အကြွင်းနှစ်ဆဲ့နှစ်ပါးသောကမ္မဋ္ဌာန်းတို့သည်မရှိကုန်။တဆဲ့ရှစ်ပါးအနက်။ဉပေက္ခာဗြဟ္မဝိဟာရတပါးနှင့်၊ အရူပကမ္မဋ္ဌာန်း လေးပါးကို ဈာန်မရသေးသောပုဂ္ဂိုလ်မစီးဖြန်းရ။စတုတ္ထဈာန်ကိုရပြီးသောပုဂ္ဂိုလ် အရာ ဖြစ်သည်။ သာသနာတော်အပ၌ ဈာန် မရသေးသော ပုဂ္ဂိုလ်စီးဖြန်းရသောကမ္မဋ္ဌာန်းသည်ကား။ကသိုဏ်းဆယ်ပါး။ မေတ္တာ။ ကရုဏာ။ မုဒိတာ-အားဖြင့် တဆဲ့သုံးပါးရှိသည်ကို အရောက်နိဗ္ဗာန်။ဆဲ့သုံးတန်ကို။ဟူ၍စပ်လေသည်။ ။

(၃) သာလွန်မင်းတရားကြီးကိုတောင်ဘီလာပုဂ္ဂိုလ်ကျော်ကပြောသည့်စကားတွင်။'ရုပ်မ'အသုံးအဆောင်ဟူသည်ကား။ ရုပ်ကြီး ပြည့်ကြီးသားတို့ အလေ့ အကျက် အယဉ် အကျေး အတင့်အတယ်ကိုသုံးဆောင်သောကြောင့်မကြိုက်ဆိုလိုသည်။

(၄) ကြားသိကျမ်းလာ။မှတ်သားနာလော့။ ပုံလာနည်းဆို။ ကိုယ်ကိုကျင့်၍။ ပါရမီနှင့်။ဖြည့်ညီအပြား။စကားဘွဲ့ဆို။ကိုယ်

ကားဘွဲ့ရှက်။ အရွက်အမြစ်။ကျစ်လျစ်ပုံထား။ ဖြည့်ပြားအစဉ်။ ယှဉ်ကာအသင့်။ကျမ်းနှင့်ချင့်၍။လနှင့် လာတွင်။လံလည်းတင်မှ။ သဘင်ဆောင်ပြီး။ရာသီနီး၍။ ဆောင်းပြီးအလယ်။သဝယ်ခနှင့်။ မာဃဆင့်၍။ခါသင့်ကုန်ကျွမ်း။အာကာပြွမ်း၍။သာ ရွှမ်းသနှင့်။ နယေပင့်သည်။ ။သနှင့်ကြိုနာနှင့်ဆို။ ။ကြားသိကျမ်းလာ။ မှတ်သားနာလော့။ ဆိုသည်ကား။ ကျမ်းလာသော စကားကို ကြားပေအံ့။သိစေအံ့။မှတ်သားနာကြကုန်ဆိုလိုသည်။ ။ပုံလာ နည်းဆို။ ကိုယ်ကိုကျင့်၍။ ပါရမီနှင့်ဟူသည်ကား။ ကိုယ်ကို ကောင်းစွာ သုမေဓာရသေ့ ကျင့်ဆောက်တည်သော ပါရမီ စကားကို ပုံသက်သေထား၍ နည်းနယနှင့် တကွဆို၍ ဟူလို သည်။ ။ဖြည့်ညီအပြား။ စကားဘွဲ့ဆို။ ကိုယ်ကား ဘွဲ့ရှက်။ အရွက် အမြစ်။ ကျစ်လျစ် ပုံထား။ ဖြည့်ပြား အစဉ်။ ယှဉ်ကာ အသင့်။ကျမ်းနှင့်ချင့်၍။ဟူသည်ကား။ပါရမီဆယ်ပါးကို ဖြည့် သော အပြား အထူးကို ဘွဲ့ဆိုသောစကား။ ပါရမီဖြည့်သော ပုဂ္ဂိုလ်၏ ကိုယ်သည်-ဆေးပင်ကြီးနှင့် တူလေဟန်။ လက်ခြေ စသောလျှဘွယ်ဝဏ္ဏသည်-အရွက်အမြစ်နှင့်တူလေဟန်တို့ကို လည်း ကျစ်လျစ် သိမ်မွေ့စွာ ပုံသက်သေထား၍ပါရမီကိုဖြည့် လေသော အစဉ်ကိုလည်း အသင့်ယှဉ်ကာ၊ ကျမ်းနှင့်ချင့်၍- ဟု ဆိုလိုသည်။ ။လနှင့် လာတွင်။ လံလည်းတင်မှ။ သဘင် ဆောင်ပြီး။ ဟူသည်ကား။ လလာ လံ-ဆိုလိုသည်။ ။လ-လု သဒ္ဒါ၊တင့်တယ်ခြင်းအနက်ကိုဟောသည်။အလံသဒ္ဒါ၊တန်ဆာ ဆင်ခြင်းအနက်ကိုဟောသည်။ပါရမီခက်းကျမ်းကိုတင့်တယ် စွာနားတန်ဆာဆင်၍ စာပွဲသဘင်ဆောင်၍ ဆိုလိုသည်။ ။ ရာသီနီး၍။ ဆောင်းပြီးအလယ်။သ ဝယ် ခ နှင့်။မာဃဆင့်၍။ ဟူသည်ကား။ ထိုသို့ စာပွဲသဘင် ဆောင်ပြီးလျှင်၊ အင်းသို့ သွားမည့်အချိန်ရာသီနီး၍။ ဆောင်းပြီးအလယ်ဖြစ်သောတပို့တွဲ လဆန်း၏-ဆိုလိုသည်။ ။သဝယ်ခနှင့်။ဆိုရာ၌။ခ--သဒ္ဒါသည်။ သိတ်ခြင်းအနက်ကို ဟောသည်။သ-အက္ခရာမှာ။ဟ၊ဟူသော

အဘော်မရှိဆိတ်၍ဆိုလိုသည်။ ။မာဿဆင့်၍။ဆိုရာ၌။မာဿ သဒ္ဒါတပို့တွဲလကိုဟောသည်။ သနှင့်ပေါင်းလျှင်၊သမာဿ-ဖြစ် လေ၏။သမာဿ-ဟူသည်ကား။တပို့တွဲသနှင့်တကွကြိမ်၏။တပို့ တွဲလဆန်းလေ၏ ဆိုလိုသည်။ ။ခါသင့်ကုန်ကျွမ်း။ အာကာ ပြွမ်း၍။ဟူရာ၌။အာကာဟူသည်ကား။အာကာရ-ကိုဆိုသည်။ အာကာရ-သဒ္ဒါသည်အခြင်းအရာကိုဟော၏။သွားမည့်အခြင်း အရာကို ကြံသည်နှင့်ပင် တပို့တွဲလသည်ကုန်ကျွမ်း၍ ရှိလေ၏ ဆိုလိုသည်။ ။သာ ရွှမ်းသနှင့်။ နယေပင့်သည်။ ။သနှင့်ကို နာနှင့်ဆို။ဟူသည်ကား။ သေနာ၊ဟူ၍တည်။ နယေပရံယုတ္တော၊ ဟူသောသုတ်ဖြင့် သ ကို ဧသို့ကပ်၊သေနာ-ဖြစ်လေ၏။သေနာ ၏ အကြောင်းအရာကို နောက်ပိုဒ်မှာမှဆိုမည်ဟူလိုသည်။ ။ အကျဉ်းမျှသိသာရုံပြလိုက်သည်တကား။ ။

သက္ကရာဇ် ၁၁၂၃ ခု၊ နတ်တော်လတွင်၊ တောင်တွင်းဆရာ တော်ဘုရားအမိန့်ရှိသည်။ ။

---

ပုစ္ဆာ။

မင်းစည်သူ ကျော်ထင် လျှောက်ထားပါသည် ဆရာတော် ဘုရား။ ။

(၁) ဟံသာဝတီမဟာစေတီမှာ ဌပနာသည့်ခါတ်တော်တို့ သည်။ဆားတောင်ခါတ်။ ပင်တင်ဝတ်။အရှေ့ခါတ်-ဟူ ၍သာ မဆိုပါ။သူစာတွင်ဆိုသည်မှာ။ရွှေအဆင်းနှင့်တူ သောခါတ်။ ပုလဲအဆင်းနှင့် တူသောခါတ်။ မြတ်လေး ငုံအဆင်းနှင့် တူသောခါတ်။ ချယားစေ့ အဆင်းနှင့်တူ သော ခါတ်။ မိုးကြိုးအဆင်းနှင့် တူသော ခါတ်။ ဆား တောင်ခါတ်။တကောင်းခါတ်။ ဆတ်သွားခါတ်။မောဂ္ဂ လာန်ခါတ်။ရွှေဂူခါတ်။သိဟိုဠ်ခါတ်။ ဦးဗျောက်ခါတ်။ ဥမင်ခါတ်။ စကြိုခါတ်။ အရှေ့ခါတ်-ဟူ၍ အရေအ

တွက် အမည်နာမနှင့် အသီးအသီးဆိုသည်ဟု၊ အလျင် အမိန့်တော်ရှိသည်။ ရရင်းအရပ်ဌာနကိုစွဲ၍ ဆိုသည် ဖြစ်မည်။ အခြား အစွဲအလမ်းနှင့် ဆိုသည်ဖြစ်မည်ကို သိချင်ပါသည်ဆရာတော်ဘုရား။ ။

ဘုရားရှင့်လက္ခဏာတော်၌။ဂေါဇဃောသ။ဟူသောလက္ခဏာတော်သည်။ဂေါသား၏သားလုံးကဲ့သို့လုံးကြောင်းကိုဆိုသည်။ ဂေါ-ဟူသော သတ္တဝါသည်၊ မည်သည့် သတ္တဝါ ဖြစ်မည်ကို သိချင်ပါသည်။ ဘူရိဒတ် ဇာတ်ပေါင်းတွင်လည်း။မဟာမိဂ။ဇောယျကို။ရက္ခပင်ခြေ။ပုန်းအောင်းနေ၍။ဟုစပ်လေသည်။မဟာမိဂ-ဆိုသည်။သမင်ကိုဆိုသောစကားယူလျှင်။ဂေါဇဃောသ။မှာလည်း။မြန်မာဘာသာ ယူသော်၊ သမင်၏သားလုံး မြင်းခေါင်းကဲ့သို့ဟူသောစကားရော်ခဲ့သည်။ ဂေါသတ္တဝါသည်။ သမင်မှန်ချေလျှင်။ သမင်၏ သားလုံး မြင်းခေါင်းသည်၊ လျှောက်လျှောက် ပတ်ပတ်မရှိ။ ဘုရားရှင့် ရူပကာယတော်နှင့်နှိုင်းခိုင်းရမည့်အကြောင်းမရှိထင်ပါသည်။ ရှင်ရဋ္ဌသာရစပ်တော်မူရာမှာလည်း။ မဟာမိဂ။ဇောယျကို။ဟု သမင်ကို မူဆိုးလေးနှင့် ပစ်သည်ကိုပင် စပ်ချေသည်။ထိုမှတပါးလည်း။ ဂေါသား၏သင်္ကာတီးကြား၌ ရောက်သောအမွေး။ ဂေါသားတို့၏ သဘောသည်။ သုံးယူစနာကိုလွှန်၍ မပြေးမသွားနိုင် ဆိုသည်များမှာသည်း၊သမင်ကိုပင်ဆိုကြပါသည်။ ။

တောင်တွင်းကြီး-ရှင်မဟာသီလဝံသ။ ရှင်ဥတ္တမကျော်တို့၊ဆရာစဉ် ဆရာဆက်ကိုလည်း သိချင်ပါသည်။ဘဲတစောင်တွင်ဆိုရာမှာ။ရှင်သီလဝံသသည်ဆပ္ပဒေ္ဓသ-အမည်တွင်သောဘုန်းတော်ကြီးတပည့်ဟူ၍ ဆိုသည်။ တချို့လည်း၊ ရှင်မဟာ သီလဝံသနှင့်၊ ရှင် ဥတ္တမကျော် သည်။ ဆရာတချက်တည်းပင်၊ အယူဝါဒသာ ကွဲပြား

သည်ဆိုကြပါသည်။ ရှင်သီလဝံသ၊ ရှင်ဥတ္တမကျော်တို့
ဆရာစဉ်။ ရှင်သီလဝံသ၊ ရှင်ဥတ္တမကျော်တို့ ပြုရသည့်
ကျမ်းဂန်များကိုသိချင်ပါသည်။ ။

(၄) နာဖျားသသူတို့သည်။ သုရာမေရယကို ဆေးနှင့်သော်
သည်မှာလည်း၊ ပစ္စုသိ ပျက်-မပျက်ကို သိချင်ပါသည်
ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၃ ခု၊ နတ်တော်လကွင်၊ မင်းစည်သူကျော်ထင်က၊ တောင်းတွင်းဆရာတော်ကို လျှောက်သည်။ ။

ဝိသဇ္ဇနာ။

ဟံသာဝတီ စေတီမှာသာ၊ ဓာတ်တော်တို့ကို အမည်နာမ၊ ဝိသေသနှင့်ဆိုသည်မဟုတ်။ စစ်ကိုင်း,ပင်းယ,အင်းဝမင်းတို့၏ ကောင်းမှု စေတီများမှာလည်း၊ အမည်နာမ၊ ဝိသေသနှင့်ချည်းပင် အရပ်ကိုစွဲ၍ သမုတ်သည်။ ယခုထက်တိုင် အောင်ပင်လည်း တကောင်းကရသည့်ဓာတ်ကို၊ တကောင်းဓာတ်။ ကပ်ကြိုကရသည့်ဓာတ်ကို၊ ကပ်ကြိုဓာတ်။ ရေပူကရသည့်ဓာတ်ကို၊ ရေပူဓာတ်-ဟူ၍ သူကြီးသူဟောင်းတို့ ခေါ်ဝေါ် ပြောဆိုကြသည်။ ရှင်မောဂ္ဂလာန်ဓာတ်။ ရှင်သာရိပုတြာဓာတ်-ဆိုသည်များမှာမူကား၊ အဆင်းညိုသည်ကို၊ ရှင်မောဂ္ဂလာန်ဓာတ်၊ အဆင်းရွှေသည်ကို၊ ရှင်သာရိပုတြာဓာတ်။ အဆင်းဖြူဖွေးနှင့် ပြုတ်ပြုတ်ရှိသည်ကို၊ ရှင်သီဝလိဓာတ်-ဟူ၍ ဆရာကြီးတို့သည် ခေါ်ဝေါ်သမုတ်ကြသည်။ ကျမ်းဂန်အထူးလာသည်မဟုတ်ကြပြီ၊ အသက်ရှိစဉ်က အစဉ်ကိုကျမ်းဂန်ဆိုသည်နှင့်ထုတ်၍ သမုတ်လေသည်။

(၂) မိဂ-သဒ္ဒါသည်၊ သမင်ကို ဟောသည်။ အခြေလေးချောင်းသတ္တဝါသာမန်ကိုလည်း ဟောသည်။ မဟာမိဂ။ ဇာတေယျကို။ စပ်သည်မှာ။ ဇော်သတ္တဝါသည်၊ အခြေ လေးချောင်းသတ္တဝါမျိုးဖြစ်၍ စပ်လေသည်။ ဇော်သတ္တဝါသည်၊ ယခုလောကတွင်ရှိသည့်သမင်မျိုး မဟုတ်။ အခြေလေးချောင်းနှင့်သတ္တဝါ

တမျိုးပင်ရှိသည်ဟုယူရမည်။ တပါးသောသတ္တဝါတို့၏ မြင်း ခေါင်း။ ပကတိလူတို့၏ မြင်းခေါင်းသည်ကား၊ မညီ မညွတ် တဘက်သတ်တွဲလျားကျသည်။ တဘက်သတ်ကြီးသည်။ ဧကော် မည်သော သတ္တဝါတို့၏ မြင်းခေါင်းမူကား။ ထိုကဲ့သို့ မဟုတ်။ ခြေချင်းဝတ်မှ စ၍ လေးမျက်နှာ အညီအညွတ် ပွတ်တိုက်ဘိ သကဲ့သို့။လုံးလုံးလှလှပြည့်ပြည့်ဖြိုးဖြိုး၊အစဉ်အတိုင်းသတ်သတ် ကြီးသည်။ ရှုချင်စဖွယ်၊ တင့်တယ်လျောက်ပတ်လှသည်။ ထို့ ကြောင့်မြတ်စွာဘုရား့မြင်းခေါင်းတော်ကို၊ဧကော်သတ္တဝါ၏မြင်း ခေါင်းနှင့်ပုံဥပမာခိုင်းလေသည်။ ။

(၃) ရှင်မဟာ သီလဝံသနှင့်၊ ရှင်ဥတ္တမကျော်သည်၊ ငယ် ဆရာတချက်တည်းပင်။ နောက်မှစာသင်အရပ်ရပ်လှည့်ကြရာ တွင်၊ ရှင်မဟာသီလဝံသသည် ညောင်ဦးဆာပွရှောသဥမင်၌သီ တင်းသုံးသော၊ရှင်သဒ္ဓမ္မဇောတိပါလအထံတွင်ကျမ်းဂန်အများ၊ သင်ကြားလေသည်။ငယ်ဆရာမှာ၊တောင်တွင်းမြို့မြောက်၊ထူပါ ရုံဘုန်းတော်ကြီးအထံတွင်၊နှစ်ဦးလုံးကိုပင်တနေ့တည်းအပ်လာ သည်ဟူ၍ သူကြီး သူဟောင်းတို့ ပြောစဉ်ရှိသည်။ ရှင်ဥတ္တမ ကျော်မှာကျမ်းဂန်ပါဠိပါဠိမပြု၊နှုရပတိရေလားလက်ာတစောင် သာပြုသည်။ရှင်သီလဝံသလည်းကျမ်းဂန်ပါဠိပါဠိမပြုခဲ့။ပါရမီ ခန်း။ဆုတောင်းခန်း။ တံတားဦးတည်။ ပြည့်ရုန်။ပြည်ဆာန်။ နန်းဖွင့်။ဓမ္မပါလပျို၊အစတဆဲ့နှစ်ပိုဒ်။တောင်တွင်းလာ။သည်စာ များကိုသာပြုခဲ့သည်။ ။

(၄) အနုဇနာမိ ဘိက္ခဝေ ယသ္မိံ တေလပါကေ မဇ္ဇဿ န ဝဏ္ဏော နဂန္ဓော န ရသော ပညာယတိ၊ဧဝရူပံ မဇ္ဇံပက္ခိတ္တံ တေ လံပါတုံ။ ။(ဝိနည်းမဟာဝါပါဠိတော်)။ ။ဘိက္ခဝေ၊ရဟန်း တို့။ယသ္မိံ တေလပါကေ၊အကြင်ဆီချက်၌။မဇ္ဇဿ၊သေအရက် ၏။ ဝဏ္ဏော၊အဆင်းသည်။ နပညာယတိ၊မထင်။ ဂန္ဓော၊အနံ့ သည်လည်း။နပညာယတိ၊မထင်။ရသော၊အရသာသည်လည်း။ နပညာယတိ၊မထင်။ ဧဝရူပံ၊ဤသို့သဘောရှိသော။မဇ္ဇံ၊သေအ

ရက်ကို။ပဏ္ဍိဘ္ဘုံ၊ထည့်သော။ တေလံ၊ဆိကို။ပါတုံ၊သောက်စိမ့် သောဌါ။အနုဇာနာမိ၊ခွင့်ပြုတော်မူ၏။ ။သည်ပါဠိကိုထော်၍ ဆေးမှာလည်း၊ သေအရက်၏ အဆင်း,အနံ့,အရသာထင်လျှင် အပ်။ပဋ္ဌသိပျက်၏။သေအရက်၏အဆင်း,အနံ့,အရသာမထင် လျှင် အပ်၏။ပဋ္ဌသိမပျက်ပဲရမည်။ ။

သက္ကရာဇ် ၁၁၂၃-ခုနှတ်တော်လတွင်၊တောင်တွင်းဆရာ တော်ဘုရားအမိန့်တော်ရှိသည်။ ။

---

## ၄၅။

စည်သူကျော်ထင်လျှောက်ပါသည်ဆရာတော်ဘုရား။ ။

(၁) 'အာ''သော''မာ''ဝ'။'ဏု''အ''မ''ချာ'။ 'ဥ''မ္ဘာ''ဝမ်း''ဘဲ:'။ 'တိ''ထ''မ''စဲ:'။ စသော အက္ခရာတို့ကို တန်းခိုးကြီး ဘုရားရှင်များတွင်၊သိကြားရေးထားသည်။သိကြားမင်း တံဆိပ်ဟူ၍ မှတ်သား ရွတ်ဘတ် ကိုးကွယ်ကြသည်။ မည်သည့်ကာလတွင် စ၍ဖြစ်သည်။ သိကြားမင်းရေး သည်ကို သိချင်ပါသည်။ အက္ခရာမှာလည်း မာဂဓဘာ သာ၊သက္ကတဘာသာပိဗိသသမရှိလွန်းပါ။ ။

(၂) ရာဇမတ်ိစုဋ္ဌာကျောက်စာတွင်။မုဏ္ဍာ မုဏ္ဍ။အမုဏ္ဍကာ။ စသည် လေးပါး။ လက်နက်များနှင့်။ မင်းသားတကာ။ တတ်စရာသည်။လွှား,ကာ,သန်လျက်။ပစ်စက်မြားချင်း။ ဆဲ့နှစ်ကွင်း။ ဟုဆိုလေသည့် စကားကိုလည်း သိချင်ပါ သည်။ ။

(၃) ဗေဒင်မှာ၊ သက္ကရာဇ်ဖြိုခြင်း။ ထောင်ဖြိုခြင်း-ဆိုသော စကားသည်လည်း။ထောင်ပြည့်မှသာ ဖြိုသည်မဟုတ်။ ၄၀၀။ ၅၀၀။ ၆၀၀-များပင် ဖြိုသောအခါလည်း ဖြို သည်။ ပိဋကတ်ကြောင်း၊ ဗေဒင်ကြောင်းမည်သို့အမှာ အထားရှိ၍ဖြိုရလေသည်။မိုးညှင်းမင်းတရားလက်ထက်

မြို့သည်ကို-မမြို့ဟူ၍လည်း ဆိုကြပါသည်။ ဘူရိဒတ်ဇါတ်ပေါင်းနိဂုံးတွင်။အတိုသင်္ကေတ။ငါးဆဲ့ရှစ်။ပြီးလစ်ဤသည့်စာ။ ဟူ၍လည်းဆိုသည်။ မည်သူမြို့၍ မြို့သည့်သင်္ကရာဇ်ကိုယူ၍အတိုသင်္ကရာဇ် ၅၈ ဆိုလေကြောင်းကို သိချင်ပါသည်။ ။စတုဓမ္မသာရ နိဂုံးတွင်လည်း။ သခင်ဘုရား။ ထားသည့်သာသနာ။ သချို့အမှန်။ နှစ်ထောင်လွန်၍။အစွန်မြတ်မှု။ဆဲ့နှစ်ခုတွင်။ဟူ၍ ရှင်ရဋ္ဌသာရ ဘွားသည့် သင်္ကရာဇ်ကို ဆိုလေသည်။စတုဓမ္မသာရ စာပြီးသင်္ကရာဇ်မှာလည်း။ အစွန်းငါးခု။ ပသျှု၊ အဋ္ဌ။ ဒိဃသင်္ကရာဇ်။ ဟု၊ သင်္ကရာဇ်ရှည်ကိုဆိုသည်။ တံတား ဦးတည်တွင်လည်း။ သင်္ကရာဇ်သချိုာ။ ရှစ်ရာခေါင်သွယ်။လေးဆယ်နှစ်ခု။ဟု-မင်းခေါင်မင်းဖြစ်သည့်သင်္ကရာဇ်ကို ဆိုသည်။ သံဝရ-စာပြီး သင်္ကရာဇ်မှာလည်း။ သင်္ကရာဇ်သချိုာ။ ရှစ်ရာအစ။ နဝအလယ်။နောက်ဆွယ်ငေ။လ-ကား အာသဠ်။ ဆိုသည်။ ရှင်ရဋ္ဌသာရ ဘွားသည့်သင်္ကရာဇ်မှစ၍၊စာဆို၍ပြီးသည့်သင်္ကရာဇ်တို့-သင်္ကရာဇ်ရှည်များသည်၊မည်သူမြို့သည့်သင်္ကရာဇ်ကို အစွဲပြု၍ ဆိုလိုသည်ကို၊ ထွက်ခြေရအောင် အမိန့်တော်ရှိစေချင်ပါသည်။ ။

စတုဓမ္မသာရနိဂုံးတွင်၊ ဟိရိကျောငွေ၊ သြတ္တပ်ရွှေနှင့်။ နံ့မွှေကြာမုံ။ ခက်ရုံသတ္တာ။ သဒ္ဓါမျက်မြ။ သီလ ပုလဲ။ စွန့်ကြဲဒါန။စာဂမဏိ။ဗုဒ္ဓိဝရဇိန်။ဟု ဆိုသော စကားတွင်။လောကီရတနာခုနစ်ပါးကို၊သူတော်ဥစ္စာခုနစ်ပါးနှင့် ဥပမာဟပ်သည်။ ဟိရိမှာ=ငွေ။ သြတ္တပ္ပမှာ=ရွှေ။ သဒ္ဓါမှာ=မြ။သီလမှာ=ပုလဲ။စာဂမှာ=ပတ္တမြား။ပညာမှာ=ဝရဇိန်-ဟူ၍ ဥပမာဘက်သည်၊‘သုတ’ကိုမဆိုပါ။ နံ့မွှေကြာမုံ။ခက်ရုံသတ္တာ။ဟူ၍ဆိုသည်။‘ကြာမုံ’သည်၊ သူတော်ဥစ္စာလည်းမဟုတ်။ လောကီဥစ္စာလည်းမဟုတ်

ဖြစ်ခဲ့သည်။ သည့်အချက်များကို သိသာအောင် အမိန့်တော်မြတ်ရှိစေချင်ပါသည်ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၃-ခု၊နတ်တော်လဆန်းဆယ်ရက်နေ့၊မင်းစည်သူကျော်ထင်က၊ တောင်တွင်းဆရာတော်ဘုရားကိုလျှောက်ပါသည်။ ။

## ဝိသဇ္ဇနာ။

(၁) 'အာ''သော''မာ''ဝ'။အစရှိသောအက္ခရာတို့သည်။ပိဋကတ်ကျမ်းဂန်တို့က လာသည်လည်း မဟုတ်။သမိုင်း ရာဇဝင်ပုံဟောင်းတို့၌လည်း သိကြားရေး၍ထားကြောင်းကိုမဆို။ ထိုးကွင်း,လက်ဖွဲ့,အင်း,အိုင်တို့၌ လေ့လာသော ဆရာတို့သည်သာလက်ဖွဲ့,အင်း,အိုင်တို့၌။'အာ''သော''မာ''ဝ'။အစရှိသောအက္ခရာပါသည်ကိုဂုဏ်ရှိအောင်သိကြားရေး၍ထားသည်ဟု တင်စား၍ဆိုလေသည်။'အာ''သော''မာ''ဝ'အစရှိသော အက္ခရာသည်ကား၊အင်း,အိုင်,သက်ဖွဲ့ကလာသောအက္ခရာဖြစ်သည်။ ။

(၂) ရာဇမတ်စုဥ္စာကျောက်စာတွင်။ ။ရတ္တာ ရတ္တ။ အရတ္တ-က။ စသည့်လေးပါး။ လက်နက်များနှင့်။ဆိုရာ၌။လက်နက်အပြားသည့်လေးပါးရှိသည်။လေးပါးဟူသည့်ကား။ရတ္တလက်နက်။ အရတ္တလက်နက်။ ရတ္တာ ရတ္တလက်နက်။ ယန္တမုတ္တလက်နက်-ဟူ၍ လေးပါးရှိသည်။ ထိုလေးပါးတို့တွင်၊ လှံ၊ရှင်-အစရှိသည့်ကား၊လက်မှလွှတ်ရသောကြောင့် ရတ္တလက်နက်မည်၏။ သန်လျက်-အစရှိသည့်ကား၊လက်မှ မလွှတ်ရသောကြောင့်၊အရတ္တလက်နက်မည်၏။တုတ်,တောင်ဝှေး-အစရှိသည့်ကား၊လွှတ်၍လည်းပစ်ရ၊မလွှတ်ဘဲလည်းရိုက်ရသည်ဖြစ်၍၊နှစ်ပါးစုံသင့်သောကြောင့်၊ ရတ္တာ ရတ္တလက်နက်မည်၏။ မြား-အစရှိသောလက်နက်သည်ကား၊ ယန္တြားဆင်၍ ပစ်လွှတ်ရသောကြောင့်၊ယန္တမုတ္တလက်နက် မည်၏။ ။ပစ်စက်မြားချင်း။ ဆဲ့နှစ်ကွင်း။ဟူသည့်ကား။လေးအတတ်ကိုအဟုတ်တတ်အောင်သင်သော

သူတို့သည်။ ဉာဏ်လည်းရှိမှ။ဆဲ့နှစ်နှစ်တိုင်အောင်လည်းသင်မှ တတ်သည်။ ထိုလေးအတတ်ကို အပြီးတိုင်အောင် တတ်သော သူတို့၏မြားပစ်နည်းများသည်ကား။တဆဲ့နှစ်ပါးရှိသည်။ တဆဲ့ နှစ်ပါးဟူသည်ကား။ ။သရပဋိဗာဟန၊မြားကိုမြားချင်းခတ်မိ အောင်ပစ်သည်။ စက္ကမိဝ၊မြားပတ်ပတ်လည်၍ လက်ထဲသို့ပင် လာအောင်ပစ်သည်။ သရလဋ္ဌိ၊ မြားနွယ်ကဲ့သို့ ကျအောင် ပစ် သည်။သရ ရဇ္ဇု၊မြားကြိုးကဲ့သို့ကျအောင်ပစ်သည်။သရဝေဓိ၊ မြားကိုမြားချင်းထွင်း၍ သွားအောင်ပစ်သည်။သရပါသာဒ၊မြား ပြာသာဒ်ကဲ့သို့ ကျအောင်ပစ်သည်။ သရမဏ္ဍပ၊မြားမဏ္ဍပ်ကဲ့ သို့ကျအောင်ပစ်သည်။ သရသောပါန၊ မြားစောင်းတန်းကဲ့သို့ ကျအောင်ပစ်သည်။သရပါကာရ၊မြားတံတိုင်းကဲ့သို့ကျအောင် ပစ်သည်။ သရပေါက္ခရဏီ၊ မြား လေးထောင့်ကန်ကဲ့သို့ ကျ အောင်ပစ်သည်။သရပဒုမ၊မြားပဒုမာကြာပွင့်ကဲ့သို့ကျအောင် ပစ်သည်။ သရဝဿက၊ မြားမိုးရွာသကဲ့သို့ ကျအောင်ပစ် သည်။သည် တဆဲ့နှစ်ချက်ကိုဆိုသည်။ ။အကျဉ်းမှတ်ဘွယ် ကား။ ။

သရပဋိဗာဟန္တ၊အထော စက္ကံ ဝိဓံသနံ။
သရလဋ္ဌိ ရဇ္ဇု ဝေဓိ၊ပါသာဒေါ မဏ္ဍပေါ တထာ။
သောပါနံ ဝဿံ ပါကာရော၊ပေါက္ခရဏီစ ပဒုမံ။ ။
(ဟူသည်တည်း)။

(၃) သက္ကရာဇ်ဖြိုကိန်းကား။ တထောင်မပြည့်မီ သင့်တင့် သည့်နှစ်တွင် ဖြိုရသည်။ သက္ကရာဇ်ကို တထောင်ပြည့်အောင် ထားလျှင်၊ ကောင်းများသောကြောင့်၊သုဓိဓာတ်ဗျာဒိတ်လည်း အတွက်ခက်သည်။ပြည်ရွာပုပ်ဆင်းရဲတတ်သည်ဟူ၍ လော ကသင်္ကေတ ဆရာတို့ ဆိုသောကြောင့်၊ တထောင် ပြည့်မီ ကိန်းခန်း သင့်တင့်သည့်နှစ်တွင် ဖြိုရသည်။ သက္ကရာဇ်ဖြိုလျှင် ဆင်ခြင် ရမည်ကား။ အဓိမာသကိန်း နှာရီကြွင်း သုညစေ့ ရ

သည်။ ခါတ်စားခြေ-၇၀။ နဝင်းစားခြေ-၁၀၇ ချ။ ခါတ်တိုင် စားခြေ။ ခါတ်ဝိဓိ စားခြေ။ ဂြိုဟ်ဝိဓိ စားခြေ။ သည်များကို၊ သင်္ကြာရာဇ်ကိုမပြုမိ တွက်သည်နှင့် တချက်တည်း ကျအောင် ဆင်ခြင်ရသည်။ သည်မှတပါးလည်း၊ သင်္ကြာရာဇ်နှင့်စပ်၍ တွက် ရသည်။ ကိန်းပေါင်း ခန်းပေါင်း တရာကျော်လောက်ရှိသည် တို့ကို အသင့်ကျအောင်၊ နှုတ်ကိန်း နှောကိန်း ထားတန်သည့် အရာကိုထား၍ ပြုရသည်။ ကျယ်ဝန်းလှသောကြောင့် ဗေဒင် သုံးပုံကို နှံ့စပ်အောင်တတ်မှ ပြုနိုင်သည်။ မိုးညှင်းမင်းတရား လက်ထက် သင်္ကြာရာဇ်ပြုသည်မှာ၊ အဝိမာသကိန်း၊ နာရီကြွင်း လည်းမသင့်။ ခါတ်စားကိန်း။ နဝင်းစားကိန်း-အစရှိသည့်တို့ ကိုလည်း ပြင်၍သင့်တင့်အောင်မထားခဲ့သောကြောင့် မပြုလေ သည်။ သုဇိခါတ်ဗျဉ္စတားတွက်လွယ်သည့် အကျိုးရှိ၏။ ယခု သုဇိခါတ်ဗျဉ္စတားတွက်ကြသည်မှာ၊ မိုးညှင်းမင်းတရားပြုသည့် သင်္ကြာရာဇ်နှင့် တွက်ရသည်။ ။ယခု လောကတွင် ခေါ်ဝေါ် သုံးစွဲကြသည့်သင်္ကြာရာဇ်ကို၊ သင်္ကြာရာဇ်ရှည်ဟု ခေါ်ဝေါ်သည်။ ပုဂံတွင် ညောင်ဦးစောရဟန် လက်ထက် ဖြစ်သည်။ မိုးညှင်း မင်းတရား ပြုသည့် သင်္ကြာရာဇ်ကို၊ သင်္ကြာရာဇ်တိုဟု ခေါ်ဝေါ် သည်။ အတွက်ကား။ ယခုလူတို့ခေါ်ဝေါ်ကြသော သင်္ကြာရာဇ် ရှည်တည်။ အဋ္ဌ,နဝ,သတ္တ ပဟိနံ၊ ၇၉၇ ချနုတ်။ မိုးညှင်းမင်း တရားပြုသည် သင်္ကြာရာဇ်တို ဖြစ်၏။ ရှေးဆရာတို့လည်း မှတ် လွယ်အောင်။သင်္ကြာရာဇ်တိဋ္ဌာပဟာ အဋ္ဌာ,နော,သတ်။သေသ သင်္ကြာရာဇ် ဟူ၍ဆိုကုန်သည်။ ။ဘူရိဒတ်ဇာတ်ပေါင်းတွင်။ အတိုသင်္ကြာရာဇ်။ ငါးဆဲ့ရှစ်။ ဆိုသည်မှာ၊ မိုးညှင်း မင်းတရား သင်္ကြာရာဇ်ကိုဆိုသည်။ ။စတုဓမ္မသာရတွင်။သချာအမှန်။နှစ် ထောင်လွန်၍။အရွှန်ပြတ်မှု။ဆဲ့နှစ်ချတွင်။ဆိုသည်မှာ။သင်္ကြာရာဇ် ကိုမဆို။ သာသနာတော်ကိုဆိုသည်။ စကားရင်းကပင်။သခင် ဘုရား။ ထားသည့်သာသနာ။ ဟုဆို၍ရှိပြီ။ သာသနာတော်အ တွက်ကား၊ယခုခေါ်ဝေါ်ကြသည့် သင်္ကြာရာဇ်ရှည်တည်။ နှစ်နှင့်

အဋ္ဌ,ဧကေ,ဧကော။၁၁၈၂ ခုနှော၊သာသနာတော်ဖြစ်၏။ဝင်းစတု ဓမ္မသာရတွင်။ အစွန်ငါးချ။ပဉ္စ,အဋ္ဌ။ဒီဃသက္ကရာဇ်။ဟူ၍,စပ် လေသည်။ရှင်ရဋ္ဌသာရတံတားဦးတည်တွင်။သက္ကရာဇ်သချိ၊။ ရှစ်ရာခေါင်သွယ်။ လေးဆယ်နှစ်ချ။ ဟူ၍,စပ်သည်။ ရှင်သီလ ဝံသ တံတားဦးတည်တွင်။ သက္ကရာဇ်နက်လေး။ သာကျူး ဧး သည်။ခွေး,ဇယ,အဋ္ဌ။ခါကောင်းမြတ်ဗွ။ဟူ၍,စပ်သည်၊ သံဝရ တွင်။ သက္ကရာဇ်သချိ၊။ရှစ်ရာ အစ။နဝ အလယ်။ နောက်ဆွယ် ဧက။ဟူ၍,စပ်သည်များမှာ။ယခုလောကတွင်ခေါ်ဝေါ်သုံးစွဲကြ သည့်သက္ကရာဇ်ကိုချည်းပင်စပ်သည်။ ။

(၄) စတုဓမ္မသာရတွင်။ ရတနာခုနှစ်ပါးနှင့်။သူတော်ဥက္ကာ ခုနှစ်ပါးကိုဟပ်၍,စပ်ရာ၌။ နံ့မွှေကြာမုံ။ခက်ရုံသန္တာ။ဟူ၍,စပ် ဆိုသည်မှာ။ကြာမုံကိုဥပမာပြုသည်။အနံ့မွှေးသောကြာမုံကြာ ဝတ်ဆံနှင့်အတူ ဝင်းဝင်းဝါသောအခက်တို့ဖြင့်ရုံသော သန္တာ ဆိုလိုသည်။ ။သုတကို မဆိုဘဲ ချန်လေသည်ကား၊ သာဝ သေသ-နည်းအားဖြင့်သာအကြွင်းသား၍,ဆိုလေသည်။ဥပမာ ဥပမည်းမှာလည်း၊ကျောက်မျက်ရွှဲနှင့်သုတကိုဟပ်ရမည်။ ။ ယင်းသည့်ပိုဒ်၊အစတွင်လည်း။ ဟိရိ'ကျော်'ငွေ။ဟူ၍,'တင်းခွန်' လွှားနှင့်ရှိတတ်၏။'တမ်းခွန်'လွှားမလို ဟိရိ'ကျော'ငွေ၊ဟူ၍,သာ တမ်းခွန်မလွှားဘဲဘတ်လိုသည်။ရှင်ရဋ္ဌသာရတံဘားဦးတည် ၌။ကျည်းပင်အောက်တွင်။သုံးလှူရှင်၏။သွင်ပြင်တူလျော။အခရုံ စေသည်။ငွေကျောဘုရား။ဆင်းတုထား၏၊ဟူ၍,စပ်သည်ကို ထောက်ရမည်။ငွေကျောဟူသည်ကား။ခဲမ ကြေးနီနှင့် အလျှင်း မစပ်သော မီးပေါက်သာစ္စါငွေစင်ဟုဆိုလိုသည်။ ဆုတောင်း ခဏ်းတွင်။ ကျောရွက်ငွေပေါင်း။ ဆယ်သောင်းအကျပ် တည့် တည့်ခပ်သည်၊ဟူ၍,စပ်ရာမှာသည်း။ဤအတူပင်ပဲရမည်။

သက္ကရာဇ် ၁၁၂၃-ခုနှတ်တော်လပြည့်ကျော် ၃ ရက်နေ့၊ တောင်တွင်းဆရာတော်အမိန့်တော်ရှိသည်။ ။

## ပုစ္ဆာ။

မင်းစည်သူကျော်ထင်လျှောက်ပါသည်ဆရာတော်ဘုရား။

(၁) မွေတော်သုံးပါးအကြောင်းအရာကို၊ရွှေနန်းရှင်မင်းတရားကတောင်ဘီလာပုဂ္ဂိုလ်ကျော်ကိုလျှော်ရာတွင်။တောင်ဘီလာပုဂ္ဂိုလ်ကျော်က၊ဓာတ်တော်တို့၏ပမာဏသုံးပါးကို ဆိုသောဂါထာတို့သည် ရှိပေကုန်၏။ ယင်းသည့်ကျမ်းများမှာမူကား၊ သင်္ဂါယနာသုံးတန်တင်သည့်နေ၌မှ ဖြစ်သည်။ သင်္ဂါယနာသုံးတန်တင်သောကျမ်းတို့၏အဋ္ဌကထာ၌။ရွှေအဆင်း၊ပုလဲအဆင်း-တို့ကိုလာ၏။ ။ ဘုရားတို့၏ဓာတ်တော်တို့သည်၊ရွှေတွေကဲ့သို့ တတွေဘည်းရှိသည်။ ဓာတ်တော်ထည့်သော ရွှေအိုးကို ဘွင့်လေသော်၊ ရှင်တော်ဘုရား၊ ထင်ရှား ရှိတော်မူသောအခါက၊ လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်၊ ရောင်ခြည်တော်ခြောက်ပါးနှင့် ပြည့်စုံသော အဆင်းတော်ကို မြင်ရသည်။ ယခုမှာမူကား၊ ရွှေအဆင်းနှင့်ဘူသောဓာတ်တော်တို့ကိုသာမြင်ရဘိ၏တကားဟူ၍၊ ရှစ်ပြည်ထောင်သောမင်းတို့ငိုကြွေးကုန်သည်။ဒေဝါနံပိယတိဿမင်းသည်၊ထူပါရုံကိုတည်မည်ရှိသောအခါ။ သုမန သာမဏေကို စေ၍ သိရိဓမ္မာသောက မင်းမှာတောင်း၍ရသည့်ဓာတ်တော်တို့ကိုလည်းပုလဲအဆင်းနှင့် တူသော ဓာတ်တော်ဟူ၍ လာသည်။ ချယားစေ့အဆင်းဆိုသောစကားကိုကျမ်းကြီးကျမ်းမတို့၌မထင်ဟူ၍ မှာတော်မူသည်။စကားနှင့်မဆန့်ကျင်။ရှင်ဥက္ကံသမာလာကိုမေးသည့်စာတွင်။ရှင်ဥက္ကံသမာလာက ကျမ်းဂန်ကြည့်သည်ဆိုသည့်အရာသည် ရံဖန်လည်း ကျမ်းဘွင်ရှိလျက် သတိချွတ်၍ မတွေးမိဘဲ ရှိတတ်ချေ၏။ တောင်ဘီလာဘုန်းတော်ကြီးပင်လည်း၊မွေတော်သုံးပါး

ကို ကျမ်းဂန်မလာဟူ၍ မင်းတရားကြီးကိုဆိုဘူးချေ၏ဟူ၍ ချွတ်လွဲသော အခြင်းအရာသို့ရောက်အောင် မှာထားသည့် စကားကို တွေ့ပါသည်။ သင်္ဂါယနာတင်သောကျမ်းဂန်တို့တွင် ရှိသည့်မှန်လျှင်၊ တောင်ဘိလာပုဂ္ဂိုလ်ကျော်သည်၊ မတွေ့ရှိမည် မထင်ပါ။ ကျမ်းဂန်အခိုင်အခန့်မတွေ့၍၊ မတွေ့ဆိုသည်ကိုလည်း၊ ရှင်ဥက္ကံသမာလာသည်၊ သည်ကို ဆိုပိုင်ချိန့်မည်မထင်ပါ။ အဆိုလွန်သည်၊ ဆိုလွယ်လွန်းသည်ပင်ဖြစ်ရာချေသည်။ ။

(၂) ဘုရားရှင့်ခါတ်တော် မွေတော်တို့ကို၊ အဘယ့်ကြောင့်ခါတ်တော်တွင်သည်။ အဘယ့်ကြောင့် မွေတော်တွင်သည်ကိုလည်းသိချင်ပါသည်။ ။

(၃) ဟံသာဝတီဆင်ဖြူဆင်နီများရှင်၊ မဟာစေတီမှာ ဌာပနာသည့် ခါတ်တော် မွေတော်ကို့ကို ဆိုသည့်စကားမှာလည်း၊ ဆားတောင်ခါတ်တော်။ ပင်တင်ခါတ်တော်။ အရှေ့ခါတ်တော်။ အနောက်ခါတ်တော်-ဟူ၍၊ အဆင်းသဏ္ဌာန်အရေအတွက်နှင့်များစွာဆိုသည်။ မည်သည်ကိုစွဲ၍ ဆိုသည်ဖြစ်မည်ကိုသိချင်ပါသည်။ ။ဒုတိယမင်းခေါင်တည်တော်မူသည့်၊ တံတားဦးမင်္ဂလာစေတီမော်ကွန်းတွင်လည်း။ ။မဟာဗိုဓာရုက္ခ။ မာသာစ-ဟူ။ ပေါ် ပြအာဒိ။ ကျမ်းပါဠိနှင့်။ ခိုင်းညှိလသော်။ သဘောလျော်၏။ဟု ရှင်ရဋ္ဌသာရ စပ်တော်မူသည်ကို တွေ့ပါသည်။သည်အချက်များကိုသိသာအောင်မိန့်တော်မူပါ။ အလျင်ကလျှောက်သည့်၊ ဗုဒ္ဓဃောသုပ္ပတ္တိနှင့် တောင်တွင်းလာစာရှိပါလျှင်လည်းထုတ်တော်မူပါဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၃-ချ၊ပြာသိုလတွင်၊မင်းစည်သူကျော်ထင်ကတောင်တွင်းဆရာတော်ကိုလျှောက်သည်။ ။

ဝိသဇ္ဇနာ။

(၁) မဟာန္တာ ရဂ္ဂမတ္တာ၀၊မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
ချုဒ္ဒကာ သာသပမတ္တာ၀၊နာနာ၀ဏ္ဏာစ ဓာတုယော။

(၂) မဟာန္တာ သု၀ဏ္ဏ၀ဏ္ဏာ၀၊မုတ္တာ၀ဏ္ဏာ၀ မဇ္ဈိမာ။
ချုဒ္ဒကာ ဗကုလ၀ဏ္ဏာ၀၊သောဠသဒေါဏမတ္တိကာ။

(ဗုဒ္ဓဝင်ပါဠိတော်)။

(၁) မဟာန္တာ၊ကြီးသောဓာတ်တော်တို့သည်။ရဂ္ဂမတ္တာ၀၊ ပဲနောက်လုံးမျှရှိကုန်၏။ မဇ္ဈိမာ၊အလတ်ဓာတ်တော်တို့သည်။ ဘိန္နတဏ္ဍုလာ၊ ဆန်ကျိုးပမာဏရှိကုန်၏။ ချုဒ္ဒကာ၊ငယ်သော ဓာတ်တော်တို့သည်။ သာသပမတ္တာ၀၊မုန်ညင်းစေ့မျှရှိကုန်၏။ ဓာတုယော၊ ဓာတ်တော်တို့သည်။ နာနာ ၀ဏ္ဏာစ၊ အထူးထူး သော အဆင်း သုံးထွေရှိကုန်၏။ ။(၂)မဟာန္တာ၊ ကြီးသော ဓာတ်တော်တို့သည်။သု၀ဏ္ဏ၀ဏ္ဏာ၀၊ရွှေအဆင်းကဲ့သို့အဆင်း ရှိကုန်၏။ မဇ္ဈိမာ၊ အလတ်ဓာတ်တော်တို့သည်။ မုတ္တာ၀ဏ္ဏာ၀၊ ပုလဲအဆင်းရှိကုန်၏။ ချုဒ္ဒကာ၊ငယ်သောဓာတ်တော်တို့သည်။ ဗကုလ၀ဏ္ဏာ၀၊ ချယားစေ့ အဆင်းကဲ့သို့ အဆင်း ရှိကုန်၏။ (ဓာတုယော၊ဓါတ်တော်တို့သည်)။သောဠသဒေါဏမတ္တိကာ၊ တဆဲ့ခြောက်စရွတ်မျှရှိကုန်၏။ ။

ဤသို့ ဗုဒ္ဓဝင်ပါဠိတော်လာသည်ကို ရည်၍။ မဟာန္တာရဂ္ဂ။ မသာစ-ဟု။ ဖော်ပြ အာဒိ။ ကျမ်းပါဠိနှင့်။ ခိုင်းညှိလသော်။ သဘောလျော်၏။ ဟု ရှင်ရဋ္ဌသာရစပ်လေသည်။ ။ဗုဒ္ဓဝင် ပါဠိတော်၌သာလာသည်မဟုတ်။နလာဋဓာတုဝင်ကျမ်း။ဓာတု ဝင် ကျမ်းတို့၌လည်း၊ သည့်အတိုင်းပင် လာသည်။ ။သုမန မကုလသဒိသာစ၊ သေတမုတ္တသဒိသာစ၊ ဓာတုယော အ၀ သိသိံသု။သုတ်မဟာ၀ါအဋ္ဌကထာ။ ။သုမနမကုလသဒိသာ စ၊ မုလေးပုံအဆင်းနှင့်လည်း တူကုန်ထသော။ သေတမုတ္တာသ

ဒိသာစ၊ပုလဲပွတ်သစ်အဆင်းနှင့်လည်းတူကုန်ထသော။ ဓာတု ယော၊ ဓာတ်တော်တို့သည်။ အဝသိဿိံသု၊ တေဓောဓာတ် လောင်ရာမှ ကြွင်းရစ်ကုန်၏။ ဤသုတ်မဟာဝါ အဋ္ဌကထာ၌ ရ လေးငုံအဆင်းဆိုသည်နှင့်။ ယခင့်ဗုဒ္ဓဝင်ပါဠိတော်၌။ချွယာ့း စေ့အဆင်းဆိုသောအရာသည်၊အဖြူချည်းဖြစ်၍ အတူတူယူရာ သည်။ရွှေအဆင်းကိုကား ထင်ရှားလေပြီးဖြစ်၍၊သုတ်မဟာဝါ အဋ္ဌကထာမှာမဆိုလေသည်။ ပမာဏသုံးပါးမှာ ယခင့်ဗုဒ္ဓဝင် ပါဠိတော်အတိုင်းပင်၊သုတ်မဟာဝါအဋ္ဌကထာမှာလည်းဆို၏။ ဤသို့သင်္ဂါယနာဝင်ကျမ်းကြီးကျမ်းခိုင်အစောင်စောင်တို့၌ပင် ရှိလျက်ကို၊ တောင်ဘီလာပုဂ္ဂိုလ်ကျော်သည်၊ မတွေ့မမြင်ဟု ဆိုလေသည်မှာ၊ သတိမထားမိ၍ ဆိုသည်ဟု ယူရမည်။ သို့ လောကဲသောပညာ့ရှင်သည်သတိလျော့ရာသလောဟူမှုကား။ တောင်ဘီလာပုဂ္ဂိုလ်ကျော်ကိုမဆိုနှင့်ဦး။သိပ်ဟိုင်ကျွန်း၌သာသ နာတော်အားကြီးသောအခါ၊ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့် တကွ ဆောင်သော၊ အရှင် မဟာသုမန မထေရ်တို့ပင်သော် လည်း သတိမပြုမိ၍ အမှားဆိုမိကြောင်းကို ကျမ်းဂန်လာချေ သည်။ ထိုသို့သတိမပြုမိ၍၊ စိုးစဉ်း အမှားဆိုမိသည်ကိုလည်း မတတ်ဟူ၍ မဆိုရချေ။အတိုင်းမသိပညာ့ရှင်ပင်ဖြစ်ပေသည် ဟူ၍မှတ်ရမည်။ ။

(၂) ဓာတ်တော်,မွေတော်တို့ကိုကျမ်းဂန်မှာ'ဓာတု'ဟူ၍ သာဆိုသည်။ မွေတော်ဆိုသည်မှာ၊ မြန်မာသူဟောင်းတို့ခေါ် ဝေါ်ရိုး၊ မြန်မာဘာသာဖြစ်သည်။ 'ဓာတု'သဒ္ဒါ။'အဋ္ဌိ'သဒ္ဒါ-နှစ် ပါးသည်အနက်တူပရိယာယ်ဟုကျမ်းဂန်တို့၌ဆိုသောကြောင့်။ ဓာတ်ဟူသည်ကား။ အရိုးတော်-ဆိုလိုသည်။ အဘယ့်ကြောင့် အရိုးတော်ကိုဓာတ်ဟုဆိုလေသနည်းဟူမှုကား။ ။ထဒ္ဓဘာဝံ ဓာရေတီတိဓာတု။ယံအဋ္ဌိ၊အကြင်အရိုးသည်။ ထဒ္ဓဘာဝံ၊ခက် မာသောအဖြစ်ကို။ဓာရေတိ၊ဆောင်တတ်၏။ဣတိတသ္မာ၊ထိုသို့ ဆောင်တတ်သောကြောင့်။ တံအဋ္ဌိ၊ထိုအရိုးသည်။ဓာတု၊ဓာတ်

မည့်၏။ ဤသို့သော ဝစနတ္ထနှင့် အညီ၊ ခက်မာသောအဖြစ်ကို ဆောင်တတ်သောကြောင့်၊ အရိုးကို ဓာတ်ဟူ၍ဆိုသည်။ ။ မွေတော်ဆိုသည်မှာ၊ မြန်မာဘာသာ ဖြစ်သည်။ ဘုရားရှင်၏ အမွေအနှစ်ဖြစ်၍=မွေတော်ခေါ်လေသည်။ ။

(၃) ဟံသာဝတီ ဆင်ဖြူများရှင် လက်ထက်၊ ဆားတောင် ဓာတ်တော်။ ပင်တင်ဓာတ်တော်ဆိုသည်များမှာ၊ဆားတောင် အရပ်ကရသည့်ဓာတ်ကို၊ဆားတောင်ဓာတ်။ပင်တင်အရပ်က ရသည့်ဓာတ်ကို၊ပင်တင်ဓာတ်။အနောက်မျက်နှာအရှေ့မျက်နှာ များက ရသည့်ဓာတ်ကို၊ အနောက်ဓာတ်၊ အရှေ့ဓာတ်-ဟူ၍ ခေါ်လေသည်။ ။

သက္ကရာဇ် ၁၁၂၃ ခု၊ ပြာသိုလတွင်၊ တောင်တွင်း ဆရာ တော်အမိန့်တော်ရှိသည်။ ။

---

## ပုစ္ဆာ။

မင်းစည်သူကျော်ထင်လျှောက်ပါသည်ဆရာတော်ဘုရား။

(၁) တပည့်တော်မှာ ဘုရားတည်မည်ဟု အကြံရှိပါသည်။ ဌာပနာမှာ၊ သတ္တဌာန။ အောင်ခြင်းရှစ်ပါး။ အသီတိရှစ် ကျိပ်။နှစ်ကျိပ်ရှစ်ဆူ။ပဋ္ဌဝဂ္ဂငါးရပ်ပါပါသည်။အသီတိ ရှစ်ကျိပ်မှာ၊ဘုရားကို အလယ်တွင် တည်ထားပြီးလျှင်၊ လက်ျာက-လေးဆယ်။လက်ဝဲက-လေးဆယ်။ဝါနေရာ အစဉ်အတိုင်းချ၍ဌာပနာချင်ပါသည်။အသီတိ-ရှစ်ကျိပ် ကို၊ လက်ျာက-လေးဆယ်။ လက်ဝဲက-လေးဆယ်၊အ မည် အမှတ် နာမ အက္ခရာ သေချာအောင်ခွဲ၍ သနား တော်မူပါ။သတ္တဌာနမှာလည်း၊အတွင်းသို့ချည်းမျက်နှာ ပြု၍တချို့ထားသည်။တချို့လည်း၊အနိမိသတဆူကိုသာ ဗောဓိပင်သို့ရှေ့ရှုမျက်နှာထားရန်ကြံသည်၊ ဘုရားရှင်

များကိုမျက်နှာပြုသည်ကိုကြိုက်ပါသည်။ သည်အချက်ကိုအမိန့်တော်ရှိတော်မူပါ။ ။

(၂) အဘိဓမ္မတ္ထသင်္ဂြိုဟ်၊ စိတ် စေတသိက်ပိုင်း ကိုလည်း၊ တပည့်တော် အလျှောက် သိသာအောင် ရတ္တိယနိဂုံးဂါထာနှင့်အညီ ဖွယားပြ၍ အင်းကြီးပေးသည်။ သည်အင်းတွင် စိတ် စေတသိက်အယှဉ်အပေါင်းကို၊စေ့စေ့ကြည့်ရှုတော်မူ၍ သင့်သည်၊ မသင့်သည်ကို အမိန့်ရှိတော်မူပါ။ သင့်ပါလျှင်လည်း၊ ကိုးပိုင်းကိုပင်သင့်သည့်အလျှောက်၊ လူစာရင်းမှာကဲ့သို့ အင်းဖွယားကြီးချင်ပါသည်။သင့် မသင့်ကို မသိသာပါသေး၍ ရေးမိသမျှကိုပုရပိုက်နှင့်ကပ်ပါသည်။ ကြည့်ရှုတော်မူ၍ အမိန့်တော်ရှိပါဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၃ ခု၊တပေါင်းလတွင်၊ တောင်တွင်းဆရာတော်ကို၊မင်းစည်သူကျော်ထင်ကလျှောက်သည်။ ။

ဝိသဇ္ဇနာ။

(၁) သတ္တဌာနမှာဗောဓိပလ္လင်၌နေတော်မူသောအခါ။ အရှေ့အရပ်သို့မျက်နှာပြုတော်မူကြောင်းနှင့်။ အနိမိသ၌နေတော်မူသော အခါ၊ ဗောဓိပလ္လင်ကို ကြည့်၍ သိတင်း သုံးတော်မူကြောင်းကိုသာ ကျမ်းဂန်လာသည်။အကြွင်းငါးဌာနတို့၌မျက်နှာပြုတော်မူရာအရပ်ကိုပါဠိအဋ္ဌကထာဋီကာတို့၌အထူးမဆို။ ထိုသို့မဆိုသော်လည်း၊ပဓါနရှိရာမျက်နှာပြုမြဲဖြစ်သောကြောင့်၊ ဗောဓိပင်သို့ချည်းမျက်နှာပြု၍ထားသင့်သည်။ဆရာကြီး ဆရာကျော်အထွတ်အမြတ်၊ကျမ်းတတ်ပုဂ္ဂိုလ်တို့သည်လည်း၊ဗောဓိပင်သို့ချည်း မျက်နှာပြု၍ ထားသည်ကို ကြိုက်နှစ်သက်တော်မူကြသည်။ ။အဿတိ-ရှစ်ကျိပ်မှာ၊ယခုရေးလိုက်သည့်အတိုင်းအစဉ်သင့်ထားလေ။ ။

## လက်ျာရံလေးဆယ်။

(၁)သာရိပုတြာ။(၂)ကောဏ္ဍည။(၃)ဝပ္ပ။(၄)ဘဒ္ဒိယ။(၅)မဟာနာမ်။(၆)အဿဇိ။(၇)နာလက။(၈)ယသ။(၉)ဝိမလ။(၁၀)သုဗာဟု။(၁၁)ပုဏ္ဏဇိ။(၁၂)ဂဝံပတိ။(၁၃)ဥရုဝေလကဿပ။(၁၄)နဒီကဿပ။(၁၅)ဂယာကဿပ။(၁၆)မဟာကဿပ။(၁၇)မဟာကစ္စာန။(၁၈)မဟာကောဋ္ဌိက။(၁၉)မဟာကပ္ပိန္န။(၂၀)မဟာစုန္ဒ။(၂၁)ဥပါလိ။(၂၂)အနုရုဒ္ဓါ။(၂၃)ကင်္ခါရေဝတ။(၂၄)အာနန္ဒာ။(၂၅)နန္ဒက။(၂၆)ဘဂု။(၂၇)နန္ဒ။(၂၈)ကိမိလ။(၂၉)ဘဒ္ဒိယ။(၃၀)ရာဟုလာ။(၃၁)သိဝလိ။(၃၂)ဒဗ္ဗ။(၃၃)ဥပသေန။(၃၄)ခဒိရရေဝတ။(၃၅)မန္တာနိပုတ္တပုဏ္ဏ။(၃၆)သုနာပရန္တပုဏ္ဏ။(၃၇)ကောဋိကဏ္ဏသောဏ။(၃၈)ကုဋိဝိသသောဏ။(၃၉)ရာဓ။(၄၀)သုဘူတိ။ ။(ဤကား လက်ျာရံ-၄၀-တို့တည်း)။ ။

## လက်ဝဲရံလေးဆယ်။

(၁)မောဂ္ဂလာန်။(၂)အင်္ဂုလိမာလ။(၃)ဝက္ကလိ။(၄)ကာဠုဒါယီ။(၅)သဟာဥဒါယီ။(၆)ပိလိန္ဒဝစ္ဆ။(၇)သောဘိတ။(၈)ကုမာရကဿပ။(၉)ရဋ္ဌပါလ။(၁၀)ဝင်္ဂီသ။(၁၁)သဘိယ။(၁၂)သေလ။(၁၃)ဥပဝါဏ။(၁၄)မေဃိယ။(၁၅)သာဂတ။(၁၆)နာဂိတ။(၁၇)လကုဏ္ဍဘဒ္ဒိယ။(၁၈)ပိဏ္ဍောလဘာရဒ္ဒါဇ။(၁၉)မဟာပန္ထက။(၂၀)စူဠပန္ထက။(၂၁)ဗာကုလ။(၂၂)ဓာန။(၂၃)ဒါရုစိ။(၂၄)ယသောဇ။(၂၅)အဇိတ။(၂၆)တိဿမေတ္တေယျ။(၂၇)ပုဏ္ဏ။(၂၈)မေတ္တဂူ။(၂၉)ဓောတက။(၃၀)ဥပသိဝ။(၃၁)နန္ဒ။(၃၂)ဟေမက။(၃၃)တောဒေယျ။(၃၄)ကပ္ပ။(၃၅)ဇတုကဏ္ဏိ။(၃၆)ဘဒြာဝုဓ။(၃၇)ဥဒယ။(၃၈)ပေါသာလ။(၃၉)မောဃရာဇ။(၄၀)သိင်္ဂိယ။ ။(ဤကား၊ လက်ဝဲရံ-၄၀-တို့တည်း)။ ။

(၂) အင်းစောက်ပုံထားသည်မှာ၊ အစိတ်အပေါင်းအနေ အထိုင်သင့်ပေ၍။အမှတ်ထားရာမှာမူကား၊ကာမသားဆိုလျှင်၊ ကာမစိတ်ငါးဆဲ့လေးခုရသည်။ ကာမသောဘဏဆိုမှ သော ဘဏစိတ်နှစ်ဆဲ့လေးခုရသည်။နှစ်ဆဲ့လေးခုအထက်မှာ၊အမှတ် ကို ကာမသောဘဏထားလိုက်သည်။ သည့်နှယ်အရာများကို သာသတိပြုလိုသည်။အနေအထိုင်ပုံမှာတော်သင့်လှပေပြီ။ ။

သက္ကရာဇ် ၁၁၂၃ ခု၊တပေါင်းလတွင်၊ တောင်တွင်းဆရာ တော်အမိန့်တော်ရှိသည်။ ။

---

ပုစ္ဆာ။

မင်းစည်သူကျော်ထင်လျှောက်ပါသည်ဆရာတော်ဘုရား။

(၁) ယိုးဒယားသို့ချီတော်မူသည့်ကာလ၊ရတ္တမဖြစ်ကူးတွင်။ ဆင်နှစ်စီး,သုံးစီးရေသို့ဆင်းလျှင်ပင်၊ ပျောက်လေသည် ကို၊ အောက်အရပ်သားတို့ကိုမေးရာတွင်။ 'ညံ့'သတ္တဝါ ကိုက်ယူသည်ဖြစ်မည်ပြောဆိုကြပါသည်။ အင်းဝမှာ လည်းသည်ကဲ့သို့ပင်၊ ဆင်နှစ်စီး-သုံးစီး ပျောက်သည် ကို။ 'ညံ့'ကိုက်ယူသည် ပြောဆိုကြပါသည်။ 'ညံ့'သတ္တ ဝါသည်။တိမြှော့ကဲ့သို့၊အရှည်အလံတရာနှစ်ရာရှိသည် ပြောသာ ပြောကြ၍၊မြင်ဘူးသူလည်း မရှိသောကြောင့် မယုံမကြည်ရှိသည်နှင့်၊စာတစောင်တွင်။ကျွန္ဒဝိသတိ၊ တယောက်ယုတ်နှစ်ဆယ်ကုန်သော။ကညာ၊သတ္တိသမီး တို့သည်။ နာနတ္တာယ၊ ရေချိုးအံ့သော၄၊ နဒိ၊ မြစ်သို့။ ဂတော၊ သွားလေ၍။ တာသု၊ ထိုတယောက်ယုတ်,နှစ် ဆယ်ကုန်သော။ ကညာသု၊သတ္တိသမီးတို့တွင်။ ဧကော၊ တယောက်သော သတ္တိသမီးကို။ ပူရာ၊ညံ့သည်။ ဂဏှိ၊ ဘမ်းလေ၍။ ဝိသတိ၊နှစ်ဆယ်ကုန်သော။ကညာ၊သတ္တိ သမီးတို့သည်။ဃရံ၊အိမ်သို့။အာဂတာ၊လာကုန်၍။ဟူ၍

တွေ့ပါသည်။ ။ဂါထာနှင့်အနက်ကို အခြားဆရာတို့ ယောဇနာသော်၊ ပဒိုသန္ဓေပေးသောစိတ်ကိုဖြေသည်။ 'ညှံ'ကိုက်ယူသည်မှာ၊ဥဒ္ဒစ္စကိုယူသည်။'ညှံ'သတ္တဝါကို မဆိုလို။မိကျောင်းကိုဥပမာဆိုလိုသည့်ကိုသာတွေ့မြင် ဘူးချေသည် ဆိုကြပါသည်။'ညှံ'ဟူသောသတ္တဝါ မရှိ သည်မှန်လျှင်၊ သည်စာတွင်ဆိုသောစကား မဟုတ်ဟု ယူရန်ရှိပါသည်။ တချက်လည်း။ ရှေးမင်းကြောဇတို့ လက်ထက်၊ သစ္စာတော်ပေးသည့်စာတွင်။ မိကျောင်း လင်းပိုင်။ ညှံထိကိုင်၍။ မကာရ်း,လိပ်,ငါး။ စား၍ မနေ-သေစေသော်။ ဟူ၍ဆိုသည်ကိုတွေ့ဘူးပါသည်။'ညှံ' ဟူသောသတ္တဝါမျိုးလည်းရှိသည်၊ မရှိသည်ကို သိချင် ပါသည်ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၃ ခု၊တန်းခူးလဆန်းတရက်နေ့တွင်၊တောင် တွင်းဆရာတော်ဘုရားကို၊ မင်းစည်သူကျော်ထင်က လျှောက် သည်။ ။

ဝိသဇ္ဇနာ။

(၁) သုသုကာတိ၊ သမုဒ္ဒေ ဘဝါ ဧကာ မစ္ဆဝါဋ္ဌဇာတိ။ ကုမ္ဘီလာတိပိ ဝဒန္တိ။ တေရသကဏ်ဋီကာ။ ။သုသုကာတိ၊ သုသုကာဟူသည့်ကား။ သမုဒ္ဒေ၊သမုဒြာ၌။ ဘဝါ၊ ဖြစ်သော။ ဧကာ၊တမျိုးသော။ မစ္ဆဝါဋ္ဌဇာတိ၊ ငါးရဲမျိုးတည်း။ ကုမ္ဘီလာ တိပိ၊မိကျောင်းဟူ၍လည်း။ဝဒန္တိ၊ဆိုကြကုန်၏။ ။အဓိပ္ပါယ် ကား။မာဂဓဘာသာ၌၊သုသုကာဟူ၍-ခေါ်သည့်ကား။သမုဒြာ ၌ဖြစ်သောငါးရဲမျိုးတမျိုးပင်ရှိသည်။အချို့သောဆရာတို့ကား၊ မိကျောင်းကိုပင် သုသုကာ-ဟူ၍ ခေါ်သည်ဟု ဆို၏ ဟူလို သည်။ ။သည့်ဋီကာစကား၌၊ ငါးရဲမျိုးတမျိုးပင် မာဂဓဘာ သာအားဖြင့် သုသုကာ-ဟူ၍ခေါ်ဝေါ်သောသတ္တဝါကို၊မြန်မာ ဘာသာအားဖြင့်'ညှံ'ဟူ၍ခေါ်ဝေါ်သည်ဟုဆိုလျှင် သဘောရှိ

၏။ ငါးရဲမျိုးဆိုသောကြောင့်၊ဆင်ကိုဘမ်း၍ယူသည်ဆိုသော စကားလည်းတော်လျော်၏။ ။ဧကူနဝိသတိကညာ-ဆိုသည့် ဂါထာမှာမူကား။ ကျမ်း၌'ပူရာ'မရှိ။ 'ကုမ္ဘိလော'ဟူ၍ရှိသည်။ မိကျောင်းဟူ၍အနက်ပေးလိုသည်။ဂါထာ၏ အဓိပ္ပါယ်အဖြေကား။ ပဋိသန္ဓေအခါ၊ ပဋိသန္ဓေစိတ်နှင့်အတူ၊ ကမ္မဇရုပ်တဆဲ့ကိုးခု ပါသည်ကိုရည်၍။ ဧကူနဝိသတိကညာ၊ ဟူ၍ ဆိုလေသည်။ ပဝတ္တိအခါ၊ဇာတိရုပ်ပျောက်သည်ကိုရည်၍၊တဆယ့်ကို မိကျောင်းယူလေသည်ဟူ၍ ဆိုသည်။ ဇာတိရုပ် ပျောက်သည့် အတွက်၊ဥပစယ,သန္တတိ-ဟူသော ရုပ်နှစ်ခုပွါးပြန်လာသည်။ သည်ကို ရည်၍၊ အိမ်သို့ နှစ်ကျိပ် ပြန်လာသည်ဟူ၍ ဆိုလေသည် ယူရမည်။ ဝဇိရ သာရတ္ထ သင်္ဂဟဋီကာတွင်၊ သည်အတိုင်းဖြေ၍ တိုက်ရိုက်ပင်ရှိသည်။ သဘောသကန်ကို ထောက်သော်၊လျော်ပတ်ပေသည်။ ။

သက္ကရာဇ် ၁၁၂၃ ခု၊တန်ခူးလဆန်း ၁ ရက်နေ့၊တောင်တွင်း ဆရာတော်၊အမိန့်တော်ရှိသည်။ ။

---

၀ ၄ ၊ ၊ ၊ ၊ ၊ ၊ ၊ ၊

၄ ၃ ၁ ၂ ၁ ၃ ၆ ၈ ၅ ၆

၄ ၁ ၄ ၄ ၅ ၂ ၃ ၆ ၅ ၈

## ၄ ဿ၁။

မင်းစည်သူကျော်ထင်ဈေ္သ၁က်ပါသည် ဆရာတော်ဘုရား။

(၁) ကျောင်းဘုရားတို့နှင့် ဆိုင်သင့်သည့် မိန်းမယောကျ်ားတို့နှင့်၊ မင်းကျွန်မိန်းမယောကျ်ားတို့ သင့်နေကြသည်များမှာ၊မင်းအဆက်ဆက်ပင် မင်းကျွန်မှာ မထမ်းရပြီ။ ကျောင်း ဘုရားမှာသာ ထမ်းရွက်ကြရသည့် ထုံးစံကိုတွေ့ပါသည်။ ဘုရား ကျောင်း အသည် ခေါင်းအကြီးတို့ကိုမေးလျှင်လည်း၊သင့်နေသည့်ယောကျ်ားမိန်းမတို့မှစ၍ မွေးမြင်သည့်သားသမီးတို့ကိုကျောင်းဘုရားမှာ ထမ်းရွက်ရကြောင်းနှင့် ထွက်ဆိုပါသည်။ သည်ထုံးအတိုင်းလည်းတွင်၍ ရှိပါသည်ကို၊သမဏဂဏကျော်

ထင်တို့က၊အမိမှာသာ ပဓာနဖြစ်သည်။ အမိသို့ပါစေ။ ဝိနည်းကျမ်းဂန်ရှိကြောင်းနှင့် ဆိုခဲ့သည်။ သမဏဂဏ ကျော်ထင်တို့ဆိုသည့်အတိုင်း၊ဝိနည်းကျမ်းဂန်ရှိသည့် အတိုင်းမှန်မည်။ဝိနည်းကျမ်းဂန်ရှိသည်မှန်လျှင်လည်း၊ မင်းအဆက်ဆက်အမိန့်တော်ထမ်းစီရင်ထုံးသည်၊မည် သည့်အကြောင်းလမ်းရိုးတွင်၍ရှိလေကြောင်းကိုကျမ်း ဂန်နှင့်အညီ၊ နောင် မှတ်သားရအောင် အမိန့်တော်ကို ဦးထိပ်ထက်၊ရွက်လိုပါသည်ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၄-ခု၊ နယုန်လတွင်၊ တောင်တွင်း ဆရာ တော်ကို၊မင်းစည်သူကျော်ထင်က လျှောက်သည်။ ။

ဝိသဇ္ဇနာ။

(၁) ယသဿ မာတာပိတရော ဒါသာ။မာတာဝေ ဒါသိ။ ပိတာ အ ဒါသော တံ ပဗ္ဗာဇေတုံ နဝဋ္ဋတိ။ ယဿပန မာတာ အဒါသိ ပိတာ ဒါသော တံ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ ။ဝိနည်း မဟာဝါအဋ္ဌကထာ။ ။ယဿ၊အကြင်သူ၏၊မာတာပိတရော၊ အမိအဘတို့သည်။ဒါသာ၊ကျွန်ဖြစ်ကုန်၏။ မာတာဝေ၊အမိ သာမူလည်း။ ဒါသိ၊ကျွန်ဖြစ်၏။ ပိတာ၊အဘသည်။အ ဒါသော၊ ကျွန်မဟုတ်။တံ၊ထိုသူကို။ပဗ္ဗာဇေတုံ၊ရဟန်းပြုစေအံ့သောငှါ။ နဝဋ္ဋတိ၊မအပ်။ယဿပန၊အကြင်သူ၏ကား။မာတာ၊အမိသည်။ အဒါသိ၊ကျွန်မဟုတ်။ ပိတာ၊အဘသည်။ ဒါသော၊ကျွန်ဖြစ်၏။ တံ၊ ထိုသူကို။ ပဗ္ဗာဇေတုံ၊ ရဟန်းပြုစေအံ့သောငှါ။ ဝဋ္ဋတိ၊ အပ်၏။ ။လူကျွန်။နတ်ကျွန်။ကျောင်းကျွန်။ဘုရားကျွန်။ကျွန်မျိုး အပေါင်းကိုဆုံးဖြတ်ရာတွင်။ဤစကားလာသည်။ယင်းသို့ အမိ သာပဓာနပြု၍ တရားဝိနည်း၌ဆုံးဖြတ်လျက်၊ ရှေးမင်းအဆက် ဆက်တို့သည်၊ ကျောင်းဘုရားသို့သာပါစေ။ အမိန့်တော်ထမ်း ရွက်လေသည်မှာ၊ ရတနာသုံးပါး၌ ဂရုဂါရဝ အလေးအမြတ် ပြုသောအားဖြင့်ထွက်လေသည်ဟုယူသင့်သည်။ ။

သက္ကရာဇ် ၁၁၂၄ ခု၊နယုန်လတွင်၊တောင်တွင်းဆရာတော် အမိန့်တော်ရှိသည်။ ။

---

ပုစ္ဆာ။

(၁) ရွှေစည်းခုံဘုရား ဆပ်သွားဖူးသည်၊ ရေကျမင်းလုပ်၍ လှူသည့်ဆပ်သွားဖူးဖြစ်သည်ဟုဆိုကြသည်။ ရှေးဆပ်သွားဖူးလုပ်ရိုးတွင်၊မည့်သို့ရှိမည်ကိုစီရင်တော်မူပါ။

(၂) နေမျိုး ဇေယျ နေဘ်ရထာက ဗျောက်ပါသည်။ သိမ်ဦး အမည်မှလည်း၊ သိမ်ဦးမြတ်စောအမည်၊သမုတ်တော်မူသင့်မည်။ အမည်ဟောင်းကိုလွှဲ၍ အမည်သစ်သမုတ်သင့်မည်ကိုလည်းအမိန့်ရှိတော်မူပါ။ ။

သက္ကရာဇ် ၁၁၂၄ ခုနယုန်လတွင်၊ မင်းစည်သူကျော်ထင်ကိုစေတော်မူ၍၊တောင်တွင်းဆရာတော်ကိုဗျောက်သည်။

ဝိသဇ္ဇနာ။

(၁) သာသနာတော်တည်သည်မှစ၍၊သီဟိုဠ်၊ပုဂံအဆက်ဆက်ဆပ်သွားဖူးလုပ်ရိုးအထူးထူးအနည်းနည်းရှိကြသည်တွင်။ သင့်တင့် လျောက်ပတ်သော ဆပ်သွားဖူး လုပ်နည်းကို လက်သမားဗိသုကာတို့နှင့်တိုင်ပင်နိုင်းရှည့်၍ လုပ်ရမည်ဖြစ်ပါတော့သည်။ ဆပ်သွားဖူးလုပ်နည်းတို့ကိုကျမ်းဂန်ပိဋကတ်တို့ကလာသည်မဟုတ်ပြီ။ လောကတွင် လုပ်ရိုးလုပ်စဥ် ရှိသည့်အတိုင်း၊ စိတ်တော်နှစ်သက်ရာ လုပ်ရမည့်အရာသာ ဖြစ်ပါတော့သည်။ ရေကျမင်း လုပ်သည့် ဆပ်သွားဖူးနှင့် တူသည် မတူသည်မှာ အထူးဆိုသာမည် မဟုတ်ပြီ။ ရှေးလုပ်ရိုး ထုံးစံရှိသည့်အတိုင်း သာလုပ်ရတော့မည်ဖြစ်ပါတော့သည်။ ။

(၂) သက်တော်ထင်ရှားဘုရားမှာပင် အမည်ရင်း သိဒ္ဓတ္ထ တွင်သည်။ နောက်-ဘုရားဖြစ်တော်မူလျှင် ဂေါတမဟူ၍ တွင်

သည်။အမည်နှစ်ထပ်ရှိသောကြောင့်၊နောက်ထပ်၍သမုတ်ခြင်း
သည်လည်းသင့်မြတ်သည်ပင်ဖြစ်တော့သည်။ ။

သက္ကရာဇ် ၁၁၂၄ ခု၊နယုန်လတွင်၊တောင်တွင်းဆရာတော်
အမိန့်တော်ရှိသည်။ ။

---

## ပုစ္ဆာ။

မင်းစည်သူကျော်ထင်လျှောက်ပါသည်ဆရာတော်ဘုရား။

(၁) ဒုဂ္ဂတိအဟိတ်။ သုဂတိအဟိတ်။ ဒွိဟိတ်။တိဟိတ်။ ပုထု
ဇဉ်ပုဂ္ဂိုလ် လေးယောက်နှင့်၊ အရိယာပုဂ္ဂိုလ်ရှစ်ယော်။
ပေါင်းတကျိပ် နှစ်ယောက်ကို၊ ဘုံအားဖြင့် ဝေဘန်ရာ
တွင်၊ အရူပလေးဘုံ၌၊ဒုဂ္ဂတိအဟိတ်။ သုဂတိအဟိတ်။
ဒွိဟိတ်။ သောတာပတ္တိမဂ္ဂဋ္ဌာန်နှင့် ပေါင်းလေးယောက်
ကိုကြဉ်သော်ရှစ်ယောက်ကျန်သည်။ရှစ်ယောက်တွင်၊
တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့်၊အရိယာခုနစ်ယောက်သည်၊
အရူပလေးဘုံ၌ယခုရှိ၏ဟူသောစကားရောက်ခဲ့သည်။
သောတာပတ္တိဖလဋ္ဌာန်။သကဒါဂါမိမဂ္ဂဋ္ဌာန်။ဖလဋ္ဌာန်။
အနာဂါမိမဂ္ဂဋ္ဌါန်။ ဖလဋ္ဌါန်။ အရဟတ္တမဂ္ဂဋ္ဌါန်။ဖလဋ္ဌါန်
တို့ ရှိလျှင်လည်း သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည်၊
အဘယ့်ကြောင့်မဖြစ်မရှိလေသည်ကိုသိချင်ပါသည်။

(၂) အရူပလေးဘုံသည်၊အရပ်ပြစ်ရှစ်ပါးဟူ၍ဆိုသည်ကို၊
အရိယာခုနစ်ယောက်တို့ကို ရေတွက်ပြန်သည်မှာ၊ အ
ရပ်ပြစ်ရှစ်ပါးအရပ်တို့၌သည်း အရိယာတို့သည်ရှိ၍နေ
၏ဟူသောစကားရောက်ခဲ့သည်။ ။

(၃) တချက်လည်း၊ ရတနသုတ် ပရိတ်တွင်။ ။ဝနပ္ပဂုမ္ဗေ
ယထာဖုဿိတဂ္ဂေ၊ဂိမှာနမာသေ-ပရိတ်အနက်၌။ဂိမှာန
ကာလအဦး၊ တန်းခူးလ၌၊ တောအုပ်နှင့်တူသောတရား

တော်တို့သည်အဘယ်တရားတော်တို့ကိုဥပမာဆောင်
တော်မူသနည်း။ ။

(၄) တန်းရှူးလတွင်တောအုပ်သည်၊ ဝဿန္တကာလ၊ ဟေမန္တ
ကာလတောအုပ်များထက် အဘယ်ဝိသေသထူးခြား၍
ဥပမာတောသို့ဝင်ရလေသည်ကိုသိချင်ပါသည်။ ။

(၅) ဘုရားသခင့်အမည်တော်မည်မျှရှိသည်။ ။

(၆) ရတနာဖြစ်ရာ၊ ငါးဆဲ့ခြောက်ရပ်ကိုလည်း အမည်နာမ
နှင့်သိချင်ပါသည်ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၄ ခု၊ ဝါခေါင်လပြည့်ကျော်တဆဲ့သုံးရက်
နေ့၊ မင်းစည်သူကျော်ထင်က၊ တောင်တွင်းဆရာတော်ကိုလျှော်
သည်။ ။

ဝိသဇ္ဇနာ။

(၁) အရူပလေးဘုံ၌၊ အထက်အရိယာပုဂ္ဂိုလ်ခုနစ်ယောက်
ရှိလျက်။ အောက်ဖြစ်သော၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည်၊
အဘယ့်ကြောင့်မရှိလေသနည်းဆိုရာ၌။ ။အသတိ ပရတော
ဃောသေ သောတာပတ္တိမဂ္ဂ ပဋိလာဘာဘာဝါ။ ။ပရတော
ဃောသေ၊ သူတပါးမှတရားသံသည်။ အသတိ၊ မရှိသော်။ သော
တာပတ္တိမဂ္ဂပဋိလာဘာ ဘာဝါ၊ သောတာပတ္တိမဂ်ကိုရခြင်းမရှိ
ဟူ၍ ကျမ်းဆိုနှင့်အညီ။ အရူပပုဂ္ဂိုလ်တို့မှာ သောတိန္ဒြေ မရှိ
သည်ဖြစ်၍ သူတပါးမှ တရားသံကို မကြားရသောကြောင့်၊
သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်မရှိလေသည်။ အထက်မဂ်တို့မှာ
မူကား၊ တရားသံကိုမကြားရသော်လည်း၊ အသင့်နှလုံးသွင်းမိ
လျှင်ပင် ရသောကြောင့်၊ အထက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် အရူပဘုံမှာ
ရှိလေသည်။ ။

(၂) အရပ်ဖြစ်ရှစ်ပါးဆိုသည်မှာ၊ လောကဝေါဟာရခေါ်
ဝေါ်သောစကားသာဖြစ်သည်။ ကျမ်းမှာ 'အက္ခဏရှစ်ပါး' ဟူ၍
ဆိုသည်။ အက္ခဏ-ဟူသည်ကား။ ဘုရားကိုဖူးမြင်ရခြင်း။ တရား

တော်ကို ကြားနာရခြင်း၏အရာမဟုတ်သော အရပ်ကို ဆိုလို
သည်။ ။ထို့ကြောင့်ဆုတောင်းခဏ်း၌။ ။ဘုရားကိုယ်ထင်။
မမြင်ပါအပ်။ဤရှစ်ရပ်၌။ဟူ၍စပ်လေသည်။ လောကဝေါဟာ
ရ၌၊ အရပ်ပြစ်ရှစ်ပါးဆိုသည်မှာလည်း၊ မကောင်းသောအရာ
များသောကြောင့်၊ယေဘုယျနည်းအားဖြင့်ဆိုလေသည်။ ။

(၃) ရတနသုတ်၊ဝနပ္ပဂုမ္ဗေ-ဂါထာ၌၊တောအုပ်နှင့် ဥပမာ
ခိုင်းသော-ဥပမေယျအရသည်၊ အဘယ်တရားနည်း ဆိုရာ၌။
မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ္တိဟုဆိုအပ်သော
တရားဓမ္မဆယ်ပါးတွင်၊ပိဋကတ်သုံးပုံဟုဆိုအပ်သောပရိယတ္တိ
ဓမ္မကိုယူလိုသည်။ ထို့ကြောင့်အဋ္ဌကထာ၌။ ဓမ္မဝရံ၊ပရိယတ္တိ
ဓမ္မဝရံ-ဟုဘွင့်လေသည်။ ။

(၄) တဆဲ့နှစ်လတွင်တန်းခူးလ၌တောအုပ်သည်။ အဘယ်
ဂုဏ်ထူးဝိသေသရှိ၍ ဥပမာဆောင်လေသနည်းဆိုရာ၌။ တန်း
ခူးလ၌ တောအုပ် ပန်းချုံပန်းပင်အပေါင်းတို့သည်၊ အရင်းက
သည်၊အဖျားတိုင်အောင် ပင်လုံးကျွတ်ပွင့်သောကြောင့်၊တပါး
လများထက် သာလွန်၍ တန်းခူးလ၌ ကြက်သရေ ရှိလှသည်၊
တင့်တယ် သာယာလှသည်။ ထို့ကြောင့် တန်းခူးလကို အသီး
ထုတ်၍ ဥပမာခိုင်းလေသည်ဟု၊ ခုဒ္ဒကပါဌအဋ္ဌကထာ၊ သုတ္တ
နိပါတ်အဋ္ဌကထာကျမ်းတို့၌ဆိုသည်။သည်ကိုရည်၍ သံဝရ
၌။ ။လမင်းဆန်းဆုတ်။ပြည့်ဥပုသ်ဖြင့်။မည်ထုတ်မာသ။ဝေါ
ဟာရတွင်။စိတ္တရာသီ။ပုဏ္ဏမီဟု။စုံစီအလွှံ။ပန်းရနံ့တည့်။ လှိုင်ပျံ့
သာမြွေ။ပြည့်သည့်နေ့သို့။ဟူ၍ တန်းခူးလကိုအသီးထုတ်၍စပ်
လေသည်။ ။

(၅) ဘုရားသခင့်အမည်တော်မည်မျှရှိကြောင်းကို သိချင်
သည် ဆိုသည်မှာ။ ဗုဒ္ဓေါ ဘဂဝါ သတ္ထာ မုနိ မာရဇိ။ အစရှိ
သောအားဖြင့်၊ဘုရားသခင့်အမည်တော်သည်မရေမတွက်နိုင်
အောင်ရှိသည်။ ထို့ကြောင့် ကျမ်းဆရာတို့သည်။ ။အသင်္ချေ
ယျာနိ နာမာနိ သဂုဏေန မဟေသိနော။ ။သဂုဏေန၊ကိုယ်

တော်ဇ့ဂုဏ်ကြောင့်။ မပဟောသိနော၊ မြတ်စွာဘုရား၏။ နာမာနိ၊ အမည်တော်တို့သည်။ အသင်္ချေယျာနိ၊ မရေမတွက်နိုင်ကုန်။ ဟူ၍ဆိုကုန်သည်။ ။

(၆) ရတနာ ဖြစ်ရာ ငါးဆဲ့ ခြောက်ရပ်ကို ကျမ်းဂန်တို့၌ အရေအတွက် သချ်ာကိုသာ ဆိုသည်၊ သရုပ်ဖေါ်၍ အမည်ဝိသေသအသီးထုတ်၍မဆို။ အချို့သောသူတို့ကား။ ဏ္ဏ တိ ပိ သော ဘ ဂ ဝါ။ အစရှိသောဘုရားသခင့်ဂုဏ်တော်အက္ခရာ ငါးဆဲ့ခြောက်လုံးကိုယူလိုသည်ဟူ၍ ဆိုကုန်၏။ ထိုစကားသည် မသင့်။အဘယ့်ကြောင့်နည်းဆိုသော်။ ဘုရားသခင့်ဂုဏ်တော်ကို ချီးမွမ်းသည့် အရာမဟုတ်။ ဇမ္ဗူဒိပ်ကျွန်း၏ဂုဏ်ကို ချီးမွမ်းသည့်အရာတွင်ဆိုသောကြောင့်။ဏ္ဏ တိ ပိ သော ဘ ဂ ဝါ၊အစရှိသော ငါးဆဲ့ခြောက်လုံးကိုမလို။ ရွှေ,ငွေ,ကျောက်သံ-အစရှိသောပကတိရတနာတို့၏ဖြစ်ရာမိုးကုတ်ကျတ်ပြင်၊ဘော်တွင်း အစရှိသည်တို့ကဲ့သို့၊ မဇ္ဈိမဒေသမှာ ထင်ရှားစွာရှိလေသော၊ ပကတိရတနာဖြစ်ရာအရပ်ကိုယူလိုသည်။ ။

သက္ကရာဇ် ၁၁၂၄ ခု၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်နေ့၊ တောင်တွင်းဆရာတော်ဘုရားအမိန့်တော်ရှိသည်။ ။

ပုစ္ဆာ။

မင်းစည်သူကျော်ထင်လျှောက်ပါသည်ဆရာတော်ဘုရား။

(၁) ဘုရားသခင့်အမည်တော်သည်၊မရေမတွက်နိုင်အောင် ကျမ်းဂန်ရှိကြောင်းနှင့်အမိန့်တော်ကိုဦးထိပ်ရွက်ရပါမှ ပင်မရချသိရပါတော့သည်။အခြားစာပေမှာလည်းမတွေ့ ပါ။ ပဒေသရာဇာ ဆိုသည်။ မနော်ပျိုတွင်မူကား။ ။ ဤသို့လျှင်တည့်။တူပင်ဘက်မဲ့။တန်းခိုးဟဲ့သား။သုံးဆဲ့ရှစ်ပါး။ထင်ရှားမည်တော်။သီးသီးခေါ်သည်။တိလော်ကဂူ။ သမ္ဗုဒ္ဓကား။ ဟူ၍စပ်သည်ကိုတွေ့ပါသည်။ ပဒေသရာဇာတို့သည်၊ ကျမ်းဂန်မတတ်သော်လည်း၊ကျမ်းဂန်

သိမြင်သောပုဂ္ဂိုလ် ပညာရှိတို့ကို မေးမြန်း၍ ဆိုလေ့ရှိသော သုတရှင် ဖြစ်ပေသည်။ သုံးဆဲ့ရှစ်ပါးဆိုသည့် စကားကိုလည်းထောက်ချင့်ဆင်ခြင်တော်မူပါ။ ။

(၂) တချက်လည်း၊ဘုရားသခင့်လက်ထက်တော်တွင်၊ အဂ္ဂသာဝကနှစ်ပါး ငရဲပြည်သို့ကြွတော်မူကြသည်။ အရှင်သာရိပုတြာကိုငရဲမီးလိုက်သည်။ အရှင်မောဂ္ဂလာန်ကို မလိုက်ဝံ့သောကြောင့်၊ ငရဲမီးသည်၊ဇေတဝန်ကျောင်းတော်တံထိုင်းနားသို့ပင် ရောက်ကြောင်းကို၊ ဝတ္ထု စာစောင်ငယ်များတွင် တွေ့ပါသည်။ စတုဓမ္မသာရတွင်လည်း။ ။ငရဲမီးကို၊ မိုးဃ်းကြီးဖျန်းဆွတ်၊ ငြိမ်းအောင်သတ်သို့။ ကယ်ချွတ် ဒေသနာ။ ဟောတတ် စွာသည်။ မဟာ မောဂ္ဂလာန်။ ဟူ၍ တွေ့ပါသည်။ ငရဲပြည်သို့ကြွတော်မူပါသည်။ ငရဲမီးလိုက်သည်ဆိုသည့် စကားများသည်၊ကျမ်းကြီးကျမ်းမက လာသည်-မလာသည်ကိုသိချင်ပါသည်။ ။

(၃) တချက်လည်း။ မင်းရဲဒိဗ္ဗဧချင်းတွင်။ ရိုက်ခြောင်း တင့်ခေါင်။ နိုင်လိုက် အောင်သည်။ ရန်နောင်တည့်တပြေး။ နှန်းကြွတွေး။ဟူ၍ရင်း။ ။မင်းတရားရွှေထီးဧချင်းတွင်။ ငါနှင့်ငါ့သား။နှစ်ပါးရုံး။ရန်နောင်ထုံးသို့။ပတ်ကုံးကျွန်းစည်။ဟူ၍ရင်း။ ။သျှိသျှားကန်တော်ဘွဲ့မော်ကွန်းတွင်။ ပြည်တိုင်းကားကို။ ရှောင်ရှား မဟူ။ လုံးလုံး ယူသား။ ကြိုက်ဆုရွှံ့ခေါင်။မင်းရန်နောင်သို့။ ဟူ၍ရင်း။ ။မြင်းတက်ရတုတွင်။မင်းရန်နောင်လည်း။တထောင်ဗိုလ်ခြေ။ များလွန်းလေ၏။ဟူ၍ရင်း။ ပျိုလင်္ကာများတွင်ဆိုသည်။ မင်းရန်နောင် ဆိုသည်။ မည်သည့်မင်းကို ဆိုသည်ကို သိချင်ပါသည်။ ။

(၄) တချက်လည်း။ သရေ ခေတ္တရာပြည်တွင်။ ဒွတ္တဘောင်မင်း၏ ကောင်းမှု ဘုရားရှင်များ၏ အမည်တော်သည်။

သောကြွမာဘုရား။ သရမာဘုရား။ကြည်ကြည့်ဘုရား။
ညည်ညည်ဘုရား။ ပေါ်ပေါ်ဘုရား။ လျှောလျှောဘုရား-
ဟူ၍ ရာဇဝင်တွင်ဆိုသည်။ဘုရားရှင့်အမည်တော်များ
သည်။ မည်သည့် ဘာသာကိုစွဲ၍ သမုတ်လေသည်။
အနက် အဓိပ္ပါယ်လည်း ရသကဲ့သို့ မထင်ပါ။ အနက်
အဓိပ္ပါယ်ရအောင်ယူလျှင်လည်း၊ ကြည်ကြည်ဘုရား။
ညည်ညည်ဘုရား။ပေါ်ပေါ်ဘုရားများသည်။သုတိမသာ
လွန်း ရှိမည် ထင်ပါသည်။ မည်သို့ သမိုင်း မော်ကွန်း
စကားအစဉ်တွေ့တော်မူသည်ကိုသိချင်ပါသည်။ ။

(၅) သူရဿတီနတ်သမီးကိုလည်း။မည်သည်တွင်အခွင့်အ
လမ်းရ၍၊ပိဋကတ်စာပေမှုများမှာသွတ်သွင်းကိုးကွယ်
ကြသည်ကိုသိချင်ပါသည်။ ။

တောင်ငူရာဇဝင်ကိုသက္ကရာဇ် ၉၀၀ ကျော်ကရေး
သည့်လက်ရေးဟောင်းနှင့်ယခုတွေ့ပါသည်။ ရာဇဝင်
ကိုကြည့်တော်မူလိုလျှင်ကြည့်တော်မူပါ။ ကပည့်တော်
တွင် ယခုရှိပါကြောင်းကို လျှောက်ပါသည်ဆရာတော်
ဘုရား။ ။

သက္ကရာဇ် ၁၁၂၄ ခု၊ တော်သလင်း လဆန်း ၁၃ ရက်နေ့
တွင်၊ တောင်တွင်း ဆရာတော်ကို၊ မင်းစည်သူကျော်ထင်က
လျှောက်သည်။ ။

ဝိသဇ္ဇနာ။

(၁) ဘုရားသခင့်နာမံတော်သည် မရေမတွက်နိုင်အောင်
ရှိသည်ကို။ ပဒေသရာဇာသည်။ မနော်ပျိုတွင်။ သုံးဆဲ့ရှစ်ပါး။
ထင်ရှားမည်တော်။ သီးသီးခေါ်သည်။ ဟူ၍ စပ်လေသည်မှာ။
အဘိဓာန်ကျမ်းတွင်လာသော အမည်နာမံတော်သုံးဆဲ့ရှစ်ပါး
ကိုယူ၍ စပ်လေသည်။ အဘိဓာန်ကျမ်းတွင် သုံးဆဲ့ရှစ်ပါးကို
ထုတ်သည်မှာလည်း၊ နည်းပြသာ ထုတ်သည်။ ဘုရားသခင့်

အမည်တော်သည်။ သုံးဆဲ့ ၅စ်ပါးသာ ရှိသောကြောင့် ထုတ်သည်မဟုတ်။ အမည်တော်မှာမရေမတွက်နိုင်အောင်ရှိသည်။

(၂) အရှင်သာရိပုတြာ ငရဲပြည်သို့ကြွတော်မူသောအခါ၊ ငရဲမီး လိုက်သည်။ ဇေတဝန်ကျောင်း တံထိုင်းပါးတိုင်အောင် ရောက်သည်ဆိုသောစကားများမှာ။ ကျမ်းကြီးကျမ်းခိုင်တို့က လာသည့်စကားမဟုတ်။ ရှင်သာရိပုတြာတို့ကဲ့သို့။ အသိတိသာ ဝကတို့ကားဆိုဘွယ်မရှိ။ လောကီဈာန်ရရသေ့တို့သော်လည်း၊ ငရဲပြည်သို့သွားနိုင်သည်။ ငရဲမီးကိုလိုက်စေလိုလျှင် လိုက်စေရသည်။ မလိုက်စေလိုလျှင် မလိုက်ကြောင်းကို ဝိသုဒ္ဓိမဂ်-အစရှိသောကျမ်းတို့၌ဆိုသည်။ ရှင်မောဂ္ဂလာန်သည်ငရဲပြည်သို့ ကြွ၍။ လှည်းဘီးခန့် ပဒုမာကြာပွင့်ဘန်ဆင်းပြီးလျှင်၊ ထက်ဝယ် နေ၍ တရားဟောသည်။ မိုဃ်းရွာစေ၍ ငရဲမီးတို့ငြိမ်းစေလျှင်၊ တရားဟောသည်ဆိုသောစကားမူကား။ အဋ္ဌသာလိနီ၊ ဝိသုဒ္ဓိမဂ် ကျမ်းတို့၌လာသည်။ ကျမ်းကြီးကျမ်းခိုင်စကားပင်ဖြစ်သည်။

(၃) အင်းဝ မင်းကြီးစွာစောကဲ၏ နောင့်တော်၊ ပြည်မင်း စောရန်နောင်သည်၊ တောင်ငူစား ပျံချိကြီးကို၊ ပြည်မြို့အရှေ့ လယ်ပြင်တွင်တိုက်လိုက်သောပွဲသည်။ ရဲမက်မိုလ်ပါလက်နက် ကြိုယာလည်း အကုန်အစင်အများရသည်။ ပျံချိကြီးကိုလည်း စီရင်လိုက်ရသည်။ မြို့အနီးတွင်ဖြစ်သည်နှင့်၊ မိန်းမ ယောကျ်ား အကြီးအငယ်ရှင်လူအများသိသောကြောင့်။ ထိုကာလ၌ထင်ရှား ကျော်စောလှသည်ဟူ၍ ဆိုသည်။ သည်ကိုရည်၍။ သျှိသျှား ကန်တော်ဘွဲ့မော်ကွန်း။ တပင်ရွှေထီးဇေးချင်း။ မင်းရဲဒိဗ္ဗဇေးချင်းတို့ ၌။ ရန်နောင်-ဟူ၍ စပ်လေသည်။ ။ မြင်းယာဉ်တက်ရ န်နောင် မှာမူကား။ အမည်သာထူးသည်။ ပြည်မင်းစောရန်နောင်ကိုဆို သည်မဟုတ်။ ဟံသာဝတီဆင်ဖြူရှင်အမတ်။ မိုလ်မှူးရန်နောင် အမည်ခံ၊ မထင်ရှားလွန်းသည့်သူကိုဆိုသည်။ ။

(၄) ဥတ္တရာဘောင်မင်း လက်ထက်၊ ဘုရားရှင့် အမည်တော် များမှာ။ လကွယ်သောကြာနေ့တွင်တည်သောကြောင့်၊ သော

ကြမာဟူ၍ တွင်လေသည်။ ပြီးလွယ်အောင်သရိုင်မံ၍ တည်သောကြောင့်။ သရိုင်မံဆိုသည်ကို၊ ကာလကြာသဖြင့်၊အမည်ရွေလျော၍၊သရမာတွင်သည်။ရှေးသူဟောင်းပညာရှိတို့ပြောစဉ်စကားရှိသည်။ ကြည်ကြည်ဘုရား။ ညည်ညည်ဘုရား ဆိုသည်များမှာ။ အနက်မရ၊ ရှင်္ဂအမည်ဖြစ်တော့သည်။ ယခုခေါ် ဝေါ်ကြသည်နှင့် မတူ၊ ဘာသာ ထူးဆန်းလှသည် ဆိုရာမှာ။ ဘုရား အမည်သာမဟုတ်။ သရေခေတ္တရာပြည်မှာ မင်းမည်၊ စိုးမည်များသည်လည်း ယခုသရတ်ကြသည်နှင့်မတူ၊အထူးအဆန်းချည်းပင်ဖြစ်တော့သည်။တရားကျမ်းဂန်မှာလည်း၊တရော့ တပါးသောဘာသာတို့တွင်၊ မာဂဓဘာသာဖြင့်သာ ဘုရားရှင်သည် အဘယ့်ကြောင့် ဟောတော်မူလေသနည်းဟု ဆိုရာ၌၊ တပါးသောဘာသာတို့သည်အမြဲမတည်။ကြာမြင့်တိုင်းပြောင်းရွေသည်။ မာဂဓဘာသာမှာမူကား၊ မပြောင်းမရွေအမြဲတည်သည်။ပဋိသမ္ဘိဒါဉာဏ်နှင့်လည်း အာရုံအာရမ္မဏိကတော်လှသည်။ထို့ကြောင့် မာဂဓဘာသာဖြင့်သာ ဘုရားဟောတော်မူလေသည်ဟူ၍ ဆိုသည်ကို ထောက်လျှင်၊ မာဂဓ ဘာသာမှ တပါး၊ဘာသာတို့သည်အမြဲမတည်၊ကြာလျှင်ရွေချေသည်။

(၅) သူရသတီနတ်သမီးသည်၊ကမ္ဘာဦးကနတ်ဖြစ်သည်။ တန်းခိုးကြီးသည်။ စကားတတ်သည်။ ထိုနတ်သမီးစောင့်လျှင်၊ စကားကောင်းကိုသာဆိုမိတတ်သည်ဟူ၍ လောကဝါဒအယူရှိသောကြောင့်။ ရာမကျမ်း။သမ္ဘကျမ်း။ဒဏ္ဍီကျမ်း၊ အစရှိသော လောကီကျမ်းများမှာ။ သူရသတီနတ်သမီးကို ရှိခိုးတောင့်တ ပဏာမပြု၍ ကျမ်းပြုကုန်သည်။ သာသနာဝင်ကျမ်းမှာမူကား။ သူရသတီနတ်သမီးကို ရှိခိုးသည်မဟုတ်။ လောက၌ ထင်ရှားသောကြောင့်။သူရသတီနတ်သမီးကိုဥပမာပြု၍ ပိဋကတ်သုံးပုံကိုရှိခိုးတောင့်တ၊ပဏာမပြုသည်၊ ။

သက္ကရာဇ် ၁၁၂၄ ခု၊ တော်သလင်းလဆန်း-၁၃-ရက်နေ့တွင်၊တောင်တွင်းဆရာတော်အမိန့်တော်ရှိသည်။ ။

ပုစ္ဆာ။

မင်းစည်သူကျော်ထင်လျှောက်ပါသည်ဆရာတော်ဘုရား။

(၁) မင်းရန်နောင်စကားမှာလည်း။ တောင်ငူပျံ့ချီသည်၊ စစ်တိုက်ဖိဖိလါသည်မဟုတ်ပါ။ဒိမ်ပေးစားမင်္ဂလါဆောင်လာရာတွင်၊ အကောက်ကြံ၍ ဘမ်းသည်သာ ဖြစ်ပါသည်။ ပြည်မင်းစောရန်နောင်ဘွဲ့နှင့် ဧချင်း,မော်ကွန်းများမှာဆိုသည်။ရန်နောင်နှင့်ဥပမာအင်မတန်ကျရှိမည်ထင်ပါသည်။ ။

(၂) အဘိဓာန်ကျမ်းတွင် ဆိုသည့်(၃၀)ပါးသော အမည်တော်ကိုသိချင်ပါသည်ဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၄ ခု၊နယုန်လတွင်၊ မင်းစည်သူကျော်ထင်က၊ တောင်တွင်းဆရာတော်ကိုလျှောက်သည်။ ။

ဝိသဇ္ဇနာ။

(၁) ပြည်မင်း စောရန်နောင်သည်၊ တောင်ငူ ပျံ့ချီကြီးကိုတိုက်လိုက်သော ပွဲသည်၊ ပရိယာယ်မာယာကား ဖြစ်၍၊ သို့သော်လည်း၊နိုင်ချက်ကောင်းလှသောကြောင့်၊ ထိုကာလ၌ထင်ရှားကျော်စောလှသည်။မင်းကြီးစွာစောကဲလက်ထက်၊ ရမည်းသင်းသီလဝသည် ဌာမ်းကုန်းတွင်၊ မိုးညှင်းစော်ဖွါးကို တိုက်သောပွဲနှင့်၊ ပြည်မင်း စောရန်နောင်သည်၊ တောင်ငူပျံ့ချီကြီးကိုတိုက်သောပွဲနှစ်ဦးသည်၊နိုင်ချက်ကောင်းလှသောကြောင့်အစဉ်ဥဒါန်း မော်ကွန်းပြောပရော၊ ထိုကာလဖြစ်သည်ဟု ပညာရှိသူဟောင်းတို့ဆိုကြကုန်သည်။ ပြည်မင်းစောရန်နောင်မှာလည်း၊ ညီတော် မင်းကြီးစွာစောကဲနှင့်-၂-ပါးတိုင်ပင်၍ အောင်မြင်သည်ကို ထောက်သဖြင့်။ တပင်ရွှေထီးဧချင်းမှာ။ ။ငါနှင့် ငါ့သား။နှစ်ပါးရုံး။ရန်နောင်ထုံးသို့။ဆိုသောစကားသည်။ဥပမာ-ဥပမေယျတော်သင့်မည်ဟုဆရာတော်ထင်ပေသည်။ ။

## ( ၂ )

## အဘိဓာန်ကျမ်းလာမြတ်စွာဘုရား၏အမည်တော် (၃၈)ပါးကိုပြခြင်း။

(၁)ဗုဒ္ဓေါ။ (၂)ဒသဗလော။ (၃)သတ္ထာ။(၄)သဗ္ဗညူ။(၅)ဒွိပဒုတ္တမော။(၆)မုနိန္ဒော။(၇)ဘဂဝါ။(၈)နာထော။(၉)စက္ခုမာ။(၁၀)အင်္ဂီရသော။(၁၁)မုနိ။(၁၂)လောကနာထော။(၁၃)အနဓိဝရော။(၁၄)မဟေသိ။(၁၅)ဝိနာယကော။(၁၆)သမန္တစက္ခု။(၁၇)သုဂတော။ (၁၈)ဘူရိပညော။ (၁၉)မာရဇိ။ (၂၀)နရသီဟော။( ၂၁)နရဝရော။( ၂၂)ဓမ္မရာဇာ။( ၂၃)မဟာမုနိ။( ၂၄)ဒေဝဒေဝေါ။( ၂၅ )လောကဂရု။( ၂၆ )ဓမ္မသာမိ။( ၂၇ )တထာဂတော။( ၂၈)သယမ္ဘူ။( ၂၉)သမ္မာသမ္ဗုဒ္ဓေါ။(၃၀)ဝရပညော။(၃၁)နာယကော။(၃၂)ဇိနော။(၃၃)သက္ကော။(၃၄)သိဒ္ဓတ္ထော။( ၃၅ )သုဒ္ဓေါဒနိ။ ( ၃၆ )ဂေါတမော။ ( ၃၇ )သကျသီဟော။(၃၈)အာဒိစ္စဗန္ဓု။ ။(ပေါင်း ၃၈ ပါး)။ ။ရှေ့-၃၂-ပါးမှာ၊ သာမညအမည်တော်ဖြစ်သည်။ နောက်ခြောက်ပါးမှာ။ ဂေါတ္တဘုရားရှင့်အမည်တော်ဖြစ်သည်။ပေါင်း(၃၈)ပါး။ ။

သက္ကရာဇ် ၁၁၂၄ ခု၊နယုန်လတွင်၊တောင်တွင်းဆရာတော် အမိန့်တော်ရှိသည်။ ။

---

## ပုစ္ဆာ။

မင်းစည်သူကျော်ထင်လျှောက်ပါသည်ဆရာတော်ဘုရား။

(၁) ဗောဇ္ဈင်သုတ်ပရိတ်တော်တွင်၊ "နာ"သည့်အချက်ကို။ မောဂ္ဂလာနဉ္စ ကဿပံ၊ဂိလာနေ ဒုက္ခိတေ ဒိသွာ။ဟူ၍ တချက်ပါပါသည်။ တချက်မှာ၊ဧကဒါ ဓမ္မရာဇာပိ ဂေလညော။ဟူ၍ပါပါသည်။ဂိလာနေနှင့်-ဂေလညော-သည် ထူးပြားကြသည် ဖြစ်မည်။ ဂိလာနေ-ကား၊ မည်သည့်

အနှာ။ ဂေလဗ္ဗေ-ကား၊ မည်သည့် အနာဖြစ်မည်ကို သိချင်ပါသည်။ ။

(၂) ဗောဇ္ဈင်သုတ် ပရိတ်တော်ကိုလည်း။ အက္ခရာ ဝလိမှန်ကန်အောင်စီရင်၍သနားတော်မူစေချင်ပါသည်။

(၃) စီရင်တော်မူသည့်သုံးပါးစုစာ၌လည်း၊ ၅င်ရဋ္ဌသာရဆိုလက်ာစကားပြေရေသည့် တံတားဦးတည့်တစောင်။ လက်ာသက်သက်တံတားဦးတည်တစောင်-ဟူ၍၊ တံတားဦးတည် နှစ်စောင်က နုတ်ချက် ပါသောကြောင့်၊ သုံးဆဲ့နှစ်ပါး။ထင်ရှားလက္ခဏာ။ ၍သည့်စာကိုသာတွေ့ဘူးချေသည်။လက်ာသက်သက်တံတားဦးတည်ဆိုသည်ကို မတွေ့မမြင်မကြားဘူးပါသောကြောင့်၊သမဏဂဏကျော်ထင်မှာရှိသည့်စာကိုကြည့်သော်။စာအရေးအဆိုအဓိန်လည်း ၅င်ရဋ္ဌသာရ စကားသံမရှိ၊ တံတားဦးမင်္ဂလာစေတီ အကြောင်းအရာကိုလည်း မဆိုပါ။ သရေခေတ္တရာပြည်မြို့ အကြောင်းအရာကိုသာဆို၍ တချို့မှာလည်း။နာလောမင်းခေါ်။၍သည်။ ၎င်းစာတွင်ပါသောသက္ကရာဇ်များကိုကြည့်သော်လည်း၅င်ရဋ္ဌသာရတို့မရှိသည့်နောက်၊သက္ကရာဇ် ၉၆၀ ကျော်၊ရန်နိုင်မှူးတို့မင်းပြုသည့် ကာလများနှင့် ဆီဆိုင်တော်သင့်ခဲ့သည်။ လေ့ကျက်ဘူးသသူကို မေးရာတွင်လည်း၊ သည်စာကို ဒွတ္တဘောင်မင်းသရိုင်းဟူ၍ခေါ်ဝေါ်ကြကြောင်းနှင့်ပြောဆိုပါသည်။ သည်စာကို စေ့စေ့ဆင်ခြင်တော်မူစေချင်ပါသည်။သည်စာသည်ပမာဏယူတော်မမူလောက်လျှင်၊နုတ်တော်မူပါ။ စီရင်တော်မူသည့်စာမှာ၊လောကဓမ္မအနှစ်သာရနှင့် သာသနာတော်ငါးထောင် တည်တွန်းမည့်စာဖြစ်ပါသည်။ ။

ရာဇဝင်အချုပ်မှုဟောင်းမှုကောင်းရှိသည်ကိုလည်း ထုတ်တော်မူပါဆရာတော်ဘုရား။ ။

သက္ကရာဇ် ၁၁၂၄ ခု၊ ဝါဆိုလတွင်၊ မင်းစည်သူကျော်ထင်က၊ တောင်တွင်းဆရာတော်ကိုလျှောက်သည်။ ။

ဝိသဇ္ဇနာ။

(၁)၊ ဂိလာနနှင့်-ဂေလည နှစ်ပါး အထူးကား။ ဂိလာန-ဆိုလျှင်၊ နာသော ပုဂ္ဂိုလ်ရသည်။ ဂေလည-ဆိုလျှင်၊ အနာကိုရသည်။ အဘယ်ကဲ့သို့နည်းဟူမူကား။ ပဏ္ဍိတနှင့်-ပဏ္ဍိစ္စဟူသကဲ့သို့တည်း။ ပဏ္ဍိတဆိုလျှင်၊ ပညာရှိသောပုဂ္ဂိုလ်ရသည်။ ပဏ္ဍိစ္စဆိုလျှင်ပညာကိုရသည်။ ထိုကဲ့သို့ဂိလာန-ဆိုလျှင်၊ နာသောလူရသည်။ ဂေလည-ဆိုလျှင်၊ အနာရသည်။ ။

(၂) သတ္တိ မေကာဿပ ဗောဇ္ဈင်္ဂါ။ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ။

ကတမေသတ္တ။ သတိသမ္ဗောဇ္ဈင်္ဂေါ။ ခေါ်ကဿပမယာသမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါကဿပ သတ္တဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ။

(ဗောဇ္ဈင်သုတ်)။

ကိုယ်တိုင်နေ့တိုင်းမပြတ်ရွတ်အံသရဇ္ဈာယ်လည်းကောင်း၊ ကိုယ်တိုင်ရွတ်သည်ထက် အက္ခရာပြီသအောင်ရွတ်ဘတ်နိုင်သည့် သူတယောက်ကို မနှေး မလျင်၊ သန့်သန့်ရှင်းရှင်း ပုဒ်အက္ခရာထင်ရှားပြီသလှအောင် ရွတ်ဘတ်စေ၍ ကြည်လင်လှစွာသောသဒ္ဓါစေတနာစိတ်နှင့်နားထောင်ရခြင်းသည်၊ပစ္စုပ္ပန်မျက်မှောက်၌ အန္တရာယ်ပျောက်ခြင်း အစရှိသော အကျိုးကို ထင်ရှားစွာပေးနိုင်သည်။ ။

(၃) သုံးဆဲ့နှစ်ပါး။ ထင်ရှားလက္ခဏာ။ ချီသည့် တံတားဦးတည်ကို ရှင်ရဋ္ဌသာရ အလျှင်လုပ်သည်။ ရှင်သီလဝံသလည်း၊ ရှင်ရဋ္ဌသာရ လုပ်ကြောင်းကိုမသိ၍။ ကြားပိမ့် ကြက်သရေ။ အောင်မြင်စေအံ့။ ချီသည့်တံတားဦးတည်ကိုလုပ်သည်။ တဆဲ့နှစ်ပိုဒ်ခန့်ပြီးနှင့်သည်။ရှင်ရဋ္ဌသာရမှာပြီး၍ ဆက်သွင်းကြောင်းကိုကြားလျှင် ငါလုပ်သည့်စာပုရပိုက်မှာ ရေးမိသမျှကိုချေပေတော့ဆိုသည်။ တပည့်များနှစ်မြောစနိုး၍ ရေးကူးလိုက်သောကြောင့်၊ ယခုတိုင်အောင်တွင်၍ ရှိသည်။ နန်းတွင်းသို့ မဆက်မသွင်းဖြစ်လေဆိုသည်။ ဒုတိယမင်းခေါင်မရှိသည့်နောက်၊ ဓွေနန်းကြော့ရှင်နရပတိလက်ထက်။ကြားပိမ့်ကြက်သရေ။ချီသည့်

ရှင်သီလဝံသတံတားဦးတည်ကို၊ အဘတ်အရွတ်အလေ့အလာ များပြန်ကြသောကြောင့်၊တယောက်လုပ်သည့်စာကို၊တယောက် လိုက်ခြင်းသည်၊ ပညာရှိကဝိတို့ဘွယ်ရာ အပျော်အပါးဖြစ်၍၊ ကြားပိမ့် ကြက်သရေ။ ချီသည့် တံတားဦးတည်ကို လိုက်၍။ ကြားပိမ့်မှတ်ရှင်။ချီသည့်တံတားဦးတည်ကို ရှင်ရဋ္ဌသာရလုပ် ပြန်သည်-ဟူ၍၊ သုတနှင့်ပြည့်စုံသော ရှေးသူဟောင်းတို့ပြော စဉ်ရှိသည်။တချက်မှာလည်း ရှင်ရဋ္ဌသာရလုပ်၊ ဟုတ်သည်ဖြစ် စေ။ မဟုတ်သည် ဖြစ်စေ-စာသွားကို ဆင်ခြင်သော်၊ အနက် အဓိပ္ပါယ်အနှစ်သာရ ရှိပေသည်ဖြစ်၍ ပညာရှိတို့ မှတ်သား လောက်သောကြောင့်၊ သုံးပါးစုမှာ၊ ဆရာသွင်းတန်သည့်အရာ ကိုသွင်းလိုက်ပေသည်။ ။

သက္ကရာဇ် ၁၁၂၄ ခု၊ဝါဆိုလတွင်၊တောင်တွင်းဆရာတော် အမိန့်တော်မြတ်ရှိသည်။ ။

(ကျမ်းပြီးနိဂုံး ၁၄ ဂါထာ)။

(၁) ယဿ မေတ္တမ္ဗုရုဋ္ဌိနံ၊ ပါသာဒေန အသေသတော။
သမေန္တိ ဘူတလေ သဗ္ဗေ၊ ရောဇူနံ ကောဓပါပကာ။ ။
(ပထျာဝတ္တဂါထာ)။

(၂) သြိပဝရမဟာဓမ္မေ-ရာဇာဓိပတိ ခတ္တိယော။
မတိမာ စာဂသမ္ပန္နော၊ ပသန္နော ရတနတ္တယေ။ ။
(ပထျာဝတ္တဂါထာ)။

၃) ပိ တုရာဇေ ဒိဝင်္ဂတော၊ စက္ကဝတ္တိမဟာရာဇာ။
စက္ကရတနပါဏိနာ၊ သဗ္ဗဝေရေပိ ယုဇ္ဈန္တော။ ။
(ဝိပရီတဝတ္တဂါထာ)။

(၄) ဓူသရောယထာ ရာဇာပိ၊ ဉောပါဏိန မိဿရော။
ပိတုဋ္ဌာနံ မဟာပညော၊ ဗဟုဿုတော သုတန္ဓရော။
(ပထျာဝတ္တဂါထာ)။

(၅) တထာ ပိတုမဟာရာဇာ၊ ပိယော ပဏ္ဍိတမာမကော။
ဗဟုသဒ္ဓေစ သာကန္တော၊ ပဂ္ဂါဟိ ပိယဘာဏိတာ။
(ပထျာဝတ္တဂါထာ)။

(၆) ပံယာတိနာမပူရမှိ၊ စတုရင်္ဂဗလမဇ္ဈော။
ဗဟုဿုတော သုတန္ဓါရော၊ စတုရင်္ဂဗလမဇ္ဈော။
ယထာ ဟောတိ တထေဝစ၊ ပိတုမဟာဓမ္မရာဇာ။ ။
(ပထျာဝတ္တဂါထာ)။

(၇) ဌာနဌာနေစ ကုသလော၊ အမစ္စေ သော ယထာဂုဏံ။
ယထာသတ္တိစ ကင်္ခါယ၊ ဌာနန္တရေ သမာဌပိ။ ။
(ပဌမ‘န’ကာရဝိပုလဂါထာ)။

(၈) အဋ္ဌဂိကတ္တ မညာယ၊ယည္ဗ္ဗာ မစ္စံ သမာဋ္ဌပိ။
ဝါမာနုရုဋ္ဌနာမေန၊မန္တိကတ္တော ယထာဂုဏံ။ ။
(ပထျာဝတ္တဂါထာ)။

(၉) အဋ္ဌဂိကတ္တ မညာယ၊ယည္ဗ္ဗာ မစ္စံ သမာဋ္ဌပိ။
ဓေယျသူကိတ္တိချာတေန၊မန္တိကတ္တော ယထာဂုဏံ။ ။
(ပထျာဝတ္တဂါထာ)။

(၁၀) နိဝါတော သုရ တော ဓိရော၊သုစိသလ္လေခဝုတ္တိစ။
သုပုဏ္ဏဟာဒယော တိကျော၊ပဗ္ဗတ ဝိဌျ ကိတ္တိနော။
(ပထျာဝတ္တဂါထာ)။

(၁၁) ရာဇာဂုရုတိ ဝိညာတော၊အတ္တေဝ တသ သံသယော။
ကဝိလက္ခဏာကဗ္ဗေစ၊သဗ္ဗဂဏ္ဍိသို ပုန္တိတော။ ။
(ပထျာဝတ္တဂါထာ)။

(၁၂) သုရတေန နိဝါတေန ဝါ၊ဝါမာနုရုဋ္ဌနာမေန။
ဓေယျသူရကိတ္တိချာတေန၊နိမလဗုဒ္ဓိန မတ္တေန။ ။
(ဝတ္တဂါထာ)။

(၁၃) မ က္ခ က ပေ့ ကလိယုဂေ၊သာဝနေ ကာလပက္ခမှိ။
အဋ္ဌမေ စန္ဒဝါရသို၊ကတော ပတ္တော အယံ နိဋ္ဌံ။ ။
(ပဌမ‘နှ’ကာရဝိပုလဂါထာ)။

(၁၄) ဋ္ဌမိနာ သတ္တပုညေန၊ဝေယျာကရဏကောဝိဒေါ။
ပဋိသန္ဓိဒါ လာဘောစ၊သဗ္ဗပုန္တာ ဝိသဒ္ဓနော။ ။
(ပထျာဝတ္တဂါထာ)။

(၅) ယသည-သိရိပဝရမဟာဓမ္မရာဇာဓိပတိနော၊ အကြင်
သိရိပဝရမဟာဓမ္မရာဇာဓိပတိအမည်တော်ရှိသောမင်းတရား

၏။ မေတ္တာမွ္ဗုဒ္ဓိနံ၊ မေတ္တာတော်ရေတည်းဟူသော မိုးစင်းတို့ကြောင့်။သဗ္ဗေ၊ခပ်သိမ်းကုန်သော။ဘူတလေ၊မြေအပြင်၌။ရာဇူနံ၊ ထီးဆောင်းမင်းတို့၏။ ကောဓပါပကာ၊ အမျက် တည်းဟူသောဆီမီးတို့သည်။အသေသတော၊အကြွင်းမရှိ။ပါသာဒေန၊ကြည်လင်စွာ။သမ္မေန္တိ၊ငြိမ်းကုန်၏။ ။(၂)ဩိပဝရမဟာဓမ္မရာဇာဓိပတိ၊သိရိပဝရမဟာဓမ္မရာဇာဓိပတိနာမံတော်ရှိသော။သောခတ္တိယော၊ထိုမင်းတရားသည်။မတိမာ၊ပညာရှိတော်မူ၏။စာဂသမ္ပန္နော၊ ပေးကမ်းစွန့်ကြဲခြင်းနှင့်ပြည့်စုံတော်မူ၏။ ရတနတ္တယေ၊ရတနာသုံးပါးအပေါင်း၌။ ပသန္နော၊ကြည်ညိုတော်မူ၏။ ။(၃=၄)သောရာဇာပိ၊ထိုသိရိပဝရမဟာဓမ္မရာဇာဓိပတိနာမံတော်ရှိသော မင်းတရားသည်။ ပိတုရာဇေ၊ အဘခမည်းတော်မင်းသည်။ ဒိဝင်္ဂတေ၊ နတ်ပြည်စံတော်မူသည်ရှိသော်။စက္ကဝတ္တိ မဟာရာဇာ၊ စကြာမင်းသည်။ စက္ကရတနပါဏိနာ၊စကြာရတနာတည်းဟူသောလက်နက်ဖြင့်။ သဗ္ဗဝေရေပိ၊ အလုံးစုံသောရန်သူတို့ကိုလည်း။ ယုဇ္ဈန္တော၊တိုက်ဖျက်ဆီးတော်မူလျက်။ဇာသသ္မေရာယထာ၊စိုးစံပယ်တော်မူသကဲ့သို့။ဉာဏပါဏိနံ၊ဘုန်းတော်တည်းဟူသောလက်နက်တော်ဖြင့်။သဗ္ဗဝေရေပိ၊ခပ်သိမ်းသောရန်သူတို့ကိုလည်း။ ယုဇ္ဈန္တော၊တိုက်ဖျက်တော်မူလျက်။ ပိတုဋ္ဌာနံ၊ ခမည်းတော့်အရိုက်အရာကို။ ဇာသရော၊စံပယ်တော်မူ၏၊ သောပိရာဇာ၊ထိုသိရိပဝရမဟာဓမ္မရာဇာဓိပတိနာမံတော်ရှိသော မင်းတရားသည်။ မဟာပညော၊ ပညာကြီးတော်မူ၏။ ဗဟုဿုတော၊ အကြား အမြင် များတော်မူ၏။ သုတဒ္ဓရော၊ သုတကိုလည်း ဆောင်တော်မူ၏။ ။( ၅ )ပဏ္ဍိတမာမကော၊ ပညာရှိကိုမြတ်နိုးတတ်၏။ ပိယောစ၊ချစ်လည်းချစ်တတ်၏။ ဗဟုဿုတေ၊ အကြား အမြင်များသောသူတို့ကို။ သာကစ္ဆောစ၊ဆွေးလည်းဆွေးနွေးတတ်၏။ပဂ္ဂါဟိစ၊ချီးလည်းချီးမြှောက်တတ်၏။ပိယဘာဏိတာစ၊ချစ်ဘွယ်သောစကားကိုလည်း ဆိုလေ့ရှိ၏။ ပိတုမဟာရာဇာ၊ အဘခမည်းတော် မင်း

သည်။ တထာ၊ ထိုသားတော်မင်းတရားအတူ။ မဟာပညော၊
ပညာကြီးတော်မူ၏။ ဗဟုဿုတော၊ အကြားအမြင်များတော်
မူ၏။သုတဗ္ဗရော၊သုတကိုလည်းဆောင်တော်မူ၏။ ပဏ္ဍိတမာမ
ကော၊ပညာရှိကိုမြတ်နိုးတတ်၏။ပိယော၊ချစ်လည်းချစ်တတ်၏။
ဗဟုဿုတေ၊အကြားအမြင်များသောသူတို့ကို။ သာကစ္ဆော စ၊
ဆွေးလည်းဆွေးနွေးတတ်၏။ပဂ္ဂါဟိ စ၊ချီးလည်းချီးမြှောက်တတ်၏။
ပိယဘာဏိတာ စ၊ ချစ်ဖွယ်သော စကားကိုလည်း ဆိုတတ်
၏။ ။(၄)ပံယာတိနာမပူရမှိ၊ ပင်းယ အမည်ရှိသော ပြည်၌။
စတုရင်္ဂဗလမဂ္ဂေ၊ စတုရင်္ဂဗလအမည်ရှိသော အမတ်သည်။
ဗဟုဿုတော၊ အကြားအမြင်များသည်။ သုတဗ္ဗရော၊သုတကို
ဆောင်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ တထေဝ စ၊ ထို
အတူလည်းကောင်း။ သောပိအမစ္စော၊ ထိုအမတ်သည်လည်း။
ဗဟုဿုတော၊ အကြားအမြင်များသည်။ သုတဗ္ဗရော၊သုတကို
ဆောင်သည်။ ဟောတိ၊ဖြစ်၏။ ။( ၅ )သော ပိတုမဟာဓမ္မ
ရာဇာ၊ထိုခမည်းတော်မင်းတရားကြီးသည်။ဌာနဌာနေ စ၊အရာ
ရာမျိုးတို့၌လည်းကောင်း။ ကုသလော၊ လိမ္မာတော်မူသည်ဖြစ်
၍။အမစ္စေ၊အမတ်တို့ကို။ယထာဂုဏံ၊ဂုဏ်နှင့်လျော်စွာ။ယထာ
သတ္တိ၊အရည်အသွေးအလျောက်။ကပ္ပါယ၊ဆင်ခြင်တော်မူ၍။
ဌာနန္တရေ၊အရာ အထူး၌။ သမာ ဌပိ၊ကောင်းစွာထားတော်မူ
၏။ ။(၆)ယဥ္စအမစ္စံ၊ အကြင်အမတ်ကိုလည်း။ အဋ္ဌင်္ဂိကတ္တံ၊
မှူးကြီးမတ်ရာတို့အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောအဖြစ်ကို။အညာ
ယ၊သိတော်မူ၍။ဝါမာနုရုဒ္ဓနာမေန၊လက်ဝဲနော်ရထာဟူသော
အမည်ဖြင့်။မန္တိကတ္တေ၊မင်းတိုင်ပင်အမတ်အရာ၌။ယထာဂုဏံ၊
ဂုဏ်နှင့်လျော်စွာ။ သမာဌပိ၊ကောင်းစွာထားတော်မူ၏။ သော
သိရိပဝရမဟာဓမ္မရာဇာဓိပတိ၊ ထိုသိရိပဝရမဟာဓမ္မရာဇာဓိ
ပတိနာမံတော်ရှိသောမင်းတရားသည်။ ဌာနဌာနေ စ၊ အရာရာ
မျိုး၌ လည်းကောင်း။ ကုသလော၊ လိမ္မာတော်မူသည် ဖြစ်၍။
အမစ္စေ၊အမတ်တို့ကို။ ယထာဂုဏံ၊ဂုဏ်နှင့်လျော်စွာ။ ယထာ

သဗ္ဗိ၊အရည်အသွားအလျှောက်။ကာဠ်ါယ၊ဆင်ခြင်တော်မူ၍။ ဩဒနန္တရေ၊အရာအထူး၌။သမာဠဿပိ၊ကောင်းစွာထားတော်မူ၏။ ။ (၉)ယဒ္ဓအမဝ္ဂံ၊ အကြောင်းအမတ်ကိုလည်း။ အဠဂ္ဂိကဗ္ဗံ၊ မှူးကြီး မတ်ရာတို့၏ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောအဖြစ်ကို။ အညာယ၊ သိတော်မူ၍။ ဇေယျသုကိတ္တိချာတေန၊ စည်သူကျော်ထင်ဟူ သော။ (နာမေန၊အမည်ဖြင့်)။ မန္တိကဗ္ဗေ၊ မင်းတိုင်ပင်အရာ၌။ ယထာဂုဏံ၊ဂုဏ်နှင့်လျော်စွာ။သမာဠဿပိ၊ကောင်းစွာထားတော် မူ၏။ ။(၁၀)နိဝါတော၊ နှိမ့်ချသောစိတ်ရှိသော။ သုရတော၊ ကုသိုလ်ကောင်းမှု၌မွေ့လျော်ထသော။ ဓိရော၊မြဲမြံသောပညာ ရှိတော် မူထသော။ သုစိသလ္လေခဝုတ္တိစ၊ စင်ကြယ် ခေါင်းပါး သော အသက်မွေးခြင်းလည်း ရှိထသော။ သုပုဏ္ဏဟာဒယော၊ အလွန်ပြည့်သောနှလုံးတော်လည်းရှိထသော။ တိက္ခော၊ထက် မြက်သောပညာတော်လည်းရှိထသော။ ပဗ္ဗတပိဠ္ဌကိတ္တိနော၊ တောင်တွင်းအရှင်ဟု ကျော်စောထသော။(ယင်းသည့်“ပဗ္ဗတ ပိဠ္ဌ”၌။တောင်တွင်းဟူသည်ကား။‘အသဂါမနိ’သဒ္ဒါကို=မြင်း မှူးရွာဟု ပေးသကဲ့သို့တည်း)။ ။(၁၁=၁၂)ရာဇဂုရုတိ၊မင်း ဆရာတော်ဟု။ ဝိညာတော၊သိအပ်ထသော။(ယောဉာဏာဘိ လင်္ကာရမဟာဓမ္မရာဇဂုရုလဋ္ဌိဟော၊ အကြောင်ဉာဏာဘိလင်္ကာ ရ မဟာ ဓမ္မ ရာဇ ဂုရုဟူ၍ အမည်တော်ရှိသော ဆရာတော် သည်)။ အဌေတ္တဝ-အဌဋ္ဌိဝေ၊ရှိသည်သာလျှင်ကတည်း။ တဿ ဂုရုဏော၊ထိုဆရာတော်အား။ သုရတေန၊ကောင်းမှုကုသိုလ်၌ မွေ့လျော်ထသော။ နိဝါတေန၊ နှိမ့်ချထသော။ ဝါမာနုရုဒ္ဓနာ မေန၊လက်ဝဲနေဘ်ရထာအမည်ရှိသော။ဝါ၊တနည်းကား။ဇေယျ သုရကိတ္တိချာတေန၊စည်သူကျော်ထင်အမည်ရှိထသော။(ယင်း ‘ဇေယျသုရ’ဟူသောပါဠ်၌၊‘စည်သူ’ဟုပေးသည်ကား။ကလျာ ဏီကျောက်စာ၌၊ ‘ဇေယျသုရ’သဒ္ဒါ၌၊‘စည်သူ’ဟူသောအနက် ကို ပေးသကဲ့သို့တည်း)။ နိမလဗုဒ္ဓိနံ၊ အညစ်အကြေးကင်း သော ပညာလည်း ရှိထသော။ ယေနအမစ္စေန၊ အကြောင်အမတ်

သည်။ သဗ္ဗဂဏ္ဌိသ္မိံစ၊ ခပ်သိမ်းသော ခက်ရာခက်ဆစ်၌လည်းကောင်း။ ကပိလက္ခဏာကမ္ဗေစ၊ကပိတ္ထိ၏မှတ်ရာမှတ်ကြောင်းဖြစ်သော ကဗျာကျမ်း၌ လည်းကောင်း။ သံသယော၊ ယုံမှားရှိသည်ကို။ ပုစ္ဆိတော၊ မေးအပ်၏။ ။(၁၃)တေနအမစ္စေန၊ထိုအမတ်သည်။ ကတော၊ပြုအပ်သော။အယံ-ဂန္ထော၊ဤကျမ်းသည်။မ,က္ခ,က,ပ္ပေ ကလိယုဂေ၊သက္ကရာဇ် ၁၁၂၅ ခု။သာဝနေ၊ဝါခေါင်လ၌။ ကာလပက္ခမှိ၊လပြည့်ကျော်၌။ အဋ္ဌမေ၊ရှစ်ရက်မြော်သော။ စန္ဒဝါရသ္မိံ၊တနင်းလာနေ့၌။ နိဋ္ဌံ၊အပြီးသို့။ပတ္တော၊ရောက်၏။ ။( ၁၄ )ဣမိနာသဒ္ဓပုညေန၊ ဤ ကျမ်းပြုရခြင်းတည်းဟူသောကောင်းမှုကြောင့်။ဝေယျာကရဏကောဝိဒေါ၊အမေးအဖြေ၌ လိမ္မာခြင်းသည်လည်းကောင်း။ ပဋိသမ္ဘိဒါလာဘောစ၊ပဋိသမ္ဘိဒါဉာဏ်ကို ရခြင်းသည်လည်းကောင်း။ သဗ္ဗပုစ္ဆာဝိသဇ္ဇနောစ၊ အလုံးစုံသော အမေးကို ဖြေနိုင်ခြင်းသည်လည်းကောင်း။(ဘဝါမိ၊ဖြစ်ရလို၏)။ ။

လက်ဝဲနော်ရထာလျှောက်ထုံး-ကား၊
ဤတွင်ရွေ့ပြီးပြီ။